www.dhammaransi.com

# သောမနဿုပေက္ခာဒီပနီ

www.dhammaransi.com

ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# ဗောဓိပက္ခိယဒီပနီ

နှင့်


သီလဝိနိစ္ဆယ, အာဇီဝဋ္ဌမကသီလ အဆုံးအဖြတ်,
ဝိကာလဘောဇနသိက္ခာပုဒ် အဆုံးအဖြတ်,
ဂေါနသုတ်ပါဠိနိဿယ

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၁

H.157 A

www.dhammaransi.com



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး
ပုံတော်

# နိဒါန်း

**ကျမ်းအမည်**.....ဤကျမ်းစာကား သဘာဝဖွဲ့ ဖြစ်သောဝမ်းမြောက်မှု=သောမနဿ, လျစ်လျူ ရှုမှု=ဥပေက္ခာတို့၏ သတ္တိတန်ခိုး အဆိုးအကောင်း အကြောင်းယုတ်မြတ် မဟာပ္ဖလ မဟာနိသံသ အကျိုးပေးနိုင်ပုံအဝဝ အစစ အဖြာဖြာကို သေချာစွာဆုံးဖြတ်၍ ရှင်းလင်းစွာ ဖော်ပြ ထားသည်နှင့်အညီ **"သောမနဿုပေက္ခာဒီပနီ"** ဟု ဤကျမ်းစာကို ရေးသားတော်မူခဲ့သော **"လယ်တီဆရာတော်ဘုရားကြီး"** ကိုယ်တိုင်ပင်အမည်တင်ခဲ့ပါကြောင်း။

**ကျမ်းပြုခြင်းရာ**.....ဤကျမ်းစာကို ရေးသား ပေးဖြစ် ရန်အတွက် ၁၂၆၄–ခု ပဌမဝါဆိုလဆုတ် ၁၂–ရက် နေ့စွဲဖြင့်ရွှေတောင်မြို့ ဒါယကာ တစုတို့က လျှောက်ထားလိုက်သောလျှောက်ထားစာရွက်သည်ဆရာတော်ထံမှောက်သို့ ရင်းချနှစ် ဒုတိယဝါဆိုလဆုတ် ၁၅–ရက်နေ့မှ ရောက်ရှိရာနောက် ၁၂၆၄–ခုနှစ် ဝါခေါင်လဆန်း ၈–ရက်နေ့တွင် ဤကျမ်းစာကိုရေးသားအောင်မြင်ပြီးစီးစေသည် ဖြစ်သောကြောင့် ဆရာတော်ဘုရားကြီးသည် ဤကျမ်းစာကို ရက်တပတ်အတွင်း အပြီးရေးပေးလိုက်သည်ဟုမှန်းဆသိနိုင်ပေကြောင်း ။

**ဆရာတော်၏အလို**.....သို့ရေးသား ပေး လိုက်ရသည့် ဆရာတော်ဘုရားကြီး၏ အလို အရှေ့မှာ ဝိနိစ္ဆယ တစောင်တည်း တကယ့် ကျမ်းစာကြီးအနေရေးသား ပေးခဲ့သည့် မဟုတ်ပေ၊ သိသာရုံမျှ အနည်းငယ် ပေါ်ပြသော စာတန်းငယ် အနေသာ ရည်ဆ၍ ရေးသား ပေးခဲ့ပါသည်ကို "[illegible] တောတောင်ဝင်၍ ဝါတွင်းအခါ စာပေ ကျမ်းဂန်နှင့် ဝေးသော ပလိဗောဓများကိုရှင်းလင်းနေရိုက်ဖြစ်သည်နှင့် ဝိနိစ္ဆယ သဘောပေါင်း

www.dhammaransi.com



တဘွဲ့ ဖြစ်အောင် မရေးသာ ရှိနေသည်”ဟူသော ဆရာတော်၏ နိဒါန်းစကား၊ “သောမနဿပေက္ခာ ကထာသည်”ဟူသော နိဂုံးစကားတို့ဖြင့်ထင်ရှားသိသာနိုင်သည်ဖြစ်ပါကြောင်း။

**ပုံနှိပ်ထုတ်ဝေ**……သို့သော် ဤကျမ်းစာကို သုံးသပ်ကြည့်က အဆုံးအဖြတ်ဖြင့်ပြည့်နေခြင်းစသော ကျမ်းစာဂုဏ်တို့ဖြင့် လျှမ်းဖြာစုံစေ့လျက် ရှိနေကြောင်းကို ကောင်းစွာ တွေ့မြင်သိရှိကြရမည်သာ ဖြစ်ရာ မဟာသာရ သာခကာ နှင့် အထောက်အထား အဆုံး အဖြတ်တို့ဖြင့် ပြည့်လျှံသော အဓိက ကျမ်းစာကြီးတစောင်တဘွဲ့သာ ဖြစ်သောကြောင့် သဘာဝ, သာခကာ,ဝိနိစ္ဆယ စသည့်အမျိုးမျိုးသဘောရိုးသဘောရင်းကိုရှုးစမ်း သုံးသပ်ခြင်းရှိကြသော အမျိုးကောင်းသား လောကုတ္တရာ စာပေ လိုက်စားသူများအတွက် အထူးသဖြင့် ရည်စူးလျက် ကျွန်ုပ်တို့ **ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် ပါဠိဆရာကြီး ဆရာဉာဏ်**အမှူးရှိသော **ပါဠိဆရာ–ဦးမောင်ကြီး၊ ဦးကြင်မောင်၊ ဦးစိုးဝင်း၊ ဆရာကြင်၊ ဦးစိုးမြင့်၊ ဦးထွန်းမင်း** တို့က သီလဝိနိစ္ဆယ,အာဇီဝဋ္ဌမက သီလအဆုံးအဖြတ်, ဝိကာလဘောဇန သိက္ခာပုဒ်အဆုံးအဖြတ်, ပဓာနသုတ် ပါဠိနိဿယကျမ်းများနှင့်တကွ တွဲလျက် ကောင်းစွာပြုပြင်၍ ပုံနှိပ်ထုတ်ဝေဖြန့်ဖြူးအပ်ပါသတည်း။

**“ဟံသာဝတီ”**

www.dhammaransi.com

# မာတိကာ

## သောမနဿုပေက္ခာဒီပနီ


| ဦးရေ | | စာမျက်နှာ |
|---|---|---|
| ၁။ | အဘိယာစက ...... ...... ...... | ၁ |
| ၂။ | လျှောက်လွှာကို ထောမနာခြင်း ...... | ၇ |
| ၃။ | ဆရာနှစ်ပါးကို ထောမနာခြင်း ...... | ၇ |
| ၄။ | သုတ္တန်နည်း အဘိဓမ္မာနည်း ...... ...... | ၁၁ |
| ၅။ | အဘိဓမ္မာနည်းသက်သက် ...... ...... | ၁၂ |
| ၆။ | သုတ္တန်နည်းသက်သက် ...... ...... | ၁၄ |
| ၇။ | ကာမအရာ သောမနဿုပေက္ခာ ...... | ၁၈ |
| ၈။ | မဟဂ္ဂုတ်အရာ သောမနဿုပေက္ခာ ...... | ၂၁ |
| ၉။ | လောကုတ္တရာ သောမနဿုပေက္ခာ ...... | ၂၂ |
| ၁၀။ | ဝဋ်သုံးပါး ...... ...... ...... | ၂၄ |
| ၁၁။ | ဝိနိပါတဘေးကြီး...... ...... ...... | ၂၇ |
| ၁၂။ | နိယတ ...... ...... ...... | ၂၈ |
| ၁၃။ | သမ္မောဓိပရာယဏ ...... ...... | ၂၉ |
| ၁၄။ | သောမနဿပြစ် ...... ...... ...... | ၃၁ |
| ၁၅။ | ဥပေက္ခာအကျိုး ...... ...... ...... | ၃၃ |
| ၁၆။ | ဥပေက္ခာအပြစ် ...... ...... ...... | ၃၇ |
| ၁၇။ | သဒ္ဓါမရှိသောဥပေက္ခာ ...... ...... | ၃၇ |
| ၁၈။ | အကျိုးနှင့်အပြစ် ...... ...... ...... | ၃၉ |
| ၁၉။ | ကိုးကွယ်မှုအမျိုးမျိုး ...... ...... | ၄၆ |
| ၂၀။ | နာနာသတ္တာရဥလ္လောကန ...... ...... | ၄၉ |
| ၂၁။ | ပုဂ္ဂိုလ်လေးမျိုး ...... ...... ...... | ၅၁ |
| ၂၂။ | ရုပ်ပြစ်ရှစ်ပါးနှင့်—အရူပ ...... ...... | ၅၅ |
| ၂၃။ | ရူဠ္ဌသောတာပန် ...... ...... ...... | ၅၈ |

www.dhammaransi.com



# မာတိကာ


| ဦးရေ | | စာမျက်နှာ |
|---|---|---|
| ၂၄။ | အကြောင်းတရား၄–ပါး | ၆၅ |
| ၂၅။ | ဘာသာတပါး ဒိဋ္ဌိများ | ၇၂ |
| ၂၆။ | ဝတ်ကြီး၆–ပါး | ၇၃ |
| ၂၇။ | အဓိပမာ ရှင်သာရိပုတ္တရာ | ၇၉ |
| ၂၈။ | အဘာသဏ္ဌာန် ရှင်မောဂ္ဂလာန် | ၈၀ |
| ၂၉။ | ဆုတောင်းနှင့် နိဂုံး | ၈၂ |


## သီလဝိနိစ္ဆယ


| | | |
|---|---|---|
| ၁။ | ငါးပါး၏ နိစ္စ,အနိစ္စစစ်တမ်း | ၈၄ |
| ၂။ | ဆယ်ပါး၏ နိစ္စ,အနိစ္စစစ်တမ်း | ၈၅ |
| ၃။ | ရှစ်ပါး၏ နိစ္စ,အနိစ္စစစ်တမ်း | ၈၇ |
| ၄။ | အသွင်နှင့် သီလ | ၈၈ |
| ၅။ | ညစ်နွမ်းကြောင်းများ | ၉၅ |
| ၆။ | ရွှေငွေနှင့်စပ်မအပ်၅–ပါး | ၉၉ |
| ၇။ | မနေသာသုစရိုက်သီလကုသိုလ်မဟုတ် | ၁၀၅ |


## အာဇီဝဋ္ဌမက သီလအဆုံးအဖြတ်


| | | |
|---|---|---|
| ၁။ | ပဌမပုစ္ဆာအဖြေ | ၁၁၁ |
| ၂။ | ဝိရတိသုံးပါး | ၁၁၃ |
| ၃။ | အာဇီဝဋ္ဌမကအပြား | ၁၁၄ |
| ၄။ | ဒုတိယပုစ္ဆာအဖြေ | ၁၂၅ |
| ၅။ | တတိယပုစ္ဆာအဖြေ | ၁၂၇ |


## ဝိကာလဘောဇန သိက္ခာပုဒ် အဆုံးအဖြတ်


| | | |
|---|---|---|
| ၁။ | ပဌမပုစ္ဆာဖြေဆိုချက် | ၁၃၁ |
| ၂။ | အင်္ဂါများ | ၁၃၂ |

www.dhammaransi.com



ဦးရေ စာမျက်နှာ

၃။ ဒုတိယပုဗ္ဗာဖြေဆိုချက် ...... ...... ၁၄၆
၄။ မေထုန်ငယ် ခုနစ်ပါး ...... ...... ၁၄၆
၅။ ညှိုးနွမ်းကြောင်းများ ...... ...... ၁၄၇
၆။ ဥပုသ်ကျိုးမှုနှစ်မျိုး ...... ...... ၁၄၀

---

## ပဓာနသုတ်

၁။ ပဓာနသုတ်ပါဠိ ...... ...... ...... ၁၅၁
၂။ ပဓာနသုတ်-နိဿယ ...... ...... ၁၅၄
၃။ ဆုတောင်းသုံးဂါထာ ...... ...... ၁၀၄

www.dhammaransi.com

# အဘိယာစက

(ရွှေတောင်မြို့နေ အောက်စာရင်းပါ ဒါယကာအများတို့က မုံရွာမြို့ လယ်တီတောရ ဆရာတော်ဘုရားကြီးထံ လျှောက်ထား တောင်းပန်ချက်။ ၁၂၆၆-ခု။ပဌမဝါဆိုလဆုတ် ၁၂-ရက်။)

ဘုရားတပည့်တော် ရွှေတောင်မြို့နေ တိုက်သူကြီး မောင်အောင်လှ,ဆရာ မောင်သာမောင်,ရှင်းမြို့နေ မောင်စံမြ,မောင်မှတ်ကြီး, ဆရာညို, ကိုနုတို့က အရှင်မြတ်ဘုရား၏ နေ့စဉ်မပြတ် သွန်းမိုးတော်မူသော မေတ္တာတော်ကို ဦးဖြင့် ခံယူလျက် အလွန်ရှိသေစွာ ခြေတော်ဦးခိုက် လျှောက်ကြားလိုက်ပါသည်။ သကျပုတ္တိယ ဝံသနွယ်စဉ် အရှင်သူမြတ်ဘုရား၊ ယခု ဘုရားတပည့်တော်တို့ ရွှေတောင်မြို့တွင် အစိုးရို့ အငန်းငန်း ကျမ်းအဖြာဖြာ သဘာဝအာဂမ ယုတ္တိပြလျက် ဒါနပြုလုပ်ကြသောအခါ၌ ကာမကုသိုလ် စေတနာ, ဥပေက္ခာ-သောမနဿ, သည်နှစ်ရပ်တို့တွင်, တဦးထက်တဦး,အထူးဝိသေသ, ဖလဝ ဖြစ်ကြောင်းများကို ပါဠိ အဋ္ဌကထာ ဋီကာအစရှိ အနုမရိ၍ ထိုထိုသာဓက တင်ဆောင်ပြလျက် ဝိနိစ္ဆယ ပြုလုပ်တော်မူကြပါပေသည်။

ထိုသို့ပြဘော် ဝါဒတော်တို့တွင် ဥပေက္ခာကုသိုလ်ထက် ကြည်ညိုဖြောင့်စင်း ဝမ်းမြောက်ခြင်းနှင့်လျှသောဒါန သောမနဿ ကုသိုလ်က ဖလဝဖြစ်ကြောင်းကို–

ပုဗ္ဗေဝဒါနာ သုမနော။ စသောဆဋ္ဌင်္ဂသုတ်ပါဠိတော်။

ပုဗ္ဗေဝဒါနာသုမနောတိ။လ။သောမနဿပဋ္ဌော။ ။ဟူသော ရင်းအဋ္ဌကထာ။

စိဝရာဒီသု။ လ။ သောမနဿဝိဓ္ဓော့နှ အနုဿရဏောစာတိ တိသုကာလေသု ပဝတ္တာစေတနာ ဒါနမယာနာမ။ ။ဟူသော သမ္မောအဋ္ဌကထာ။

www.dhammaransi.com



ဒါနံ တောပုဗ္ဗေ။ လ။ သောမနဿ သဟဂတဘာဝေါ စေတနာ သမ္ပဒါနာမ။ ။ဟူသော ဓမ္မပဒအဋ္ဌကထာ။
ဒါနဉ္စ နာမ တိသော စေတနာ ပရိပုဏ္ဏာကာတုံ သက္ကောန္တ သောဝ မဟပ္ဖလ တရံဟောတိ။ ။ဟူသော ဂင်းအဋ္ဌကထာ။
အစ္စန္တမေဒါနပါရမီ။ လ။ သောမနဿဇာတာအဟောသိ။ ။ ဟူသော စရိယာပိဋက အဋ္ဌကထာ။

ဤသို့စသော ဂန္ထန္တရ အပေါင်း အကြောင်းကြောင်းတို့ဖြင့် ပြန်ပြောင်းတွေ့ရှာ စာနာနိုင်းယှဉ်က အလုံးစုံဒေသနာ များစွာသော ကျမ်းတို့ကပင် သောမနဿ ဒါနသည် ဗလဝဖြစ်ကြောင်း ဘုရားအလောင်း သူတော်ကောင်းတို့ တမျဉ်းကြောင်းသဘွယ် နှုနယ်စဉ်က ဝေသန်မင်းကျအောင်ပင် သောမနဿ စေတနာဖြင့်သာ သမ္ပဒါ ဒါနဖြစ်အောင် လှူဘူးကြောင်း။ ။ဘုရားလောင်းတို့ နည်းကောင်းလမ်းမှန် ငြမ်းသဏ္ဌာန်သို့ ဘုတ္တန်စသော ပိဋကတ်တို့၌ ဆတ်ဆတ်ကြိး ဟောပြတော်မူလျက် ရှိပါပြီကို ဥပေက္ခာ ဒါနနှင့် ပြုရမည်ဟူ၍လည်းကျမ်းမလာ၊ ပြုဘူးသော ထုံးသည် လည်း လုံးလုံးဘဲမပါသော ဥပေက္ခာဒါနသည် မချအကျိုးပေး နှိန့်နှေးသိပ်ဖျင်း အားနည်းခြင်းဖြစ်ရာ၏ဟု ဆရာတဦးက ဩဝါဒ စကား ရေးသားဆုံးမပါသည်။

ဥပေက္ခာက သောမနဿထက် မဟပ္ဖလအဖြစ် နှစ်သက်ကြိုက်ညီသော ဆရာတို့ကလည်း ဂင်းဥပေက္ခာသည် ကြီးစွာသောအာနိသံသကို သောမနဿထက် ပေးလျက် ပါဠိအဋ္ဌကထာဋီကာ အစောင်စောင်တို့၌ အဂ်ါတပါးပြု၍ မဟောခြင်းသည်ကား သောမနဿဝေဒနာသည် ရှန့်ရင်းသော သဘော, နှလုံးသွင်းလွယ်ကူသော သဘော ရှိသောကြောင့်သာ တိုက်ရိုက်ထင်ထင် အစဉ်အားဖြင့် ဟောပြတော်မူခြင်းမျှဖြစ်သည်၊ ဥပေက္ခာမှာမူကား သိမ်မွေ့သော သုခုမသဘော, ပြုဘို့ခဲယဉ်းသော ဒုက္ကရသဘော ဖြစ်၍ ကျမ်းဂန်တို့၌ တိုက်ရိုက်မဘော်ပြခြင်းဖြစ်သည်။ အကယ်၍

www.dhammaransi.com



ဥပေက္ခာပဏ္ဏတ္တိတဒါနံ ဖြစ်အောင် ပြုနိုင်ပါမူကား အတိုင်းထက် အလွန် အမွန်အမြတ်ဖြစ်ကြောင်းကို "သာသုခမာ ဒုဗ္ဗိဒ္ဒေယျာ၊ နသက္ကာသုခေန ဂဟေတုံ"။ ။ဟူသော ပါရာဇိကဏ် အဋ္ဌကထာ ပါဠိကိုရှုရင်း။

ဥပေက္ခာဝေဒနာသည် သိမ်မွေ့သောအဖြစ်, ကိလေသာမှဝေး သောအဖြစ်, ပြန့်ပြောသော အဖြစ်တို့ ရှိကြောင်းကို။

သန္တသဘာဝတောတိ။လ။ ဥပေက္ခာယအာနိသံသာ ဧဋ္ဌဗ္ဗာ။ ဟူသော မဟာဋီကာကို သာဓကဆောင်ပြသည်အပြင် ဥပေက္ခာ တွင် ရှိသောဉာဏ်သည် ဂမ္ဘီရဉာဏ်ဖြစ်ကြောင်း ဂမ္ဘီရဉာဏ် ဟူ သည်လည်း "ဂမ္ဘီရ ပစ္စဝေက္ခနာနာမ။လ။ပဘေဒပစ္စဝေက္ခနာ။"
ဟူသော သုတ်မဟာဝါ အဋ္ဌကထာနှင့်အညီ။

ခန္ဓာ စသော တရားတို့၌ ထိုးထွင်း၍ သိမြင်နိုင်သောဉာဏ် ဥပေက္ခာနှင့် ယှဉ်သောဉာဏ်သည်သာ ဗလဝဖြစ်ကြောင်း။

ဂမ္ဘီရပကတိက တာနာမ မဟာပ္ပညာသယာတာ။

ဟူသော ပရမတ္ထဒီပနီ ဋီကာနှင့်အညီ ပြည့်စုံသော အလှူခံ စသည်ဖြစ်စေကာမူ မရောင့်ရဲနိုင်သဖြင့် အားကြီးသော အဇ္ဈာ သယသည် ဥပေက္ခာမှာသာ ရှိကြောင်း၊ ထိုသို့ ဖြစ်၍။ ။ **တဒ္ဓိပရိယာယေန**။ ။ဟူသော ဋီကာကျော်ပါဌ်ကို အလော် အဆိုပါ ကျမ်းတို့နှင့် ညှိနှိုင်းရာ အလှူခံ စသည် မပြည့်စုံခြင်း, ပြည့်စုံခြင်း နှစ်ပါးပင်ရှိသော်လည်း ဝမ်းနည်းခြင်း, ဝမ်းမြောက် ခြင်းတို့မှ လွတ်ကင်း ဝေးကွာ ဉာဏပဓာန ဂမ္ဘီရသဘော ပြဋ္ဌာန်းလျက် တတ်စွမ်းနိုင်သော သဘောသဘွယ် ရှိပေသည်။ ။ သို့အတွက်ကြောင့် သောမနဿထက် ဗလဝအဖြစ် စင်စစ် ဟိသော ကောင်းစွာသင်ရှားပေသည်ဟု ရင်းတာဝါဒ ဆောပြ သွန်ကြားပါ သည်။

www.dhammaransi.com



သို့လို နှစ်ဘက် ဆုံးဖြတ်ချက်တို့ကို ဆောင်ရွက် လိုက်နာ ပညာနည်းပါး တပည့်သားတို့မှာ စိတ်ထားက ပုံမသေ ဉာဏ် သွားကခပ်ပြေပြေ ဆရာများသားသေ ဆိုသကဲ့သို့ အနေမကျ ပသက်ရှိကြပါသောကြောင့် ဘုရားတပည့်တော်တို့၏ ချွတ်ချော် ယွင်းပါး ယုံမှားသက်ာ ဉာဏ်မသာမာကို အနာနှင့်ဆေး လျော်ရာ ပေးသို့ ယထာဘူတ မချမှတ်သားပါရအောင်။

(အကောက်အကျစ်၊ ကျမ်းဝယ် ဖြစ်သား၊ ဆိုးညစ် ခလုတ်၊ ပါဠိသစ်ဋီကာ၊ စည်မကျန်၊ လက်ငံတန်လျက်၊ တတ်ပွန်ကျယ်ဝန်း၊ ဆန်းအလက်ာ၊ ဘွဲ့နည်းနာဖြင့်၊ ဝိစိတ္တ သုတ၊ အဋ္ဌကထာ၊ ပဋိဘာန၊ ဤမျှလေးကြိမ်၊ ဂုဏ်သိမ် နှစ်စည်၊ ပညာသည်ကား၊ လူရည်ကြိုးကြိုး၊ ပြည်ပခုံးသို့၊ လက်ရုံးအားယူ၊ ဆန့်သည်မူဖြင့်၊ လိုသူလာစေ၊ ပါဠိမပြေ လည်း၊ ဖြေအံ့ဟူသည်၊ ဉာဏ်ဝတ်တည်လျက်၊ ကြိုးကျည် အားသံ၊ အလာခံအံ့။)

ဟူသည်နှင့် အညီ ပိဋကတ္တယဆောက ဂန္ထန္တရဗဟုသုတ နာနာနယကောဝိဒ ဗျာကရဏသုဝိညေယျ ပရိယတ္တိ ဝိသာရဒ ဂုဏ် ပြည့်စုံလောက်င ကုန်တံလှသော အရှင်ဖြစ်ပါ၍ ပသက် နှစ်ဘက် သုံမှားချက်တို့ကို နှစ်သက်တော်မူသော ဩဝါဒ ဝိနိစ္ဆယ စကားရေသာ ကယ်မတော် မူပါမည့်အကြောင်း။ ။ဝိနိစ္ဆယ မရှိကမူ ဒွိပါသဘော တွေးတောယူမှတ်၍ ပရိသတ် လူရှင်တို့ အစဉ်လိုက်ကဲ့ပြာ ကံဇွဲါရ များကဲ့သို့ တရားသို့ မသက်ဝင်ဘဲ စိတ်ထင်ရာအခွေဖြင့်သာ သာသနဝိပတ္တိ ဒေါသမူဘိကြ၍ အတိ သံမရ နွ ကလျာဏ အသင်းသို့ စာရင်းဝေ မပါရမည်ကို တွေးဆ မြော်လင့် ပေါက်ချင့် စိုးရိမ်ပါသည်လည်း တကြောင်း။ ။ သောဝစဿတာ မင်္ဂလာအရဖြင့် ဝိနိစ္ဆယပြုရန် တောင်းပန်သော ဒါယကာဟာ ရုပ်ကိုမှာ—

www.dhammaransi.com



## ပါဠိသရုပ်၊ ပါဠ်နေရှုပ်၊ လူနုပ်မသိနိုင်။

ဟူသကဲ့သို့ ကျမ်းဂန်အရာ အဖြာဖြာကို ထင်ရာ ရေ်ရမ်း မိုးလက်လှမ်းသို့ နည်းလမ်းမကျ ဖြစ်ပါလှသောကြောင့် အနက် အရာ ပညာရှေ့သွား ဖြစ်ရကား။

( တကျွန်းခြားရေ၊ ပင်လယ်မှာလည်း၊ ရောက်သာခဲက၊ ဒုပဟာမျှတည်း၊ အနည်းမဟူ၊ ဖြေပိမ့်သူသို့၊ အယူပိုးဝါး၊ ရှိစဉ်သွား၍၊ တတ်အားသမျှ၊ မကျနိုင်လေ၊ တပိုဒ်ကြေကို၊ စင်စေအစေး။ )

ဟူသည်နှင့်အညီ ကိုယ်တော်အရှင်၏ မိန့်ဆင်ဟောပြ ဓမ္မစက် လွှာ ရိန္ဒမာကို သက်ရာအဆုံး စွဲသုံးလေ့လာ လိုကြပါသည်လည်း တကြောင်း၊ သို့အတွက်ကြောင့် ဒါယကာအများ တပည့်သားတို့ သည် တရားသဘော ယောနိသောမနသိကာရ မချုမှတ်သားပါရ အောင် ပညာသဒ္ဓေး ဉာဏ်လှူပေး၍ ကံကြွေးဝဋ္ဋ၊ ပြုရ ဝေဋတော် မူလိုသော သဘောတော်ဆန္ဒ အာသီသတော် ရှိပါ သည်နှင့်အညီ ချီးမြှောက်ခြင်းကို အကြောင်းပြု၍ ယခုမှမျှားမကြာ ဆံရာတော်အရှင်ဘုရား၏ မိန့်ကြားသောဓမ္မစက်ကို ဆောင်ရွက် မှတ်သားကြရပေတော့မည်ဟု တပည့်တော်အများ အသင်းသား တစုတို့၏နှလုံး၌ စွဲသုံးမှတ်သား စောင့်စားမြော်လင့်လျက် ရှိကြပါ သည့် အကြောင်း-ညွှတ်ပျောင်းရိုကျို့ လက်စုံမိုး၍ ရှိခိုးနားတော် လျှောက်ဝံ့ပါသည်၊ အာရညိက ဘယဒသာ ဇာနည်မာတင် ပါရင်တဆူ ဖြစ်တော်မူသော အရှင်မြတ်ဘုရား။

www.dhammaransi.com

[redacted]

# သောမနဿဥပေက္ခာဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ကျောက်လွှာကို ထောမနာခြင်း** ······ ရွှေတောင် မြို့နေ ဥပါသကာဖြစ်သူ လူပညာရှိအများတို့က သောမနဿဥပေက္ခာစကားနှင့် ကျောက် ထားလိုက်သည့် စာလွှာသည် ဒုတိယ ဝါဆိုလဆုတ် ၁၅-ရက် ဥပုသ်နေ့တွင် ငါတို့အထံသို့ရောက်လာသည်။ ။၎င်းစာလွှာတွင် ပါရှိသမျှ အစ အလယ် အဆုံးအလုံးစုံကို ကြည့်ရှုရာ ရှေးပညာရှိ ကဝိလက်သုံး နည်းထုံးတကျ စံမှီစေ့စပ် စကားတတ် တရားတတ် နှစ်ရပ်စွယ်စုံ လောက်လုံအင်္ဂါ အညင်သာသဖြင့် ပညာရှိပြီကြ ပါပေကုန်၏။

**ဆရာနှစ်ပါးကို ထောမနာခြင်း** ·····ဝိနိစ္ဆယ ရေးသား ကြသူ ဝိညူပဏ္ဍိ ပညာရှိနှစ်ဦးတို့လည်း အထူးအချွန် အလွန်တရာ ပညာမျက်စိ အမြင်ရှိကြသဖြင့် ပါဠိအဖြာဖြာ အဋ္ဌကထာအလီလီ ဋီကာ အမျိုး မျိုးအကိုးအထောက် လုံလောက်ကုန်၍ ပြည့်စုံ ကြသည်နှင့် ဘုရားအာဘော် အလိုတော်နှင့် သင့်လျော်ညီညွတ်ကြပေကုန်၏။

www.dhammaransi.com



ဘုရားအာဘော် အလိုတော်ဆိုသည်ကား သုတ္တန်ဒေသနာ၌ အလိုတော်တမျိုး၊ အဘိဓမ္မာဒေသနာ၌ အလိုတော်တမျိုး၊ ဟူ၍ နှစ်မျိုးရှိသည်၊ထိုတွင် သုတ္တန်ဒေသနာသည် ယထာနုလောမသာသနာဖြစ်၍ ဓမ္မပဋိဂ္ဂါဟက ဝေနေယျတို့၏ပါရမီဖြည့်ရာ ကာလဘဝကမ္ဘာ သံသရာအဆက်ဆက်တို့၌ လေ့ကျက်လိုက်စား ပွါးများ တည်ထောင်၍လာခဲ့သော ဝါသနာစရိုက် အသိုက်အအုံ အလုံးစုံတို့ကို အကုန်ရှုမြော်တော်မူပြီးမှ ဝေနေယျ အင်အားနှင့် တရားကိုတိုင်းတာ၍ ဒေသနာ အတိုကောက်ကို ရွေးကောက်၍ ဟောတော်မူရာဖြစ်သောကြောင့် ဝေနေယျဇ္ဈာသယ ပြဋ္ဌာန်းခြင်း ရှိ၏၊ အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တဉာဏ်တို့၏အခွင့်ဖြစ်၏၊အနာဝရဏဉာဏ်သဗ္ဗညုတဉာဏ်တို့၏ အခွင့်မဟုတ်။ ။ အဘိဓမ္မာဒေသနာသည် ယထာဓမ္မသာသနာဖြစ်၍ ဓမ္မပဋိဂ္ဂါဟက ဝေနေယျမျက်နှာကိုဆံလွှာမျှမလိုက်စားဘဲ တရားဓမ္မ သဘာဝလမ်း နက်ကျယ်ဂမ်း၌ ဉာဏ်စွမ်းအထွတ် စက်ကုန်လွှတ်ရာ ဖြစ်သောကြောင့် အတ္တဇ္ဈာသယပြဋ္ဌာန်းခြင်း ရှိ၏။ အနာဝရဏဉာဏ် သဗ္ဗညုတ ဉာဏ်တို့၏အခွင့်ဖြစ်၏၊အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တဉာဏ်တို့၏ အခွင့်မဟုတ်၊ ဤသို့ ဒေသနာနှစ်ပါးမှာဘုရားအလိုတော် နှစ်မျိုးဖြစ်သတည်း။

ထိုသောတာပန္န သုပေက္ခာ နှစ်ပါးတို့တွင် သောတာပန္န ဆရာ၏ ဝိနိစ္ဆယသည် သုတ္တန် ဒေသနာကို ဟောတော် မူသောမြတ်စွာဘုရား၏ အလိုတော်နှင့် သင့်လျော် ညီညွတ်လှပေ၏၊ ဥပေက္ခာ ဆရာ၏ ဝိနိစ္ဆယသည် အဘိဓမ္မာဒေသနာကို ဟောတော်မူသော မြတ်စွာဘုရား၏ အလိုတော်နှင့် သင့်လျော် ညီညွတ်လှပေ၏၊ ညီညွတ်ပုံကားသောတာပန္န ဝေဒနာသည် သတ္တဝါတို့ကိုကောင်းမှုကုသိုလ်တရား၌ လွန်စွာ အားကျစေနိုင်၏၊ တပါးသော သတ္တဝါကိုမဆိုထားဘိဦး၊ သဗ္ဗညု အလောင်းတော် အကိတ္တိရှင်ရသေ့သည် အလှူခံ ပုဂ္ဂိုလ်အား ဆီဆားမပါသော ကမ္ဘည်းရွက်ပြုတ်ကို မိမိမသုံးဆောင်ဘဲ သုံးရက်တိုင်တိုင်လှူဒါန်းရာ ပီတိ သောတာပန္န

www.dhammaransi.com



ဖြစ်ပွါးလှ၍ တလနှစ်လ ပတ်လုံးပင် မိမိ မသုံးဆောင်ဘဲ လှူဒါန်း၍ နေလို၏ဟု အားကျတော်မူ၏၊ တပါးသောသတ္တဝါတို့၌ ဆိုဘွယ်ရာမရှိ။

ကုသိုလ် ကောင်းမှု၌ အားကျမှု အားတက်မှု သည်လည်း လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာ တို့ကို လွန်စွာဆောင်နိုင်သော အမှုဖြစ်၏၊ ဤသို့လျှင် သောမနဿ ကုသိုလ်သည် သတ္တဝါတို့အား ချမ်းသာအမျိုးမျိုး ကိုရခြင်း၌ လွန်စွာကျေးဇူးပြုနိုင်သောတရားဖြစ်ပေ၏၊ သုတ္တန် ဒေသနာ ကို ဟောတော်မူသော မြတ်စွာဘုရားသည် ဝေနေယျ သတ္တဝါ အပေါင်းတို့၏ အကြိုက်စရိုက်နှင့်လိုက်လျော၍ လွန်စွာ ကျေးဇူး ပြုနိုင်သော တရားကို အထွတ် အမြတ်ချီးမွမ်း၍ ဟောတော်မူမြဲ ဖြစ်၏၊ ထို့ကြောင့် သောမနဿ ဆရာ၏ ဝိနိစ္ဆယသည် သုတ္တန် ဒေသနာကို ဟောတော်မူသော မြတ်စွာဘုရား၏ အလိုတော်နှင့် သင့်လျော်လှပေသတည်း။

အဘိဓမ္မာဒေသနာကို ဟောတော်မူသော မြတ်စွာဘုရားသည် ဝေနေယျတို့၏ အကြိုက်စရိုက်ကိုမငဲ့မူ၍ ဗျာပါရ ရှိသဖြင့် မငြိမ် သက်သောတရားကို အယုတ်အညံ့ပြု၍ ဟောတော်မူ၏၊ ဗျာပါရ မရှိသဖြင့် ငြိမ်သက်သောတရားကို အမြတ်ပြု၍ ဟောတော်မူ၏၊ မဟာကုသိုလ်သည် ကောင်းကျိုးချမ်းသာကိုပေးခြင်း၌ ဗျာပါရ ရှိသောကြောင့် ငြိမ်သက်ခြင်းမရှိရကား ဟီနမည်၏၊ မဟာဝိပါက် သည် အကျိုးပေးခြင်း၌ ဗျာပါရမရှိသောကြောင့် ငြိမ်သက် ပေရ ကား ပဏီတမည်၏ဟု ဟောတော်မူ၏၊ ထို့အတူ သောမနဿ ဝေဒနာသည် ရုန့်ရင်းသော ဗျာပါရရှိသောကြောင့် ငြိမ်သက်ခြင်း မရှိရကားဟီန မည်၏၊ ဥပေက္ခာဝေဒနာသည် ဗျာပါရ မရှိသော ကြောင့် ငြိမ်သက်ပေရကား ပဏီတမည်၏ဟု ဟောတော်မူ၏၊ ဟီနဆိုသည်ကား အယုတ် အညံ့တည်း၊ ပဏီတ ဆိုသည်ကား အထွတ်အမြတ်တည်း။

www.dhammaransi.com



ဤသို့လျှင်ဥပေက္ခာဝေဒနာသည် ဗျာပါရ မရှိသဖြင့်ငြိမ်သက် သောတရားအမှန်ဖြစ်ပေ၏၊ အဘိဓမ္မာ ဒေသနာကို ဟောတော် မူသော မြတ်စွာဘုရားသည် မငြိမ်သက်သော တရား, ငြိမ်သက် သော တရား နှစ်ပါးရှိခဲ့လျှင် ငြိမ်သက်သော တရားကို အထွတ် အမြတ်ချီးမွမ်း၍ ဟောတော်မူမြဲဖြစ်၏၊ထို့ကြောင့် ဥပေက္ခာ ဆရာ ၏ဝိနိစ္ဆယသည်အဘိဓမ္မာဒေသနာကိုဟောတော်မူသော မြတ်စွာ ဘုရား၏ အလိုတော်နှင့်သင့်လျော် ညီညွတ် လှပေသတည်း။ ။ ရူပါဝစရစိတ် အရူပါဝစရစိတ်, လောကုတ္တရာ စိတ်တို့၌လည်း ကုသိုလ်စိတ်စုကိုဟိနဲ့,ဝိပါက်စိတ်စုကိုပဏီတ ဟူ၍ ဟောတော် မူသည်။ ။ဤကား နှစ်ဦးသောဆရာတို့၏ ဝိနိစ္ဆယသည် အသီး အသီး ဘုရား အလိုတော်နှင့် သင့်လျော် ညီညွတ်ကြပုံကို ပြဆို ခြင်းတည်း။

ဆိုဘွယ်အထူးမူကား ဆရာနှစ်ဦးတို့လည်း အချင်းချင်း ဆန့် ကျင်မှုမရှိကြရန် နာခံသူတကာဥပါသကာတို့လည်း စိတ်နှလုံး နှစ်ခွ မရှိကြရန် ဖြေညှိချက် လို၍နေကြသည့်ဟု ငါတို့ သဘော ရပေ သည်။ ။ငါတို့ အလုံးရုံရွာမြို့မှာလည်း သောမနဿ ဥပေက္ခာ ဝိဝါဒစကားဖြစ်ပွါးကြရာ အလုံမြို့ဝန် ဦးထောင်ဗိုလ်ဆိုသူ တောင်း ပန်ချက်နှင့်ငါတို့ပင် သောမနဿ ဥပေက္ခာဝိနိစ္ဆယရေး၍ ဘတ် နာကြစေရာတွင် ဝိဝါဒပြေငြိမ်းဘူး၏၊ယခုအခါ ပျဉ်းမနားမြို့မှာ ဝါဒဆိုခိုက်ဖြစ်၍ ထိုဝိနိစ္ဆယကိုလည်း ရွှေတောင်မြို့သို့မပေးတဲ့နိုင် ရှိနေသည်၊ အသစ် ရေးသား၍ ပေးရမည်လည်း ပျဉ်းမနားမြို့တွင် တောတောင်ပင်၍ ဝါတွင်းအခါ စာပေကျမ်းဂန်နှင့် စပ်သော ပလိဗောဓများကို ရှင်းလင်း၍နေခိုက် ဖြစ်သည်နှင့် ဝိနိစ္ဆယ တစောင်တဘွဲ့ ဖြစ်အောင် မရေးသာရှိနေသည်။ ။ဓိမ္မိသဏ္ဌာနာ ရရှိရင်း အကျဉ်းချုပ်အဓိပ္ပါယ်ကိုသာ ထင်လင်းစွာ ပြောပြလိုက် မည်။

www.dhammaransi.com



# သုတ္တန်နည်း အဘိဓမ္မာနည်း

အယုတ် အမြတ်ခွဲနည်းသည် သုတ္တန်နည်း အဘိဓမ္မာနည်း နှစ်ပါးရှိ၏၊ လောဘမူစိတ်၌ အကုသိုလ် စိတ်ဖြစ်၍ သုတ္တန်နည်း အားဖြင့် အမြတ်မရ အယုတ်သာဖြစ်၏၊ အဘိဓမ္မာ နည်းအား ဖြင့် ဥပေက္ခာလေးခုသည် မြတ်၏၊သောမနဿ လေးခုသည်ယုတ် ၏၊မဟာကုသိုလ်စိတ်၌ကား သုတ္တန်နည်းအားဖြင့် သဒ္ဓါ တရားနှင့် ပြည့်စုံခြင်း,ဉာဏ်အမြင်နှင့်ပြည့်စုံခြင်းကြောင့် ဖြစ်သော သောမ နဿ လေးခုသည်အကျိုးပေးကြီးမြတ်သောကြောင့်မြတ်၏၊သဒ္ဓါ တရား ဉာဏ်အမြင်နှစ်ပါးမှ ချို့တဲ့သော ဥပေက္ခာ လေးခုသည် အကျိုးပေးယုတ်ညံ့သောကြောင့် ယုတ်၏၊ဤ၌**သဒ္ဓါပညာနှစ်ပါး ချို့တဲ့**ဆိုသည်ကား နုံ့သည်အားနည်းသည်ကိုယူ၊ **ရှေ့ပြည့်စုံ ခြင်း**ဆိုရာ၌လည်း ထက်သန်သည် အားကြီး သည်ကိုယူ။ ။အဘိ ဓမ္မာနည်းအားဖြင့်မူကား ငြိမ်သက်သည့်အတွက် ဥပေက္ခာလေး ခုကို အမြတ်, မငြိမ်သက်သည့်အတွက် သောမနဿ လေးခုကို အယုတ်ဆိုလေ။ ။"ကုသလာပနအပ္ပဝိပါကာ ဩဠာရိကာ ဗဟု ဝိပါကာသုခုမာ" ဟူ၍ဆိုသောအဋ္ဌကထာနည်းသည်ကား သုတ္တန် နည်းနှင့်လည်းထပ်မိ၏။ ။ဤသို့သုတ္တန်နည်းအဘိဓမ္မာနည်းနှစ်လမ်း ရှိသည်ကိုသိလေ။ ။ထိုတွင် သုတ္တန်နည်းသည်ကား ဝေနေယျ သတ္တဝါတို့အကျိုးစီးပွါးများရန်သက်သက် ပေတည်း၊ သက်သက် အကျိုးပေးမှုမရှိသော ဝိပါက်စိတ်မျိုးကို အမြတ်၊ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဟူသော အကျိုးကိုရင်း, ဘုရားအဖြစ် ပစ္စေက ဗုဒ္ဓါအဖြစ် အရိယာ သာဝကအဖြစ်ကိုရင်း ပေးနိုင်သော ကုသိုလ်စိတ်မျိုးကို အယုတ်ဟု ဟောတော် မူသော အဘိဓမ္မာ နည်းသည် သတ္တဝါတို့ အားကျဲ့ဘွိ ဟောသောနည်းမဟုတ်၊ ငြိမ် သက်မှု မငြိမ်သက်မှုမှုကိုအခွဲပြု၍ဟောသောနည်းပေတည်း။

နည်းနှစ်ပါးခွဲခန်းပြီး၏။

www.dhammaransi.com



## အဘိဓမ္မာနည်းသက်သက်

ယခုအခါ အဘိဓမ္မာနည်းကို အတန်ငယ်ပြဆိုအံ့၊ ဝိဘင်းပါဠိတော်၌ ကုသိုလ် အကုသိုလ် နှစ်ပါးသည် ယုတ်၏၊ အဗျာကတသည်မြတ်၏ဟုဟောတော်မူ၏။ ။ဟောတော်မူသောပါဠိကား "ကုသလာ ကုသလာဟီနာ၊ အဗျာကတာ ပဏီတာ" ဟူသည်တည်း။ ။ထိုပါဠိ၏အဘွင့်အဋ္ဌကထာကား "ဒွေပိ ကုသလာ ကုသလဝေဒနာသဗျာပါရတော သဥဿာဟတော သဝိပါကတော စ ဩဠာရိကာ၊ဝုတ္တဝိပရိယာယေန ဒုဝိဓာပိ‌ဒေဗျာကတာ သုခုမာ"ဟူသည်တည်း၊ဩဠာရိက ဟီန နှစ်ပါးအတူတူ။ သုခုမ ပဏီတအတူတူ။

အဋ္ဌကထာ ပါဠ်လျှောက် အဓိပ္ပါယ်ကား နှစ်ပါးသော ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့သည် တိုးရန်ပွါးရန် အာသေဝနဗျာပါရကိစ္စ,ကာယကံ ဝစီကံ မနောကံ တို့ကို ပြုပြင်ရန် ဥဿာဟ ကိစ္စ ရှိကြလေသောကြောင့်၎င်း, ရှေ့သို့ကောင်းကျိုး မကောင်းကျိုးကို ပေးရန်ဝိပါကကိစ္စ ရှိကြလေသောကြောင့်၎င်း ရှုန့်ရင်းကုန်၏၊ ယုတ်ညံ့ကုန်၏၊ ဝိပါက်ကြိယာအဗျာကတ တရားတို့သည် တိုးပွါးရန်အာသေဝန ဗျာပါရကိစ္စမရှိ, ကာယကံ, ဝစီကံ မနောကံတို့ကိုပြုပြင်ရန် ဥဿာဟကိစ္စမရှိ, ကောင်းကျိုး မကောင်းကျိုးကို ပေးရန်ဝိပါကကိစ္စမရှိကြ ကုန်သောကြောင့် သိမ်မွေ့ကုန်၏၊မွန်မြတ်ကုန်၏ဟူလို။ ။ဤစကားမှာဝိပါက်အဗျာကတတို့၌ ဗျာပါရကိစ္စ,ဥဿာဟကိစ္စ,ဝိပါက ကိစ္စ သုံးချက်လုံး ကင်း၏။ ။ကြိယာအဗျာကတတို့၌ ဝိပါကကိစ္စ တချက်သာကင်း၏၊ ဗျာပါရကိစ္စဥဿာဟကိစ္စနှစ်ပါးရှိ၏၊ ဤသို့ခွဲ၍ယူ။ ။အထက်ထုတ်ပြသော အဘိဓမ္မာပါဠိအဋ္ဌကထာပါဠ်တို့၏ အဓိပ္ပါယ်။ ။ ဤကား အဘိဓမ္မာနည်း၌ အယုတ် အမြတ်ကို ရိပ်မိရုံမျှ ဘော်ပြချက်တည်း။

အဘိဓမ္မာနည်း၌ အယုတ်ဆိုတိုင်း အသုံးမကျ ပစ်ရလိမ့်မည်မမှတ်လင့်၊ ကုသိုလ်မှန်က အရဟတ္တမဂ်ကိုပင် အယုတ်ဆို၏၊

www.dhammaransi.com



အဘိဓမ္မာနည်း၌ အမြတ် ဆိုတိုင်း သတ္တဝါတို့၏ အကျိုးစီးပွါး များကြောင်း၌ အသုံးကျ လိမ့်မည် မထင်လင့်၊ ဥပေက္ခာမှန်က အကုသိုလ်ကိုပင် အမြတ်ဆို၏၊ မဟာကုသိုလ်နှင့် မဟာဝိပါက် တွင် မဟာကုသိုလ်ကို အယုတ်၊ မဟာဝိပါက်ကို အမြတ် ဆို၏၊ အဘိဓမ္မာ၌ အမြတ်ဆိုသည်ကိုသာ ငါ၌ဖြစ်စေမည်, အယုတ်ဆိုသည်ကို ငါ၌ပယ်ရှားမည်ဆိုလျှင် ဘဝင် မဟာဝိပါက် ကိုများစွာဖြစ်စေခြင်းငှါ အိပ်ပျော်၍ချည်း နေရလိမ့်မည်၊ကုသိုလ် ကောင်းမှုများကို ကြံမိ ပြုမိခဲ့လျှင် အယုတ် ဖြစ်လိမ့်မည်၊ အဘိ ဓမ္မာဝတာရဋီကာ,မဏိမဉ္ဇူသာဋီကာတို့၌ လောဘမူ စိတ်အရာ တွင် ဥပေက္ခာကို ဗလဝတရဟု ဆိုကြ သည့်မှာလည်း ဤအဘိ ဓမ္မာနည်းမျိုးပင်ဖြစ်သည်။

**အဘိဓမ္မာနည်း ဆားမမြိုးလင့်**····· လောကီ လောကုတ္တရာ ချမ်းသာ ပွါးစီး လုပ်ငန်း ကြီးတန်းလမ်းနှင့်နေကြကုန်သော ရွှေတောင်တကာတို့မှာသုတ္တန် နည်းသည်သာငါတို့ဆိုင်ရာဟုမှတ်၊ မိမိတို့အခြေအနေနှင့် မတန်မ ရာသောအဘိဓမ္မာနည်းကို ဆားမမြိုးချင်ကြလင့်၊ ဆားမမြိုးချင် ကြလင့်ဆိုသည်ကား သင်ကြား လေ့လာမှုကိုဆိုသည် မဟုတ် ဒါနသီလပြုကြသောအခါ အဘိဓမ္မာနည်းက ယုတ်သည်ဆိုသော သောမနဿ ကုသိုလ်ကိုငါမလို၊ မြတ်သည်ဆိုသော ဥပေက္ခာ ကုသိုလ်ကိုသာ ငါလိုသည်ဟု မယောင်ကြလေလင့် ဟူလိုသည်၊ အဘယ့်ကြောင့်နည်းဆိုသော် နက်နဲသော သဘောရှိမှ ဥပေက္ခာ ဖြစ်နိုင်သည်ဟု ကျမ်းဂန်တို့၌ ဆိုသည်နှင့်အညီ နက်နဲသော နဂို ဇာတိ ပကတိ အာဇာနည်များမှာမှ အလောင်းတော် မဟာသစ် ပုဏ္ဏားကြီးများမှာကဲ့သို့ ဥပေက္ခာကုသိုလ်ကောင်း ကုသိုလ်မြတ် ဖြစ်နိုင်သည်၊ သို့မဟုတ်က "ဥပေက္ခာယနာမုခေန၊ ဥပေက္ခာ ယောင်ယောင် ပြီစွာဆောင်သဖြင့်။မောဟော၊ ဖွတ်ငေး-ပဒတ် ငေး၊ ယောင်ပေးယောင်တ၊ မောဟာဘရားသည်။ ဝဋ္ဋေတိ၊ လှည့် ပတ်၍နေတတ်၏"။ ။မသိတတ်သော မောဟက ထိုသူသန္တာန်မှာ

www.dhammaransi.com



ဥပေက္ခာ ကုသိုလ်ယောင် ဆောင်၍နေတတ်သည် ဟူလို။ ။ ကုသိုလ် ဥပေက္ခာပင်မှန်သော်လည်း သဒ္ဓါပညာနှစ်ပါး ချို့တဲ့၍ ဖြစ်ရသော ဥပေက္ခာကုသိုလ်များသည် အခြောက်တိုက် ကုသိုလ်မျိုး ဖြစ်၍ အကျိုးပေးသောအခါ၌ စိုစို ပြွန်းပြွန်း ပေးနိုင်သော ကုသိုလ်မျိုးမဟုတ်၊ လောက၌ အသွေးအရောင် စည်းစိမ် ကြွက်သရေ ခြောက်တတ်၍ လူရာလှလှ မရောက်ကြသော လူခြောက် လူညပ်တွေကို မြော်ကြလေ။

အဘိဓမ္မာနည်းလမ်းကိုပြဆိုခဏ်းပြီး၏။

## သုတ္တန်နည်းသက်သက်

သုတ္တန်ကျမ်းဂန်အရပ်ရပ်တို့၌—

ပုဗ္ဗေ၀ဒါနာသုမနော၊ ဒဒံစိတ္တံပသာဒယေ။

ဒတွာအတ္တမနောဟောတိ၊ ဧသာဒါနဿသမ္ပဒါ။

ဟု ဒါနမှု၌ သော၀မနဿရှေ့နောက်ရံမှ ဒါနကောင်း ဖြစ်သည် ဟု လာ၏။

"သီလံသံ၀ရတ္ထာယ၊ သံ၀ရောအ၀ိပ္ပဋိသာရတ္ထာယ၊ အ၀ိပ္ပဋိ သာရော ပါမောဇ္ဇတ္ထာယ၊ ပါမောဇ္ဇံပီတတ္ထာယ"ဟု သီလမှု၌ ပီတိသောမနဿ ဖြစ်ပေါ်လာမှ သီလကောင်းဖြစ်သည်ဟု လာ၏။ ။ဘာ၀နာမှု၌ ပီတိသမ္ဗောဇ္ဈင်ဖြစ်မှ ဘာ၀နာအားရှိကြောင်း လာ၏၊ ပီတိဆိုသည်ကား သော၀မနဿနှင့် ယှဉ်ဘက်တည်း။ ။ ဒိဋ္ဌဓမ္မ၀ေဒနီယကံ အကျိုးပေးရာသော အင်္ဂါရပ်၌ မဟာကုသိုလ် သော၀မနဿ စေတနာသည် အင်္ဂါတပါးအဖြစ်ဖြင့် လာ၏။

**ဘုရားလောင်းတို့ပဋိသန္ဓေ**·····မဟာသိ၀ထေရ်ကြီးက ခပ်သိမ်းသော ပစ္ဆိမ ဘ၀ိက ဘုရားလောင်းတို့သည် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြင့် ပဋိသန္ဓေနေ၏ဟု ဆိုသည်ကို မဟာအဋ္ဌကထာ၌ ပယ်၍ အနုမတ္တ သံသရာ၌ ပွင့်တော် မူကြကုန်သော ခပ်သိမ်းသောဘုရားမှုင်တို့သည် ပစ္ဆိမဘ၀၌ ပဋိသန္ဓေ နေကြ

www.dhammaransi.com



ကုန်သောအခါ မေတ္တာပုဗ္ဗဘာဂဖြစ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်ကံ အကျိုး ပေး၍ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြကုန်မြဲဟု ဆုံးဖြတ်ချက်လာ၏၊ ထို့ကြောင့် ခပ်သိမ်းသော သဗ္ဗညုမြတ်စွာဘုရားတို့၏ ကိုယ်ခန္ဓာတော်တို့သည် သောမနဿကံ၏ အကျိုးတို့ပေတည်း၊ အသက်တော် ရှည်ကြာသမျှ ကာလပတ်လုံး သောမနဿဘဝင် အမြဲထုံကုန်၏၊ သောမနဿတုံးကြီး, သောမနဿခဲကြီးတို့ကဲ့သို့ ဖြစ်ကုန်၏။ ။

ဘုရားအဖြစ်သို့ ရောက်တော် မူကြသော အခါ၌လည်း ထိုသောမနဿတိဟိတ်ဘဝင်၌တည်၍ ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်၏။ ။ပရိနိဗ္ဗာန် စံတော် မူကြသော အခါ၌လည်း သောမနဿပရိနိဗ္ဗာန်စိတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူကြကုန်၏။ ။ ပစ္ဆိမဘဝသို့ ရောက်ကြကုန်သော ခပ်သိမ်းသော မြတ်စွာဘုရားတို့အား သောမနဿနှင့် ပဋိသန္ဓေနေခြင်း, သောမနဿနှင့် ဘုရားဖြစ်ခြင်း, သောမနဿနှင့် ပရိနိဗ္ဗာန်စံခြင်းသည် ဓမ္မတာ နိယာမတည်း။ ။လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ ချမ်းသာများကိုရင်း၊ ပကတိ သာဝက ဗောဓိ, မဟာ သာဝက ဗောဓိ, အဂ္ဂသာဝက ဗောဓိ, ပစ္စေက ဗောဓိ-ဟူသော ဗောဓိ ငယ်များကိုရင်း မဆိုထားဘိဦး၊ သမ္မာသမ္ဗောဓိ ဟူသော မဟာဗောဓိကြီး မှာပင် သောမနဿသည် အမွန်းဖြစ်၏။

**မိုယ်းရေတမျှ-သောနမဿ**…ထို့ကြောင့် အမျိုး လေးပါးတို့တရား စောင့်ထိန်းခြင်း ရှိကြသောအခါ၌ နှစ်စဉ်လစဉ် ရွာသော မိုယ်းရေသည် မြေအပြင်၌ မပေါက်သေးသော မြက်သစ်ပင်တို့ကို တွင်တွင် ပေါက်ရောက်စေခြင်း၄ါရင်း၊ ပေါက်ရောက်ပြီးသောမြက်သစ်ပင်တို့ကို တွင်တွင်ကြီးပွါးစည်ကားစေခြင်း၄ါရင်း၊ ကြီးပွါး စည်ကား ပြီးသော မြက်သစ်ပင်တို့ကို တွင်တွင်ပွင့်ကြစေခြင်း သီးကြစေခြင်း၄ါရင်း၊ လွန်

www.dhammaransi.com



စွာ ကျေးဇူးပြုပေသကဲ့သို့ ဓမ္မရတိ ဓမ္မပီတိ ဓမ္မနန္ဒီဟုဆိုအပ်သော ကုသိုလ် သောမနဿသည် အနမတဂ္ဂသံသရာ၌ သတ္တဝါအပေါင်းတို့အား မဖြစ်သေးသော ကုသိုလ်တရားတို့ကို တွင်တွင် ဖြစ်ကြစေခြင်းဌါရင်း၊ ဖြစ်ပြီးသောကုသိုလ်တရားတို့ကို တွင်တွင် ကြီးပွါးစည်ကားကြစေခြင်းဌါရင်း၊ ကြီးပွါးစည်ကားပြီးသော ကုသိုလ်တရားတို့ကို ဖလသသမာပတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ တည်းဟူသော အပွင့်အသီးတို့ကို တွင်တွင် ရွက်ဆောင်ကြစေခြင်းဌါရင်း ကျေးဇူးကြီးစွာပြုပေ၏။

**ဩဇာတမျှ–သောမနဿ**…ထိုစကားမှန်၏၊ ပီတိသောမနဿမည်သည် ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၏ အထွတ်အမြတ်ဖြစ်သော ခံစားဘွယ် စံစားဘွယ် ဩဇာအာဟာရကြီးပေတည်း၊ ပီတိသောမနဿ ဖြစ်သော အမှုမျိုး, ပီတိသောမနဿဖြစ်သောအာရုံမျိုးနှင့် တွေ့ကြုံကြလျှင် ထိုအမှုထိုအာရုံတို့၌ ငြီးငွေ့သည် ဟူ၍မရှိ၊ ပျော်မွေ့ကြကုန်တော့သည်၊ ကုသိုလ် တရားတို့၌လည်း အကြင် သူတို့သည် ဒါနမှု၌ ပီတိသောမနဿကို ကောင်းကောင်း ရနိုင်ကြကုန်၏၊ ထိုသူတို့သည် ဝေသန္တရာမင်းကြီးတို့ကဲ့သို့ ဒါနမှု၌ပျော်မွေ့ကြကုန်၏၊ ဒါနမှုနှင့်ကင်း၍ မနေနိုင်ကြကုန်ပြီ၊ တဏှာအိုးကြီး, မစ္ဆရအိုးကြီးဖြစ်၍ နေကြကုန်သော ဤသတ္တဝါ အပေါင်းတို့အား ဒါနမှု၌ပင်လျှင် စင်ကြယ် ကောင်းမြတ်သောကုသိုလ် ပီတိသောမနဿကို အလွန်ရနိုင်ခဲ၏၊ ဆိုင်း ရုပ်သေး ကချေ သဘင်တို့ ကူညီ၍ ပေးမှအရောရော အနှောနှော ပီတိသောမနဿမျှကို ရနိုင်ကြကုန်၏။

(ဒါနမှုထက်ပင် သီလမှု၌ ပီတိသောမနဿကို ရနိုင်ရန် အလွန်ခဲယဉ်း၏၊ ရနိုင်ကြကုန်သည်ဖြစ်အံ့၊ သီလကို ဘယ်သူ ဖျက်နိုင် ကုန်တော့အံ့နည်း၊ မရနိုင်ကြသည့် အတွက် ဥပုသ်နေ့၌ အစားကောင်း အသောက်ကောင်း အပေါင်းအဘော်တို့နှင့် ကူညီ၍ ယူကြရကုန်၏၊ သီလမှုထက်

www.dhammaransi.com



ဘာဝနာမှုတို့၌ ပီတိသောမနဿကို ရနိုင်ရန် အလွန်ကြီး ခဲယဉ်းလှကြ၏၊ ယခုဘာဝ၌ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်စေနိုင်သော ကမ္မဋ္ဌာန်းလေးဆယ် ဘာဝနာ လေး ဆယ် အလုပ်ကြီး အကိုင်ကြီး သာသနာဂိုဏ်းဝင် လူရှင် အပေါင်းတို့၏ အထွတ်အမြတ်ဖြစ်သော စီးပွါးရေးကြီးတို့ သည် သာသနာတော်တွင်း၌ နေလအသွင် အထင်အရှား ကြီး ရှိနေပါကုန်လျက် ဘာဝနာမှု၌ ပီတိသောမနဿ ဖြစ် ခဏ်းသို့ ဆိုက်အောင် မတိုးနိုင်ကြကုန်သည့်အတွက် ယခု အခါ သာသနာဂိုဏ်းဝင် လူရှင်အပေါင်းတို့သည် နောက် သို့ဆုတ်၍ ဂုတ်တုပ် ထိုင်နေ ကြရကုန်သည်ကား ဗိုဓ မျက်မြင် ဖြစ်ကြကုန်၏။)

**ဘာဝနာမှုနှင့် သောမနဿ** ···· ဘာဝနာ ကုသိုလ်မှု၌ ပီတိ သောမနဿ ဖြစ်ခဏ်းသို့ ဆိုက်နိုင်ကြလို့ရှိခဲ့လျှင် ဘာဝနာမယ ပီတိသောမနဿ အရသာ ကြီးကျယ်လှပုံကို။

သုညာဂါရေ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။

ဟူ၍ဟောတော်မူ၏၊(ဓမ္မပဒပါဠိတော်)

လေးကျွန်းလုံးကို အစိုးရသောစကြာမင်းတို့ ခံစားစံစားရသော ပီတိသောမနဿ အရသာထက်ဘာဝနာမယ ပီတိသောမနဿ အရသာသည် အဆများစွာ လွန်ကဲ၏ ဟူလိုသည်။ ။ဤသို့လျှင် ကုသိုလ် ပီတိသောမနဿသည်သတ္တဝါအပေါင်းတို့၏ လောကီ လောကုတ္တရာချမ်းသာစီးပွါးကိုအလွန်တွင်ကျယ်စွာ ရွက်ဆောင် နိုင်သောသဘောသတ္တိ အထူးရှိပေသည်ဖြစ်၍ သုတ္တန်ဒေသနာကို ဟောတော်မူသော မြတ်စွာဘုရားသည် သောမနဿကို အထူး အမြတ်ပြု၍ ဟောတော်မူပေသတည်း။

(ဤကား သုတ္တန်နည်းလမ်း ပြဆိုခဏ်းတည်း။)

www.dhammaransi.com



**ကာမအရာ—သောမနဿုပေက္ခာ**·····ကုသိုလ် သောမနဿ ဥပေက္ခာနှစ်ပါးတို့တွင် ကာမာဝစရ ကုသိုလ်အရာ၌ သောမနဿ ကုသိုလ်သည် ဒွိဟိတ်ဩမကကုသိုလ်, ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်, တိဟိတ်ဩမကကုသိုလ်, တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဟူ၍ လေးပါးရှိ၏၊ ဥပေက္ခာ ကုသိုလ်သည်လည်း ဒွိဟိတ်ဩမကကုသိုလ်, ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်, တိဟိတ်ဩမကကုသိုလ်, တိဟိတ် ဥက္ကဋ္ဌကုသိုလ်-ဟူ၍ လေးပါး ရှိ၏၊ အကုသိုလ် ရှေ့နောက်ရံသော ကုသိုလ်ကို ဩမက ဆိုသည်၊ ကုသိုလ်ရှေ့နောက်ရံသော ကုသိုလ်ကို ဥက္ကဋ္ဌဆိုသည်။ ။ရှေ့ရံ နောက်ရံ နှစ်ပါးတို့တွင် နောက်ရံသာ၍ ပြဋ္ဌာန်းသည်။ ။ရှေ့၌ အကုသိုလ်ရံ၍ နောက်၌ကုသိုလ်ရံမှု, ရှေ့၌ကုသိုလ်ရံ၍ နောက်၌ အကုသိုလ် ရံမှုလည်းရှိ၏၊နောက်ရံကို ပဓာနပြုလေ။ ။ဒါန၌သောမနဿ ဥပေက္ခာနှစ်ပါးသည်ဒွိဟိတ်ဩမကချင်း တူကြအံ့၊ အဘိဓမ္မာအလို ငြိမ်သက်သည့်အတွက် ဥပေက္ခာ ကုသိုလ်က သာ၏၊ သုတ္တန်အလို ဝီတိသောမနဿဖြစ်သဖြင့် နောင်ထိုအမှုကိုထပ်ခါထပ်ခါပြုလွယ်သည့်အတွက်သောမနဿက သာ၏။

**အကျိုးပေးကွာခြားပုံ** ··· အကျိုးပေးရာ၌သောမနဿကုသိုလ်၏အကျိုးသည် ရွှန်းရွှန်း စက်စက်ရှိတတ်၏၊ ပျော်လွယ်တတ်၏၊ ဥပေက္ခာ၏အကျိုးသည် မရွှန်းမစက်ရှိတတ်၏၊ ခိုင်မြဲတတ်၏၊ ဒွိဟိတ်ဩမကဖြစ်၍ထိုဘဝ၌သောမနဿကုသိုလ်ရှင်သည် တဏှာ စရိုက် အားကြီး တတ်၏၊ ဥပေက္ခာကုသိုလ်ရှင်သည်မောဟစရိုက်အားကြီးတတ်၏၊ ဤကားသာမညအလိုတည်း၊ ဝိသေသ အလိုအားဖြင့်ကား ရှေ့နောက် ရံသော အကုသိုလ်သည်လောဘဖြစ်အံ့ နှစ်ဦးလုံးပင် တဏှာစရိုက်လွန်ကဲရာ၏၊ဒေါသဖြစ်အံ့ ဒေါသစရိုက် လွန်ကဲရာ၏၊ မောဟဖြစ်အံ့ မောဟ စရိုက်လွန်ကဲရာ၏။ ။ဒွိဟိတ်ဥက္ကဋ္ဌ နှစ်ပါး တိဟိတ်ဩမက နှစ်ပါးတို့၌လည်း နည်းတူသိလေ။

www.dhammaransi.com



တိဟိတ်ဥက္ကဋ္ဌ နှစ်ပါးတို့၌ကား ထိုကုသိုလ် အကျိုးပေးရာ၌ ဉာဏ်ပညာနှင့်ပြည့်စုံကြသည်ချည်းဖြစ်၏၊ အထူးမှုကား သောမနဿ ကုသိုလ်ရှင်မှာ သဒ္ဓါနှင့် ပညာနှစ်ပါးတွင် သဒ္ဓါ ကဲလွန်တတ်၏၊ လောကဓံတရားနှင့် တွေ့ကြုံလျှင် တုန်လှုပ်လွယ်တတ်၏၊ ဥပေက္ခာကုသိုလ်ရှင်မှာ သဒ္ဓါနှင့် ပညာနှစ်ပါးတွင် ပညာ ကဲလွန်တတ်၏၊ လောကဓံ တရားနှင့်တွေ့ကြုံလျှင် တုန်လှုပ်ခဲ၏၊ ဤကား သာမညအလိုတည်း၊ ဝိသေသအလိုမှာ ရှေးဒွိဟိတ် ဥက္ကဋ္ဌနှစ်ပါး၌ ၎င်း,ဤတိဟိတ်ဥက္ကဋ္ဌ နှစ်ပါး၌၎င်းရှေ့နောက်ရံသော အလောဘ, အဒေါသ,အမောဟ သုံးပါးကိုခွဲ၍ ခွဲလေ။ ။ဒွိဟိတ် နှစ်ပါးတွင် သောမနဿကုသိုလ်က ဩမက ဖြစ်အံ့၊ ဥပေက္ခာ ကုသိုလ်က ဥက္ကဋ္ဌဖြစ်အံ့၊ သောမနဿ ကုသိုလ်က ယုတ်၏၊ဥပေက္ခာကုသိုလ် က မြတ်၏။ ။သောမနဿ ကုသိုလ်က ဥက္ကဋ္ဌဖြစ်အံ့၊ ဥပေက္ခာ ကုသိုလ်က ဩမက ဖြစ်အံ့၊ ဥပေက္ခာကုသိုလ်က ယုတ်၏၊သောမနဿကုသိုလ်က မြတ်၏၊တိဟိတ်ဩမက ဥက္ကဋ္ဌနှစ်ပါးတို့၌လည်း ဤနည်းတူသိလေ။

ဟိတ်ချင်း ဩမကဥက္ကဋ္ဌချင်း တူပြန်သော်လည်း အလှူပေး ပုဂ္ဂိုလ် သီလသမာဓိရှိမရှိအထူး၊ ရှိပြန်လျှင် သီလသမာဓိ ကြီးမှု ငယ်မှုအဆင့်ဆင့်အထူး၊အလှူခံပုဂ္ဂိုလ်သီလသမာဓိ ရှိမရှိအထူး၊ ရှိပြန်လျှင် သီလသမာဓိကြီးမှုငယ်မှုအဆင့်ဆင့်အထူး၊ အလှူဝတ္ထု စင်ကြယ်မှုမစင်ကြယ်မှုအထူး၊စင်ကြယ်ပြန်လျှင်လည်း အကောင်း အညံ့အထူး၊ အဘိုးနည်း အဘိုးများအထူး၊ အဘိုးထိုက်ချင်းတူ ပြန်လျှင်လည်း သဏ္ဌာန်ဒါန ကြောက်မကြောက် သာဟတ္ထိက ဒါန ကြောက်မကြောက်အထူး၊ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတ အထူး အစရှိသည်ဖြင့် ဒါနအရာ၌အယုတ်အမြတ်ကွဲဝေရန် အလွန်များပြား၏။

**သောမနဿုပေက္ခာဒါန**……ဤကဲ့သို့သော အထူးကြီးတို့သို့ ရောက်ပြန်လျှင်လည်း သောမနဿ ပင်ဖြစ်စေ,ဥပေက္ခာပင်ဖြစ်စေ အယုတ်မျိုးကကျသောဒါန သည်ယုတ်၏၊ အမြတ်မျိုးကကျသော ဒါနသည်မြတ်၏၊ ဥပေက္ခာ

www.dhammaransi.com



သည် သောမနဿထက် မဟပ္ဖလ မဟာနိသံသ ဖြစ်သည်ဟု ကျမ်းဂန်တို့၌ဆိုကြသော မဟပ္ဖလမဟာနိသံသဂုဏ်သည် ကာမာဝစရ အရာ၌ဤကဲ့သို့သောအထူးကြီးများကို ဖွင့်ပြနိုင်သည် မဟုတ်၊ အလုံးစုံတူကြလျက်ရှိလျှင် ငြိမ်သက်သည့်အတွက် အကျိုး ပေးခိုင်မြဲမှု သာလွန်ပေရာ၏၊ ဤမျှသော စကားရပ်ဖြင့်ဒါန အရာ၌ သောမနဿဥပေက္ခာကွဲကြသည့် အတွက် သက်သက်နှင့် ဖြစ် ရသော အယုတ်အမြတ်အထူးသည် အနည်းငယ်မျှသာ ဖြစ်၏၊ ဩမက ဥက္ကဋ္ဌ စသော အထူးကြီးတို့ အတွက်နှင့် ဖြစ်ရသော အယုတ် အမြတ် အထူးတို့သည်သာလျှင် ကြီးကျယ်ကုန်၏၊ ထို ကြီးကျယ်သောအထူးတို့သို့ရောက်လျှင် သောမနဿ ဥပေက္ခာ အတွက် မပြောစလောက်ပြီ ဟူသော အနက်ကိုပြဆိုလိုက်သည်။

(ဤဒါန၌ပြဆိုခဲ့ပြီးသောနည်းကိုအမှီပြု၍ သီလကုသိုလ် တို့၌လည်းသောမနဿ ဥပေက္ခာနှစ်ပါး အယုတ်အမြတ် ခွဲနည်းကို ထိုက်သည့်အားလျော်စွာသိကြလေ။)

**ဘာဝနာအရာ၌ကား**……အယုတ်အမြတ်ခွဲနည်းနှစ်လမ်းရှိ၏၊ ထိုတွင်နောက်ဘဝတို့၌ ဖြစ်လတ္တံ့သောအကျိုးကို အစွဲပြု၍ ဩမက ဥက္ကဋ္ဌ စသည်တို့နှင့် အယုတ် အမြတ်ခွဲနည်းသည်ဒါန သီလတို့၌ခွဲနည်းနှင့်တူပြီ။

ဘာဝနာကိစ္စ တနေ့တခြား တလတခြား တိုးတက်ပွါးများမှု ဟူသော ဘာဝနာ အနက်ကိုစွဲ၍ ခွဲနည်း၌မူကား မိမိအားထုတ် သော ဘာဝနာမှုန့်၌ ပီတိသောမနဿဖြစ်ခြင်းကို အလွန် အလိုရှိ အပ်၏၊ ပီတိသောမနဿ ဖြစ်မှသာလျှင် ထိုအမှုန့် ပျော်မွေ့၏၊ ထိုအမှုန့် ပျော်မွေ့မှသာလျှင် ထိုဘာဝနာမှု တနေ့တခြား တလ တခြား တိုးတက်ကြီးပွါး၏၊ ဥပေက္ခာဖြစ်၍ နေမည့်ကို ကြောက် ရ၏၊ ဥပေက္ခာဖြစ်၍နေလျှင် ထိုဘာဝနာမှုန့် ပျင်းရိ၏၊ တိုးပွါးမှု မရှိနိုင်ပြီ၊ ထို့ကြောင့် ဝိပဿနာ ဘာဝနာအရာ၌ ပီတိသောမနဿ ကိုဗောဇ္ဈင်ဟု၍ ဟောတော်မူ၏။

www.dhammaransi.com



"သမ္ဗောဓိယာအင်္ဂေါသမ္ဗောဇ္ဈင်္ဂေါ၊"

သမ္ဗောဓိယာ၊ မဂ်ဉာဏ်၏။ အင်္ဂေါ၊ အားကြီးစွာသော အဆောက်အဦတည်း။ ဣတိ၊ ထို့ကြောင့်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင် မည်၏။ပီတိဧဝ၊ ဓမ္မရတိဓမ္မနန္ဒီ ဟု ဆိုအပ်သော ပီတိသည်ပင်လျှင်။သမ္ဗောဇ္ဈင်္ဂေါ၊ မဂ်ဉာဏ်၏ အားကြီးစွာသော အဆောက်အဦပေတည်း။ဣတိ၊ ထို့ကြောင့်၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်မည်၏။ ပီတိဆိုလျှင် သောမနဿပါတော့သည်၊ သဘာဝ၌ ပင်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ လျင်လျင်မြန်မြန် ပေါက်ရောက်ထည့်လေအောင် တွင်တွင်ကြီး ဆောင်ယူနိုင်သော အဆောက်အဦ အင်္ဂါကြီးတပါး ဖြစ်ပေ၍ ပီတိသောမနဿကို သမ္ဗောဇ္ဈင် ဆိုသည် ဟူလို။

ဥပေက္ခာသမ္ဗောဇ္ဈင်လည်း ပါရှိပေသည်မဟုတ်လောဟူငြား အံ့၊ဥပေက္ခာဝေဒနာကို ဆိုသည်မဟုတ်၊တတြမဇ္ဈတ္တုပေက္ခာကို ဥပေက္ခာ သမ္ဗောဇ္ဈင်ဆိုသည်၊ ဈာန်ငါးပါးတို့ ညီညွတ် ကြသည် ဖြစ်၍ ဘာဝနာမှု၌ အယုတ် အလွန်မရှိသဖြင့် ပြုပြင်မှု ဗျာပါရ၌ လျစ်လျူရှုသည်ကို ဥပေက္ခာ သမ္ဗောဇ္ဈင်ဆိုသည်၊ဝမ်းမြောက်မှု ဗျာပါရမရှိသည်ကိုဆိုသည်မဟုတ်၊သင်္ခါရုပေက္ခာ စသည်တို့၌ လည်းဤနည်းတူသိလေ။ ။

(ကာမာဝစရကုသိုလ်၌ သောမနဿ ဥပေက္ခာအယုတ် အမြတ် ခွဲခက်း ပြီး၏။ )

**မဟာဂုတ်အရာ သောမနဿုပေက္ခာ**·····မဟာဂုတ် ကုသိုလ် ၌ကား သောမနဿ ဥပေက္ခာနှစ်ပါးတွင် သောမနဿ ကုသိုလ်သည် အဘိဓမ္မာနည်း အားဖြင့်လည်းယုတ်ညံ့၏၊ သုတ္တန် နည်းအားဖြင့်လည်း ယုတ်ညံ့၏၊ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကား သောမနဿ ကုသိုလ်တို့တည်း၊ထိုတွင်ပဌမဈာန်ကုသိုလ်သည်ပဌမဈာန် ဘုံ၌သာ အကျိုးပေး၏၊အသင်္ချေယျတကပ်မျှသာ အသက်တမ်းရှိ

www.dhammaransi.com



၏၊ဒုတိယဈာန်ကုသိုလ်,တတိယဈာန်ကုသိုလ်သည်ဒုတိယဈာန်ဘုံ၌သာ အကျိုးပေး၏၊မဟာကပ်ရှစ်ကမ္ဘာမျှသာ အသက်တမ်းရှိ၏၊ စတုတ္ထဈာန်ကုသိုလ်သည် တတိယဈာန် ဘုံ၌သာ အကျိုးပေး၏၊ မဟာကပ် ၆၄–ကမ္ဘာမျှသာ အသက်တမ်းရှိ၏၊ရူပ ပဥ္စမဈာန်, အရူပဈာန်လေးခုသည် ဥပေက္ခာကုသိုလ်ပေတည်း၊ထိုတွင် ရူပ ပဥ္စမဈာန်သည် စတုတ္ထဈာန်ခုနစ်ဘုံ၌သာ အကျိုးပေး၏၊ မဟာကပ် ငါးရာမှ စ၍ မဟာကပ် တသောင်း ခြောက်ထောင်တိုင်အောင်အသက်တမ်းကို ဆောင်နိုင်၏၊အရူပ ကုသိုလ်လေးခုသည် အရူပလေးဘုံ၌သာ အကျိုးပေး၏၊မဟာကပ် နှစ်သောင်း, လေးသောင်း,ခြောက်သောင်း, ရှစ်သောင်း လေးထောင် တိုင်အောင် အသက်တမ်းကို ဆောင်နိုင်၏၊ ရူပပဥ္စမဈာန်သည် ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတ,ဣဒ္ဓိဝိဓ, ပုဗ္ဗေနိဝါသစသော တန်ခိုး အဘိညာကြီးများကို ဆောင်နိုင်၏။ ။ဤမဟဂ္ဂုတ် ကုသိုလ်အရာ၌ကား သောမနဿသည်အလွန်ယုတ်ညံ့၏၊ဥပေက္ခာသည်အလွန် ကြီးကျယ်မွန်မြတ်၏။ ။ကျမ်းဂန်တို့၌ ဥပေက္ခာသည်သောမနဿထက် မဟပ္ဖလ မဟာနိသံသ ဖြစ်၏ဟု ဆိုကြသော အရာသည် ဤမဟဂ္ဂုတ် ဥပေက္ခာနှင့် ဆက်ဆံသောအရာမျိုးတည်း၊

( ဤကား မဟဂ္ဂုတ်ကုသိုလ်၌ သောမနဿ ဥပေက္ခာအယုတ်အမြတ် ခွဲခဏ်းတည်း။)

**လောကုတ္တရာ သောမနဿုပေက္ခာ**·····မဂ်လေးပါးဟူသော လောကုတ္တရာအရာ၌မူကား သောမနဿ ဥပေက္ခာ အထူးမရှိကြလှပြီ၊ မထူးကြပုံကား ယခုဘုရားသာသနာတွင်း၌ကြိုးကြိုက်ကြသောသူတို့မှာ ခန္ဓာငါးပါးတို့တွင် ဝိညာဏက္ခန္ဓာဟူသောစိတ်တခု၌အနိစ္စအချက် လှလှကြီး မိကြကုန်လျှင် ဒုက္ခအချက် အနတ္တ အချက်တို့ကိုလည်း မိကုန်တော့သည်သာဖြစ်၍ သောတာပတ္တိမဂ်သို့ ရောက်နိုင်ကြကုန်၏၊ ထိုသို့ ရောက်ကြကုန်သောအခါ သောမနဿမဂ်သို့ ရောက်ကြကုန်သောသူတို့သည်လည်း သဥပါဒိသေသဟူသော ပဌမ နိဗ္ဗာန်

www.dhammaransi.com



သို့ ရောက်ကြကုန်၏၊ ဥပေက္ခာမဂ်သို့ ရောက်ကြကုန်သောသူတို့သည်လည်း သဥပါဒိသေသ ဟူသော ထိုပဌမ နိဗ္ဗာန်သို့ပင် ရောက်ကြကုန်၏၊ မဟာဂုတ်ကုသိုလ်မှာ သောမနဿ ဥပေက္ခာ ရောက်ရာ ဘုံဌာန ခြားနားကြကုန်သကဲ့သို့ သောတာပတ္တိမဂ်မှာ ထိုအရိယာတို့ရောက်ရာဘုံဌာနမခြားနားကြကုန်ပြီ၊သဥပါဒိသေသ ဟူသောပဌမနိဗ္ဗာန် ဘုံဌာနတခုသို့ရောက်ကြကုန်သည်ဟူလို။

ဤစကား၌ သဥပါဒိသေသ ပဌမနိဗ္ဗာန်ဆိုသည်ကား အဘယ်နည်း၊ထိုနိဗ္ဗာန်ဘုံဌာနသို့ အဘယ်သို့ ရောက်ကြကုန်သနည်း ဟူမှုကား ခပ်သိမ်းသော ဘုရားရှင်တို့၏ သာသနာ၌ ကျွတ်လွတ် ကြကုန်သော အရိယာပုဂ္ဂိုလ် အပေါင်းတို့တွင် သောတာပန် အဖြစ်နှင့် ကျွတ်ကြသူတို့သည် အများဆုံးဖြစ်ကုန်၏၊သောတာပန်ပုဂ္ဂိုလ်တို့တွင်လည်း သိကြားမင်း,ဗုဒ္ဓရထနတ်သား,မဟာရထနတ်သား, အနေကဝဏ္ဏနတ်သား, ဝိသာခါ, အနာထပိဏ်တို့ကဲ့သို့ ဝဋ္ဋာဘိရတ ဘုံစဉ်စံ သောတာပန် မျိုးတို့သည် အညံ့ဆုံးသော သောတာပန်မျိုးဖြစ်ကြ၍ အများဆုံးဖြစ်ကြကုန်၏၊ယခုအခါ၌ နတ်ပြည် ခြောက်ထပ်တို့တွင် တခုတခုသော နတ်ပြည်မှာပင် ဘုံစဉ်စံ သောတာပန်အရိယာနတ်မျိုး အသင်္ချေယျအနန္တ ရှိနေကြကုန်၏။ ။ယခုအခါ နတ်ပြည်ခြောက်ထပ်သည် အရိယာတို့ဖြင့် ပြည့်လျှက်ရှိကြ၏၊ ဘုရားသာသနာ၌ ကျွတ်ကြသူအပေါင်းတို့တွင် အညံ့ဆုံးဖြစ်၍ အများဆုံး ဖြစ်ကြကုန်သော ဝဋ္ဋာဘိရတ ဘုံစဉ်စံ သောတာပန်တို့၏ အလားကိုပြဆို၍ ထိုအမေးနှစ်ချက်ကို ဖြေဆိုရာ၏။

**သဥပါဒိသေသနိဗ္ဗာန်**……သဥပါဒိသေသ ပဌမနိဗ္ဗာန် ဆိုသည်ကား အဘယ်နည်း ဟူသော အမေး၌ သဥပါဒိသေသ နိဗ္ဗာန်သည် သောတာပတ္တိမဂ် ခဏ၌ ရောက်ရသော နိဗ္ဗာန်, သကဒါဂါမိမဂ်ခဏ၌ ရောက်ရသော နိဗ္ဗာန်, အနာဂါမိမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်, အရဟတ္တမဂ်

www.dhammaransi.com



ခဏာ၌ ရောက်ရသောနိဗ္ဗာန်ဟူ၍ ရောက်ကြသူတို့၏ အခိုက်အတန့်အားဖြင့် လေးပါးရှိ၏၊ ထိုလေးပါးသည် သဉပါဒိသေသချည်းဖြစ်၍ ကျမ်းဂန်တို့၌ သဉပါဒိသေသ နိဗ္ဗာန်တရသာ ဆိုကြကုန်၏၊ ထိုလေးပါးတွင် သောတာပန်တို့ ရောက်ကြ, ရကြ,ခံစံကြရသော နိဗ္ဗာန်သည် ပဌမနိဗ္ဗာန်ပေတည်း။

**အင်္ဂုတ္တိုရ်ပါဠိတော်၌မူကား**..... ဘင်ဉာဏ်မှ စ၍ ဗလဝ ဝိပဿနာ အခိုက်သို့ ရောက်၍ နေသော ဝိပဿနာယုတ္တ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်ကိုလည်း သဉပါဒိသေသ ပုဂ္ဂိုလ်ဟူ၍ ဟောတော်မူ၏။

"တိဏ္ဏံသံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော၊ နိယတော သမ္ဗောဓိပရာယဏော"။ ။ပါဠိတော်။

တိဏ္ဏံသံယောဇနာနံ၊ သက္ကာယဒိဋ္ဌိ- ဝိစိကိစ္ဆာ- သီလဗ္ဗတပရာမာသ-ဟူသော သုံးပါးသော သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ သောတာပန္နော၊ မြင့်မြတ်ရာ သို့သာ တဖြောင့်တည်း ဆန်တက်သော သီလ,သမာဓိ, ပညာ-ဟူသော ဓမ္မသောတ, မြင့်မြတ်သော ဘုံအစဉ် ပဋိသန္ဓေအစဉ် ဟူသော ဘဝသောတသို့ အစစွာ ဆိုက်ရောက်သော သောတာပန်သည်။ ဟောတိ၊ဖြစ်၏။ အဝိနိပါတဓမ္မော၊ ဝိနိပါတဘေးကြီးမှ အပြီးကင်းလွတ်ပြီ။ နိယတော၊ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်ကွက်ဘဲ အစဉ်မြဲသော သီလသမာဓိ ပညာနှင့်ပြည့်စုံ၏။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် အထက်ဖိုလ်လျှင် လိုရာ ရကြောင်း မတိမ်းစောင်းနိုင်သော လည်းလျှောင်းရာရှိ၏။ ။အနက်။

**ဝဋ်သုံးပါး**.....သံသရာ ဘေးအပေါင်းတို့တွင် အဆိုးဝါးဆုံး အညစ်ညမ်းဆုံး အကြမ်းထမ်းဆုံး အယုတ်မာဆုံး ဘေးကြီးမှုကား သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ-ဟူသော ကံလေသ ဝဋ်ဆိုးကြီးတပါး၊ ဒုစရိုက်ဆယ်ပါး

www.dhammaransi.com



ဟူသော ကမ္မဝဋ်ဆိုးကြီးတပါး၊အဝါယ်ကျမှုဟူသော ဝိပါကဝဋ်ဆိုးကြီးတပါး၊ ဤဝဋ်ကြီးသုံးပါးသည် သံသရာ၌ အဆိုးဝါးဆုံး, အညစ်ညမ်းဆုံး, အကြမ်းထမ်းဆုံးဖြစ်၏၊ကြွင်းသော ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်တို့ကား မထောင်းတာရှိ၏၊ ကြွင်းသောဝဋ်ဆိုသည်ကား ကာမသုဂတိ ၇-ဘုံ၌ ကျင်လည်ရန် ကာမတဏှာ ကာမကုသိုလ် ကာမသုဂတိဘဝ-ဟူ၍ ကာမ ဝဋ်သုံးပါး၊ ရူပ ၁၆-ဘုံ၌ ကျင်လည်ရန် ရူပတဏှာ ရူပကုသိုလ် ရူပဘဝဟူ၍ ရူပဝဋ်သုံးပါး၊ အရူပဘုံ၌ ကျင်လည်ရန် အရူပတဏှာ အရူပကုသိုလ် အရူပဘဝဟူ၍ အရူပဝဋ်သုံးပါး၊ ဤဝဋ်ရကိုကြွင်းသောဝဋ်ဆိုသည်။

သောတာပတ္တိမဂ်ခဏ၌ ဝဋ်ဆိုးကြီးသုံးပါး နောင်အကြွင်းမရှိ ကုန်ငြိမ်း၏၊ ကာမသုဂတိ ၇-ဘုံ၌လည်း အဟိတ်ဘဝ ဒွိဟိတ်ဘဝ ကုန်ငြိမ်း၏၊ စည်းစိမ်ချမ်းသာ အလိမ္မာဘုန်းတန်ခိုး ယုတ်ညံ့သော လူမျိုး,နတ်မျိုးဖြစ်မှု ကုန်ငြိမ်း၏ ဟူလိုသည်၊ ဗြဟ္မာဘုံမှာလည်း ဗြဟ္မာယုတ် ဗြဟ္မာညံ့ဖြစ်မှု ကုန်ငြိမ်း၏။ ။သောတာပတ္တိမဂ် ခဏ၌ ဤအလုံးစုံသော ကုန်ငြိမ်းမှုသည် သဉပါဒိသေသ ပဌမနိဗ္ဗာန်ကြီးပေတည်း။ ။အဘယ့်ကြောင့် သဉပါဒိသေသ ခေါ်သနည်းဟူမူကား ရှေ့သို့ဘုံစဉ်စံစား၍သွားရန် တဏှာကြွင်းနှင့် တကွ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတွေ များစွာကြွင်းကျန်လျက် ရှိသေးသောကြောင့် သဉပါဒိသေသ ခေါ်သတည်း။ ။ ဝဋ်ဆိုးကြီးသုံးပါးငြိမ်းမှုကြောင့် နိဗ္ဗာန်ခေါ်သည်၊ ဝဋ်ကောင်းတွေကျန်ရှိသေးသောကြောင့် သဉပါဒိသေသ ခေါ်သည်ဟူလို။

(သဉပါဒိသေသ ပဌမနိဗ္ဗာန်ဆိုသည် အဘယ်နည်းဟူသောအမေးကို ဖြေဆိုချက်ပြီး၏။)

**သောတာပန်နှင့်နိဗ္ဗာန်**……ဘုံစဉ်စံ သောတာပန် ပုဂ္ဂိုလ်တို့သည် ထိုနိဗ္ဗာန်ဘုံဌာနသို့ အဘယ်သို့ ရောက်ကြကုန်သနည်းဟူသောအမေး၌ ဘုံဌာန ဆိုသည်ကား

www.dhammaransi.com



အဝတ္ထုဘုံပေတည်း၊အခွင့်ထူး အရေထူး ဌာနန္တရထူးပေတည်း၊ ထိုဝဋ်ဆိုးကြီး သုံးပါးရှိနေသော ပုထုဇဉ်၏ အဖြစ်ကား တဌာန တည်း၊ ပုထုဇ္ဇနဘူမိခေါ်၏၊ လောကိယဘူမိလည်းခေါ်၏၊ ထို ဝဋ်ဆိုးကြီးသုံးပါး ကုန်ငြိမ်းသော အရိယာ၏အဖြစ်ကား အရေထူး တပါး-ဌာနန္တရထူးတပါးတည်း၊အရိယဘူမိခေါ်၏၊ လောကုတ္တရ ဘူမိလည်းခေါ်၏၊ ဤသို့လျှင် သောတာပတ္တိမဂ်သို့ ရောက်သော အခါမှစ၍ နောက်အနာဂတ် သံသရာတခွင်လုံး ထိုဝဋ်ဆိုးကြီး သုံးပါး ကင်းရှင်းမှုနယ်ကြီးသည် အခွင့်ထူး အရေထူး ဌာနန္တရ ခေတ်အထူး နယ်အထူးဖြစ်၍ နိဗ္ဗာန်ဘုံဌာနဆိုသတည်း၊သောတာ ပတ္တိမဂ်သို့ မရောက်မီ အနမတဂ္ဂ အတိတ်သံသရာကာလ၌ ထို ဝဋ်ဆိုးကြီးသုံးပါး ရှိနေသော ပုထုဇဉ်အဖြစ်နှင့်သာ လာခဲ့ရ၏၊ သောတာပတ္တိမဂ်သို့ ရောက်သည်နှင့် တပြိုင်နက် ထိုအဖြစ်မှ ကျွတ်လွတ်၍ ထိုဝဋ်ဆိုးကြီးသုံးပါး ကင်းငြိမ်းခြင်း ဟူသော အခွင့်ထူး အရေထူး ဌာနန္တရထူးသို့ ရောက်သည်ကို သဉပါဒိ သေသ ပဌမနိဗ္ဗာန်သို့ ရောက်သည်ဟုဆိုသတည်း။

ထိုဝဋ်ဆိုးကြီး သုံးပါး၏ ကင်းငြိမ်းမှု သည်လည်း အမြဲနိစ္စ ထာဝရတည်လေတော့သည်ဖြစ်၍ အနုပါဒိသေသနိဗ္ဗာန်နှင့်တပြင် တည်း တဆက်တည်း တခုတည်းသာတည်း၊ နှစ်ခုဆိုရန် အမိုင်း အခြားမရှိပြီ၊ ထိုဘုံစဉ်စံ သောတာပန်တို့သည်လည်း သောတာ ပတ္တိမဂ်သို့ ဆိုက်သည်နှင့်တပြိုင်နက် လောကီဘုံသူ လောကီဘုံ သားအဖြစ်မှ ကျွတ်လွတ်၍ နိဗ္ဗာန်ဘုံသူ နိဗ္ဗာန်ဘုံသား အဖြစ်သို့ ရောက်ကြလေကုန်၏၊ လောကုတ္တရာဘုံသူ လောကုတ္တရာ ဘုံသား အဖြစ်သို့ ရောက်ကြလေကုန်၏၊ အရိယာဘုံသူ အရိယာဘုံသား အဖြစ်သို့ ရောက်ကြလေကုန်၏၊ ထိုခဏမှစ၍ အဆုံးဘဝ၌ အနု ပါဒိသေသ နိဗ္ဗာန်သို့ ဆိုက်ရောက်သည့် တိုင်အောင် ဘဝ အဆက်ဆက် ကမ္ဘာအဆက်ဆက် ထိုပဌမ နိဗ္ဗာန် ဟူသော ဌာနန္တရ၌ တည်ကြကုန်၍ ဉပါဒိကြွင်းဟု ဆိုအပ်သော လူ့ဘဝ လူ့ချမ်းသာ နတ်ဘဝ နတ်ချမ်းသာ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာ

www.dhammaransi.com



တို့ကို အစဉ်ခံစားစံစား၍ သွားကြရကုန်၏၊ ထို့ကြောင့် "တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ၊" ဟူ၍ ဟောတော်မူ၏။

**ဝိနိပါတ-ဘေးကြီး**……အဝိနိပါတဓမ္မော၊ ဝိနိပါတဘေးကြီးမှ အပြီး ကင်းလွတ်ပြီဟူသော စကား၌ ဝိနိပါတဘေးကြီးဆိုသည်ကား ပုထုဇဉ်သတ္တဝါတို့သည် မိမိတို့ ရင်တွင်းနှလုံးတွင်း၌ မြင်းမိုရ်တောင်ကြီးကဲ့သို့ အလွန် ဝန်လေး လှစွာသော ဝန်ဆိုးကြီးသုံးပါးရှိ၍နေသည့်အတွက် သေကြသော အခါ၌ဘယ်ဘုံမှာ ငါဖြစ်မည်ဟု မိမိတို့ ဖြစ်လိုရာဘုံ၌ ဖြစ်နိုင်ကြ ကုန်သည်မဟုတ်၊ကံပစ်ချရာဟု ကံတရ ကြမ္မာတရ ပေါက်လွှတ် ထားကြရကုန်၏၊ထန်းပင်ပေါ်၌ ရှိနေကြကုန်သော ထန်းသီးခိုင် တွေကို ချတ်ချိုင်သောအခါ အခိုင်အညှာ ပြတ်သည်နှင့် တပြိုင် နက် ထန်းသီးခိုင်တို့သည် ဘယ်နေရာကို ငါကျမည်ဟု ရွေးချယ် ၍ကျနိုင်ကြကုန်သည်မဟုတ်၊ ပေါက်လွှတ်ဒလကျန်း ဘယမ်းဘ တာကျကြလေကုန်သကဲ့သို့ ထို့အတူလူ့ပြည်မှ သေလျှင်လည်း ပေါက်လွှတ်ကျကြရကုန်၏၊ နတ်ပြည်ခြောက်ထပ်တို့မှ သေလျှင် လည်း ပေါက်လွှတ်ကျကြရကုန်၏၊ ဗြဟ္မာပြည်မှသေလျှင်လည်း ပေါက်လွှတ်ကျကြရကုန်၏၊ကံပစ်ချရာကျရောက်ကြရကုန်၏၊ ဤ သို့သေသည့်နောက်၌ ပေါက်လွှတ်လျောက်လျား ပစ်၍ထားကြရ သော အမှု ကမ္မသကာဘချင်ရာရာ ပေါက်လွှတ်ကျရောက်ကြရ သောဓမ္မတာမှုကြီးကို ဝိနိပါတဘေးကြီး ဆိုသတည်း။

**ဤသံသရာ၌**……ပညာရှိ ကြီးတို့သည် အလွန်စက်ဆုပ်ကြ ရသော သံသရာ ဘေးကြီးပေတည်း၊ ပညာ နည်းသောသူတို့သည်သာလျှင် အများဓမ္မတာပေဟု ကျေအေး ကြကုန်၏။ ။သောတာပတ္တိမဂ်ဖိုလ်သို့ရောက်ကြ၍ ဝန်ဆိုးကြီး သုံးပါး ကျွတ်လွတ် ကြသောအခါမှ ထိုဝိနိပါတ ဘေးကြီးအပြီး ကင်းလွတ် ကြလေကုန်၏၊ သေကြသည့်နောက်၌ ရောက်လိုရာ

www.dhammaransi.com



ဘဝသို့ ရောက်နိုင်ကြကုန်၏၊အလို ဆန္ဒ အလုံး မရှိဘဲ လွှတ်၍ ထားပြန်လျှင် ယခုဘဝထက် ကောင်းမြတ်သော ဘဝသို့ တက် လမ်းဆန်လမ်းတလမ်းသာ ရှိကြကုန်၏၊ ရောက်လိုရာ ဘဝသို့ ရောက်နိုင်ကြကုန်၏ဟူရာ၌ချာန်ရချာန်မရစသည်တို့နှင့်လျော်စွာ သိလေ၊ထို့ကြောင့် အဝိနိပါတဓမ္မောဟူ၍ဟောတော်မူပေသည်။

**နိယတ**……နိယဲတော၊ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်ကွက်ဘဲအစဉ်မြဲသော သီလသမာဓိပညာ နှင့် ပြည့်စုံ၏ဟူရာ၌ ပုထုဇဉ်တို့၌ရှိကြသောသီလသမာဓိပညာ မည်သည် အဟုန်နှင့်တကွပြေးသောမြင်း၏ကျောက်ကုန်း၌ ပေါက် လွှတ်တင်ထားသော ဒုန်းသီးနှင့်တူ၏၊ ဘဝပြောင်းမှုနှင့် တချက် လှုပ်လျှင်အကုန်ကျ၏၊ ဘဝတွင်းမှာပင် ခုတင်ခုကျ၏၊ သောတာ ပန်တို့၌တည်ရှိသော နိစ္စသီလမျိုး,ကာယိုလ်ဓမ္မတို့၌ တည်ကြည်နိုင် သော သမာဓိမျိုး, သစ္စာလေးပါးကိုမြင်သော ဉာဏ်ပညာမျိုး သည် သံကြိုးသံလွန်တို့ဖြင့် ကောင်းစွာဘွဲ့အင်သော မြင်းတန်ဆာ နှင့်တူ၏၊ဘဝကမ္ဘာ သံသရာ၌အစဉ်မြဲ၏။

**သီလ သမာဓိ ပညာ**……တို့သည်သာ အစဉ်မြဲသည် မဟုတ် ကုန်၊ထိုဘုံစဉ်စံသောတာပန်တို့အား ကိုးကွယ်ရာ ဘုရားလည်း အစဉ်မြဲ၏၊ တရားလည်း အစဉ်မြဲ၏၊ သံဃာလည်း အစဉ်မြဲ၏၊ သာသနာလည်းအစဉ်မြဲ၏၊ ဘဝများစွာ ကမ္ဘာအဆက်ဆက် ကျင်လည်၍သွားကြကုန်သော်လည်း သဗ္ဗ ညုမြတ်စွာဘုရားတို့၏ ဂုဏ်တော်ကျေးဇူးတော်တို့သည် ထိုသူ တို့မှာ တဘဝထက် တဘဝ ထင်လင်း ထင်ရှား၍ သွားကုန်၏၊ တရားဂုဏ်သံဃာ့ဂုဏ်သာသနာ့ဂုဏ်တို့လည်း ထို့အတူထင်ရှား ၍သွားကုန်၏၊ထိုသူတို့မှာ သာသနာပသောဘဝ သာသနာပသော ကမ္ဘာဟူ၍ မရှိကြကုန်ပြီ၊ ပုထုဇဉ် တို့မည်သည် သံသရာ၌ ရံခါ ရံခါ၌ရှေးဘဝဟူ၍မသိ,နောက်ဘဝဟူ၍မသိ,မောဟတုံးဖြစ်၍ ကိုး ကွယ်ရာမရှိဘဲဖြစ်ချင် တတ်တိုင်း ရိုင်းစိုင်းမိုက်မဲ၍ နေကြသော

www.dhammaransi.com



ဘဝတွေလည်းများစွာရှိကုန်၏၊ ရံခါရံခါ ကိုးကွယ်ရာမဟုတ်သော အယုတ်တမာကြီးတွေကို ဘုရားပြုလုပ်၍ တဘဝတမျိုးကိုးကွယ်ရာဇပေါင်း ထောင်သောင်းမကပြောင်းလဲ၍နေကြသော ဘဝတွေသည်းများစွာရှိကုန်၏၊ ဤသံသရာ၌ ပညာရှိကြီးတို့သည် ဘုရားမဟုတ် ဘာမဟုတ်သော အယုတ်တမာကြီးတွေကိုဘုရားပြုလုပ်၍ တဘဝတမျိုး ကိုးကွယ်ရာ မှောက်မှားမှုကြီးကိုလည်း အလွန်နာကျည်းကြကုန်၏။

**အဘယ့်ကြောင့်နည်းဆိုသော်** ကိုးကွယ်ရာ မှောက်မှားလျှင် ထိုဘဝမှာ ရစရာမရှိ အကုန်လုံးမှောက်မှား လေတော့သည်၊ ဂေါသီလ ဂေါဝတ အစရှိသည်ဖြင့် တရားမဟုတ် ဘာမဟုတ်သော အယုတ်တမာအကျင့်တွေကို အထွတ်အမြတ် တရားပြုလုပ်၍ တဘဝတမျိုး ကိုးကွယ်ရာပေါင်း ထောင်သောင်းမက ပြောင်းလဲ၍ နေကြသော ဘဝတွေလည်းများစွာရှိကုန်၏၊ ဤကဲ့သို့မဟုတ်သော လောကုတ္တရာ ဘုံသူ လောကုတ္တရာ ဘုံသားဖြစ်ကြကုန်သော ထိုဘုံစဉ်စံအရိယာတို့မှာ ဘဝများစွာ ကမ္ဘာအဆက်ဆက်တို့၌ ဘုရား တရားသံဃာ ကိုးကွယ်ရာ ပြောင်းရွှေ့ခြင်းမရှိကြကုန်ပြီဟူလိုသည်၊ ထို့ကြောင့်နိယတောဟူ၍ဟောတော်မူပေ၏။

**သမ္မောဓိပရာယဏာ**……သမ္ဗောဓိပရာယဏော၊ အထက်မဂ်အထက်ဖိုလ်လျှင် လိုခါရကြောင်း မတိမ်းစောင်းနိုင်သော လည်းလျှောင်းရာရှိ၏ ဟူရာ၌ မိမိတို့ အတွက် အထက်မဂ်အထက်ဖိုလ် အထက်နိဗ္ဗာန် ဟူသော အကြောင်းကြောင့် နောက်ဘုရားနောက်သာသနာကို မြော်ဘွယ်ရာ ကိစ္စမရှိကြကုန်ပြီဟူလို၊ အဘယ့်ကြောင့်နည်းဆိုသော် ထိုသူတို့မှာ သောတအမည်ရှိသော ဗောဓိပက္ခိယ တရားသုံးဆဲ့ ခုနစ်ပါးတို့သည် အနုပါဒိသေသ နိဗ္ဗာန်သို့ ကျအောင် တဘဝထက် တဘဝ တကမ္ဘာထက် တကမ္ဘာတိုးပွါးစည်ကား၍သာသွားကြ လေကုန်

၏၊ ငါတို့မြတ်စွာဘုရား သာသနာတော်မြတ်ကြီးသုံးပါးတို့သည့် ဘိုသူတို့သန္တာန်မှာ တဘာဝထက်တဘာဝ ထွန်းလင်း စည်ကား၍ သွားကြကုန်၏၊ ထို့ကြောင့် ဤဘုရား သာသနာတော် ကွယ်သည့် နောက်အနမတဂ္ဂသံသရာမှာ ဘုရားပွင့်မှုမရှိပြီ ဆိုသော်လည်း ဘိုသူတို့ ပူဘွယ်မရှိကြကုန်ပြီ၊ ထို့ကြောင့် သမ္ဗောဓိပရာယဏော ဟူ၍ ဟောတော်မူသည်။

**သောတာပန်ချမ်းသာ** ·····ဤမျှသော စကား ရပ်တို့ဖြင့် ငါတို့ ဘုရားသာသနာ၌ အကျွတ်ရကြသူ အပေါင်းတို့တွင် အညံ့ဆုံး အများဆုံးဖြစ်သော ဘုံစဉ်စံ သောဘာပန်တို့၏ သောတာပတ္တိမဂ်သို့ ဆိုက်သည်နှင့် တပြိုင်နက် သဉပါဒိသေသ ပဌမနိဗ္ဗာန်သို့ရောက်ကြောင်း, နိဗ္ဗာန်ကိုရကြောင်း, အမျိုး အရိုးအားဖြင့် လောကီ,ဘုံသူ လောကီ ဘုံသား အဖြစ်မှ ကျွတ်လွတ်၍ လောကုတ္တရာဘုံသူ လောကုတ္တရာဘုံသား အရိယာ ဘုံသူ အရိယာဘုံသား နိဗ္ဗာန်ဘုံသူ နိဗ္ဗာန်ဘုံသား အဖြစ်သို့ အမှန် ရောက်ကြောင်း, အကနိဋ္ဌဘုံသို့ ကျအောင် ဘဝများစွာ ကမ္ဘာ အဆက်ဆက် သဉပါဒိသေသနိဗ္ဗာန်၌တည်၍ ဝဋ်ဆိုးကြီး သုံးပါး ငြိမ်းခြင်းတည်းဟူသော သန္တိသုခနိဗ္ဗာနသုခနှင့်တကွ လူ့ချမ်း သာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ တည်းဟူသော လောကီ လောကုတ္တရာ ချမ်းသာ နှစ်ပါးကို အစဉ် ခံစား စံစား၍ သွားကြ ရကြောင်းကို အကျဉ်းအားဖြင့် ထင်ရှားစွာပြဆိုလိုက်သည်။ ။ အကနိဋ္ဌဘုံသို့ကျအောင် ဟူသောစကား၌ အထက်မဂ် အထက် ဖိုလ်သို့ ရောက်ကြသည့်အခါ ဒုတိယ တတိယ စတုတ္ထ သဉပါ ဒိသေသ နိဗ္ဗာန်သုံးပါးပါရှိ၍ဆိုလိုက်သည်။ ။

ဤစကားရပ်ကိုလည်းလောက၌ နိဗ္ဗာန်စာအုပ် မလယ် မပတ်တွေ့များလှ၍ ပညာရှိတို့ ရိပ်မိရုံမျှ ပြဆိုလိုက်သည်၊ အကျယ်ကိုမူကား ငါတို့စီရင်သော အနတ္တ ဒီပနီ စာအုပ် ငယ်,စတုသစ္စဒီပနီ စာအုပ်ငယ်, သဂြိုဟ် ၉ –မိုင်းလုံးကို

www.dhammaransi.com



အကျဉ်းချုပ်၍ သံပေါက်လက်ာဖြင့် စီရင်သော ပရမတ္ထသံခိပ်စာအုပ်ငယ်များ၌ ကြည့်၍ ယူလေ၊ အနုတ္တဒီပနီနှင့် ပရမတ္ထသံခိပ်မှာ ရန်ကုန်မြို့ ကဝိမျက်မှန်တိုက်တွင်ရှိလေ၏၊ စတုသစ္စဒီပနီမှာ ဟံသာဝတီ တိုက်တွင် ရှိလေ၏။

ဤသို့လျှင် လောကုတ္တရာ ကုသိုလ်အရာ၌ သောမနဿ ဥပေက္ခာ နှစ်ပါးသည် ဝင်္ဂသုံးပါးကို ချုပ်ငြိမ်းစေမှု နိဗ္ဗာန်သို့ ရောက်စေမှုတို့၌ အထူးမရှိကြလေပြီ။

**ဆိုဘွယ်အထူးကား**…ဥပေက္ခာသောတာပတ္တိ မဂ်ကုသိုလ်ကို ပဥ္စမဈာနလာဘီပုဂ္ဂိုလ်မှ ရနိုင်၏၊ ထိုပုဂ္ဂိုလ်သည် ထိုဈာန်မပျက်စီးသည်ဖြစ်အံ့၊ ဗြဟ္မာပြည်သို့သွား၏၊ ပျက်စီးခဲ့လျှင် ကာမတုံမှာဖြစ်ရ၏၊ သောမနဿ သောတာပတ္တိမဂ် ကုသိုလ် လေးခုတို့တွင် ဒုတိယဈာန်မဂ် တတိယဈာန်မဂ် စတုတ္ထဈာန်မဂ်တို့မှာ ဥပေက္ခာ နည်းတူ သိလေ၊ ပဥ္စမဈာန်မဂ် ကုသိုလ်သည်ဈာနလာဘီ ပုဂ္ဂိုလ်မှာဖြစ်အံ့၊ ဥပေက္ခာနည်းတူပင်၊ သုက္ခဝိပဿက ပုဂ္ဂိုလ်မှာ ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် ကာမသုဂတိ ဘုံ၌ဖြစ်၏။

(ဤတွင်ရွေ့ကား လောကုတ္တရာကုသိုလ်အရာ၌ သောမနဿ ဥပေက္ခာ နှစ်ပါးအထူးမရှိလှကြပုံကိုပြဆိုခဏ်းပြီး၏။)

**သောမနဿပြစ်**……ယခုအခါ သောမနဿ ဝေဒနာ၌ အကျိုး အပြစ်နှစ်ပါး, ဥပေက္ခာဝေဒနာ၌ အကျိုးအပြစ်နှစ်ပါးကို ပြဆိုဦးအံ့။ ။သောမနဿ ဝေဒနာ၏ အကျိုးကို ရှေးသုတ္တန်အခဏ်း၌ပြဆိုခဲ့ပြီ၊ အပြစ်မှုကား မနက်နဲ သော သဘောရှိသည်၏ အဖြစ်သည် သောမနဿ၏ ဖြစ်ကြောင်းဟူ၍ ဆိုသောကြောင့် မနက်နဲသော သဘောရှိသော သူ၌ဖြစ်သော သောမနဿသည် ထိုပုဂ္ဂိုလ်ကို အထက်

www.dhammaransi.com



အထက်သော ကုသိုလ်တရားတို့သို့ မရောက်နိုင်အောင် ပြု၍ သတ်တတ်၏၊ အဘယ်သို့ သတ်တတ်သနည်းဟူမူကား အချို့သော သူတို့အား လက်လီလက်စ ဖြစ်သော သေးငယ်သော ဒါနမှု၌ ပင် ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်၏၊ အားရရောင့်ရဲခြင်း ဖြစ်၏၊ သာသနာတွင်း၌ လူဖြစ်ကျိုး ကြီးမားလှပြီထင်ကြကုန်၏၊ ကြီးမား သော ဒါနမှုများကို ဥဿာဟ မပြုကြကုန်ပြီ၊ လက်ဦးလက်ဖျားနှင့် ပင် အားရစိတ်ချ၍ နေကြကုန်၏၊ဤ၌ ၊ အနည်းငယ်မှုနှင့် အားရ၍ နေသော ထိုသောတာပန္နသည် ထိုသူတို့ကို ကုသိုလ် အဆောက် အဦ ကြီးပွါးခြင်းသို့ မရောက်ရအောင် ပြု၍ သတ်သည် မည်၏။

**အချို့သူတို့အား**…ကြီးမားသော ဒါနမှု၌ပင် အလွန်ဝမ်းသာ အားရခြင်းဖြစ်၏၊ သီလမှုကို အားမကျ လှကြကုန်ပြီ၊ဤနည်း၌လည်း ဒါနမှုမှုနှင့် အားရ၍နေသော သောတာပ န္နသည် ထိုသူတို့ကို သီလကုသိုလ် နည်းပါးအောင်ပြု၍ သတ် ၏၊ထို့အတူ ဥပေါသထသီလမှုနှင့် အားရ၍နေသော သောတာပန္န သည် နိစ္စသီလမျိုးနည်းပါးအောင် ပြု၍ သတ်၏၊ နိစ္စသီလမျိုးတွင် လည်း ငါးပါးသီလမှုနှင့် အားရ၍နေသော သောတာပန္နသည် ထိုသူတို့ကို အာဇီဝဋ္ဌမက ရှစ်ပါးမှအပပြု၍ သတ်၏၊ အာဇီဝဋ္ဌမ ကမှုနှင့်အားရနိုင်သော သောတာပန္နသည် ဆယ်ပါးနိစ္စမှ အပပြု ၍ သတ်၏၊ ဆယ်ပါးနိစ္စမှုနှင့် အားရနိုင်သော သောတာပန္နသည် ၂၂၇-ပါးသော ဥပသမ္ပန္န သီလတို့မှ အပပြု၍သတ်၏၊ ၂၂၇-ပါး မှုနှင့် အားရနိုင်သော သောတာပန္နသည် ဥပဇ္ဈာယဝတ်, အာစရိ ယဝတ် အစရှိသော အဘိသမာစာရိကသီလ, ဓုတင်္ဂသီလ ဣန္ဒြိ ယသံဝရသီလ စသည်တို့မှ အပပြု၍ သတ်၏၊ဤနည်းကို အမှီပြု၍ ပရိယတ်ကျမ်းဂန်သင်ကြားမှု,သမထ ဘာဝနာမှု, ဝိပဿနာဘာ ဝနာမှုတို့မှစ၍အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် သာသနာ တော်၌ အဆင့်ဆင့် ရှိနေသော ကုသိုလ်ဓမ္မတို့ကို အကုန် ဝေဘန် ၍ သိလေ။

www.dhammaransi.com



**ထိုထိုအမှုတို့၌**……အားရမှုရှိသည် မရှိသည်ကိုကား ဤသို့သိ
အပ်၏၊ ဒါနမှုနှင့်အားရ၍ နေသော သူတို့
မည်သည် ဒါနမှုကိုစွဲ၍ သာယာ ရွှင်လန်းခြင်း, တက်ကြွထောင်
လွှားခြင်း,ဂုဏ်ပကာသနကို အလိုရှိခြင်း,သူတပါးတို့ ချီးမွမ်းသည်
ကို သာယာခြင်း အစရှိသည်ဖြင့် လှိုင်းဂယက်နှင့်တကွသော ဗလ
ဝါမုခ ဝဲကြီး မိ၍နေသော လှေသင်္ဘောသည် မစုန်နိုင်,မဆန်နိုင်ဘဲ
တဝဲလည်လည်နှင့် နစ်ရလေဘိ၏သို့ ဒါနမှု၌ ပင်လျှင် လောကဓံ
ဝဲအမွှေ့ခံ၍ နေကြကုန်၏၊ အားမရသူတို့ သည်ကား ဒါနမှု၌
ဥပေက္ခာမျှသာ ဖြစ်ကြကုန်သဖြင့် ထိုအဖြစ်တို့မှ ကင်းရှင်းတတ်
ကြကုန်၏၊ သီလမှု,ပရိယတ်မှု,ဘာဝနာမှု စသည်တို့၌ ဤနည်းတူ
သိလေ။

ဤကား မနက်နဲသော သဘောရှိသော သူတို့၌ အားရလွယ်၊
ဘတ်သော သောမနဿသည် ထိုသူတို့ကို သတ်ပုံ၊ ဗျည်း၊ ဉာဏ်
အမြင်နှင့် ပြည့်စုံခြင်းသည် သောမနဿ ဖြစ်ကြောင်း ဟူ၍ ဆိုပြန်
သောကြောင့် ပကတိက မနက်နဲသော သဘောရှိသော သော
မနဿပုဂ္ဂိုလ်တို့သည် ပညာရှိတို့နှင့် ပေါင်းဘော်ခြင်း စသည်ကို
ပြုကြ၍ အသိဉာဏ်နှင့် ပြည့်စုံကြအောင် အားထုတ်ကြကုန်ရာ၏၊
အသိဉာဏ်အမျိုးမျိုးနှင့် ပြည့်စုံကြကုန်သောအခါ ပကတိခတ်ခံ
အားလျော်စွာ သောမနဿပင် ဖြစ်လာငြားသော်လည်း ထိုအမှု
၌ အားရစိတ်ချ၍ နေခြင်းတည်းဟူသော အဖြစ်မှ လွတ်ကုန်၍
သူတွန်ခတ်း၌ ပြခဲ့သော အကျိုးဆောင် သောမနဿမျိုး ဖြစ်
လတ္တံ့။

( သောမနဿ၏ အဖြစ်ကို ပြဆိုခဏ်း ပြီး၏။)

**ဥပေက္ခာအကျိုး**……ဥပေက္ခာ၌ နက်နဲသော သဘောရှိသည်
၏အဖြစ်ကို ဥပေက္ခာဖြစ်ကြောင်း ဟူ၍
ဆိုသောကြောင့် နက်နဲသောသဘောရှိသောသူတို့အားဖြစ်သော

www.dhammaransi.com



ဥပေက္ခာသည် ထိုသူတို့ကို သောမနဿအဖြစ်၌ ပြဆိုခဲ့သော ကုသိုလ်မှုတို့၌ရောင့်ရဲလွယ်အားရလွယ်သောအဖြစ်တို့မှ လွတ်ကင်းစေတတ်၏၊ ကုသိုလ်တရားမျိုးတို့၌အဇ္ဈာသယဆန္ဒနက်နဲသောသူ, အဇ္ဈာသယ ဆန္ဒကြီးသော သူတို့သည် အများအမြတ်ကို အလိုကြီးကြကုန်သဖြင့် သေးငယ်သောကုသိုလ်မှုမျိုး, အောက်ကျသော ကုသိုလ်မှုမျိုးတို့၌ သောမနဿ အားရရောင့်ရဲခြင်း မရှိနိုင်ကြကုန်။

**အလောင်းတော်သခ်ပုဏ္ဏား**....အလောင်းတော် သခ်ပုဏ္ဏားကြီးသည် သိကြားမင်း ဖန်ဆင်း၍ပေးသော ရတနာမဏ္ဍပ်ကြီး၌ ဘုရားအမှူးရှိသော သံဃာတော် လေးသိန်းတို့ကို ခုနစ်ရက်ပတ်လုံး နို့ဃနာဆွမ်း လှူဒါန်းလုပ်ကျွေးရသည်ကိုပင် သောမနဿမဖြစ်၊ အဘယ့်ကြောင့်နည်းဆိုသော် ဗာဟိရဝတ္ထု အလှူမျှဖြစ်၍ အမြတ်အထွတ်ဟု မထင်နိုင်၊ မျက်စိအင်္ဂါစသော အဇ္ဈတ္တဝတ္ထုကို လှူရမှ အထွတ် အမြတ် ထင်နိုင်သော စိတ်ရှိသည်၏အဖြစ်ကြောင့်တည်း။

**မဟာသိဝမင်းကြီး**.....ထို့အတူ မဟာသိဝ မင်းကြီးအား တနေ့ တနေ့လျှင် အသပြာဒင်္ဂါး ငါးသိန်း ငါးသိန်း အကိုးတန် လှူရပါသော်လည်း ပီတိသောမနဿ တကြိမ်တခါမျှမဖြစ်၊ မျက်လုံးတော် နှစ်ဘက်ကို ထုတ်၍လှူရမှ ပီတိသောမနဿ ဖြစ်နိုင်လေ၏၊ ထိုသို့ဖြစ်ခဲ့သော် အလှူခံပုဏ္ဏားအား ဆိဆားမပါ တနပ်စာမျှသော ကမ္ဗည်းရွက်ပြုတ်ကို လှူရ၍ ပီတိသောမနဿ အားကြီးစွာဖြစ်သော အကိတ္တိ ရှင်ရသေ့သည် သဘောတိမ်ရာ မကျပြီလောဟူမူ သဘောညဏ် ကြီးလှသော ပုဂ္ဂိုလ်တို့၏ညဏ်မည်သည် အစွမ်းသတ္တိ အမျိုးမျိုးရှိ၏၊ အနည်းငယ်မျှသော အလှူဝတ္ထု ကုသိုလ်မှုတို့၌ပင် သောမနဿကိုဖြစ်စေနိုင်၏၊ မဟာသခ်ပုဏ္ဏားအလှူ, ဝေလာမပုဏ္ဏား အလှူကဲ့သို့ ကြီးကျယ်လှသော ကုသိုလ်မှု၌ပင် ဥပေက္ခာကို ဖြစ်စေနိုင်၏၊ ထို့ကြောင့် အကိတ္တိရှင်ရသေ့ကို သဘောတိမ်သည်ဟု မဆိုအပ်။

www.dhammaransi.com



ယခုအခါ မြတ်စွာဘုရား သာသနာတော်မြတ်၌ ကြိုကြိုက်ကြရကုန်သော သူတို့တွင် သဘောညာဏ် အမြော်အမြင် ကြီးကြကုန်သောသူတို့သည် ဒါနကုသိုလ်မှုနှင့် အားရခြင်း မရှိကြကုန်၊ သီလကိုသာ အလေးဂရု အထူးပြုကြကုန်၏၊ နိစ္စသီလ ငါးပါးနှင့် အမြဲနေရမှ အားရနိုင်ကြကုန်၏။

**နိစ္စသီလ**……ထိုထက် သဒ္ဓါ ပညာ ကြီးကြကုန်သော သူတို့သည် အာဇီဝဋ္ဌမက နိစ္စရှစ်ပါးနှင့် အမြဲနေရမှ အားရနိုင်ကြကုန်၏၊ ဤသီလနှစ်ပါးကား ပကတိလူတို့၏ နိစ္စသီလမျိုးတည်း၊ နိစ္စသီလမျိုးဆိုသည်ကား ခံယူသည်ဖြစ်စေ, မခံယူသည်ဖြစ်စေ အဘယ်အခါမှ မလွန်ကျူးထိုက်သော သဘောရှိသော သီလမျိုးကို ကျမ်းဂန်တို့၌ နိစ္စသီလဆိုသည်၊စောင့်သူတို့မှာမူကား နိစ္စတတ်နိုင်လျှင် နိစ္စစောင့်ရ၏၊ မုဆိုးတံငါ စသည်ဖြစ်၍ တရံတခါမျှ အနိစ္စအနေနှင့်သာ တတ်နိုင်လျှင် အနိစ္စစောင့်ရ၏၊ အနိစ္စစောင့်သော်လည်း သီလမျိုးမှာ နိစ္စမျိုးသာတည်း၊ခံယူသောနေ့လွန်ပြီဟု လွန်ကျူးခဲ့လျှင် အပြစ်ဒေါကန်ထိုက်၏၊ ဤကား နိစ္စသီလမျိုး သဘောတည်း။

**ဒသင်္ဂနိစ္စသီလ**……ထိုထက် သဒ္ဓါပညာကြီးကြကုန်သောသူတို့သည် ပကတိသော ဂဟဋ္ဌ ဖြစ်သူလူတို့၏ နိစ္စသီလနှစ်မျိုးနှင့်သာ အားမရကြကုန်၊ ညောင်ခေါက်စသော ဖန်ရည်ဆိုးသော အရဟတ္တဒ္ဓဇမျိုးဖြစ်သော အဝတ်ကို ဝတ်သော ရသေ့ပရိဗိုဇ်မျိုးတို့၏ နိစ္စသီလမျိုးဖြစ်သော ဒသင်္ဂနိစ္စသီလနှင့် အမြဲနေရမှ အားရကြကုန်၏။ ။ဤဒသသီလသည်လည်း ခံယူသည်ဖြစ်စေ, မခံယူသည်ဖြစ်စေ အရဟတ္တဒ္ဓဇ အသွင်ကို ဆောင်သောသူမှာ အဘယ်အခါမှ မလွန်ကျူးထိုက်၊ လွန်ကျူးခဲ့လျှင် အသွင်နှင့်မတန်သောအပြစ်ဒဏ် ထိုက်သောကြောင့် ထိုသူတို့၏ နိစ္စသီလမျိုးတည်း။

**အနိစ္စသီလ** ·····ပကတိ လူတို့မှာမူကား ဥပေါသထ သီလနှင့် အတူ ခံယူ၍ စောင့်ရ၏၊ ပကတိ နိစ္စအနေနှင့်

မရ၊ ပကတိလူတို့အား မခံယူသောအခါ နေလွဲညစာ စားကြသော်လည်း အပြစ်မရှိ။ ။ပကတိ လူတို့မှာ ဥပေါသထ သီလသည် အနိစ္စသီလမျိုးတည်း၊ **အနိစ္စသီလမျိုးဆိုသည်ကား** ခံယူမှ ရသောသီလမျိုးတည်း၊ ခံယူမှရမှုဆိုသည်ကား ခံယူမှပင် မလွန်ကျူးရပဲသော သံဝရမှုတည်သည်ကို ဆိုသတည်း၊ ပကတိလူတို့အား မခံယူသော နေ့ရက်တို့၌ ဝိကာလဘောဇနကို မလွန်ကျူးရပဲသော သံဝရမှုမရှိ၊ ထိုနေ့ရက်တို့၌ နေလွဲညစာ စားကြကုန်သော်လည်း အပြစ်မရှိ လွန်ကျူးမှုမဆိုရ၊ ပကတိလူတို့မှာ ထိုအင်္ဂါဥပေါသထ သီလကိုနိစ္စခံယူ၍ စောင့်လိုလျှင် စောင့်ရ၏၊ ခံယူမှရသောကြောင့် ပကတိနိစ္စမျိုးကား မဟုတ်၊ ကျမ်းဂန်တို့၌ သီလဝန္တပုဂ္ဂိုလ်, သီလသမ္ပန္နပုဂ္ဂိုလ်, ဝိသုဒ္ဓသီလ ပုဂ္ဂိုလ်ဟု ဆိုရာဌာနတို့မှာ နိစ္စသီလမျိုးနှင့်ပြည့်စုံသောသူကိုဆိုသည်မှတ်၊ ဤနိစ္စအနိစ္စ သီလအရာသည်လည်း လောက၌မရေမလယ်နေကြရာဌာနကြီး တခုဖြစ်၍သိသာ ရုံမျှဘော်ပြလိုက်သည်။

**သဒ္ဓါပညာကြီးကြသူများမှာ**……ထိုထက် သဒ္ဓါပညာ ကြီးကြကုန်သော သူတို့သည်လူတို့သီလနှင့်အာ ရခြင်းမရှိကြကုန်၊ ရဟန်းတို့ သီလနှင့်နေရမှအားရကြကုန်၏၊ ထိုထက် သဒ္ဓါတရား ကြီးကြကုန်သော သူတို့သည် သီလမျှနှင့်အားမရကြကုန်၊ သမထဝိပဿနာဘာဝနာကိုမှ အားရဘွယ်ထင်မြင်ကြကုန်၏၊ ဤအရာ၌ ပညာသတိ အထူးရှိကြရန် အချက်ကြီး တခုကို ပြဆိုခွင့်ဆိုက်၏၊ နောက်မှပြဆိုအံ့။ ။ဤကား နက်နဲသောသဘောအဆင့်ဆင့်ရှိကြကုန်သောသူတို့၏ ဥပေက္ခာသည်ပြဆိုခဲ့သော သောမနဿကဲ့သို့ ထိုသူတို့ကိုမသတ်မှု၍ ထိုသူတို့ကို အဆင့်ဆင့်မြင့်မြတ်ရာ ဌာနသို့ ရောက်အောင်ချီးမြှောက်သည့်ကိုပြဆိုလိုက်သတည်း။

(ဥပေက္ခာဒီပနီကျမ်းပြီး၏။)

www.dhammaransi.com



**ဥပေက္ခာအပြစ်**......သဒ္ဓါပညာနှင့် မပြည့်စုံခြင်းကိုဥပေက္ခာဖြစ်ကြောင်းဟူ၍ ကျမ်းဂန် အဆိုရှိပြန်သောကြောင့် သတ္တဝါကိုသတ်တတ်သောဥပေက္ခာယုတ် ဥပေက္ခာညံ့ကိုလည်းသိရာ၏၊ သဒ္ဓါမရှိ၍ဖြစ်ရသော ဥပေက္ခာ,ပညာမရှိ၍ဖြစ်ရသောဥပေက္ခာ,မောဟကြီးလှ၍ဖြစ်ရသောဥပေက္ခာ,လောဘမစ္ဆရကြီးလှ၍ ဖြစ်ရသောဥပေက္ခာ,ဒေါသ ကြီးလှ၍ ဖြစ်ရသောဥပေက္ခာ, ဒိဋ္ဌိဝိစိကိစ္ဆာကြောင့် ဖြစ်ရသောဥပေက္ခာ, နီဝရဏ ထူထပ်လှ၍ ဖြစ်ရသောဥပေက္ခာ စသည်ကား ဥပေက္ခာယုတ်ဥပေက္ခာညံ့စုပေတည်း။

**သဒ္ဓါမရှိသောဥပေက္ခာ**......သဒ္ဓါမရှိ၍ဖြစ်ရသော ဥပေက္ခာဆိုသည်ကား ဒါနမှု၌ လောကမှာစေတနာသဒ္ဓါမရှိလှဘဲ သူအများလုပ်ကြ၍ မနေသာမှုနှင့် လုပ်ကြရသော ဒါနမှုမျိုးလည်း များစွာရှိကြ၏၊ နဂိုကပင် သဒ္ဓါတရားကောင်းသူဖြစ်သော်လည်း မိမိသဒ္ဓါ၍ ပြုရသည်မဟုတ်ဘဲ သဒ္ဓါတရားမရှိလှပါဘဲနှင့်မတွေသာမနေသာ အောင့်အောင့်အေးအေး ပါကြရသောအခါလည်းများစွာရှိကြသည်၊ အောင့်အောင့်အေးအေးနှင့်ပင် ထကျပ်တန်ပါရသောအခါ,တအယ်တန်ပါရသော အခါစသည် အသီးသီးရှိကြသည်၊ ထို့အတူအမိသေ၍ မနေသာပြုရသောဒါနမှု,အဘသေ၍မနေသာပြုရသောဒါနမှု, သား သေ၍ ဘိုးသေ၍မနေသာ ပြုရသောဒါနမှု,စသည်အလုံးစုံသည် ယုတ်ညံ့သောဥပေက္ခာ ကုသိုလ်မျိုးသာတည်း၊ ကုသိုလ်မှုနှင့် ဆော်ကြလာသောအခါပီတိသောမနဿ ဖြစ်ရသောကုသိုလ်မှုဖြစ်ခဲ့အံ့၊ ဆော်ကြသူကို ကျေးဇူးတင်ကြ၏၊ ဆော်ကြသူ မျက်နှာရ၏၊ ဥပေက္ခာဖြင့်သော ကုသိုလ်မှုဖြစ်ခဲ့အံ့၊ ဆော်ကြသူအသံကိုပင် မကြားလိုကြကုန်ပီတိသောမနဿဖြစ်သော ကုသိုလ်မှုဖြစ်ခဲ့လျှင် ထိုကုသိုလ်မှုကိုကလ်မနား ပြုချင်ကြကုန်၏၊ ဥပေက္ခာ ဖြစ်သော ကုသိုလ်မှုဖြစ်လျှင်နေ့ဆက်ထခါ စိတ်မပါကြကုန်ပြီ၊ ဤကဲ့သို့သော ဥပေက္ခာမှုမျိုး

www.dhammaransi.com



သည် အကျိုးပေးယုတ်ညံ့၏၊ သို့သော်လည်း မိမိသုံးစွဲ၍ ကုန်ရသည်ထက် များစွာကောင်းမြတ်သေး၏၊ တမူးတန် တမတ်တန်နှင့် နောက်ဘဝ၌ တရာတန်တထောင်တန်မက အကျိုးရသေး၏၊ အပါယ်သို့မကျစေဘဲ သုဂတိဘဝသို့ဆောင်နိုင်၏။

**ဝေယျာဝစ္စကုသိုလ်ကျိုး**……ရာဇညမင်းသည် သံဃာတော်အများကိုနေ့စဉ်ဆွမ်းလုပ်ကျွေးရာ ဥတ္တရ လုလင်ကို လွှဲ၍ထား၏၊ ဥတ္တရလုလင်က နေ့စဉ်ဝေယျာဝစ္စ ဆောင်ရ၏၊ ရာဇညမင်းမှာ ဒါနရှင်ဖြစ်ပါလျက် အာဒရတွိက အသက္ကစ္စဥပေက္ခာဒါနဖြစ်၍ စတုမဟာရာဇ်တွင်ဘုံဟောင်းဗိမာန်ဟောင်းတချ၌ အခြံအရံမရှိ တကိုယ်ထည်းတည်း ဖြစ်ရလေ၏၊ ဝေယျာဝစ္စ ကုသိုလ်ရှင် လုလင်မှာ သက္ကစ္စသောမနဿ ကုသိုလ်ဖြစ်၍ တာဝတိံသာတွင် ဘုံသစ်ဗိမာန်သစ်၌ အခြံအရံငါးရာနှင့် ခံစားစံစားရ၏။

ဤသို့လျှင် ယုတ်ညံ့သော ဥပေက္ခာဒါနသည် ဒါနရှင်ကို ဤဘဝ၌လည်းထိုအမှုကိုတဘန် ပြုချင်စိတ်မရှိအောင်ပြု၍ သတ်၏၊ နောက်ဘဝ၌လည်း ရာဇညမင်းကဲ့သို့အရပ်ပျက် အဆင်းပျက်ပြု၍ သတ်၏။

သီလကုသိုလ်၌လည်း ရွာထဲရပ်ထဲ၌သုမင်္ဂလ ဒုမင်္ဂလ ရှိရာမနေသာ၍ သွားရရာစိတ်မပါလှဘဲ အများနှင့် ဘက်တွဲ၍ မလွှဲသာခံရသော ငါးပါးသီလမျိုး, ရံခါရံခါစိတ်မပါလှဘဲ မလွှဲသာ ထိန်းရသောဥပုသ် သီလမျိုးသည် ယုတ်ညံ့သောဥပေက္ခာ သီလမျိုးတည်း။

**သို့သော်လည်း**……အလကား နေသည်ထက်ကား အဆ အထောင်မကကောင်းမြတ်သေး၏၊ အပါယ်မှကယ်နိုင်၏၊ ဘာဝနာကုသိုလ်မျိုး၌ပျင်းပျင်းနှင့်ဘုရားရှိခိုးမှု, တရားသံဃာရှိခိုးမှု, ပရိတ်ရွတ်မှု, သဗ္ဗေသတ္တာ အဝေရာ ဟောတု၊— မေတ္တာပို့မှု, ပုတီးစိတ်မှု, ပျင်းပျင်းနှင့်သဗ္ဗေသင်္ခါရာ အနိစ္စာ ဟုသတိပဋ္ဌာန်ကျက်အံမှု, ဤအလုံးစုံသည် ယုတ်ညံ့သော ဥပေက္ခာမျိုးပင်တည်း။

www.dhammaransi.com



ဤမျှသော အချက်ရကိုတော်ပြလိုက်သဖြင့် လောက၌ သဒ္ဓါ စေတနာ ကောင်းကောင်းမပါဘဲ အထိုက်အလိုက် အခြောက် တိုက်နှင့် ပြီးစေကြရသော ဥပေက္ခာ ကုသိုလ်မျိုး၏သာအလွန် များကြောင်းကိုသိနိုင်ကြကုန်ရာပြီ။ ။အနိဋ္ဌဒုက္ခ အနဂ္ဂအသုဘ သမထ ဝိပဿနာ ဘာဝနာမှုများ၌မူကား သောမနဿကို ရွှေစင် ကိုယ်လေး ပေးဝယ်၍မျှ မရနိုင်ကြသောအခါဖြစ်သတည်း။

(ဤတွင်ရွေ့ကား သဒ္ဓါမရှိ၍ဖြစ်ရသော ဥပေက္ခာကိုပြဆိုခဲ့ပြီး၏။ ။ ပညာမရှိ၍ဖြစ်ရသော ဥပေက္ခာစသည်တို့ကိုလည်း ဤနည်းကိုမှီ၍ သိကြ လေကုန်၊ အလွန်ကျယ်အုံ့စိုး၍မတော်ပြလိုက်ပြီ။)

**အကျိုးနှင့်အပြစ်**·····တမျိုးပြဦးအံ့။ ။သောမနဿသည်ရာဂ လျှင်နီးသောရန်သူရှိ၏၊ ဒေါမနဿလျှင် ဝေးသော ရန်သူ ရှိ၏၊ဥပေက္ခာသည် မောဟလျှင်နီးသော ရန်သူ ရှိ၏၊ ရာဂဒေါသလျှင် ဝေးသောရန်သူရှိ၏။ ။**နီးသောရန်သူ ဆိုသည်ကား** သတ်ခြင်းငှာအခွင့်ကိုရှာ၍ ဇာရိယာပုထ်လေးပါး ၌ အတူစား, အတူနေဖြစ်သောရန်သူကဲ့သို့သဘောချင်း အလွန်နီး ကြသည်ဖြစ်၍ မြန်မြန်ကြီး သတ်ခွင့် ရနိုင်သောရန်သူဟူလို။ ။ **ဝေးသောရန်သူဆိုသည်ကား** ဝေးသောအရပ်က အကြံပြု၍ နေ သော ရန်သူကဲ့သို့ ဆန့်ကျင်တက်ချင်း ဖြစ်ကြ၍ အခွင့်ရခဲသော ရန်သူဟူလို၊ သောမနဿ၌ ပဟာသ တရားသည် သောမနဿ ကုသိုလ်ယောင် ဆောင်၍ ဖျက်ဆီးတတ်၏၊ ဥပေက္ခာ၌ အညာ ဏုပေက္ခာ တရားသည် ဥပေက္ခာ ကုသိုလ်ယောင်ဆောင်၍ ဖျက် ဆီးတတ်၏၊ပဟာသတရားဆိုသည်ကား လောဘမူ သောမနဿ တည်း၊ ကုသိုလ်မှုတို့၌ အပျော်အရွှင်ကြူ ခဲ့လျှင် ကုသိုလ် သောမ နဿ မဟုတ်ပြီ၊လောဘမူ အကုသိုလ် သောမနဿတွေ ဖြစ်၍ ကုန်၏။

**အညာဏုပေက္ခာ**···ဆိုသည်ကား သာဓု မသိ တတ်သော မောဟတည်း[illegible]ဟည့်း၊ ကုသိုလ် အ[illegible]

www.dhammaransi.com



ခ္ခလျစ်လျူအရှုကြူးခဲ့လျှင် ကုသိုလ် ဥပေက္ခာမဟုတ်ပြီ၊ ဥဒ္ဒါဠ္ဈနှင့် ယှဥ်သော အကုသိုလ်ဓမ္မ မောဟတွေ ဖြစ်၍ကုန်၏ဟူလို။

(ရောနှော၍ပြဆိုနည်းအပြွက်ပြီး၏။)

**ပညာရှိတို့သတိပြုဘွယ်**……ယခုအခါ သာသနာတော်တွင်း၌ ကြိုးကြိုက်ကြကုန်သော သူတို့အား ပညာသတိ အထူးရှိကြရန် အချက်ကြီးကို နောက်မှ ဆိုမည်ဟု ဥပေက္ခာအခဏ်း၌ တန်းလန်းထားခဲ့သောစကား လက်စကိုဆက်အံ့။ ။ယခုအခါ မြတ်စွာဘုရား သာသနာတော်၌ ကြိုးကြိုက်ကြကုန်သော ရှင်လူအပေါင်းတို့သည် ယခုဘဝ၌ ဒါနသီလ ပရိယတ္တိဓမ္မ တို့နှင့်ပင် အားရစိတ်ချ၍ နေကြကုန်၏၊ ပီတိသောမနဿ ဖြစ်၍နေကြကုန်၏၊သမထ ဘာဝနာမှု,ဝိပဿနာမှုတို့ကို ပြုလုပ်အားထုတ်ကြပါကုန်သော်လည်း ပျော်မွေ့ခြင်း သောမနဿသို့ မရောက် ပျင်းရိခြင်းဥပေက္ခာ အခြောက်ကိုသာရရှိ၍ နေကြကုန်၏၊ ထိုသောမနဿ ထိုဥပေက္ခာများသည် အခါသမယနှင့် ထောက်ချင့်နိုင်းစာသည်ရှိသော် သတ္တဝါတို့ကို သတ်တတ်သော သောမနဿယုတ် ဥပေက္ခာယုတ်၌ပင် သက်ဝင်ရာသည်။

အဘယ်သို့ အခါသမယနှင့် ထောက်ချင့် နိုင်းစာရာသနည်းဟူမူကား သံသရာ၌ကျင်လည်၍ နေကြကုန်သော သတ္တဝါတို့တွင်ပညာရှိသော နတ်လူပြဟ္မာ အပေါင်းတို့သည် ဘုရား သာသနာတော်ကို တမြော်တည်းမြော်ကြကုန်၏၊ကုသိုလ်ပုညသမ္ဘာရတွေကိုတွင်တွင်ကြီး ပြု၍ဘုရားနှင့် တွေ့ရပါလို၏ဟု ဆုအတွင်တောင်း၍နေကြကုန်၏၊ အဘယ့်ကြောင့်မြော်ကြတောင်းကြရကုန်သနည်းဟူမူကား လောကုတ္တရာသောမနဿ ဥပေက္ခာ အခဏ်း၌ ပြဆိုခဲ့ပြီးသောဝဋ်ဆိုးကြီးသုံးပါး,ဝိနိပါတဘေးကြီးတပါး,တဘဝတဘဝလျှင်တမျိုးတမျိုးဆိုးဆိုးဝါးဝါး ကိုးကွယ်ရာဘုရား ပြောင်းလဲ၍နေရသော ဘေးကြီးတပါး, သံသရာ၌ ဤသုံးပါးသော အမှောက် အမှား အဆိုးအဝါးကြီးတို့ကို သိမြင်ကြ စက်ဆုပ်ကြကုန်

www.dhammaransi.com



သည်ဖြစ်၍ ဘုရားသာသနာတော်နှင့် တွေ့ကြုံကြမှ ထိုအဆိုးအဝါးကြီးတို့ကကျွတ်လွတ်ခွင့် ရကြမည်ကို သိမြင်ကြကုန်သည်ဖြစ်၍ ဘုရားသာသနာတော်ကိုသာ တမြော်ထည်း မြော်ကြရကုန်သည်၊ ကုသိုလ်ပုညသမ္ဘာရတွေကို ကွင်တွင်ကြီးပြု၍ ဆုအတွင် တောင်းကြရကုန်သည်။

**ဝဋ်ဆိုးကြီး ၃-ပါး**·····သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဤသုံးပါးသည် ကိလေသဝဋ်ဆိုးကြီးမည်၏၊ တယောက်တယောက်သော လူနတ်ဗြဟ္မာပုထုဇဉ်သတ္တဝါတို့၏သန္တာန်တို့၌ အပါယ်သို့ ပစ်ချရန် အတိတ်က ပါရှိ၍ နေသော ဒုစရိုက် ကံပေါင်း အမှုဟောင်း အနန္တ, နောက်နောက် ဘဝတို့၌ တွင်တွင်ကြီး ရိုက်မှား၍ သွားကြရန် အနာဂတ်ကံသစ်,ဒုစရိုက်သစ်အနန္တ,ဤဒုစရိုက်ဟောင်း ဒုစရိုက်သစ် နှစ်ပါးသည် ကမ္မဝဋ်ဆိုးကြီးမည်၏၊ အပါယ်ခန္ဓာ အပါယ်ဘဝ အနန္တသည် ဝိပါကဝဋ်ဆိုးကြီးမည်၏။

(ရှေး၌လည်းပြဆိုခဲ့ပြီ။)

**ဝဋ်ဆိုးမှလွတ်ရကျိုး**·····ဤဝဋ်ဆိုးကြီး သုံးပါးမှ ကျွတ်လွတ်လျှင် ဝိနိပါတ ဘေးကြီး တဘဝတဘဝ တမျိုးတမျိုး ဆိုးဆိုးဝါးဝါး ဘုရားပြောင်းလဲ၍နေရသော ဘေးကြီးတို့ သည်လည်း တချက်ထည်း ကျွတ်လွတ် ကုန်တော့သည်၊ ဤသုံးပါး ကျွတ်လွတ်သည်မှစ၍ သံသရာမှာ ကျင်လည်ရသော်လည်း ကြောက်ဘွယ် လန့်ဘွယ်ပဲ၍ ဧကြိမ်၊ နှစ်လျော်ဘွယ်,ပျော်ပါးဘွယ်, ခံစားဘွယ်,စံစားဘွယ် သက်သက်မျှသာ ရှိတော့သည်။

**ဥပမာကား**·····တခုသော ရွာကြီး၌ လူနှစ်မျိုး ရှိရာ၏၊ တမျိုးကား ရောဂါကြီး ရှိကြသော လူမျိုးတည်း၊တမျိုးကား ဝိဇ္ဇာမယ ဆေးလမ်းဝါးလမ်း ပေါက်ရောက်ကြသော လူဝိဇ္ဇာမျိုးတည်း၊ ထိုတွင် ရောဂါကြီး ရှိသူတို့ကား

www.dhammaransi.com



အလွန် ကောင်းမြတ်သော အရသာရှိသော စားဘွယ်သောက် ဘွယ် ခဲစားဘွယ် စံစားဘွယ်များနှင့် တွေ့ကြလျှင် အနံ့ နံ့ရုံမျှနှင့် ပင် ရောဂါကြီးထ၍ သေသော်လည်း သေကြရကုန်၏၊ မသေ သော်လည်း သေ၀ပါးနီးခံကြရကုန်၏၊လူဝိဇ္ဇာမျိုးတို့မှာမူကား စိန် သမ္ဘရာကို အာဟာရပြု၍ စားသောက်၍ နေသော်လည်း ဥပဒ် မဖြစ်၊ ဤမျှလောက် ခေတ်သွေး ခေတ်သား ရှိန်းပြီး ကြကုန်၏၊ထို ရွာကြီး အလယ်၌လည်း အလွန် ကောင်းမြတ်သော စားဘွယ်, သောက်ဘွယ်,ခဲစားဘွယ်, စံစားဘွယ် အနန္တတို့နှင့် ထာဝရ ပြည့်စုံသော ဈေးရုံကြီး သုံးခုတို့သည် ရှိကုန်ရာ၏၊ ထိုဈေးရုံကြီး တို့သည် ထိုရွာနေ ရောဂါသည်တို့အတွက်နှင့် ဆိုသော် သေဘေး ရုံကြီး ဥပဒ်ရုံကြီးတို့သာတည်း၊ကြောက်ဘွယ်ကြီး လန့်ဘွယ်ကြီး တို့သာတည်း၊ မမြင်ဝံ့ဘွယ်ကြီး, မရှုဝံ့ဘွယ်ကြီး, မကြားဝံ့ဘွယ် ကြီး,မသိဝံ့ဘွယ်ကြီးတို့သာတည်း။ ။ဝိဇ္ဇာမိုရ်လူမျိုးတို့အတွက် နှင့် ဆိုသော်ကား မွေ့လျော်ဘွယ်ကြီး, ပျော်ပါးဘွယ်ကြီး, ခံစား ဘွယ်ကြီး,စံစားဘွယ်ကြီးတို့သာတည်း။

**ပမာပမည်းနှိုးနှောပုံ**·····လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံသည် ထို ရွာကြီးနှင့်တူ၏၊ လူ့ပြည်၌ လူ့ တန် ခိုးကြီး၏စည်းစိမ်, နတ်ပြည်၌ နတ်တန်ခိုးကြီး၏စည်းစိမ်, ဗြဟ္မာ့ ပြည်၌ ဗြဟ္မာတန်ခိုးကြီး၏ စည်းစိမ်ချမ်းသာတို့သည် ထိုဈေးရုံ ကြီး သုံးခုတို့နှင့် တူကြကုန်၏၊ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ ဒုစရိုက်သစ် ဒုစရိုက်ဟောင်းဟူသော အလွန်ဆိုးသွမ်းကြမ်းထမ်း လှစွာသော ရောဂါ ဆိုးကြီးတွေ အပြည့် ရှိနေ ကြကုန်သော လူပုထုဇဉ်,နတ်ပုထုဇဉ်, ဗြဟ္မာပုထုဇဉ် တို့သည် ထိုရွာကြီး၌ ရောဂါသည်မျိုးတို့နှင့် တူကုန်၏။

ထိုရောဂါဆိုးကြီးတို့မှ ကျွတ်လွတ်ကြ၍ နိယတ ဖြစ်သော သီလ,နိယတဖြစ်သော သမာဓိ,နိယတဖြစ်သော ပညာ, နိယတ ဖြစ်ကုန်သော ၃၇-ပါးသော ဗောဓိပက္ခိယတရား တည်းဟူ

www.dhammaransi.com



သော လောကီလောကုတ္တရာ ဝိဇ္ဇာမယ အမြှိုက် ဆေးလမ်း ဝါးလမ်း ပေါက်ရောက်ကြကုန်သော ဝိသာခါ အနာထပိဏ် အစရှိသော ယခုအခါ နတ်ပြည်ဗြဟ္မာ့ပြည်၌ရှိကြကုန်သော လူအရိယာ ဝိဇ္ဇာရိရ်, နတ်အရိယာဝိဇ္ဇာရိရ်, ဗြဟ္မာအရိယာ ဝိဇ္ဇာရိရ်တို့သည် ထိုရွာကြီး၌ ဝိဇ္ဇာလူမျိုးတို့နှင့်တူကုန်၏၊ ထိုအထွတ်အမြတ်ဖြစ်ကုန်သော လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် တို့သည် လူပုထုဇဉ် နတ်ပုထုဇဉ် ဗြဟ္မာပုထုဇဉ်တို့ အတွက်နှင့် ဆိုသော် ကြောက်ဘွယ်ကြီးတွေ လန့်ဘွယ်ကြီးတွေသာ ဖြစ်ကုန်၏၊ ထိုဘုံစဉ်စံ လူဝိဇ္ဇာရိရ် နတ်ဝိဇ္ဇာရိရ် ဗြဟ္မာဝိဇ္ဇာရိရ်တို့ အတွက်နှင့် ဆိုသော် အလွန်မွေ့လျော်ဘွယ် အလွန်ပျော်ပါးဘွယ် အလွန်ခံစားဘွယ် အလွန် စံစားဘွယ်ကြီးတွေ ဖြစ်ကုန်၏၊ အဘယ့်ကြောင့်နည်းဟု ဆိုသော် ဒိဋ္ဌိဒုစရိုက် ရောဂါမိုက် ရောဂါဆိုးကြီးတွေ အပြည့်ရှိနေကြကုန်သော ပုထုဇဉ် လူနတ်ဗြဟ္မာတို့ကို ထိုစည်းစိမ်တို့သည် အဆင်းနှင့်သတ်နိုင်ကုန်၏၊ အသံနှင့် သတ်နိုင်ကုန်၏၊ အနံ့နှင့်သတ်နိုင်ကုန်၏၊ အရသာနှင့်သတ်နိုင်ကုန်၏၊ အတွေ့နှင့် သတ်နိုင်ကုန်၏၊ အခိုးအရှိန်နှင့် သတ်နိုင်ကုန်၏၊ လောကုတ္တရာ ဆေးကြီး ရှိန်းပြီးကြသူ ထိုနတ်လူဗြဟ္မာတို့ကိုမူကား ထိုစည်းစိမ် ချမ်းသာတို့သည် သုခါဘတ် နတ်ဩဇာကဲ့သို့ အာဟာရ ကိစ္စကိုသာ ပြီးစေကုန်၏၊ ထို့ကြောင့်ပေတည်း။

(ဤကား ဝဋ်ဆိုးကြီးသုံးပါးနှင့် ဘေးကြီးနှစ်ပါး ကျွတ်လွတ်သော အခါမှစ၍ ထိုသူတို့အား သံသရာမှာ ကျင်လည်၍ သွားကြသော်လည်း ကြောက်ဘွယ် လန့်ဘွယ်ဟူ၍မရှိ၊ မွေ့လျော်ဘွယ်, ပျော်ပါးဘွယ်, ခံစားဘွယ်, စံစားဘွယ် သက်သက်မျှသာ ရှိတော့သည်ဆိုရာ၌ ဥပမာ ယုတ္တိတည်း။)

**ဘေးမဲ့ချမ်းသာ**……ဤသို့လျှင် ယုတ်စွာ့အဆုံး ထိုဝဋ်ဆိုးကြီး သုံးပါး ဘေးကြီးနှစ်ပါးတို့မှ ကျွတ်လွတ်သော အခွင့်ကြီးကို အားကိုးအားထား လိုလားကြကုန်သည်ဖြစ်၍ ဘုရားကို မြော်ကိုး ကုသိုလ် ပုညသမ္ဘာရမျိုးတို့ကို စိုက်ပျိုး အား

www.dhammaransi.com



ထုတ်၍ လာကြကုန်ရာ ထိုကုသိုလ် ပုညသမ္ဘာရ ဆုတောင်းတို့ လမ်းကြောင်းဖြောင့်မှုကြောင့် ယခုဘုရားသာသနာတော်နှင့် တွေ့ကြုံကြရပေကုန်ပြီ၊ တွေ့ကြုံကြကုန်ရာတွင် အားကိုးအားထား လိုလားလိုခင်း လိုချင်ရင်း ဖြစ်ကြသောစခန်းသို့ကား မဆိုက်ကြကုန်သေး၊အားကိုးအားထား လိုလားလိုခင်း လိုချင်ရင်းစခန်း ဆိုသည်ကား ဒါနမှုသည်လည်း လိုချင်ရင်းမဟုတ်, သီလမှုသည်လည်း လိုချင်ရင်း မဟုတ်, ပရိယတ်မှုသည်လည်း လိုချင်ရင်း မဟုတ်, စင်စစ်မူကား ထိုဝဋ်ဆိုးကြီးသုံးပါး ဘေးကြီးနှစ်ပါးတို့မှ ကျွတ်လွတ်၍ သံသရာ၌ ဘေးမဲ့ချမ်းသာကြီးအဖြစ်သို့ ရောက်မှုသည်သာ ကမ္မာအဆက်ဆက် ဘဝအဆက်ဆက်တို့က အားတကိုးထည်း ကိုး၍ လာခဲ့သော လိုချင်ရင်းကြီးတည်း။

**ဥပမာ**······သံသရာ၌ ဘေးမဲ့ချမ်းသာကြီး အဖြစ်သို့ ရောက်သည် ဟူသော စကား၌ ဥပမာကား။ ။မြင်းမိုရ်တောင်ခြေ၌ တည်ရှိသော ပဌမ သီဒါ မဟာသမုဒ္ဒရာကြီးသည် အနက်အနံ ယူဇနာ လေးသောင်း ရှစ်ထောင်ရှိ၏၊ အလျားမှာ မြင်းမိုရ်တောင်ကို ပတ်ဝိုက်၍ တည်၏၊ထိုသီဒါ မဟာသမုဒ္ဒရာကြီး၌ အံ့ဘွယ်ရှစ်ပါးအပြင် အံ့ဘွယ်သုံးပါး ရှိသေး၏၊ကမ္ဘာဦးမှစ၍ လက်တသစ်မျှ ရေလျော့ပါးခြင်း မရှိသည်တပါး၊ ရေပူခြင်း မရှိသည်တပါး၊ရေနောက်ခြင်းမရှိသည်တပါး၊ ဤကား အံ့ဘွယ်သုံးပါးတည်း။ ။ထိုသီဒါ မဟာသမုဒ္ဒရာကြီး အတွင်း၌ ယူဇနာတရာ, ယူဇနာနှစ်ရာ, ယူဇနာသုံးရာ, ယူဇနာလေးရာ, ယူဇနာငါးရာ စသည်ရှိကြကုန်သော အလွန် အသက်ရှည်ကြကုန်သော ငါးကြီးအပေါင်းတို့သည် ရှိကြကုန်၏၊ထိုငါးကြီးအပေါင်းတို့သည် တကမ္ဘာပတ်လုံး တည်ကြကုန်သော်လည်း ရေနည်းပါးမှု, ရေကုန်ခန်းမှုအတွက်နှင့်လည်း ဒုက္ခမရှိကြကုန်၊ ရေပူမှု အတွက်နှင့်လည်း ဒုက္ခမရှိကြကုန်၊ ရေနောက်မှု အတွက်နှင့်လည်းဒုက္ခမရှိကြကုန်၊ အသက်ထက်ဆုံး မြူးထူးပျော်ပါး၍ ဘေးမဲ့ချမ်းသာ နေကြရကုန်၏။

www.dhammaransi.com



**ဥပမာနှင့် စပ်ဟပ်ပုံ**······သာဥပါဒိသေသ ပဌမ နိဗ္ဗာန်ကြီးသည် ထိုသိဒ္ဓါ မဟာသမုဒ္ဒရာကြီးနှင့် တူလှ၏၊ ယခုအခါ၌ စတုမဟာရာဇ်ဘုံမှာ အသင်္ချေ အနန္တ, တာဝတိံသာဘုံမှာ အသင်္ချေအနန္တ, အထက်အထက် ဘုံတို့မှာလည်း ထို့နည်းတူ အသီးအသီးရှိကြကုန်သော ဘုံစဉ်စံ သောတာပန်အရိယာတို့သည် ထိုသိဒ္ဓါမဟာသမုဒ္ဒရာကြီး၏အတွင်း၌ တည်နေကြကုန်သော ငါးကြီးအပေါင်းတို့နှင့် တူကြကုန်၏။ ။ထိုငါးကြီးအပေါင်းတို့သည် ရေနည်းပါးမှု, ရေကုန်ခန်းမှု အတွက်နှင့် ဒုက္ခမရှိကြကုန်သကဲ့သို့ ထိုဘုံစဉ်စံအရိယာတို့သည် မိမိတို့တည်နေရာ ထိုနိဗ္ဗာန်ကြီး ကုန်ဆုံး၍သွားမှုနှင့် ဒုက္ခမရှိကြကုန်ပြီ၊အကနိဋ္ဌဘုံသို့ ဆိုက်အောင် ဘဝများစွာ ကမ္ဘာနှစ်သောင်းကျော် ကျင်လည်စံစား၍ သွားကြကုန်ရာ ဝဋ်ဆိုးကြီးသုံးပါး ဘေးဆိုးကြီးနှစ်ပါး ချုပ်ငြိမ်းမှု ကုန်ဆုံး၍ သွားပြန်သည်၊ မိမိတို့ စိတ်သန္တာန်၌ ထိုဝဋ်ဆိုးကြီး ဘေးဆိုးကြီးတို့ ပေါ်ရှိ၍လာပြန်သည် မရှိကြကုန်ပြီဟူလို။

**ထိုငါးကြီးတို့သည်**····ရေပူမှု အတွက်နှင့် ဒုက္ခ မရှိကြကုန်သကဲ့သို့ ထိုဘုံစဉ်စံ အရိယာတို့သည် ဝိနိပါတ ဘေးကြီးအတွက်နှင့် ဒုက္ခမရှိကြကုန်ပြီ၊ ထိုထိုဘုံဘဝမှ အဆင့်ဆင့် စုတေ၍သွားကြရာ ထန်းသီးခိုင်ကို ချိုင်၍ချသကဲ့သို့ ဘယမ်းဘတာ ရောက်မိရောက်ရာ ကံပစ်ချရာ ကျရောက်မှုမရှိကြကုန်ပြီ၊မိမိတို့အလိုရှိရာ ဘုံဘဝသို့သာ ရောက်ကြကုန်တော့သည်ဟူလို။

ထိုငါးကြီးတို့သည် ရေနောက်မှု အတွက်နှင့်လည်း ဒုက္ခမရှိကြကုန်သကဲ့သို့ ထိုဘုံစဉ်စံအရိယာတို့သည် သံသရာ၌ အနောက်တကာ့ အနောက်တွင် ကြောက်ဘွယ် လန့်ဘွယ် စက်ဆုပ်ရွံရှာဘွယ် ဆိုးဝါးယုတ်မာလှသော တဘဝလျှင်တမျိုး ကိုးကွယ်ရာဘုရားပြောင်းလဲမှုဟူသော ဘေးဆိုးကြီးအတွက်နှင့် ဒုက္ခမရှိကြ

www.dhammaransi.com



ကျနုပ်၊ ယခုဘဝ သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ကြသည်မှစ၍ အကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန် စံကြသည့် တိုင်အောင် ငါတို့ ဘုရား၏ တပည့်သားအဖြစ်နှင့်ချည်း အမြဲသွားကြကုန်သဖြင့် ကိုးကွယ်ရာ ဘုရားမြဲကြလေကုန်တော့သည် ဟူလို။

**ကိုးကွယ်မှုအမျိုးမျိုး**.....ဤစကား၌ ပုထုဇဉ်တို့ မည်သည် ဒိဋ္ဌိကြီးရှိနေသည့်အတွက် အနမတဂ္ဂ သံသရာတွင် အတုမရှိသော သဗ္ဗညုဘုရားမှန်ကြီး ဘုရားစစ်ကြီးကို ကိုးကွယ်ရသော ဘဝဟူ၍ တွေ့နိုင်ကြသည် မဟုတ်ကုန်၊ ကမ္ဘာအသင်္ချေပေါင်း အသင်္ချေပင် ကြာသော်လည်း ဘုရားမှန် ဘုရားစစ်ကို တကြိမ်တခါမျှ ကိုးကွယ်ကြရသည် မဟုတ်ကုန်၊ ရံခါမိစ္ဆာဒိဋ္ဌိ ဗြဟ္မာကြီးကို ကိုးကွယ်ကြရကုန်၏၊ ရံခါမိစ္ဆာဒိဋ္ဌိ နတ်ဆိုး နတ်ဝါးကြီးတွေကို, ရံခါအလွန်ယုတ်မာ လှစွာသော ပူရဏ ကဿပ-မက္ခလိဂေါသာလ- အစရှိသည့် တို့ကဲ့သို့သော အဝိစိအိုးကြီးတွေကို ကိုးကွယ်ကြရကုန်သည်ကား အလွန်တရာ များလှ လေကုန်၏၊ ရံခါမိစ္ဆာဒိဋ္ဌိ ဘူမဖိုဝ်းကြီးတွေကို, ရံခါ မိစ္ဆာဒိဋ္ဌိ နတ်ဘီလူးကြီးတွေကို,ရံခါအယုတ်တမာ မိစ္ဆာနတ်ဆိုး ရုန်းဆိုးကြီးတွေကို,ရံခါ မြွေနဂါးကြီးတွေကို, ရံခါတောကို, ရံခါ တောင်ကို, ရံခါမြစ်ကို, ရံခါသစ်ပင်အမျိုးမျိုးတွေကို, ဘုရားပြု၍ ကိုးကွယ်နေကြရကုန်၏၊ ရံခါမီးကို,ရံခါရေကို,ရံခါလေကို,ဤသို့ အစရှိသည်ဖြင့် တဘဝလျှင် တမျိုးတမျိုး ကိုးကွယ်နေကြရကုန် ၏၊ ဤသံသရာ၌ ကိုးကွယ်ရာ မှောက်မှားမှုထက် ရွံရှာဘွယ် စက်ဆုပ်ဘွယ် ကောင်းလှသော အမှုမည်သည်မရှိ၊ တသက်လုံး နဖူးပွန်းအောင် ဒူးပွန်းအောင် ရှိခိုးဝပ်တွား ခစား ဆည်းကပ်မှု, ပစ္စည်းဥစ္စာတွေကို အကုန်အခန်းခံရမှု, သူတို့တရားဟူ၍ အယုတ်တမာ အမှောက် အမှားကြီးတွေကို သေလုပါးနီး ဆင်းရဲကြီး ဆင်းရဲအောင် စွဲမြဲစွာ ကျင့်ရမှုတို့ကို ပြုကြပြီးလျှင် သေသည်၏ အခြားမဲ့၌ တပြည်လုံး တမြို့လုံး တရွာလုံး တအိမ်လုံး အဝိစိငရဲ

www.dhammaransi.com



ကြီးသို့ အကုန်တစုတရုံးထည်း ဆင်းကြရကုန်၏၊ ပုရဏကဿပ ကို ကိုးကွယ်သူတို့သည် အိမ်ခြေငါးရာလုံး စုံးစုံးမြုပ်ကြလေကုန်၏။

**နာနာသတ္တာရဥလ္လောကန**······ထို့အတူ မက္ခလိဂေါသာလ ကိုကိုးကွယ်သူအိမ်ခြေငါးရာ စသည်ဖြင့် ကျမ်းဂန်တို့၌လာ၏၊ ထို့ကြောင့်–

နာနာသတ္ထာရာနံ မုခံဥလ္လောကေန္တိတိ ပုထုဇ္ဇနာ–ဟူ၍ ပဋိ သမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူ၏။

နာနာသတ္ထာရာနံ၊ အမျိုးမျိုးသော ကိုးကွယ်ရာတို့၏။ မုခံ၊ မျက်နှာကို။ ဥလ္လောကေန္တိ၊တမော့မော့ တမြော်မြော် နေကြကုန်၏။ ဣတိ၊ထို့ကြောင့်။ ပုထုဇ္ဇနာ၊ပုထုဇဉ်မည်ကုန်၏။ ။တဘဝ တမျိုး ကိုးကွယ်ရာ ပြောင်းမှုကို ဆိုသည်။ ။ပြဆို ခဲ့ပြီးသော အရိယာတို့၌မူကား။

ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အညံသတ္ထာရံ ဥဒ္ဒိသတိတိ နေတံ ဌာနံ ဝိဇ္ဇတိ။ ။ဟူ၍ ဟောတော်မူသည်။

ဒိဋ္ဌိသမ္ပန္နော၊ သစ္စာလေးပါးတရားကို မြင်နိုင်သော သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိနှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန် ပုဂ္ဂိုလ် သည်။ အညံသတ္ထာရံ၊သဗ္ဗညုဘုရားမှန် ဘုရားစစ်မှ တပါးသော ကိုးကွယ်ရာဘုရားကို။ ဥဒ္ဒိသတိ၊ ဤသူသည်ကား ငါ၏ဘုရား တည်းဟု ညွှန်းပြရာ၏။ဧတံဌာနံ၊ဤသို့ညွှန်းပြရာသော အကြောင်း အရာ ဌာနကြီးသည်။နဝိဇ္ဇတိ၊မရှိတော့ပြီ။ ။ဤကား အနက်။ ။ ဘဝများစွာ ကမ္ဘာအဆက်ဆက် ကျင်လည်၍ သွားသော်လည်း ဘုရားအခြေမပျက်တော့ပြီ ဟူလို။ ။ပုထုဇဉ်တို့သည် မူကား ယခုမျက်မှောက်၌ပင်လျှင် အရှင်ဂေါတမဘုရားကို ကိုးကွယ် ပြီး မှ ထာဝရဘုရားသို့ ပြောင်းကြသူအများပင် ရှိကြလေပြီ။

(ပြည်ရွှေတောင်များမှာ ပုဏ္ဏားတို့ဘုရားသို့ ပြောင်းကြသူ အများပင် ရှိသည်ဟု ကြားသိရသည်။)

www.dhammaransi.com



**ဝဋ်တန်းလန်းသေဆုံးမှု**……ဝဋ်ဆိုးကြီး သုံးပါး ဘေးဆိုးကြီး နှစ်ပါး တန်းလန်းနှင့် သေလွန်၍ သွားကြကုန်လျှင် လျှောက်ထားလာသူ ရွှေတောင်မြို့သားတို့လည်း ယခနေ့လား နက်ဖြန်လား ဘုရားစစ် ဘုရားမှန်ကြီးကိုပင် စွန့်ခွါ၍ အပါယ်တမာကြီးတို့ ခြေဘဝါး၌ ပြားပြားဝပ်စင်း ရှိကြကုန် သေးသည်။ ။ဤကား ထိုငါးကြီးတို့သည် ရေနောက်မှုအတွက် နှင့် ဒုက္ခမရှိကြကုန်သကဲ့သို့ ထိုဘုံစဉ်စံ အရိယာတို့သည် ဘုရား တပါး ပြောင်းရွှေ့မှုနှင့် နောက်ကျခြင်း မရှိကြပုံကို ပြဆိုချက် တည်း။ ။ထိုငါးကြီးတို့သည် ရေကုန်မှု ရေခန်းမှု ရေပူမှု ရေ နောက်မှုအတွက်နှင့် သမုဒ္ဒရာတပါးကို တောင့်တဘွယ် မရှိကြ ကုန်သကဲ့သို့ ထိုဘုံစဉ်စံအရိယာတို့သည် သဗ္ဗညုဘုရားသာသနာ တပါးကိုလည်း မြော်ဘွယ်မရှိကြလေကုန်ပြီ။

(ဤအဓိပ္ပါယ်ကိုကား သမ္မောဓိပရာယဏော ဟူသော ပုဒ်မှာလည်း ပြဆိုခဲ့ပြီ။)

ဤကား ဘုံစဉ်စံအရိယာတို့၏ သံသရာ၌ ဘေးမဲ့ချမ်းသာကြီး အဖြစ်သို့ ရောက်ကြပုံကို ပြဆိုခြင်းတည်း။

**တောင့်တချက်ပြည့်အောင်**……ဤသို့လျှင် ဘုရား သာသနာ တော်၌ ကြိုကြိုက်ကြသူတို့မှာ ဒါနသီလ ပရိယတ္တိမွေ့များသည် မိမိတို့အားကိုး၍ လာခဲ့သော ပဓာန လိုရင်းမဟုတ်သေး၊ စင်စစ်မှုကား ဝဋ်ဆိုးကြီး သုံးပါး ဘေးဆိုးကြီး နှစ်ပါးတို့မှ ကျွတ်လွတ်ကြ၍ သံသရာ၌ ဤကဲ့သို့ သော ဘေးမဲ့ချမ်းသာကြီးအဖြစ်သို့ ရောက်မှုကိုသာ ရှေးသံသရာ ကမ္ဘာအဆက်ဆက်တို့က တတောင့်တထည်း တောင့်တ၍လာခဲ့ ကြရင်း ဖြစ်ကြကုန်သတည်း။ ။မိမိတို့လာခဲ့ကြရင်း မူလအခြေ ကို ပြန်၍မြော်ကြလေ။

ထိုစကားမှန်၏၊ ယခုလောက၌ နောက်ဘုရားကို ဆုတောင်း ကြသည်မှာလည်း နောက်မေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့

www.dhammaransi.com



ရ၍ ဒါနပြုရပါလိုကုန်၏, သီတင်းသီလ စောင့်ထိန်းရပါလိုကုန်၏, ပရိယတ္တိဓမ္မ တတ်မြောက် ရပါလိုကုန်၏ဟုဆုတောင်းရိုးမရှိ၊ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားဟူသော အကျွတ်တရားကိုသာ ဆုတောင်းရိုးဖြစ်သတည်း။

ဤသို့ဖြစ်ပါလျက် ယခုအခါ၌ ဒါနသီလ ပရိယတ္တိဓမ္မမှုတို့၌သာ အားရစိတ်ချ၍ နေကြမှုသည် ယုတ်ညံ့သော သောမနဿ၏ သတ်မှုပင်တည်း၊ အနိစ္စဒုက္ခ အသုဘ ဘာဝနာမှုများကို တတ်အားသမျှ အားထုတ်ကြသူတို့မှာလည်း ပျော်မွေ့စဘွယ် တွင်ကျယ်စွာ တိုးတက်၍ မသွားနိုင်ကြမှုသည် ယုတ်ညံ့သောဥပေက္ခာ၏သတ်မှုပင်တည်း။ ။ထိုသောမနဿညံ့ကို ဥပေက္ခာမြတ်နှင့် သတ်၍ပစ်, ထိုဥပေက္ခာညံ့ကို သောမနဿမြတ်နှင့်သတ်၍ပစ်ကြမှသာ ဤသာသနာ၌ ဘေးမဲ့ချမ်းသာကြီးသို့ ဆိုက်နိုင်ကြကုန်မည်။ ။ဒါန သီလ ပရိယတ္တိဓမ္မတို့နှင့် စိတ်ချတင်းတိမ်၍ မနေကြကုန်မူ၍ ဘာဝနာမှု၌ စိတ်အပျော်ကြီး ပျော်နိုင်ကြအောင် အားထုတ်ကြရမည် ဆိုလိုသည်။ ။တင်းတိမ်ဘွယ်၍ နေကြကုန်သည် မဟုတ်ပါ၊ လိုရင်း မဟုတ်သေးသည်ကို သိကြပါကုန်၏၊ ဘေးမဲ့ချမ်းသာကြီးကို ယနေ့ပင် ရောက်ချင်ကြပါကုန်၏၊ မဖြစ်နိုင်ကြသေးလို့သာ ဖြစ်သမျှနှင့် နေကြရပါကုန်သည်ဟု ဆိုကုန်ငြားအံ့၊ ဤစကား၌ ပြောဆိုဘွယ် အလွန်များပြား၏။

**ဥပမာ** ·····ဥပမာတခုကို ပြဆိုဦးအံ့၊ သူတယောက်၌ မတ်တတ်နာ ရောဂါတခု စွဲကပ်၍နေ၏၊ ဥသျှစ်မြစ်, ခင်ပုပ်မြစ်, သနပ်ခါးမြစ်ကို သုံးခွက် တခွက်တင် ကျို၍ နှစ်လသုံးလခန့် စွဲ၍ တကိုယ်လုံး ဆေးစေ်နံ၍ ယူအောင် တနေ့ တနေ့လျှင် ဝမ်းဆန့်သမျှ သောက်လျှင် ဧကန်ပျောက်မည့် အနာမျိုးတည်း။ ။ထိုသူကား ဗဟုသုတ နည်းပါးလှ၍ မသိ၊ ရှောင်ရ မည်ကိုလည်း မသိ၍ အစားမှား အသောက်မှားနှင့် အနာတိုးပွါး၍သာ နေရရှာ၏၊ ပျောက်ချင်လှ၍ ဆရာဆိုတိုင်း စောဒနာရာ ဗိန္ဓောဆရာတို့က အနာခက် ဖြစ်သည်ဟုဆို၍ ကတိုးစစ်, ကုံကုမံစစ်,

www.dhammaransi.com



အံဘာတ်စစ်, ကြွံသွေးစစ်တို့ပါသော မင်းသုံးမင်းဆောင် ဆေးကြီး များကို အနည်းနည်းအဖုံဖုံ ပြောကြကုန်၏၊ ဆေးနည်း များကို လည်း ရေး၍ပေးကြကုန်၏၊လက်စွဲစာအုပ်ထဲမှာလည်း ဆေးနည်း ကြီးတွေ များစွာရှိ၏၊ ငွေမရှိလှ၍တနည်းကိုမျှ မဘောင်နိုင်၊ တဘန် ဓာတ်ဆရာများကိုမေးမြန်းရာ ပထဝီပျက်နာ ဖြစ်သည့်,အနာခက် ဖြစ်သည်ဟုဆို၍ ထောပတ်စစ်, သတ်ချိန္ဒစသည်ပါရှိသော ဓာတ် စာကြီးများကိုရေး၍ပေးကြကုန်၏၊အဘိုးမရှိ၍မစားနိုင်။

ပယောဂဆရာများကို မေးမြန်းရာအလွန်အစွဲကြီးသည့်,အစာ ပင်းလည်းရှိသည်, ချွတ်ဆေးရလိမ့်မည်, အုန်းမည်မျှ, ငှက်ပျော မည်မျှ,ငွေမည်မျှကုန်လိမ့်မည်,အပင်းချရလိမ့်မည်ဟု ပြောဆိုကြ ရာ စရိတ်မရှိ၍မလုပ်နိုင်။

ပရမတ်ဆရာတို့နှင့်တွေ့ကြုံရာ ဥပမိဒ္ဓကကံနှိပ်စက်မှုဖြစ်သည့်, ထိုကံမကုန်သရွေ့ သိကြွားပင်လာ၍ ကုသော်လည်း မပျောက်, ထိုကံကုန်မှပင်ပျောက်ငြိမ်းမည်ဟုပြောကြကုန်၏၊ ဥစ္စာမရှိ ဉာဏ် မရှိသော ရောဂါသည် လူနာနှင့် အလွန်တရာဟာန်ရ၏၊ ပရမတ် သက်ိုဟ်ဆရာတို့စကားဖြစ်၍ အလွန်လည်းယုံကြည့်၏၊ဘယ်ဆေး ဝါး ဓာတ်စာကိုမှ ကြောင့်ကြမစိုက်တော့ပြီ၊ ကံကိုပုံ၍ကံကိုစောင့် စား၍နေလေရာ ထိုရောဂါနှင့်ပင် သေဆုံးရှာရလေ၏၊ ထိုဆရာ အားလုံးတို့သည်ကား အတတ်သိ၍ပြောကြသည်မဟုတ်ကုန်၊ နှစ်, လရှည်ကြာ ဆေးမတွေ့နိုင် ဆိုသည်နှင့်အနာကပ်အနာခက် ပထဝီ ပျက်အစွဲကြီးဟု ရမ်းဆတွေးတော၍ ဆေးကြီး ဝါးကြီးကိန်းကြီး ခန်းကြီးတွေကိုပြောဆိုကြကုန်သည်၊ထိုရောဂါမူကား နှစ်လ,သုံးလ စွဲမြဲ၍စားပါလျှင် တမူးတပဲမျှမကုန်ဘဲ တောချုံထဲမှာ ရှိသော အုပ်ခင်ခါးနှင့်ပင် ငြိမ်းပျောက်ငြိမ်းမည့်ရောဂါပေတည်း၊ ဥပမာ ကိုသာ ပြဆိုလိုက်သည် ဥပမေယျကိုမူကား ကြံဆ၍သိကြလေ။

**သံသရာဘေးကြီး**......အချုပ်ကိုပြဆိုဦးအံ့၊သတ္တဝါတို့၌ သံသ ရာဘေးကြီး သံသရာဘေးကြီး ဆိုသည်

www.dhammaransi.com



ကားဝိသေသအားဖြင့် ပြဆိုခဲ့ပြီးသော ဝဋ်ဆိုးကြီးသုံးပါး,ဝိနိပါတ ဘေးကြီးတပါး, နာနာသတ္တာရမရခဥလ္လောကနဘေးကြီးတပါး, ဤဘေးကြီးရကို ဆိုသတည်း။ ။ဤဘေးကြီးရ တန်းလန်းရှိနေကြကုန်သောပုထုဇဉ်သတ္တဝါတို့မှာမူကားလူ့ချမ်းသာနှင့်တွေ့ကြုံကြလျှင်လည်းဝဋ်ဒုက္ခကြီးစွာ တဘွားဘွားဖြစ်ပွါးတို့သာတည်း၊ ဝဋ်ဆိုးကြီး သုံးပါး မီးတွေ တဘွားဘွား ပွါးများတို့သာတည်း၊ အပါယ်သံသရာရှည်လျှား တို့သာတည်း၊နတ်ပြည် ခြောက်ထပ် နတ်ချမ်းသာတို့နှင့် တွေ့ကြုံကြလျှင်လည်း ထိုဝဋ်ဒုက္ခကြီးစွာ တဘွားဘွားဖြစ်ပွါးတို့သာတည်း၊ဝဋ်ဆိုးကြီးသုံးပါးမီးတွေ တဘွားဘွား ပွါးများတို့သာတည်း၊ အပါယ်သံသရာရှည်လျှားတို့သာတည်း၊ ပြဟ္မာချမ်းသာနှင့် တွေ့ကြုံကြလျှင်လည်း ထိုဝဋ်ဒုက္ခကြီးစွာ တဘွားဘွားဖြစ်ပွါးတို့သာတည်း၊ အပါယ်သံသရာ ရှည်လျှားတို့သာတည်း၊ဤဘေးကြီးတို့မှကျွတ်ပြီးသောဘုံစဉ်စံ အရိယာတို့မှာမူကား လူ့ချမ်းသာနှင့်တွေ့ကြုံကြသော်လည်းဝဋ်ဒုက္ခ ကြီးကျယ်စွာဖြစ်ပွါးမှု မရှိတော့ပြီ၊ယုတ်ညံ့သောအဖြစ်သို့လျှောကျ၍ ယုတ်ညံ့သော ဘဝတွေ ဒုက္ခတွေ တဘန်ပွါးစီး၍ နေမှုမရှိတော့ပြီ ဆိုလိုသည်၊ နတ်ချမ်းသာ ပြဟ္မာချမ်းသာတို့နှင့် တွေ့ကြုံကြရာ၌လည်း ထို့နည်းတူသိလေ။

**ပုဂ္ဂိုလ် ၄-မျိုး**…ထိုစကား မှန်၏၊ စတုက အင်္ဂုတ္တိုရ်ပါဠိတော်၌ပုဂ္ဂိုလ်လေးမျိုးကို ဟောတော်မူ၏၊ တခုသောမြစ်ကြီး၌မြုပ်မျောနစ်မွန်း၍နေသောပုဂ္ဂိုလ်တမျိုး၊မြုပ်မှု, မျောမှု,နစ်မှု,မွန်းမှုမရှိမူ၍ ရေပေါ်၌ပေါလောဆန်ကူး၍ နေသောပုဂ္ဂိုလ်တမျိုး၊ထိုမြစ်ရေအပြင်မှာပင်ရင်လောက်ခါးလောက် တိမ်ရာသို့ ရောက်သဖြင့် ထောက်ရာတည်ရာကိုရ၍နေသော ပုဂ္ဂိုလ်တမျိုး၊ ကမ်းပေါ်သို့ ရောက်ပြီးသောပုဂ္ဂိုလ်တမျိုး၊ဤကားပုဂ္ဂိုလ်လေးမျိုးတည်း၊ ဝဋ်ဆိုးကြီး သုံးပါး,ဘေးဆိုးကြီးနှစ်ပါးရှိနေကြကုန်သောပုထုဇဉ်သတ္တဝါတို့သည် ပဌမပုဂ္ဂိုလ်မျိုးနှင့်တူ၏။

www.dhammaransi.com



**တူပုံကား**……ခြေလက်တို့ကိုချည်တုပ်၍ လည်ပင်း၌ သဲထုပ် ကိုဘွဲ့တွဲ၍ ကြီးစွာသော မြစ်ရေအပြင်၌ ချမျှော အပ်ကုန်သောထိုသူတို့သည် စိုစွတ်စွာသော နပဲသားသစ်တုံး တွေကိုရေမှာ ချမျှောလိုက်သကဲ့သို့ တစုံတခုသော ပယောဂကိုမျှ ပြုပြင်နိုင်သောအစွမ်းမရှိကြကုန်မူ၍မြစ်ရေကြီးတချမြုပ်မှု,မျောမှု, နစ်မွန်းမှုသာ ရှိကြကုန်တော့သကဲ့သို့ ထို့အတူ ပုထုဇဉ် ဖြစ်ကြ ကုန်သော လူနတ်ဗြဟ္မာသတ္တဝါ တို့သည်လည်း ရတော့သည်၏ အခြားမဲ့၌မိမိတို့အလိုရှိရာသို့ ရောက်ရအောင်တစုံတခုပယောဂ ကိုမျှမပြုနိုင်ကြကုန်မူ၍ကမ္မသကာကံချရာဟုသံသရာရေကြောင်း ၌လွှတ်၍ထားရကုန်သဖြင့် အောက်အဝီစိတိုင်အောင် ကောင်းကင် ဟင်းလင်းကြီး ကဲ့သို့ဖြစ်၍ ကျချင်ရာကျ—ရောက်ချင်ရာရောက် အောက်အဝီစိကျအောင် မြုပ်ချင်တိုင်းမြုပ်ကြလေကုန်၏၊ နစ်ချင် တိုင်းနစ်ကြလေကုန်၏၊ တခါမြုပ်မိ-နစ်မိပြန်လျှင်လည်း ဘဝတရာ နှင့်လည်း မလွတ်နိုင်ကြကုန်၊ဘဝတထောင်နှင့်လည်း မလွတ်နိုင် ကြကုန်၊အပါယ်ဘုံတကြောမှာမျောချင်တိုင်း မျောကြလေကုန်၏၊ တဘဝတဘဝဆိုလျှင်လည်း မီးငရဲ,ထား ငရဲ,လှံငရဲ စသည်တို့၌ အနှစ် တသိန်း စသည်ကြာညောင်းလေရာ အသက်တရှူမျှ ချော မောစွာရှူခွင့်မရဘဲ ပင့်သက်ရှူ,ပင့်သက်ရှိုက်,အလှိုက်ကြီး, အလှဲ ကြီး, အမွန်းကြီး,အမောကြီးနှင့်သာ နေကြရကုန်၏။

သုဂတိဘုံမှ အပါယ်သို့ တခါကျ၍သွားခဲ့လျှင် ဘဝတရာနှင့် လည်းမပြန်ရ၊ ဘဝတထောင်နှင့်လည်း မပြန်ရဟူသော အနက်ကို မူကား ကာဏကစ္ဆပေါပမ သုတ္တန် ဒေသနာတော်ကြီးနှင့် တကွ ထင်လင်းစွာပြ၍ ငါတို့စီရင်သော ကမ္မဋ္ဌာနဒီပနီ စာအုပ်ငယ်တွင် ပါရှိလေ၏၊ သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်တို့သည် ဒုတိယ ပုဂ္ဂိုလ်မျိုးတို့နှင့် တူကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် လှော်သူခပ်သူ ပဲ့ကိုင် ဦးစီးအစုံအလင်နှင့် မြစ်ပြင်မှာဆန်ကြသော လှေတွေကဲ့သို့ အလိုရှိရာမြူးထူး၍ကူးနိုင်ဆန်နိုင်ကြကုန်၏၊ ထို့အတူသောတာပန်

www.dhammaransi.com



သကဒါဂါမိပုဂ္ဂိုလ်တို့သည် မိမိတို့ ဖြစ်ရာဘုံဘဝတို့မှ စုတေကြသောအခါ ဗျာန်ရဗျာန်မရ အားလျော်စွာအလိုရှိရာဘဝသို့ရောက်နိုင်ကြကုန်၏၊ မြုပ်မှု,မျောမှု,နစ်မှု, မွန်းမှုမရှိကြကုန်ပြီ၊ အမှတ်တမဲ့ပင် သေသော်လည်း မြင့်မြတ်ရာဘုံဘဝသို့ ရောက်မှုတလမ်းသာရှိကြကုန်၏၊ ထို့ကြောင့်ထိုဘုံစဉ်စံ အရိယာတို့သည်လည်း သံသရာဝဋ်၌ နစ်မွန်းမျောပါး သူမျိုးမဟုတ်ကြကုန်ပြီ၊ တဘဝထက်တဘဝ အကနိဋ္ဌ ဘုံသို့ ဆိုက်အောင် ကူးယက် ဆန်တက်ကြသူတို့သာတည်း။

အနာဂါမိပုဂ္ဂိုလ်သည် တတိယပုဂ္ဂိုလ်မျိုးနှင့်တူ၏၊ ရဟန္တာပုဂ္ဂိုလ်သည် စတုတ္ထ ပုဂ္ဂိုလ်မျိုးနှင့်တူ၏။ ။သိသာပြီ။ ။ဤသို့လျှင်လူ့ချမ်းသာ,နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့သည် ဝဋ်ဆိုးကြီးသုံးပါး,ဘေးဆိုးကြီး နှစ်ပါး ရှိသော သူတို့အတွက်နှင့်သာကြောက်မက်ဘွယ်ကြီးတွေ ဖြစ်ကုန်၏၊ကင်းရှင်းပြီးသောဘုံစဉ်စံ အရိယာလူနတ်ဗြဟ္မာတို့ အတွက်နှင့်မူကား ပျော်မွေ့ဘွယ်ကြီးတွေသာဖြစ်ကုန်၏။

**ဗိုလ်ချုပ်ကြီးနှင့်သူရဲကြီး** ·····ထိုပုဂ္ဂိုလ်တို့၌ လောဘ,ဒေါသ, မောဟ,ဇာတိ,ဇရာမရဏရှိကြသေးသည် မဟုတ်လောဟူမူ ရှိကြသေးသည်မှန်သော်လည်း ဒိဋ္ဌိဝိစိကိစ္ဆာဟူသော အမှောက်အမှား သံသရာဗိုလ်ချုပ်ကြီးနှစ်ပါး, ဒုစရိုက်ဆယ်ပါးတည်းဟူသော အမိုက်အမဲသူရဲကြီး ဟူကျိပ်,အကုန်ပျက်ပြို ချုပ်ဆုံးပြီးဖြစ်ကုန်ကြသဖြင့်ထိုသူတို့သန္တာန်၌ ကျန်ရှိကြကုန်သော လောဘ, ဒေါသ,မာန အစ ရှိကုန်သော အကုသိုလ်တရားတို့သည် ဗိုလ်ချုပ်ကြီးသူရဲကြီးတို့ ကျဆုံးပြီး ဖြစ်၍ တနေ့တခြားလျော့ပါးခြင်းသို့ရောက်ကြကုန်သော သူပုန် ထားပြ တပ်သားတို့နှင့်တူကြကုန်၏။ ။ထိုသူတို့ သန္တာန်၌ ရှိကြကုန်သော အလောဘ, အဒေါသ, အမောဟ, သဒ္ဓါ, သီလ အစရှိကုန်သော ကုသိုလ်တရားတို့သည် သစ္စာလေးပါးကို မြင်ပြီးသော ဇာနေ္တကြီး

www.dhammaransi.com



ငါးပါး အုပ်ချုပ်လျက် ကြွင်းသော ဗောဓိပက္ခိယ တရားသုံးဆယ့်နှစ်ပါး, သုစရိုက်ဆယ်ပါးတည်းဟူသော ဗိုလ်ရံစစ်ကဲ သူရဲသူခက်တို့ ကြီးကြပ်လျက် ရှိကြကုန်သည်ဖြစ်၍ စစ်မင်းကြီးငါးပါး အုပ်ချုပ်လျက် များစွာသော ဗိုလ်ရံစစ်ကဲ သူရဲသူခက် လက်နက်ကြိယာတို့နှင့် ပြည့်စုံသော အစိုးရတပ်တော်ကြီးနှင့်တူကြကုန်၏။

**ဇာတိစသည်** ... ဇာတိတရားသည်လည်း နတ် အဖြစ် ဗြဟ္မာ အဖြစ်သည်သာ များစွာကျန်ရှိသည် ဖြစ်၍ အလွန်ချမ်းသာသော ဥပပတ်ပဋိသန္ဓေမျိုးသာဖြစ်၏၊ ဇရာတရားသည်လည်းလူတို့၌ကဲ့သို့ မထင်ရှားသော အပါကဋဇရာသာ ကျန်ရှိ၏၊ မရဏ တရားသည်လည်း အလွန်ကြာညောင်း စည်းစိမ်ဟောင်းမှ စည်းစိမ်သစ်တပါးသို့ ပြောင်းရွှေ့ တင်မို့သကဲ့သို့သော မရဏသာကျန်၏၊ သေရတော့မည်ရှိလျှင် တမျိုးဝမ်းမြောက် ရသော သေခြင်း သာကျန်ရှိ၏ ဟူလိုသည်၊ ဤကား သံသရဲဘေးကြီး သံသရာဘေးကြီးဟူ၍ ဆိုကြရာ၌ ပုထုဇဉ်မွဲငရဲ သူ သတ္တဝါ သံသရာ ဝဋ်ကောင်မျိုးတို့မှာ ရှိနေကြကုန်သော ဒိဋ္ဌိဝိစိကိစ္ဆာဟူသော ကိလေသဝဋ်ဆိုးကြီး, ဒုစရိုက် ဆယ်ပါးဟူသော ကမ္မဝဋ်ဆိုးကြီး, အပါယ်ဘဝဟူသော ဝိပါကဝဋ်ဆိုးကြီး, ဝိနိပါတဘေး, နာနာသတ္တာရ ဥလ္လောကနဘေး တည်းဟူသော သံသရာဘေးဆိုးကြီးနှစ်ပါး ဤတရားတို့သည်သာ ကြီးမားစွာသော သံသရာဘေးကြီးအစစ် ဖြစ်ကြောင်းကိုရင်း, လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတို့သည်လည်း ထိုသူတို့မှာသာ ကြီးစွာသော ကြောက်ဘွယ် လန့်ဘွယ် အန္တရာယ်ဖြင်ညီး မီးတဟုန်းဟုန်းတောက်လောင်၍နေသော ထောင်ကြီး, နှောင်အိမ်ကြီးကဲ့သို့ ဖြစ်ကြောင်းကိုရင်း, လောကုတ္တရာဘုံသူ နတ်လူဗြဟ္မာ ဘုံစဉ်စံအရိယာတို့မှာ မွေ့လျော်ဘွယ်, ပျော်ပါးဘွယ်, ခံစားစံစားဘွယ်ကြီးတွေ ဖြစ်ကြောင်းကိုရင်း, ဘယ်သူမှ မငြင်းသာအောင် ထင်လင်းစွာပြလိုက်သော အချက်တည်း။

www.dhammaransi.com



**ရုပ်ပြစ်ရှစ်ပါးနှင့် အရူပ**·····ရုပ်ပြစ်ရှစ်ပါးတွင် အရူပလေး ဘုံပါရှိသည်မှာ ထိုဘုံတို့၌ရှိနေကြကုန်သော ပုထုဇဉ် ဗြဟ္မာတို့အတွက်နှင့် ပါရှိရကုန်သည် ထိုဘုံတို့၌ ရှိနေကြကုန်သော အရိယာဗြဟ္မာတို့ အတွက်နှင့်မူကား အရူပလေးဘုံတို့သည် ဗျာနသမာပတ္တိသုခ ဖလသမာပတ္တိသုခ ကြီးကျယ်လှသော ပတိရူပဒေသ ဘုံကြီးတို့ပင် ဖြစ်ကုန်သကဲ့သို့ မှတ်လေ။ ။ဤကား သာသနာတော် သက္ကရာဇ် အနှစ်တထောင် ကျော်မှစ၍ ယခုကာလ ရှိနေကြကုန်သော ဗုဒ္ဓဘာသာ သာသနာ ဂိုဏ်းဝင် လူရှင်အများတို့နှင့် ထိုက်တန်သောနိဗ္ဗာန်စကား,သံသရာ ဝဋ်ဒုက္ခစကားကို ကွက်ခြား၍ ပြဆိုချက်တည်း။

ပဉ္စည်းဥစ္စာ နွမ်းပါးလျက်ရှိနေသေးသော ဆင်းရဲသား လူမျိုး သည် ကြီးရေးကြီးစွမ်း ရှိနေလှသည် ဆိုသော်လည်း ပဉ္စည်းဥစ္စာ ပေါများလှ၍ သဌေးသူကြွယ် ဖြစ်တဲ့နိုင်ရန် အကြံအစည် အလုပ် အကိုင်များကိုသာ နေ့ရာတကျ ကြောင့်ကြစိုက်ခွင့် ရှိသေးသည်၊ မင်းစကြာ ဖြစ်တဲ့နိုင်ရန် အကြံအစည် အလုပ်အကိုင် များကို ကြောင့်ကြစိုက်ခွင့် မဆိုက်သေး၊ ထို့အတူယခုကာလ ရှိနေကြ သော လူရှင်အပေါင်းတို့မှာလည်း သဒ္ဓါပညာ ရှိလှသည် ဆိုသော် လည်း ပြဆိုခဲ့ပြီးသော သဉပါဒိသေသ ပဌမနိဗ္ဗာန် ဘုံစဉ်စံ အရိယာအဖြစ်သို့ ရောက်နိုင်ဘို့ရန် အကြံအစည် အလုပ်အကိုင် များကိုသာ နေ့ရာတကျ ရှိတဲ့ကြအောင် ကြောင့်ကြစိုက်ခွင့် ရှိကြ ကုန်သေးသည်၊ ရောက်တဲ့နိုင်ရန်စခန်း အလွန်ကြီး ကျယ်လှမ်း သော ခန္ဓာငါးပါး၏ ချုပ်ငြိမ်းရာ အနုပါဒိသေသ နိဗ္ဗာန်စကား, လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ များကို မီးတပြောင် ပြောင် တဟုန်းဟုန်း လောင်၍နေသော နှောင်အိမ်ကြီး ထောင် မြို့ကြီး အပြီးထင်မြင်တဲ့နိုင်ရန် အထက်ကျလှသော ဝဋ်ဒုက္ခ စကားများကို ယခုဘဝ ကြောင့်ကြစိုက်တဲ့ရန် အခွင့်မဆိုက်ကြ ကုန်သေး။

www.dhammaransi.com



"နိယတော သမ္ဗောဓိပရာယဏော" ဟူသော ပါဠိတော်မြတ်နှင့်အညီ ပဌမနိဗ္ဗာန်ဘုံစဉ်စံ အဖြစ်သို့ရောက်ကြလျှင် ယခုကာလ နိဗ္ဗာန်စကား ပြောဆို၍ နေကြသော အထက် နိဗ္ဗာန်ကြီးကို ရှောင်လွှဲလိုသော်လည်း ရှောင်လွှဲရန် လမ်းပေါက်မရှိပြီ၊လမ်းခရီး သွားကြရာ ရှေ့၌မိုးကုပ်ကုပ်ကြီး ပိတ်ဆီး၍နေသကဲ့သို့ ထိုအထက် နိဗ္ဗာန်ကြီး ပိတ်ဆီး၍ နေလေတော့သည်၊ ဆန္ဒိပါဒ် အခြေသန်၍ မြန်မြန် ရောက်လိုလျှင်လည်း မြန်မြန် ရောက်နိုင် တော့သည်၊ ဆန္ဒိပါဒ် အခြေပြော့သေး၍ ဘဝများစွာ ကမ္ဘာများစွာ ချမ်းသာ သုံးပါးကို စိမ်ပြေနပြေ ခံစားစံစားလိုသေး၍ ဖြေးဖြေးရောက်လို လျှင် ဖြေးဖြေးပင် ရောက်နိုင်တော့သည်၊မိမိတို့၌ယခုဆိုက်တိုက် ၍နေသော အချက်ကိုသိ၍ သတိရှိလေကုန်။

**နတ်ပြည်တွင်အနန္တ**……ယခုဆိုက်တိုက်၍နေကြသောအချက် ကို အတန်ငယ် ပြဆိုအံ့။ ။ယခုအခါ၌ မိဂဒါဝုန်တောတွင် ဓမ္မစကြာတရားကို ဟောတော်မူသော အခါမှ စ၍ သာသနာတော် အနှစ်တထောင် အတွင်း၌ စတုမဟာရာဇ်, တာဝတိံသာ စသော နတ်ပြည်တို့မှရင်း, သာဝတ္ထိ ရာဇဂြိုဟ် အစရှိသော မဇ္ဈိမဒေသ တမြေပြင်လုံးတို့မှရင်း, မဟာရဋ္ဌ သုဝဏ္ဏဘုမ္မိ အစရှိသော ထိုထိုပစ္စန္တဒေသ တပြင်လုံးတို့မှရင်း, ဇမ္ဗူဒိပ်သီဟိုဠ် မြေပြိုလုမျှ ကျွတ်လွတ်ကြကုန်သော အသင်္ချေယျ အနန္တ ပဌမနိဗ္ဗာန် ဘုံစဉ်စံ အရိယာတို့သည်ကား ယခုအခါ စတုမဟာရာဇ်အဝင် မြေပြင်ရှိ ဘုမ္မဇိုဝ်းတို့မှစ၍ စတုမဟာရာဇ် နတ်ပြည်မှာပင် အသင်္ချေယျအနန္တ ရှိကြကုန်၏၊ တာဝတိံသာ စသော အထက် နတ်ပြည်တို့မှာလည်း ထို့အတူ အသင်္ချေယျ အနန္တ ရှိကြကုန်၏၊ ယခုအခါ၌ နတ်ပြည် ခြောက်ထပ်လုံးသည် အရိယာတို့ဖြင့် ပြည့်လျှက်နေ၏၊ အရိယာဘုံတွေ ဖြစ်၍နေ၏၊ ဗိမ္ဗိသာရမင်း, အနာထပိဏ်သဌေး အစရှိသော မြတ်စွာဘုရား၏ သားတော်ကြီးတွေ, သိကြားမင်းကြီး, စတုမဟာရာဇ်နတ်မင်း

www.dhammaransi.com



ကြီး, နေနတ်မင်း, လနတ်မင်း အစရှိသော သားတော်ကြီးတွေ အသင်္ချေယျ အနန္တ ရှိကုန်၏၊ ဝိသာခါ, သုပ္ပိယာ စသော မြတ်စွာ ဘုရား သ္မီးတော်ကြီးတွေ,လာဇာနတ်သ္မီး,သူရိယဝစ္ဆသာနတ်သ္မီး အစရှိသော မြတ်စွာဘုရား၏ သ္မီးတော်ကြီးတွေ ယခုအခါ နတ် ပြည်ခြောက်ထပ်မှာ အသင်္ချေယျအနန္တ ရှိကြကုန်၏။

**ယခုအခါ၌**……လူဖြစ်သောသူသည် အထက် ကောင်းကင်သို့ လက်အုပ်ချီလိုက်သည့်ရှိသော် အရိယာနတ် တို့ ဘုံဗိမာန်ကို လွတ်အောင်ပင် မချီနိုင်ရာ၊ ယေဘုယျ အားဖြင့် အထက်ကောင်းကင်တရိုး၌ ဘုန်းတန်ခိုးကြီးကြကုန်သောနတ်မင်း ကြီး, နတ်မိဖုရားကြီး, နတ်သ္မီးနတ်သားတို့သည် မြတ်စွာဘုရား၏ သားတော်ကြီး သ္မီးတော်ကြီးတို့ချည်းသာ ဖြစ်ကြကုန်၏၊နတ်ပြည် ခြောက်ထပ်မှ မြတ်စွာဘုရား၏ သားတော်မြတ် အပေါင်းတို့သည် ဤလူ့ပြည်၌ ဥပါသကာယောကျ်ားတို့ကို မြော်လင့်လျက် ရှိကြ ကုန်၏၊ သ္မီးတော်မြတ်အပေါင်းတို့သည်လည်း ဤလူ့ပြည်၌ ဥပါ သိကာမတို့ကို မြော်လင့်လျက်ရှိကြကုန်၏၊ တလလျှင် လေးကြိမ် ဇမ္ဗူဒီပါသို့ စာရင်းယူလာကြောင်းကို စတုကအင်္ဂုတ္တိုရ်ပါဠိတော် ၌ ဟောတော်မူ၏။

**ပဋ္ဌိဝေဝနှင့်နတ်ပြည်**……ပဋ္ဌိဝေဝ သာသနာတော် မြတ်ကြီး သည် ယခုအခါ နတ်ပြည်မှာ လှိုင် လှိုင် ထွန်းတုန်းထွန်းဆဲ ပေတည်း၊ စတုမဟာရာဇ် နတ်ပြည်မှာ သာသနာတော်အသက် နတ်တို့ရက်နှင့် အရက်ငါးဆယ်ခန့်ရှိသေး သည်၊ နောင်လူတို့ အရေအတွက် အနှစ်ကိုးသန်း တိုင်အောင် မဂ်တံခါး, ဖိုလ်တံခါး, နိဗ္ဗာန်တံခါး ဟင်းလင်း ပွင့်လမ်းရှိ၏၊ တာဝတိံသာနတ်ပြည်မှာ သာသနာတော်အသက် နတ်တို့ရက်နှင့် နှစ်ဆယ့်ငါးရက်ခန့်ရှိသေးသည်၊နောင်လူတို့အရေအတွက် အနှစ် ပေါင်း သုံးကုဋေခြောက်သန်းတိုင်အောင် မဂ်တံခါး, ဖိုလ်တံခါး, နိဗ္ဗာန်တံခါး ဟင်းလင်း ပွင့်လမ်းရှိ၏၊ ဤနည်းအတူ လေးဆ

www.dhammaransi.com



လေးဆတက်၍ အထက်အထက် နတ်ပြည်တို့မှာလည်း သာသနာ တော်အသက် တိုးတက်ရှည်များ၍ သွားပုံကိုသိလေ။ ။

ယခုအခါ၌ လူ့ပြည်မှာ ဘာဝနာ မနသိကာရ၌ ရှုဋ္ဌသောတာပန် အနေလောက် ပေါက်ရောက်အောင် အားထုတ်ကြ၍ သေလွန် သည့်နောက် နတ်ပြည်ခြောက်ထပ်တွင် ဖြစ်လေရာ နတ်ပြည်မှာ မဟာသောတာပန် အဖြစ်သို့ ရောက်ကြ၍ ဘုရားသားတော် ရင်းကြီး, သမီးတော်ရင်းကြီးတို့နှင့် ဘုံစဉ်စံ အရိယာ အဖြစ်ဖြင့် ဓာတ်ပေါင်းနိုင်ကြကုန်၏၊ ယောကျ်ားဖြစ်သူ ရှင်လူအပေါင်းတို့ သည် ဗိမ္ဗိသာရမင်း အနာထပိဏ်သဌေး အစရှိကုန်သော သူတို့ နှင့် ဓာတ်ပေါင်းနိုင်ကြကုန်၏၊ ဒါယိကာမဖြစ်သူတို့သည် ဝိသာခါ သုပ္ပိယာ အစရှိသောသူတို့နှင့် ဓာတ်ပေါင်းနိုင်ကြကုန်၏၊ ဝန်ဆိုး ကြီး သုံးပါး, ဘေးဆိုးကြီးနှစ်ပါးတို့မှ ကျွတ်လွတ်၍ နတ်ပြည်မှာ ရှိနှင့်ကြသော အရိယာအနန္တတို့နှင့် တလုံးတစီးထည်း ပေါင်းမိ ကြ၍ သံသရာ၌ ဘေးမဲ့ချမ်းသာ ဘုံစဉ်စံ အရိယာ အဖြစ်သို့ ရောက်နိုင်ကြကုန်၏။

(ဤအကြောင်းများကို သာစကဒေသနာနှင့်တကွ ထင်ရှားစွာသိလို လျှင် ငါတို့စီရင်သော အာဟာရဒီပနီစာအုပ်ငယ်,အနတ္တဒီပနီစာအုပ်ငယ် မှာ ကြည့်ရှုကြလေ။)

**ရှုဋ္ဌသောတာပန်**။ ယခုအခါ ဤလူ့ပြည်မှာ ဘာဝနာမနသိ ကာရ၌ ရှုဋ္ဌသောတာပန် အနေလောက် ပေါက်ရောက်အောင် အားထုတ်မှုဆိုရာ၌ ရှုဋ္ဌသောတာပန် ဆို သည်ကား သောတာပန်ငယ်, သောတာပန်နု, ဆိုလိုသည်၊ ဤ သာသနာတော်၌ပင်လျှင် ယခုဘဝ၌သော်ရင်း နတ်ပြည်သို့ရောက် လေ၍ နောက်ဘဝ၌သော်ရင်း ပရမတ္ထအရိယာ မဟာသောတာ ပန် ဘုံစဉ်စံအဖြစ်သို့ မချွတ်မလွဲအမြဲဧကန် အမှန်ရောက်တော့ မည့်သူ ဟူလိုသည်၊ အဘယ်မျှလောက် အားထုတ်ကြကုန်မှ ရှုဋ္ဌ သောတာပန်အဖြစ်သို့ ရောက်နိုင်ကြကုန်သနည်း ဟူမူကား။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ၌-

www.dhammaransi.com



ဇွာမိနာပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော ရုဋ္ဌသောတာပန္နော နာမ ဟောတိ။ ။ဟူ၍လာ၏။

ဤကင်္ခါဝိတရဏ ဉာဏ်နှင့်ပြည့်စုံသော ဝိပဿနာ ပညာရှိ ပုဂ္ဂိုလ်သည်ဘုရားသာသနာတော်၌ ရအပ်သော သက်သာရာ ရှိသည်ဖြစ်၍ရအပ်သော ထောက်ရာတည်ရာရှိသည်ဖြစ်၍ မြဲသော ဂတိရှိသော ရုဋ္ဌသောတာပန်ဖြစ်၏ ဟူလိုသည်၊ ပါဠိ၌လျှောက် အဓိပ္ပါယ်။ ။

**ကင်္ခါဝိတရဏဉာဏ်ဆိုသည်ကား**……ပဋိစ္စ သမုပ္ပါဒ်ကို သိသော ပစ္စယပရိဂ္ဂဟ ဉာဏ်ကို ဆိုသတည်း၊ ပဋိစ္စသမုပ္ပါဒ်၏ အချက်ကိုကား ငါတို့စီရင်သောပဋိစ္စသမုပ္ပါဒ်လင်္ကာ ၁၃-ပုဒ် အကျဉ်းချုပ် စာအုပ်ငယ်,၎င်းကို အဘိဓမ္မာပိဋကပါဠိတော်မြတ်နှင့် တွဲစပ်၍ အကျယ် ဘော်ပြသော ပဋိစ္စသမုပ္ပါဒဒီပနီ စာအုပ်များမှာ ကြည့်လေ၊ ဘုရားသာသနာ၌ ရအပ်သော သက်သာရာရှိမှု ဆိုသည်ကား ဒိဋ္ဌိဝိစိကိစ္ဆာ ဟူသောကိလေသဝဋ်ဆိုးကြီး ကျွတ်ကွာ၍ သွားမှုကို ဆိုသတည်း၊ ဝိက္ခမ္ဘနပဟာန်အနေမျှကွာသည်ကိုယူလေ၊ ရအပ်သောထောက်ရာတည်ရာရှိမှုဆိုသည်ကား သေသည်၏ အခြားမဲ့၌ ကမ္မသကာ ကံချရာဟု ရောက်လိုရာရောက် ပေါက်လွှတ်ပစ်ထားကြရသော ဝိနိပါတ ဘေးဆိုးကြီးမှ လွတ်ခွင့်ဆိုက်၍ နေမှုကို ဆိုသည်၊သံသရာဒလဟော၌ မျောမှု,မြုပ်မှု, နစ်မှု, မွန်းမှုမှ လွတ်တော့မည်ဟူလို—။

**ဂတိမြဲမှု**……မြဲသောဂတိရှိမှုဆိုသည်ကားသေသည်၏အခြားမဲ့၌ နတ်ပြည်သို့ ရောက်မှုမြဲသည်ကို ဆိုသည်၊ နတ်ပြည်သို့ရောက်လျှင်လည်း ဧကန် ကျွတ်လွတ်တော့မည့် သူပေတည်း၊ ဤအဋ္ဌကထာစကား၌ ပစ္စယပရိဂ္ဂဟ ဉာဏ်နှင့် ပြည့်စုံသောသူဟူသည်အဘယ်မျှလောက်သောတရားတို့၌ ပစ္စယ

www.dhammaransi.com



ပရိဂ္ဂဟာဉာဏ်သို့ ရောက်အောင် ထူထောင်အားထုတ်ရမည်နည်း ဟူမူကား သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ မြေ, ရေ, မီး, လေ ဟူသောဓာတ်ကြီးလေးပါးကိုပိုင်းခြား၍မြင်နိုင်လျှင်ဤသာသနာ၌ အမြစ်စိုက်ပြီ,မြဲသော ဂတိရှိသော စူဠသောတာပန် အဖြစ်သို့ ရောက်ပြီဟူ၍ လာပြန်ပေရကား ထိုဓာတ်ကြီး လေးပါး၌ ပစ္စယ ပရိဂ္ဂဟာဉာဏ်သို့ရောက်အောင် ထူထောင် အားထုတ်ရမည်ဟု သိအပ်၏၊ ဤအဋ္ဌကထာ၌ ဤသာသနာ၌ အမြစ်စိုက်မှုဆိုသည် ကား လောက၌ လူတို့မှာတရသောမြို့ရွာ၌ အိမ်ရာခြံဝင်း လုပ်ခင်း မြေရာ တည်ထောင်မိသည်ရှိသော် ထိုသူသည် ထိုမြို့ရွာ၌ အမြစ် စိုက်ပြီ, မြို့ရွာတပါးသို့ ပြောင်းရွှေ့တော့မည်မဟုတ်ပြီ ဆိုရသကဲ့ သို့ ဤသူသည်လည်း ဤသာသနာမှာ ကျွတ်လွတ်တော့မည်, နောက်ဘုရားသာသနာသို့သွားမည့်သူမဟုတ်ပြီဆိုလိုသည်။

**အာဇီဝဋ္ဌမကသီလ**……ဤအဋ္ဌကထာကြီးနှစ်ရပ်ကိုစပ်ဟပ်၍ သိအပ်သော အချုပ်ဝိနိစ္ဆယ ပိဏ္ဍတ္ထ ကား အာဇီဝဋ္ဌမကသီလကို လုံခြုံစေ၍ ရှေးဦးစွာသီလဝိသုဒ္ဓိနှင့် ပြည့်စုံရာ၏၊ လူတို့၌အာဇီဝဋ္ဌမကသီလကို လုံခြုံစေမှု ဆိုသည် ကား ခံယူ၍ဖြစ်စေ, မခံယူဘဲပင်ဖြစ်စေ, ပါဏာတိပါတမှုကို လွတ်ကင်းစေရမည်၊ အဒိန္နာဒါန်မှုကို လွတ်ကင်း စေရမည်၊ ကာမေသုမိစ္ဆာစာရမှုကို လွတ်ကင်းစေရမည်၊ မုသာဝါဒမှုကို လွတ်ကင်းစေရမည်၊ ချောပစ် ကုန်းတိုက်မှုကို လွတ်ကင်းစေရ မည်၊ ဆဲရေးမှုကို လွတ်ကင်းစေရမည်၊ အကျိုးမရှိသော ပြိန်ဖျင်း သောစကား ပြောမှုကို လွတ်ကင်းစေရမည်၊ ဒုစရိုက်နှင့် အသက် မွေးမှုကို လွတ်ကင်းစေရမည်၊ လွတ်ကင်းပေလျှင် အာဇီဝဋ္ဌမက သီလလုံခြုံပြီ၊ လူသီလဝန္တဖြစ်ပေပြီ၊ သတိလွတ်သဖြင့် ပြုမိ၍ ရှိပြန်လျှင် ဤအမှုကို နောင်ငါမပြုဟု တင်းတင်းကြပ်ကြပ် ဓိဋ္ဌာန် လျှင် လုံမြဲလုံပြန်၏။ ။**သီလဝိသုဒ္ဓိဖြစ်၏**။ ။စိတ္တဝိသုဒ္ဓိမှာ တတ်နိုင်လျှင် အထူးကောင်း၏၊ မတတ်နိုင်လျှင် နေရ၏၊ ဥပစာရ ဘာဝနာ, အပ္ပနာဘာဝနာ ဟူသော စိတ္တဝိသုဒ္ဓိကို အသီးမလုပ်

www.dhammaransi.com



သော ယောဂီကို သုက္ခဝိပဿက ယောဂီဟု ခေါ်သည်၊ သုဒ္ဓဝိပဿက ယောဂီလည်းခေါ်၏။

**ဓာတုမနသိကာရ**.....ယခုကာလသည်သုက္ခဝိပဿကခေတ် တည်း၊ ထို့ကြောင့် သီလဝိသုဒ္ဓိနေ ရာကျလျှင် ဓာတုမနသိကာရကို ထူထောင်ရမည်၊ ထူထောင်ပုံကား ဤကိုယ်၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဟူ၍ဓာတ်ကြီးလေးပါးရှိ၏၊ မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်ဟူ၍ ဓာတ်ကြီးလေးပါး ရှိ၏သော်လည်းဆို၊ ဤ၌မြေသည် လောကမြေ, သုတ္တန်မြေ, ပရမတ်မြေဟု သုံးပါးရှိ၏၊ ထိုတွင်လူအများသိကြသော သိလာပထဝီ,ပံသုပထဝီ ဤမြေနှစ်ပါးသည် **လောကမြေ** မည်၏၊ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း အစရှိသော ပထဝီဓာတ် ၂၀-မြေသည် **သုတ္တန်မြေ** မည်၏၊ ဤမြေနှစ်ပါးကား အထည်ဒြပ် ထင်မြင်ရသောမြေမျိုးဖြစ်၍ ပရမတ်မြေမဟုတ်၊ ပရမာဏုမြူ, အဏုမြူမှုပင် သော်လည်း အထည်ဒြပ် ထင်မြင်လျက် ရှိခဲ့လျှင် ပရမတ်မြေကို ဉာဏ်မထိ၊ ပညတ်သဏ္ဌာန်တွင် ဉာဏ်စိုက်၍နေ၏၊အထည်ဒြပ် မဟုတ်သော ခက်မာမှုကြိယာသက်သက်သည်သာ ပရမတ်မြေ,အဘိဓမ္မာမြေ အစစ်တည်း၊ လောကမြေ,သုတ္တန်မြေနှစ်ပါး၌ အနိစ္စလက္ခဏာရေး အစစ်မဝင်နိုင်၊ ပရမတ်မြေ အစစ်၌သာ အနိစ္စ လက္ခဏာရေး အစစ်ဝင်နိုင်သည်၊ အနိစ္စ လက္ခဏာရေးအစစ် ဆိုသည်ကား တနာရီအတွင်းမှာပင် အခါများစွာ ပျက်မှု, ချုပ်မှု, သေဆုံးမှု, ကုန်ခန်းမှုတည်း။

**ပရမတ်မြေစစ်**.....အထည်ဒြပ် ပညတ်သဏ္ဌာန်ကြီး ဖြစ်သော ဆံပင်မည်သည် တနာရီအတွင်းမှာ အခါ များစွာချုပ်ပျက်ကုန်ဆုံးမည်ဝေးစွ,လူသေ၍မှဆံပင်မသေသေး၊ သုသာန်မြေမှာပင် တထွေးလုံးလုံးနေသေး၏၊ ဆံပင်၌ခက်မာမှု ကြိယာတမျိုးသည် ရှိ၏၊ ထိုကြိယာသည်သာလျှင် ပရမတ်မြေ

www.dhammaransi.com



အစစ်တည်း၊ဆံပင်၌ထိုမြေဓာတ်အစစ်သည်မှူကားတနာရီအတွင်း မှာပင် အခါများစွာပျက်၏,ချုပ်၏, သေ၏, ဆုံး၏, ကုန်၏,ခန်း၏, ကွယ်ပျောက်၏။ ။ပျက်ပုံကား ထင်ရှားစေခြင်းငှါ ဉာဏ်ဖြင့် ဆံပင်ကိုခွဲ၍ကြည့်၊မြေဓာတ်စစ်မပျက်ခဲ့လျှင် ကိုင်း၍ညွတ်၍ပင် မရ၊ ပကတိအတိုင်း တောင့်တင်းခိုင်မာ၍ ခံနေလတ္တံ့၊ ကိုင်း၍ ညွတ်၍ရခဲ့လျှင် ဆံပင်အတွင်း၌ နဂိုမြေဓာတ်တွေ မြွှေမြွှေ ကြေပျောက် ပျက်ဆုံး၍ ကုန်ပြီဟုသိအပ်၏၊ မြေဓာတ်သစ်တွေ အဆင့်ဆင့်ပြောင်းလဲ၍ လာပြီဟုသိအပ်၏၊ ဉာဏ်စိုက်မိခဲ့စွ။

ပရမတ်မြေဓာတ်စစ်မည်သည် ခက်မာမှု ကြိယာမျှကိုသာဆို သောကြောင့် ဆံပင်ကိုခွဲရာ၌ ထိုဆံပင်အတွင်းမှာ ကြိယာ အပြောင်းအလဲကို မြင်အောင်ကြည့်ရသည်၊ ကြိယာပြောင်းလဲမှု ဆိုသည်ကား မာမှုကြိယာ အခြေအနေ တမျိုးတမျိုး ပျက်၍ပျက်၍ မာမှုကြိယာ အသစ်အသစ် အဆင့်အဆင့်ဖြစ်ပေါ်၍ သွားမှုကို ကြိယာပြောင်းလဲမှု ဆိုသည်။

ကြိယာပြောင်းလဲမှု ထင်မြင်ခဲ့လျှင် ကြိယာဟောင်း ပျက်ဆုံး မှု အဆင့်ဆင့် ဧကန်ရှိ၏၊ ပျက်ဆုံးမှုမရှိခဲ့လျှင် ပြောင်းလဲမှုမရှိနိုင်၊ ကြိယာဟောင်းပျက်ဆုံးမှု အဆင့်ဆင့်တို့နှင့် ကြိယာသစ်ဖြစ်ပေါ် မှု အဆင့်ဆင့်တို့၏ အကူးအကူး အကြားအကြားတို့၌ အာကာသ ဓာတ် အခြားအခြားကိုလည်းဉာဏ်နှင့်မြင်အောင်ကြည့်၊အာကာသ ဓာတ်ကို မြင့်တတ်မှ သန္တတိ အမျှင်ပြတ်မည်။ ။ဤ၌ ကြိယာ ဟောင်း အဆင့်ဆင့်ကုန်ဆုံး ပျောက်ကွယ်မှုကို အနိစ္စလက္ခဏာ အစစ်ဆိုသည်၊ ဤအနိစ္စကိုမြင်နိုင်မှ ဝိပဿနာ ဉာဏ်အစစ် ဖြစ် သည်။ ။ဓာတ်၏ပျက်ခြင်း, ဓာတ်၏ချုပ်ခြင်း, ဓာတ်၏သေခြင်း, ဓာတ်၏ဆုံးခြင်း, ဓာတ်၏ ကုန်ခန်းခြင်းကို အနိစ္စဟုဆိုသည်၊မရဏ အစစ်ပေတည်း၊ ဤမရဏအစစ်ကိုမြင်မှ ဝိပဿနာဉာဏ် အစစ် ဖြစ်သည်။

(ဤကားဆံပင်တခု၌ ပထဝီခေါ်သော ပရမတ် မြေဓာတ်စစ်ကို ပြဆို ချက်တည်း။)

www.dhammaransi.com



**ဆံပင်၌ရေခေတ်စစ်**……ဤနည်းကိုမှီ၍ ရေခေတ်, မီးခေတ် လေခေတ် တို့၌လည်း လောက, သုတ္တန်, ပရမတ်စစ် သုံးပါး သုံးပါးစီ ထုတ်၍ ပရမတ်ခေတ်စစ်ခွဲနည်း,အနိစ္စလက္ခဏာစစ် ခွဲနည်း, ဝိပဿနာဉာဏ်စစ်ခွဲနည်းကို သိလေ။ ။ပရမတ် ခေတ်စစ်မျှကိုသာ ပြဆိုအံ့။ ။ထိုဆံပင်၌ ခက်မာမှု ကြိယာမျှသာ ဖြစ်သော ထိုမြေခေတ် အစစ်အများကို တခုနှင့်တခု ကပ်တွယ် ဘွဲ့စေးမှုသည် ပရမတ် ရေခေတ်အစစ် မည်၏၊ ဤရေခေတ် ဘွဲ့စေးမှုကြောင့် အထည်ဒြပ် မရှိသော ခက်မာမှုကြိယာသည် များစွာ စုမိခဲမိ ကြသဖြင့် ဆံပင်သဏ္ဌာန် အထည်ဒြပ်ထင်မြင်ရ၏၊ဤရေခေတ်၏ ပျက်မှု ဖြစ်မှုမှာ မိမိ၏မှီရာ မြေခေတ်နှင့် ဖြစ်အတူ ပျက်အတူ ပါလေတော့သည်။

(ဆံပင်၌ ရေခေတ်အစစ်ကို ပြဆိုချက်ပြီး၏။)

**မီးခေတ်**……ထိုဆံပင်၌ ပူသောအခါ ပူမှုကြိယာ သက်သက် သည့်ရင်း, အေးသော အခါ အေးမှု ကြိယာ သက်သက်သည့်ရင်း, ပရမတ်မီးခေတ်အစစ်မည်၏။ ။ဤမီးခေတ် ကိုပင် ကျမ်းဂန်တို့၌ ဥတုဟုဆိုသည်။ ။မှီရာဝတ္ထုကို လောင်မှု အမြဲ ရှိသောကြောင့် မီးခေါ်သည်။ ။မှီရာဝတ္ထုကို စွဲမိလျှင် သားသွီးပေါက်ဘွားမှု အမြဲရှိသောကြောင့် ဥတုခေါ်သည်။ ။ လောကမျက်မြင် မီးကိုကြည့်။ ။အဘယ်ကို လောင်သနည်း၊ မိမိမှီရာမြေခေတ်ကိုအမြဲလောင်သည်၊မြေခေတ်ကား တေဇော၏ မီးစာတည်း။ ။စိတ္တက္ခဏာတဆယ့်ခုနစ်ချက်ရှိလျှင် မီးစာမြေခေတ် ကုန်မြဲတည်း၊မီးစာကုန်လျှင် မီးကုန်မြဲ။ ။ဥပါဒ်သည် နောက်ဌီသို့ ရောက်လျှင် မြေခေတ်ကို စွဲမိခဲမိ၏၊ စွဲမိခဲမိသည်နှင့် တပြိုင်နက် သားသွီးပေါက်ဘွား၏၊ ထိုသားသွီးကလာပ်စုကို ဥတုဇ ကလာပ် ခေါ်သည်။ ။ဤမီးခေတ်၏ အမြဲလောင်မှု,အမြဲရုပ်သစ် ကလာပ် သစ်ပေါက်ဘွားမှုကို မြင်နိုင်ပါမူကား ပကတိဆံပင်၌ပင် ဖြစ်မှု ပျက်မှု တရွရွနေသည်ကို မြင်လိမ့်မည်၊ ဆံပင်၌ မြင်လျှင်လည်း

www.dhammaransi.com



တကိုယ်လုံး၌ ဖြစ်မှုပျက်မှု တရွရွနေသည်ကို မြင်လိမ့်မည်။ ။ ဤမီးဓာတ်၏ ပျက်မှုဖြစ်မှုသည်လည်း မီးစာမြေဓာတ်နှင့် ပျက်အတူ ဖြစ်အတူပင်တည်း။

(မီးဓာတ်ပြီး၏။)

**လေဓာတ်**……မီးရှိလျှင် အရှိန်ရှိမြဲဖြစ်၍ ထိုဆံပင်၌ မီးဓာတ်၏ အရှိန်ဖြစ်မှု, ကြွရွမှု ကြိယာ သက်သက်သည် လေဓာတ်အစစ်မည်၏၊ လှုပ်ရှားခြင်းရှိမှ ထင်ရှားသည်၊ ပျက်မှု ဖြစ်မှုမှာ တေဇောနှင့်တချက်ထည်းပင်။

(ဝါယောဓာတ်ပြီး၏။)

**စတုဓာတုဝဝတ္ထာန်**…လွယ်လည်းလွယ်၏၊ ခက်လည်း ခက်၏၊ ဉာဏ်စိုက်မိလျှင် လွယ်၏၊ ဉာဏ်မစိုက်မိလျှင် ခက်၏။ ။ဤသို့လျှင် ဆံပင်၌ အမှုကြီး လေးပါး, ကြိယာကြီးလေးပါးကို လေးစိတ်ကွဲအောင် ဉာဏ်နှင့် ခွဲမှုသည် စတုဓာတုဝဝတ္ထာန် မည်၏။ ။ဆံပင် ခေါ်သော ဒြဗ်သဏ္ဌာန် ဉာဏ်၌ကွယ်ပျောက်၍သွားအောင် မြင်လေ။

**ဒိဋ္ဌိဝိသုဒ္ဓိ**…ဉာဏ်၌ဆံပင်ဒြဗ်သဏ္ဌာန် ကွယ်ပျောက်၍ ဓာတ်အစု သက်သက်သာ မြင်သောအခါ ဆံပင်၌ အတ္တဟူ၍ စွဲလမ်းသော သက္ကာယဒိဋ္ဌိ ကွာလေ၏၊ ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ် ပေါက်လေ၏။ ။ဤကားဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပုံကို စံပြချက်တည်း။ ။ဤနည်းကိုမှီ၍ မိမိကိုယ် တခုလုံးကို လေးစိတ်အကွဲကြီးကွဲအောင်အားထုတ်ကြလေ။ ။မိမိကိုယ်တခု လေးစိတ်ကွဲလျှင် ရုပ်ခန္ဓာရှိသမျှမှာ ကွဲပြီးချည်း ဖြစ်လေတော့သည်။ ။မိမိကိုယ်မှာ ဆံပင်၌ကဲ့သို့ ဉာဏ်၌ဒြဗ်သဏ္ဌာန်တွေ အကုန်ကွယ်ပျောက်၍ ဓာတ်ပုံ, ဓာတ်စု, ဓာတ်ခဲ, ဓာတ်တုံးကြီး သက်သက်ထင်မြင်နိုင်သောအခါ သက္ကာယဒိဋ္ဌိကြီး ကျွတ်ကွာ၏၊ တကိုယ်လုံး၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် တည်ထောင်မိ၏၊ သမ္မောဟပဋိနောဒနီ အဋ္ဌ

www.dhammaransi.com



ကာထာ၌ ဤပုဂ္ဂိုလ်ကိုပင် ရှုဋ္ဌသောတာပန်အဖြစ်သို့ ရောက်ပြီဟု ဆို၏။

(ဒိဋ္ဌိဝိသုဒ္ဓိအဖွင့်ပြီး၏။)

---

**အကြောင်းတရား ၄-ပါး**...ပစ္စယပရိဂ္ဂဟ ဉာဏ်၌ကံ,စိတ်, ဥတု,အာဟာရ-ဟူ၍အကြောင်းတရား လေးပါးရှိ၏။ ။ပဋိသန္ဓေအခါ၌ ခက်မာမှုကြိယာ, ဘွဲစေးမှု ကြိယာ,ပူနွေးမှု ကြိယာ, တွန့်ရွှခြင်း ဟူသော ထောက်ကန်မှု ကြိယာ ဤကြိယာကြီး လေးခုအစုံတို့သည် ကံကြောင့် ဖြစ်ပေါ်ကုန်၏။ ။ထိုလေးခုတို့တွင် ပူနွေးမှုကြိယာသည် ဥတုပေတည်း၊ သားသွီး ရုပ်ကလာပ် ပေါက်ဘွားမှု၌ အတုမရှိ စွမ်းနိုင်လှသော ဓာတ်မီးကြီးပေတည်း။ ။မီးတောက်ကိုရင်း,မီးခဲကိုရင်း,စေ့စေ့ ကြည့်ရှု၍နေလျှင် ရွရွ,ရွရွနေသည်ကို မြင်ရ၏၊ဓာတ်မီးဟု ဆိုအပ်သော ဥတု၏သားသွီး ပေါက်ဘွားမှုပေတည်း၊ သတ္တဝါတို့၏ သန္တာန်မှာလည်း ကံသည်ရှေးဦးစွာစ၍ ပေးရုံမျှသာတည်း၊အစ၌ ထူထောင်၍ ပေးရုံမျှသာတည်း။ ။စ,မိသည့် နောက်၌ ကြီးပွါး စေရန် ကိစ္စမှာဓာတ်မီး၏ တာဝန် ပေတည်း။ ။ဓာတ်ကြိယာ ကြီးလေးပါး ပေါ်လာသည်ရှိသော် အာဟာရ ဩဇာဟု ဆိုအပ် သောဓာတ်ဆီသည်လည်းပါရှိမြဲတည်း။

ဤဓာတ်ဆီသည်လည်း သားသွီးပေါက်ဘွားမှု၌ လွန်စွာစွမ်း နိုင်သော တရားပေတည်း။ ။လောက၌ မီးသည် အဆီမျိုးနှင့် ပေါင်းမိလျှင် လွန်စွာ သားသွီးပေါက်ဘွား၏၊ မီးတောက်မီးလျှံ ဖြစ်၍ထ၏၊အဆီသည်လည်း မီးနှင့်ပေါင်းမိလျှင် လွန်စွာ သားသွီး ပေါက်ဘွား၏။ ။ဓာတ်မီးနှင့်ဓာတ်ဆီတို့ကား အဘော်အဘက် တို့ပေတည်း၊ဆီမီး, ရေနံဆီမီး,ဖယောင်းမီးတို့ကို ကြည့်လေ။ ။ အစစွာကံထူထောင်၍ ပေးသည့်နောက် တခဏ တခြား ရုပ် ကလာပ်ခန္ဓာကြီးပွါးမှုသည် ဓာတ်ဆီဓာတ်မီးတို့၏ တာဝန်ပေ တည်း။

www.dhammaransi.com



**ဥပမာ ကား**······ညောင်ပင်ကြီးဖြစ်ရာ၌ သေးငယ်လှစွာသော ညောင်စေ့သည် အစစွာ အညှောက်ငယ်ကလေးဖြစ်အောင် ထုထောင်၍ပေးပေ၏၊ ထုထောင်၍ပေးသည့်နောက် ထိုညောင်စေ့ငယ်သည် ပုပ်ဆွေး ပျောက်ကွယ်လေ၏၊ အစဉ်အတိုင်း ကြီးပွါးမှုမှာ မြေဥတု ရေဥတု နှစ်ပါးတို့၏ တာဝန်ပေတည်း၊ မိုးသည်းကောင်းလှသောကာလ၌ လစဉ် ရွာသော မိုးသည်းရေသည်မြေနှင့်ရောနှော၍ တည်နေ၏၊ မြေဥတု, ရေဥတုနှစ်ပါးဖြစ်၏၊ ထိုဥတုနှစ်ပါးသည် ထိုညောင်ညှောက်ငယ်ကို အပ်ငယ်အပ်ကြီး ဝင်ရိုးလက်သန်း လက်ညှိုးသဏ္ဍာန်စသည်ဖြင့် တနေ့တခြား ကြီးပွါးစည်ကားစေ၏၊ သံတောင်တရာရှိသော ညောင်ပင်ကြီး ဖြစ်စေ၍အနှစ်ငါးရာ အနှစ်တထောင်တိုင်အောင် တည်စေ၏။

သတ္တဝါတို့ရုပ်ခန္ဓာ၌ကံသည် ညောင်စေ့ငယ်နှင့်တူ၏၊ ခေတ်ဆိုခေတ်မီးတို့သည် မြေဥတု ရေဥတု တို့နှင့်တူကုန်၏၊ ညောင်ပင်သဏ္ဍာန် တခုလုံးအပြည့်ရှိနေသော ခေတ်မီးသည် မြေဥတုမျိုးတည်း၊ ညောင်ပင်သဏ္ဍာန် တခုလုံး၌တည်ရှိသော စိုစွတ်သော အစေးသည်ရေဥတုမျိုးတည်း၊ အတွင်းမြေဥတု ရေဥတုနှစ်ပါးတည်း၊ ညောင်ပင်၏တည်ရာ မြေကြီး၌ရှိသောဥတုသည် အပ မြေဥတုတည်း၊ လစဉ်မပြတ် ရွာသော မိုးသည်းရေမှဖြစ်သော မြေတွင်းရှိ စိုစွတ်သော အမှုသည် အပ မြေဥတုတည်း၊ အပဥတု နှစ်ပါးတည်း။ ။အပဥတုနှစ်ပါးက တွင်တွင် ချီးမြှောက် ထောက်ပံ့၏၊ ညောင်ပင်တွင်းရှိ အတွင်းဥတုနှစ်ပါးက အတွင် ကြီးပွါးစေ၏။ ။ကြီးပွါး စေသော်လည်းမျိုးစေ့၏ တန်ခိုးအားဖြင့် ညောင်ပင်၏ အခြင်းအရာအတိုင်းသာ ကြီးပွါးစေ၏၊ အသွေး အဆင်း အကိုင်း အခက်အရွက်သဏ္ဍာန်စသည်အလုံးစုံသည် သရက်ပင်သဏ္ဍာန် ပိန္နဲပင်သဏ္ဍာန်စသည်ဖြစ်၍မသွားစေရ၊ သဏ္ဍာန်ကြီးမှု, အရပ်မြင့်မှု, အသက်ရှည်မှု, အလုံးစုံသည်မျိုးစေ့၏တန်ခိုးအားဖြင့် ညောင်ပင်၏ အခြင်းအရာမျိုး အတိုင်းသာဖြစ်ရ၏၊ ဗီဇနိယာမခေါ်သည်။

www.dhammaransi.com



မြေဥတုရေဥတု ကောင်းရာ၌ ပေါက်ရောက်ခဲ့လျှင် အလွန်ကြီးပွါးစည်ကား၏၊ခြောက်သွေ့ခေါင်းပါးလှသော မြေ၌ပေါက်ရောက်ခဲ့လျှင်ကောင်းစွာ မကြီးပွါးနိုင်၊ ဥတုအတွက်တည်း၊ ခပ်သိမ်းသော သစ်ပင်မျိုး,ချုံမျိုး,နွယ်မျိုး,မြက်မျိုး,ကောက်စပါးမျိုးတို့၌လည်းဤနည်းတူပင်။ ။ဤသို့လျှင်ညောင်ပင်ကြီး၌ မျိုးစေ့၏ဆိုင်ရာအမှု,အတွင်း မြေဥတု ရေဥတု နှစ်ပါး၏ဆိုင်ရာ အမှု,အပမြေဥတု ရေဥတုနှစ်ပါး၏ဆိုင်ရာအမှုတို့ကို ခြားနားစွာကြည့်မြင်၍ထားဘိ။

သတ္တဝါတို့၏ ရုပ်ခန္ဓာ၌ကံ၏အမှုသည် ညောင်ပင်ကြီး၌ မျိုးစေ့ငယ်၏ အမှုနှင့်တူလှ၏၊ပဋိသန္ဓေမှစ၍ အစဉ်ပါရှိ၍ လာသောအတွင်းဓာတ်ဆီ ဓာတ်မီးနှစ်မျိုးသည်ညောင်ပင်၏အတွင်း ဥတုနှစ်ပါးနှင့်တူ၏၊ အမိဝမ်း၌နေစဉ်အခါအမိကိုယ်မှထိုသူငယ်၏အတွင်းသဏ္ဌာန်ကို အတွင်ထောက်ပံ့သော အပဓာတ်ဆီ ဓာတ်မီး နှစ်ပါး, ဘွားမြင်သည့်နောက်၌ မျိုအပ်သော အစာအာဟာရတို့မှ ထိုသဏ္ဌာန်ကို အတွင်ထောက်ပံ့သော အပဓာတ်ဆီ ဓာတ်မီး နှစ်ပါးသည် ညောင်ပင်တည်ရာ မြေတွင်း၌ရှိ အပဥတု နှစ်ပါးနှင့် တူ၏၊ အပမှ နေ့စဉ်မျိုအပ်သော ထမင်းရေစာတို့သည် လစဉ်ရွာသော မိုးသည်းရေနှင့်တူ၏။ ။စေ့စပ်အောင်ကြံ။ ။

(ကံအချက်,ဥတုအချက်,အာဟာရအချက်သုံးပါးအမြွက်ပြီး၏။)

---

**စိတ်အချက်ကား**······အထူးအားဖြင့် လှုပ်ရှားမှု,သွားမှု,လာမှု, ထမှု,ထိုင်မှု,ပြောမှု,ဆိုမှု စသည်တို့၌ အမှု အားလျော်စွာတကိုယ်လုံး၌၎င်း,ပြုပြင်လိုရာကိုယ်အင်္ဂါ၌စိတ်၌၎င်း,ပြိုင်းခနဲ ပြိုင်းခနဲ တပြိုင်နက်ဓာတ်ကြွယာ လေးပါးဖြစ်ပေါ်ရ၏၊ညဉ့်အခါ၌တိုက်ခန်းတွင်းမှာမီးထွန်းကြရာ မီးတောက်သည်နှင့်တပြိုင်နက်တခန်းလုံး၌ မီးရောင်တွေ အပြည့် ပေါ်လာ သကဲ့သို့

www.dhammaransi.com



တည်း၊ စိတ်၏အစွမ်းမျိုးဖြစ်၍ အလွန်အဟုန်ပြင်းထန် သန်စွမ်း၏ သူ့စိတ်နှင့်သူ့အမှု အသီးအသီးပေတည်း။

(စိတ်ဓာတ်၏အချက်ပြီး၏။)

---

ဤသို့လျှင် ပဋိသန္ဓေ၌ရှေးဦးစွာဖြစ်ပေါ် လာသည့်မှစ၍တဘ၀ လုံး ထိုဓာတ်ကြီးယာ အစုအရုံးအတုံးအခဲကြီးသည် ကံ,စိတ်,ဥတု အာဟာရ ဤအကြောင်း လေးပါးကြောင့်ဖြစ်ရ၏၊ တည်ရ၏။ ။ ထိုတွင်ပြုပြင်သူဆိုင်ရာကြီးလေးပါးကိုခြားနား၍သိရာ၏၊တကိုယ် လုံးသည် ဓာတ်မီးခဲကြီး ဆိုလျှင်လည်း ဟုတ်၏၊ ဓာတ်ဆီ ခဲကြီး ဆိုလျှင်လည်း ဟုတ်၏၊ လူသဏ္ဌာန်မှု တောက်၍ နေသောမီး တောက်ကြီးနှင့် ဤကိုယ်ကြီးသည် တူလှ၏၊ထိုမီးတောက်ကြီးကို စေ့စေ့ကြည့်၍နေလျှင် တရွရွတရှိန်ရှိန် ရုပ်ကလာပ်တွေပွါး၍နေမှု သည်ထင်ရှားလှ၏။ ။စီး၍နေသော မြစ်ရေအယဉ်ကို စေ့စေ့ ကြည့်၍နေလျှင်လည်း စိပ်စိပ်စိပ်စိပ်တရွရွပွါးမှု အစဉ်သည်ထင် ရှား၏၊တရှိန်ရှိန်တရွရွ မြင်ကြလျှင်ဆံပင်၌ပြဆိုခဲ့သော အာကာသ ဓာတ် အခြားအခြားတွေကို မြင်တတ်ကြစေ၊ အာကာသဓာတ် အခြားအခြားတွေကို မြင်တတ်မှ ဓာတ်ကြီးယာ အဟောင်းတွေ သေမှု, ဆုံးမှု, အသစ်အသစ်တွေဖြစ်မှု, ပေါ်မှု,အနိစ္စအချက်ပေါ် နိုင်သည်။

**ရေများမှုကြာပွါးသလို**…ထိုမီးတောက်ကြီး မြစ်ရေအယဉ် တို့၌ကဲ့သို့ ဤ ကိုယ်ခန္ဓာကြီးမှာ လည်း မီးတောက်မီးလျှံပွါးမှုကဲ့သို့,မြစ်ရေအယဉ်ပွါးမှုကဲ့သို့အမြဲ ပွါး၍နေသော ဥတုဓာတ်မီးအရည်,ဥတုဇရုပ်ကလာပ် အရည်ကို ၎င်း,အာဟာရဓာတ်ဆီအရည်,အာဟာရဇရုပ်ကလာပ် အရည်ကို ၎င်း,တရှိန်ရှိန်တရွရွ နေကြသည်ကို မျက်စိနှင့်မြင်သကဲ့သို့ဉာဏ်နှင့် မြင်ကြစေရမည်၊ပဋိသန္ဓေမှစ၍ ကမ္မဇရုပ်ကလာပ်အစဉ်မှာမူကား ထိုဥတုဇအာဟာရဇတို့ ပွါးစီးလျှင် ပွါးစီး၍လိုက်၏၊ ဆုတ်ယုတ် လျှင် ဆုတ်ယုတ်၍လိုက်၏၊ရေပွါးလျှင် ကြာပွါးသကဲ့သို့,ရေဆုတ်

www.dhammaransi.com



လျှင် ကြာဆုတ်သကဲ့သို့ရှိတည်း။ ။လောကဓ်ကိုယ်တွေ့ မျက်မြင်တွေ့ကိုလည်း စေ့စေ့နှံ့နှံ့ သိတတ်ရသည်။ ။ဤကား ပရမတ်မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသောဓာတ်ကြီးယာကြီး လေးပါးတို့၏ အစုအရုံးအတုံးအခဲကြီး၏ ဖြစ်ပွါးတည်ထွန်း၍ နေပုံတည်း။

**ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ**······ဤသို့ ဖြစ်ပွါးတည်ထွန်း၍ နေရာ၌ ပဋိသန္ဓေအခါ၌အစစွာဖြစ်ပေါ်လာမှုသည် ဒိဋ္ဌိ၏အချက်,ဝိစိကိစ္ဆာ၏အချက်ကြီးတည်း၊မိစ္ဆာဒိဋ္ဌိဖြစ်ကြသမျှသည် ထိုနေရာ၌ကြီးကျယ်လှ၏၊ဝိစိကိစ္ဆာဖြစ်ကြသမျှသည် ထိုနေရာ၌ကြီးကျယ်လှ၏။ ။ထိုမှနောက်ဥတုအာဟာရတို့၏နယ်၌လည်း ဒိဋ္ဌိဝိစိကိစ္ဆာဖြစ်မြဲပင်တည်း။ ။ကံမည်သည် ရှေးရှေးဘဝတို့၌ ပြုခဲ့ကြသော အမှုဖြစ်၍ထိုပြုရာ၌ပင်လျှင် ချုပ်ခဲ့ပြီးဖြစ်၏၊ ဘုံဘဝခြားပြီးဖြစ်၏၊ထို့ကြောင့် ပဋိသန္ဓေ အချက်မည်သည် သာမည သတ္တဝါတို့သိနိုင်မြင်နိုင်ကြသော ဌာနမဟုတ်၊ ဉာဏ်ပညာ ရှိကြသော နတ်ဗြဟ္မာတို့အရာ, ဈာန်အဘိညာနှင့်ပြည့်စုံသော ရသေ့ရဟန်းတို့၏အရာ, အလောင်းတော်ကြီးများ၏ အရာသာတည်း၊ သာမည သတ္တဝါတို့မှာ ထိုသူတို့ ဟောကြားသော တရားမှန်အစဉ်အလာကို အမှီပြု၍ သိကြရကုန်သည်၊ ထိုတရားမှန် လက်စပြတ်၍သွားသောလူမျိုး နတ်မျိုးတို့သည်ငင်း,ထိုတရားမှန်ကို ပယ်၍ ကြီကြကုန်သောအကြံ သမားတို့သည်ငင်း, မိစ္ဆာဒိဋ္ဌိတွေ ဖြစ်၍နေကုန်၏၊ ဝိစိကိစ္ဆာတွေဖြစ်၍နေကုန်၏။

**ဖြစ်ပုံကား**······အဟေတုကဒိဋ္ဌိတမျိုး, ဝိသမဟေတုဒိဋ္ဌိအမျိုးမျိုး, ကာရကဝေဒကဒိဋ္ဌိ အမျိုးမျိုး, ဝိစိကိစ္ဆာ ၁၆–မျိုး။

**အဟေတုကဒိဋ္ဌိ**······အဟေတုကဒိဋ္ဌိဆိုသည်ကား ပဋိသန္ဓေဖြစ်ပေါ်မှု၌ ရှေးအကြောင်း ဟူ၍ မရှိ၊ ကောင်းကင်ကျ,မိုးသီးပေါ်ကျကဲ့သို့ ဖြစ်တတ်သောအလေ့ရှိ၍ ဖြစ်

www.dhammaransi.com



ပေါ်သည်ဟု အကြောင်းကိုလုံးလုံး ပယ်သည်ကား အဟေတုက ဒိဋ္ဌိတည်း။

**ဝိသမဟေတုဒိဋ္ဌိ**……အကြောင်း မရှိသည်လည်းမဟုတ်, ရှေး ကံကြောင့် ဖြစ်ပေါ် လာသည် လည်း မဟုတ်, ထာဝရဘုရားဘန်ဆင်း၍သာ ဖြစ်ပေါ် လာသည်၊ ပရမိဿာနတ် မင်းကြီးဘန်ဆင်းသည်၊ဗိဿဏိုးနတ်မင်းကြီး ဘန်ဆင်းသည် အစရှိသည်ဖြင့် မဟုတ်သောအကြောင်းတွေကို အကြောင်း လုပ်၍ယူကြသော ဒိဋ္ဌိအမျိုးမျိုးသည် ဝိသမဟေတုဒိဋ္ဌိ မည်၏။

**ကာရကဝေဒကဒိဋ္ဌိ**……အကြောင်း မရှိသည်လည်း မဟုတ်, ထာဝရဘုရားစသည် ဘန်ဆင်းသည် လည်း မဟုတ်, အတ္တမည်သည်ရှိ၏၊ထိုအတ္တသည် သူပင် ရှေးဘဝ တို့၌ ကုသိုလ်ကံ, အကုသိုလ်ကံကိုပြု၏၊ သူပင်နောက်ဘဝ၌ မိမိ ပြုခဲ့သော ကံချရာ၌ ကျရောက်၍လာ၏၊သူကျရောက်ရာ၌သူနေဘို့, သူခံစားဘို့ ခန္ဓာလည်း ဖြစ်ပေါ် လာရ၏ဟု ယူသည်ကား ကာရ ကဝေဒက ဒိဋ္ဌိတည်း၊ဤဒိဋ္ဌိကား ကံသမားတို့အလယ်၌ ထွန်းကား ၏။

**ဝိစိကိစ္ဆာဆိုသည်ကား**…လူဖြစ်၍ လာမှုသည် ရှေးကံကြောင့် ဆိုသည်လည်း ဟုတ်လေ မသိ, မဟုတ်လေမသိ၊ အကြောင်းမရှိ ဆိုသည်လည်း ဟုတ်လေမသိ, မဟုတ်လေမသိ၊ ဘယ်သူ ဘန်ဆင်းသည် ဆိုသည်လည်း ဟုတ် လေ မသိ, မဟုတ်လေမသိ၊ အတ္တရှိသည် ဆိုသည်လည်း ဟုတ် လေ မသိ, မဟုတ်လေမသိ၊ မိမိသည် ရှေးဘဝတို့၌ ကံကိုပြု၍ နောက်ဘဝ၌ ထိုကံချရာ မိမိရောက်ရသည်၊ မိမိရောက်ရာမှာ ခန္ဓာပေါ်ရသည်ဟူသည်လည်း ဟုတ်လေမသိ, မဟုတ်လေမသိ ဟု ဒွိဟကြီးဖြစ်၍ နေမှုကို ဝိစိကိစ္ဆာဆိုသည်။ ။သတ္တဝါဖြစ်မှုနို ကြီရမှန်းမှ မသိသော အဟိတ်တိရစ္ဆာန် ကဲ့သို့သော ပိတ်တုံး သမားတွေ၏ ပိတ်တုံးမှုကြီးကိုကား သမ္မောဟကြီးခေါ်သည်။

www.dhammaransi.com



**ပစ္စယပရိဂ္ဂဟဉာဏ်**······ထိုအလုံးစုံကို အကုန်ပယ်ခြင်း၌ ဤ ပစ္စယပရိဂ္ဂဟဉာဏ်ကို ထုထောင်ရသည်။ ။ပယ်ပုံကား–ဗုဒ္ဓဘာသာလူမျိုး မှန်ခဲ့လျှင် ယခုဘဝတွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိကို ရကြကုန်သည်ဖြစ်၍ အဟေတုကဒိဋ္ဌိ, ဝိသမဟေတုဒိဋ္ဌိတို့ ကွာခိုက် ကြုံ၏၊ ဝိစိကိစ္ဆာလည်း ကွာခိုက်ကြုံ၏၊ ယောင်တိ ယောင်တ သမ္မောဟ သမားတို့ကား များကြကုန်၏။ ။ရှေးရှေး ဘဝတို့၌ မိမိပြုသော ကောင်းမှုမကောင်းမှုတို့ကြောင့် နောက်နောက်ဘဝတို့၌ ကံပစ်ချရာ မိမိဖြစ်လာရသည်၊ မိမိပြုခဲ့သော ကံ၏အကျိုးကို မိမိခံစားရသည်၊ ကောင်းမှုကို ပြုသောသူ သုဂတိ ဘဝသို့ လားရသည်၊ မကောင်းမှုကို ပြုသောသူ ဒုဂ္ဂတိဘဝသို့ လားရသည်–ဟူသော အတ္တအမှုင်တန်း၍နေသော ကာရကဝေဒက ဒိဋ္ဌိကိုကား မခွါနိုင်ကြကုန်။ ။အနတ္တ ဒေသနာကိုလည်း ကြားသိကြကုန်၏၊ ပဋိစ္စသမုပ္ပါဒ်,ပဋ္ဌာန်း တို့ကိုလည်း တတ်သိကြကုန်၏၊ စိတ်သန္တာန်၌ အရိုးစိုက်၍နေသော ထိုအတ္တဒိဋ္ဌိကြီး,ကာရကဝေဒကဒိဋ္ဌိကြီးကိုလည်း မခွါနိုင်ကြကုန်။

**သမ္မာဒိဋ္ဌိမျက်စိ**······ခပ်သိမ်းသော သတ္တဝါတို့သည် ရှေးရှေးသော ဘဝတို့၌ ကောင်းမှု မကောင်းမှုကို ပြုကြ၍ နောက်နောက်သောဘဝတို့၌ မိမိတို့ကံပစ်ချရာကျရောက်ကြရကုန်သည်–ဟူသော အမှတ်အထင် အမြင် အယူကြီးသည်ကား စိတ်မှာ အရိုးစိုက်ကြီးအတိုင်းပင် စိုက်လျက် ရှိကြကုန်၏၊ ဤအရိုးစိုက်ကြီးကား ကမ္မဿကတာ သမ္မာဒိဋ္ဌိကြီးနှင့် ယှဉ်သည်ဖြစ်၍ ဘုရားပွင့်ရာမဟုတ်သော သာသနာပ အခါ၌ကား လမ်းရိုးလမ်းမှန်ကြီးပင်တည်း၊ ထိုအရိုးစိုက်ကြီး၌ တည်၍ လူ့ချမ်းသာ, နတ်ချမ်းသာ,ဗြဟ္မာချမ်းသာကို ရကြကုန်၏၊ဗောဓိကြီးဗောဓိငယ်တို့၏ ပါရမီကိုလည်း ဖြည့်ကြရကုန်၏၊ သံသရာ၌ ကျင်လည်၍နေကြကုန်သော သူတို့၏ မျက်စိကြီး ပေတည်း၊ သံသရာ၌

www.dhammaransi.com



ကျင်လည် ကြကုန်သော သတ္တဝါတို့အား ဤကမ္ဘာသကတာဉာဏ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမျက်စိကိုပင် အလွန်ရခဲ၏။

**ဘာသာတပါးဒိဋ္ဌိများ**……ယခုအခါ၌ ဗုဒ္ဓဘာသာ လူမျိုး, ဟိန္ဒူ ပုဏ္ဏားဘာသာ လူမျိုးတို့၌သာ ဤမျက်စိရှိ၏၊ကြွင်းသောလူမျိုးတို့၌မရှိ၊ အပါယ်လေးဘုံသားတို့၌လည်းမရှိ၊ အချို့ရှိသော်လည်း အသုံးမချနိုင်၊ အကြွင်လူမျိုး နတ်မျိုးတို့၌ ဤမျက်စိ ကွယ်ပျောက်၏၊ ထိုလူမျိုး နတ်မျိုးတို့သည် အချို့အဟေတုက ဒိဋ္ဌိမျိုးဖြစ်ကြကုန်၏၊ အချို့ဝိသမဟေတု ဒိဋ္ဌိမျိုး ဖြစ်ကြကုန်၏၊ယခုအခါ ခရစ်ဘာသာ,မဟာမက်ဘာသာ, ဘရင်ဂျီဘာသာတို့သည် ဝိသမဟေတုဒိဋ္ဌိတို့တည်း၊ အချို့သော လူမျိုးတို့သည် ဘာသာအမျိုးမျိုးတို့ အလယ်၌ ဝိစိကိစ္ဆာ ကောင်ဝေ့ ဖြစ်၍နေကြကုန်၏၊အချို့သော တောသားတောင်သားလူရိုင်းမျိုး, ကျွန်းငယ်သားလူရိုင်းမျိုး, နတ်ယုတ်နတ်ညံ့မျိုး, အပါယ်သတ္တဝါမျိုးတို့ကား ပဋိသန္ဓေအချက်မှာ ပိတ်တုံးကြီးဖြစ်၍နေကြသော သမ္မောဟကောင်ဝေ့တို့သာတည်း။

**ဤမျက်စိကွယ်ဆုံးလျှင်**……ဤမျက်စိတကြိမ်ကွယ်ဆုံး၍ သွားခဲ့ကြလျှင် ဤမျက်စိကို ဘဝတရာနှင့်လည်း မရနိုင်ကြကုန်၊ဘဝတထောင်နှင့်လည်း မရနိုင်ကြကုန်၊ ဘဝတသောင်းနှင့်လည်း မရနိုင်ကြကုန်၊ ဘဝတသိန်းနှင့်လည်းမရနိုင်ကြကုန်၊ ဤမျက်စိကို မရကြသမျှ ကာလပတ်လုံး သံသရာလမ်း ငုတ်တုတ် ကွယ်ပျောက်၍ နေကြကုန်၏၊ တဘဝလုံး လှုပ်လှုပ်ရွရွ ဖြစ်သမျှသော ကာယကံ,ဝစီကံ,မနောကံတို့သည် အမှောက်ကြီးမှောက်၍သွားတို့,အမှားကြီးမှား၍သွားတို့,အမြှုပ်ကြီးမြှုပ်၍သွားတို့,အနစ်အမွန်းကြီး နစ်မွန်း၍သွားတို့သာ ဖြစ်ကြကုန်၏။

**ဤမျက်စိဆိုသည် ကား**……အောက်၌ ငရဲကြီး ရှစ်ပြည်ထောင်တို့နှင့်တကွ အပါယ်လေးဘုံ တို့သည် ရှိကြကုန်၏၊ အထက်၌ နတ်ပြည် ခြောက်ထပ် ဗြဟ္မာ

www.dhammaransi.com



နှစ်ဆယ်တို့သည် ရှိကြကုန်၏၊ ဘယ်အမှု ဘယ်အမှုကို ပြုခဲ့လျှင် ထိုသူသည် အပါယ်သို့ကျ၍ ကြီးစွာသော ဒုက္ခကိုခံရ၏၊ ဘယ်အမှု ဘယ်အမှုကို ကြဉ်ရှောင်ခဲ့သော်ငြား,ဘယ်အမှု ဘယ်အမှုကို ပြုခဲ့သော်ငြား,နောက်ဘဝ၌ လူ့ဘုံ၌ဖြစ်၍, နတ်ပြည် ခြောက်ထပ် နတ်ဘုံတို့၌ဖြစ်၍, ဗြဟ္မာဘုံတို့၌ဖြစ်၍ ချမ်းသာသုခကို ခံစားရ၏ ဟု ကောင်းမှုမကောင်းမှုကိုငြား, လားရာဂတိကိုငြား နေရာကျ သိသော ဉာဏ်ပေတည်း၊ ဤမျက်စိရှိသျှက်နှင့်ပင် လမ်းမှားသို့ လိုက်ကြသူအလွန်များကုန်သေး၏၊ ဤသံသရာမျက်စိ လုံးလုံးမရှိ ကြကုန်သော ခေတ်ကန်းတို့၌မူကား ဆိုဘွယ်မရှိပြီ၊ အနမတဂ္ဂ သံသရာ တလျှောက်ကြီးကို မြော်၍ကြည့်လေ၊ ဤသည်လည်း ကြောက်ဘွယ် ကောင်းလှသော သံသရာဘေးကြီး တပါးပင် တည်း၊ ဗုဒ္ဓဘာသာလူမျိုးတို့သည် ယခုရရှိ၍နေသော ဤသံသရာ မျက်စိကြီးကို နောင်ဘဝ အဆက်ဆက် ကွယ်ဆုံးသည် မရှိရ အောင် အားထုတ်ဘွယ် အလွန်ကောင်းလှ၏၊ ဤမျက်စိလည်း သောတာပန်အဖြစ်သို့ရောက်မှပင် မြဲနိုင်သည်။

**ခေတ်ကြီး ၆–ပါး**……ဘုရားပွင့်ရာ သာသနာနှင့် ကြုံကြိုက်၍ အနုတ္တဒေသနာ,ပဋိစ္စသမုပ္ပါဒ်ဒေသနာ များကို ကြားနာခွင့် ရကြသော အခါ၌မူကား ထိုအရိုးစိုက်ကြီး အတိုင်းနှင့် မနေရကြကုန်၊ မိမိယူသော အတ္တအမှင်ကြီး တန်းလန်း ပါရှိသည့်အတွက် မင်္ဂအနန္တရာယ်, ဖိုလ်အန္တရာယ်ကြီးတည်း။ ။ ထို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၍ မိမိကိုယ်ခန္ဓာ၌ ပရမတ်ခေတ်ကြီး လေးပါး လေးစိပ် လေးမြွာ ခြားနားစွာ မြင်ပြီးသော သူသည် ရှေးဦးစွာ ပဋိသန္ဓေ၌ ဒိဋ္ဌိဝိစိကိစ္ဆာ သမ္ဘောဟ တရားတို့ကို ဉာဏ်နှင့် သုတ်သင်ပယ်ရှားရာ၏၊ ပယ်ရှားပုံကား ပဋိသန္ဓေ၌ ရှေးဦးစွာ ဖြစ်ပေါ်သော ခက်မာမှု ကြိယာသည် ထိုအခါ၌သာ ဥပါဒ်စွန်းနှင့်တကွ ဖြစ်ပေါ်သော ကြိယာတည်း၊ ရှေးဘဝက ကူးပြောင်း၍လာခဲ့သည်မဟုတ်၊ထို့အတူ ထိုခက်မာမှု ကြိယာကို

www.dhammaransi.com



မှီ၍ဖြစ်သော ဘွဲ့စေးမှုကြိယာ,ပူဆွေးမှုကြိယာ,ပွဲရှုမှုကြိယာတို့သည်လည်း ထိုအခါ၌သာ ဥပါဒ်စွန်းနှင့်တကွ ဖြစ်ပေါ်ကြသော ကြိယာတို့သာတည်း၊ ရှေးဘဝက ကူးပြောင်း၍ လာကြသည် မဟုတ်ကုန်ဟု ဖြစ်ပေါ်မှု ဥပါဒ်စွန်းကို သိမြင်ရာ၏။ ။ထို့အတူ ထိုခေတ်ကြိယာကြီး လေးပါးနှင့် အတူတကွ ဖြစ်ပေါ်သော ပဋိသန္ဓေ ဝိညာဏ်၏ ဥပါဒ်စွန်းကိုလည်း သိမြင်ရာ၏၊ ခေတ်ဆိုဟူသော အာဟာရခေတ်ကိုလည်း ထို့အတူ သိမြင်ရာ၏။

(ခေတ်ကြီးခြောက်ပါးပြီး၏။)

**ဒိဋ္ဌိစသည်ပယ်ပုံ**……သစ်တပင်မှ သစ်တပင်သို့ ကူးပြောင်းသော ငှက်ကဲ့သို့ ဤခေတ်ခြောက်ပါးသည်လည်း ရှေးဘဝမှ ဤဘဝသို့ ကူးပြောင်း၍ လာနိုင်သော အတ္တမျိုးမဟုတ်၊ ဤဘဝတွင်မှ အသစ်ဖြစ်ပေါ်မှု ထင်ရှားရှိသော နိသတ္တ နိဇ္ဇီဝ အနတ္တဓမ္မတို့သာတည်း၊ ဤခေတ်ခြောက်ပါး အပြင်လည်း ထိုပဋိသန္ဓေအထဲမှာ ရှေးဘဝကကူးပြောင်း၍လာခဲ့သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝဟူ၍ အသီးအခြား မထင်မမြင်မရှိ။ ။ ဤသို့ သန့်ရှင်းစွာမြင်၍ ပဋိသန္ဓေအခိုက်၌ ငါသည်ရှေးဘဝမှ နောက်ဘဝသို့ ကူးပြောင်း၍ လာသည်ဟူသော အမှတ်များ အထင်များ အမြင်များ အယူများ အစွဲများ အစွဲများ ဒိဋ္ဌိကြီးကို စိတ်သန္တာန်မှ ပယ်ရှားရာ၏။ ။ပြောင်းလာသည်လည်းမသိ မပြောင်းလာသည်လည်းမသိ-ဟူသော ဝိစိကိစ္ဆာကြီးကိုလည်း ပယ်ရှားရာ၏။ ။ဘာ့မှန်းမှ သက်သက်မသိသော သမ္မောဟ တရားကြီးကိုလည်း ပယ်ရှားရာ၏။

ထို့နောက် ထိုခေတ်ခြောက်ပါးသည် ဘယ်အကြောင်းကြောင့် ဖြစ်ရသနည်းဟု အကြောင်းကို ရှာခန်းဆိုက်၏၊ ထိုအခါရှေးကံ ကြောင့်ဖြစ်၏၊ထိုရှေးကံသည်လည်း စေတနာတရားဖြစ်၍ ထိုဘဝ၌ ချုပ်ဆုံးခဲ့ပြီ၊ထိုကံဖြစ်သောအခါ၌လည်း ခေတ် ခြောက်ပါးနှင့် စေတနာမှသာရှိ၏၊ကံကိုပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝ

www.dhammaransi.com



ဟူ၍အသီးအခြားမရှိ။ ။ဤဘဝ ပဋိသန္ဓေ အတွင်း မှာလည်း အကျိုးကိုခံစားရန်ထိုဘဝမှကူးပြောင်း၍လာသောပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝမရှိ၊ဓာတ်ခြောက်ပါးသာရှိ၏ဟုဉာဏ်၏ ဆုံးဖြတ်မှုကို သန့်ရှင်းစွာပြုနိုင်သည်ရှိသော် ကာရကဝေဒကဒိဋ္ဌိကွာလေ၏။ ။ ရှေးကံကြောင့်ဖြစ်သည်ဟု ဉာဏ်၏ ဆုံးဖြတ်ခြင်းကို ရသဖြင့် အဟေတုကဒိဋ္ဌိ ဝိသမဟေတုဒိဋ္ဌိ သမ္မောဟကြီးတို့သည် လွင့်စင်ကြကုန်တော့သည်။ ။ဤသို့ ဉာဏ်၌ ရှေးဘဝ နောက်ဘဝကူးမှု ပြောင်းမှုအမျှင်ပြတ်၍ ဥပါဒ်စွန်းတိတိနှင့် ဓာတ်စုဓာတ်ခဲဖြစ်ပေါ် ၍ လာမှုကိုကောင်းစွာမြင်ရာ၏။

**နွယ်ရှည်ကြီးသဘွယ်**……လွန်ခဲ့ပြီးသော အနမတဂ္ဂ သံသရာ၌ မိမိဘဝတွေကိုပြန်၍မြော်လိုက်သော် ၎င်း,နောက်အနာဂတ် ဘဝစုကို မြော်လိုက်သော်၎င်း, တဘဝမှ တဘဝကူးပြောင်းသော အခြင်းအရာ အမျှင်ရှင်းရှင်း ပြတ်သဖြင့် ထက်လှစွာသောထားသန်လျက်ဖြင့်တထွာစီ တမိုက်စီ အတိုအတို တွေ ခုတ်ဖြတ် ထိစပ်၍ထားအပ်သော နွယ်ရှည်ကြီး အပိုင်းအပိုင်း တွေကိုမြင်သကဲ့သို့,ဘဝအပိုင်းအပိုင်းတွေကို မြင်ခဲ့လျှင် ပဋိသန္ဓေ၌ ကင်္ခါဝိတရဏ ဉာဏ်ထင်မြင်၏၊ ငါဟူသောပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝ အသက်ဝိညာဏ်ကူးမှုသန်းမှုအမျှင်တန်းလျက်စိတ်မှာထင်နေသေးလျှင် ကင်္ခါဝိတရဏဉာဏ်မထမြောက်သေး။ ။ပဝတ္တိအခါ၌ ပဋိသန္ဓေခဏကို လွန်ခဲ့သည့်နောက် အမိဝမ်း၌ ဆယ်လစေ့၍ ဘွား၏၊ ဘွားမြင်သည်မှစ၍ အနှစ်တရာတိုင်အောင် နာရီတွေကို စဉ်၍ထား၊ ပရမတ်မြေဓာတ် အစစ်ဖြစ်သော ခက်မာမှုကြိယာ တခုကို အနှစ်တရာတန်း၍ကြည့်။

ငယ်ထိပ်မှစ၍ ခြေဘဝါးတိုင်အောင်အတွင်းအပြင် တကိုယ်လုံး၌ အပြည့်ရှိနေသောထိုခက်မာမှုကြိယာသည် အနှစ်တရာ ပတ်လုံး ဘယ်လိုမှ လှုပ်ခြင်းရှားခြင်းမရှိ၊အမူအရာပြောင်းလဲခြင်းမရှိ၊ ပဋိသန္ဓေကဖြစ်၍လာခဲ့သည့်အတိုင်း နိစ္စ အနေနှင့်အမြဲ တည်နေ

www.dhammaransi.com



သလောဟုကြည့်။ ။ဇာရိယာပုထ်ပြောင်းမှုအတွက်နှင့် တကိုယ်လုံးသွက်သွက်ခါလှုပ်ရှား၍ ဦးခေါင်းတခုလုံး၌ခက်မာမှု အမှုအရာကြိယာတွေ အဆင့်ဆင့် ပြောင်းလဲမှုတွေ ရင်တွင်း ဝမ်းတွင်း ခါးတွင်း ပေါင်တွင်း သလုံးမြင်းခေါင်းတွင်း စသည်တို့၌လည်း လှုပ်မှုရှားမှုနှင့်ခက်မာမှု အမှုအရာကြိယာတွေ အဆင့်ဆင့် ပြောင်းလဲမှုတွေကိုမြင်လိမ့်မည်။ ။အလွန်နူလှ စိပ်လှ လျင်မြန်လှသော ပြောင်းလဲမှုတွေကို မြင်လိမ့်မည်။ ။အနှစ်တရာမဆိုထားနှင့်ဦး၊ တနေ့တရက်စာ တန်း၍ ကြည့်လျှင်ပင် ဇာရိယာပုထ် ပြောင်းလဲမှုအတွက်နှင့်ခက်မာမှုကြိယာတွေပြောင်းလဲမှုကို များစွာ မြင်လိမ့်မည်။ ။ခက်မာမှုကြိယာတွေ ပြောင်းလဲမှုကို မြင်ခဲ့လျှင် ကြွင်းသောအမှုအရာ သုံးခုတို့ပြောင်းလဲမှု တွေကိုလည်း မြင်နိုင်တော့သည်။ ။နောက်နောက်အမှုအရာ အသစ်အသစ် တို့သည်ဥပါဒ်အစွန်းကိုယ်စီနှင့်တကွ အဆင့်ဆင့် ဖြစ်ပေါ်ကြကုန်၏၊ ရှေးအမှုအရာဟောင်းမှ ကူးပြောင်း၍ လာကြသည်မဟုတ်ကုန်။ ။ဓာတ်သဘာဝ သက်သက်ဖြစ်ကုန်သော အမှုအရာဟောင်း အမှုအရာသစ်တို့အထဲမှာလည်း ပကတိအတိုင်းနှင့် ကူးပြောင်း လိုက်ပါ၍ နေနိုင်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝ ဟူ၍ အသီးအခြား မရှိ။

ဤသို့သန့်ရှင်းစွာ ထင်မြင်၍ ပဝတ္တိ အခါတွင် တနေ့တနေ့မှာ အကြိမ်များစွာဇာရိယာပုထ်ပြောင်းလဲရာတို့၌ရှေးရှေးဇာရိယာပုထ်မှနောက်နောက်ဇာရိယာပုထ်သို့ ငါကူးပြောင်းသည်, ငါသည်ပင် အိပ်ရာမှထိုင်သည်,ထိုင်ရာမှထသည်, ရပ်သည်, ရပ်ရာမှ သွားသည်, ခြေလှမ်းများစွာနှင့် ငါသည်ပင်လျှင် ဘယ်ကိုသွားသည်၊ ဘယ်ကလာခဲ့သည်၊ငါသည်ကွေးသော လက်ကို ဆန့်သည်၊ ဆန့်သော လက်ကို ကွေးသည်၊ ဤသို့ စသည်ဖြင့် အမှတ်များ အထင်များ အမြင်များ အယူများ အစွပ်များ အစွဲများ ဒိဋ္ဌိကြီးကို စိတ်သန္တာန်မှ ပယ်ရှားရာ၏။ရုပ်ဟူ၍ နာမ်ဟူ၍ ဓာတ်ဟူ၍ မြေဓာတ်ဟူ၍ ရေဓာတ်ဟူ၍ သက်သက်မသိသော သမ္မောဟတရားကြီး

www.dhammaransi.com



ကို ပယ်ရှားရေ၏၊ ထို့နောက် ထိုထို ဇာရိယာပုထ်တို့၌ အသစ်အသစ် တမျိုးတမျိုး ဖြစ်ပေါ်ကြသော အမူအရာသစ်တို့သည် ဘယ် အကြောင်းကြောင့် ဖြစ်ကြကုန်သနည်းဟု အကြောင်းကို ရှာခန်း ဆိုက်၏၊ ထိုအခါ ထိုထို ဇာရိယာပုထ် ရုပ်ခဓာတ် အမူအရာတို့ကို ပြုလိုသော စိတ်ကြောင့်ရင်း,ထိုအမှု အားလျော်စွာ အဟုန်နှင့်တကွ တောက်၍ထသော ဥတုဓာတ်မီးတို့ကြောင့်ရင်း ဖြစ်ကုန်၏၊ ထိုစိတ် ထိုဓာတ်မီးတို့လည်း သူ့ဇာရိယာပုထ်နှင့်သူ ချုပ်ကြပျက်ဆုံးကြ ကုန်၏။

ရှေးရှေးသောဇာရိယာပုထ်တို့၌လည်း ရှေးရှေး ဖြစ်သောစိတ် ဥတုတို့နှင့် ထိုအမူအရာကြီးလေးပါးတို့သာ ရှိကုန်၏၊ ထိုတရားတို့ အပြင် ဇာရိယာပုထ်ကိုပြုလုပ်သူ,ဇာရိယာပထသုခ, ဒုက္ခကို ခံစား သူပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝ,ကာရက,ဝေဒက ဟူ၍ အဏုမြူမျှ မရှိ၊ နောက်နောက်ဇာရိယာပုထ်ရုပ်ကြိယာတို့လည်းနောက်နောက် ဖြစ်သောစိတ်ဥတုတို့နှင့် နောက်နောက် ဖြစ်သော ထိုအမူအရာ လေးပါးတို့သာ ရှိကုန်၏၊ထိုတရားတို့အပြင် ဇာရိယာပုထ်ကိုပြုလုပ် သူ ဇာရိယာပထသုခ, ဒုက္ခကို ခံစားသူ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, ကာရက, ဝေဒက ဟူ၍ အဏုမြူမျှ မရှိဟု ဇာရိယာပုထ် တွေ အပိုင်းအပိုင်းဖြစ်၍ကုန်အောင် ဉာဏ်၌ဆုံးဖြတ်မှုကို သန့်ရှင်း စွာ ပြုနိုင်သည်ရှိသော် ကာရက,ဝေဒက, ဒိဋ္ဌိ ကွာလေ၏၊ ထို ဇာရိယာပုထ်တို့၌ အသီးအသီး အသစ်အသစ် ဖြစ်ပေါ်ကြကုန် သော မာမှု ဘွဲ့စေးမှု ပူမှု အေးမှု တွန်း၍ လှုပ်ရှားမှုဟူသော ဓာတ် ကြိယာကြီးတို့သည် အသီးအသီးသော စိတ်ဥတုတို့ကြောင့် ဖြစ် ကြကုန်၏ဟု ဉာဏ်၏ ဆုံးဖြတ်ခြင်းကိုရသဖြင့် အဟေတုကဒိဋ္ဌိ ဝိသမဟေတုဒိဋ္ဌိ သမ္ဗောဟတရားကြီးတို့သည် လွင့်စင်ကုန်တော့ သည်၊ ဤသို့ ဉာဏ်၌ ရှေ့ဇာရိယာပုထ် နောက်ဇာရိယာပုထ်က ပြောင်းသူ ငါဟူ၍ မရှိဟုအမှုင်ပြတ်၍ ဥပါဒ်စွန်းကိုယ်စိနှင့်ဓာတ်ရ ဓာတ်ခဲသာ ဖြစ်ပေါ်၍နေမှုကို ကောင်းစွာ မြင်ရာ၏၊ ကူးပြောင်း သူ ပုဂ္ဂိုလ်သတ္တဝါ ငါ ဟူ၍ အမှုင်တန်းလျက် ထင်မြင်ချက်ရှိနေ

www.dhammaransi.com



လျှင် ကသိုဏ်းပရိကံတရား ဉာဏ်မပိုင်သေး၊ ဤကား ကြီးသောရုံမှ အကျဉ်းပြလိုက်သော ကသိုဏ်းပရိကံတရားဝိသုဒ္ဓိ အစီအရင်တည်း။

(အကျယ်ကိုမူကား ငါတို့ စီရင်သော လက္ခဏာ ဒီပနီ, ဝိဇ္ဇာမဂ္ဂ ဒီပနီ, အာဟာရ ဒီပနီ စာအုပ် ငယ်များမှာ ကြည့်လေ။)

ဤသို့လျှင် ကသိုဏ်းပရိကံတရား ဉာဏ်အလုပ်ကိုထမြောက် ပေါက်ရောက်အောင်အားထုတ်နိုင်ကြ၍ အဟေတုကဒိဋ္ဌိ,ဝိသမဟေတုဒိဋ္ဌိ,ယခုလူ့ရှင်အများမှာရှိနေကြသော ကာရကဝေဒကဒိဋ္ဌိ,ဘယ်ဟာ ဟုတ်မည် မသိဟု ဒွိဟဖြစ်နေသော ဝိစိကိစ္ဆာ, ဘာမှန်းမှ သက်သက် မသိသော သမ္မောဟတရားတို့မှကင်းလွတ်ကြသည်ရှိသော်ယခုဘုရားသာသနာ၌ပင်လျှင် ယခုဘဝ၌သော်ရင်းနတ်ပြည်သို့ရောက်မှနောက်ဘဝ၌သော်ရင်း မချွတ်မလွဲအမြဲကြေနပ် ဘုံစဉ်စံအရိယာ မဟာသောတာပန်ကြီး အဖြစ်သို့ ရောက်နိုင်ကြရန် ဗုဒ္ဓသောတာပန်ဖြစ်ကြလေကုန်၏၊ ဤကားဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး အလိုတည်း။ ။ဤစူဠသောတာပန်ကား ရှေ့ဗုဒ္ဓ သောတာပန် ထက် ရင့်၏။ ။ဤကသိုဏ်းပရိကံတရား ဝိသုဒ္ဓိထမြောက်၍သက္ကာယ ရေးသုံးပါးအလုပ်များကို အားထုတ် လိုကြကုန်သော သူတို့သည် ငါတို့စီရင်သော ရှေး၌ပြဆိုခဲ့ပြီးသော ကမ္မဋ္ဌာန်း စာအုပ်ငယ်အများ,တပါးသော ပညာရှိတို့ စီရင်ကြသော ကမ္မဋ္ဌာန်း စာအုပ်များကို ကြည့်ရှုကြလေကုန်။

(ယခုကာလ၌ ဝိပဿနာအလုပ်ကို အထင်အမြင် ရအောင် မလုပ်နိုင်ကြ, လုပ်လိုသောစိတ် ဆန္ဒပင် မရှိနိုင်ဖြစ်နေကြသည်မှာ ဘယ်တရား အတွက်ဟု အချက်ကျသိလိုကြလျှင် ဗောဓိပက္ခိယဒီပနီကိုကြည့်ရှုကြလေ။)

ဤသို့လျှင် သံသရာကြီး၌ အလွန်ယုတ်မာလှစွာသော ဝဋ်ဆိုးကြီးသုံးပါး ဘေးဆိုးကြီးနှစ်ပါး သံသရာလမ်း မျက်စိကန်းမှုနှင့်တကွ ဘေးကြီးသုံးပါး ဤတရားတို့ကိုတွေ့ကြုံသိမြင် ကြောက်လန့်စက်ဆုပ်ကြလေကုန်သည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်နှင့်တွေ့ကြုံကြရလျှင် ထိုအဆိုးအဝါကြီးတို့မှ လွတ်မြောက်သော အခွင့်

www.dhammaransi.com



ကိုရကြကုန်လိမ့်မည်ဟု မြော်ခေါ် ထင်စား အားကိုးအားကျလျက်
ဘာဝများစွာ ကမ္ဘာ့အဆက်ဆက်တို့က ဒါနသီလ ဘာဝနာပတ္ထနာ
ဆုတောင်းတို့ကို ကောင်းစွာအားထုတ်၍လာကြကုန်သည် ဖြစ်ပါ
လျက် ယခုဘုရားသာသနာနှင့် တွေ့ကြုံကြသောအခါ ထိုအခွင့်ကို
မရကြကုန်သေးဘဲနှင့် ဖြစ်တတ်သမျှသော ဒါန သီလ ပရိယတ္တိ ဓမ္မ
တို့၌ စိတ်ချတင်းတိမ်၍ နေကြကုန်သည်များမှာ အားမရလောက်
သည်၌ အားရတင်းတိမ်၍နေသော သောမနဿယုတ်, အလွန်
ပျော်မွေ့ထိုက်သော သမထဝိပဿနာ ဘာဝနာ လုပ်ခင်းတို့၌
ပျင်းရိငြီးတောက် အခြောက်တိုက် ချခံ၍ နေသော ဥပေက္ခာ
ယုတ်,ဤတရားနှစ်ပါးတို့သတ်မှုပင်တည်းဟု သိမြင်ကြကုန်သော
ပညာရှိသူတော်ကောင်း အပေါင်းတို့သည် ထိုတရားတို့ကို ပယ်
ရှား သုတ်သင်ကုန်ကြ၍ ယခု ဘုရားသာသနာ၌ပင်လျှင် ရည်သန်
ရင်း စခန်းသို့ လှမ်းနိုင်ရန် ဂတိများစွာကြီးရှိသေးသည်ကို သတိ
ရကုန်ကြသဖြင့် ယခုအခါနတ်ရွာ ခြောက်ဆင့်မှမြော်လင့် စောင့်
စား၍ နေကြပေကုန်သော ဘုံစဉ်စံ အရိယာ မဟာသောတာပန်
အညာဆန်တို့နှင့် လူ့ထံကအပြောင်း နောက်ဘဝ ဇာတ်ပေါင်း
ကြရအောင် ကောင်းမြတ်သော သောမနဿ ဥပေက္ခာ နှစ်ပါး
တို့ကို ကြိုးစား အားသစ်၍ ဖြစ်မြောက်အောင် ထူထောင်ကြကုန်
ရာသတည်း။

**အမိပမာ-ရှင်သာရိပုတ္တရာ**……ယခုအခါ သောမနဿ ဆရာ
ဥပေက္ခာ ဆရာနှစ်ဦးတို့၏ ဂုဏ်
ကျေးဇူးကိုပြပေအံ့၊ တရံရောအခါ မြတ်စွာဘုရားသည် ရဟန်း
ပရိသတ်ကြီးအလယ်၌ ဤသို့သော စကားကို ဟောကြား တော်မူ
ပေ၏၊ ငါ၏ချစ်သား ရဟန်းများတို့, သာရိပုတ္တရာ မောဂ္ဂလာန်တို့ကို
ကောင်းစွာဆည်းကပ်ကြကုန်လော၊ သာရိပုတ္တရာသည် ဤသတ္တဝါ
အပေါင်းတို့၏အမိသဘွယ်ဖြစ်ပေ၏၊ မောဂ္ဂလာန်သည်ဤသတ္တဝါ
အပေါင်းတို့၏ အဘသဘွယ်ဖြစ်ပေ၏၊ သာရိပုတ္တရာသည် အ
ဘယ်သို့လျှင် သတ္တဝါအပေါင်းတို့၏ အမိသဘွယ် ဖြစ်သနည်းဟူ

www.dhammaransi.com



မှုကား အမိသည်ငယ်ရွယ်လှစွာသော သားကိုဘာသာလျောက် လျှားသွားတတ်စားတတ် နေတတ် ထိုင်တတ်ရှိသည့် တိုင်အောင် စောင့်ရှောက်မွေးမြူပေ၏၊ထို့အတူ သာရိပုတ္တရာသည် ကရုဏာ ထက်သန်သဖြင့် ပုထုဇဉ်အဖြစ်၌ နစ်မွန်းလျက် အပါယ် နခမ်း၌ မြူးစား၍ နေကြကုန်သော ဤသတ္တဝါ အပေါင်းတို့ကို သစ္စာဓမ္မ ဒေသနာကိုပြသဖြင့် အပါယ်မှထွက်မြောက်အောင် စောင့်ရှောက် ကယ်တင်ပေ၏၊ ထို့ကြောင့် သာရိပုတ္တရာသည် ဤသတ္တဝါအ ပေါင်းတို့၏ အမိသဘွယ်ဖြစ်ပေ၏။

**အဘသဏ္ဍာန် ရှင်မောဂ္ဂလာန်**······မောဂ္ဂလာန်သည် အဘယ် သို့လျှင် ဤသတ္တဝါ အ ပေါင်းတို့၏ အဘသဏ္ဍာန်သဘွယ်ဖြစ်ပေသနည်းဟူမူကား အဘ သည် အမိလက်လွှတ်ရသေသသားငယ်ကို လိမ္မာဘွယ် ချမ်းသာ ဘွယ် အသွယ်သွယ်နည်းလမ်းဖြင့် လူတို့တန်းပြောင်မြောက် အောင် စောင့်ရှောက်သွန်သင်ပေ၏၊ထို့အတူ မောဂ္ဂလာန်သည် အဘိဓမ္မာဉာဏ် လွန်ထက်သန်သဖြင့် သောတာပန် အဖြစ်သို့ ရောက်၍ ဝမ်းမြောက် အားရစိတ်စက်ချ၍ နေကြကုန်သော သတ္တဝါ အပေါင်းတို့ကို အဘိဓမ္မာအချက် အလွန်နက်သော အထက်တရားကြီးတွေကို ဟောကြားညွှန်ပြလျက် အထက်မင် အထက်ဖိုလ်သို့ ရောက်အောင် ချီးမြှောက်ဆုံးမပေ၏၊ ထို့ကြောင့် မောဂ္ဂလာန်သည် ဤသတ္တဝါအပေါင်းတို့၏ အဘသဘွယ်ဖြစ်ပေ ဟူ၍ ပရိသတ်အပေါင်းတို့အား ဟောကြားတော်မူပေ၏။

**စပ်ဟပ်ပုံ**······ဤအရာ၌ သောမနဿ ဆရာသည် အရှင်သာရိ ပုတ္တရာနှင့် တူလှပေ၏၊ ဥပေက္ခာ ဆရာသည် အရှင်မဟာမောဂ္ဂလာန်နှင့်တူလှပေ၏၊အဘယ်သို့ တူလှသနည်းဟူ မူ အရှင်သာရိပုတ္တရာသည် ကရုဏာဓမ္မအားကြီးလှသဖြင့်ဝေနေ ယျ အကြိုက် ဓာတ်စရိုက်ကို လိုက်လျောဖြောင်းပြလျက်ပုထုဇဉ် ဘာဝ နွံလှသော သတ္တဝါတွေကိုပင်ပါလာအောင် ဖြားယောင်း၍

www.dhammaransi.com



ဒွါပါယ်ကြောင်းခရီးမှ ချီးမြှောက်ကယ်တင်တော်မူ၏၊ ထို့အတူ သောမနဿ ဆရာသည် ကရုဏာဓမ္မ ထက်သန် လှသဖြင့် ဝေနေယျအကြိုက် ခါတ်စရိုက်ကို လိုက်လျော ဖြောင်းပြချက် ယခုကာလ နူသည်ထက်နူလှသော ဝေနေယျ သတ္တဝါတွေကို ပါလာအောင်ကြိုဘန်လျက် သုတ္တန်တော်အလို ရွှန်းရွှန်းစို မွန်မြတ်သည့် သောမနဿတရားဖြင့် လေးပါးသောအပါယ်ချောင်မှထုတ်ဆောင် ကယ်တင်ပေ၏။ ။ဥပေက္ခာဆရာသည်အဘိဓမ္မာဉာဏ် လွန်ထက်သန်သဖြင့် လောကဓံ လေဖွေလျှင် ဆွေ့ဆွေ့ခုန် လှုပ်တတ်သော သောမနဿတရားမှုနှင့် အားရ၍ မနေအောင် အဘိဓမ္မာအထွက် ဥပေက္ခာအနက်ဖြင့် ကောင်းသည်ထက်ကောင်းကြအောင် ဆုံးမကယ်တင်ပေ၏။

ထို့ကြောင့်ပြည်ရွှေတောင်မြို့သား ငါတို့ထံစာပါး၍ ချောက်ထားသူ ဒါယကာတို့မှာ သုတ္တန်အဘိဓမ္မာကျမ်းဂန်၌ လိမ္မာသော ဆရာမြတ်နှစ်ဦး၏ကျေးဇူးကိုသိကြ၍ မိဘ၏ အလား ဆရာမြတ်နှစ်ပါးကို ဆပွါးတိုးတက် ဓေသဒ္ဓါထက်ထက်နှင့် တသက်လုံးကိုးကွယ်ကြစေကုန်သတည်း။

သုတ္တန်အဘိဓမ္မာ အသီးသီးလိမ္မာကြသော ကျမ်းဆရာနှစ်ပါးတို့မှာလည်းထင်ရှားစွာ ပြောပြလိုက်သောသောမနဿဥပေက္ခာ သဘာဝ နှစ်ဘက် ဤစာတန်းအထွက်ကို ကြည်သက်တော်မူကြ၍ စရိယဒေသနာတွင်-

> ဝိဝါဒံ ဘယတောဒိသွာ၊အဝိဝါဒဉ္စ ခေမတော။
> သမဂ္ဂါ သခိလာ ဟောထ၊ဧသာဗုဒ္ဓါနုသာသနီ။ ။

ဟူသောဩဝါဒ ဂါထာ ဒေသနာအရှိကို သိမြင်ရင်ဖြစ်ကြ၍ ဝိဝါဒမနော သူ့ထက်ငါ သဘောများကို ချောမေ့စွာ အငြိမ်းပညာနှင့်ချုပ်ထိန်း၍ ရုပ်သိမ်းတော်မူကြပါစေကုန်သတည်း။

www.dhammaransi.com



## ဆုတောင်း

ပုညေနေတေန သေဋ္ဌေသု၊ ဓမ္မေသု သောမနဿိနော။
ဥပေက္ခိနော စ မောဒန္တု၊ ဥဘော ဧကော ဘဝန္တု တေ။

ဧတေန ပုညေန၊ သောမနဿုပေက္ခာ၊ ဝေဒနာနှစ်ပါးကို၊ ရှင်လူအများ၊ သဗ္ဗါပွါးအောင်၊ ထင်ရှားစွာ ပြောပြရသော ကောင်းမှုကြောင့်။ သောမနဿိနော စ၊ သောမနဿကြိုက်၊ စရိုက်စင်ဖြူ၊ ရှင်လူအပေါင်းတို့သည်ရင်း။ ဥပေက္ခိနော စ၊ ဥပေက္ခာကြိုက်၊ စရိုက်စင်ဖြူ၊ ရှင်လူအပေါင်းတို့သည်ရင်း။ သေဋ္ဌေသုဓမ္မေသု၊ အမြင့်အမြတ်ဖြစ်ကုန်သော သောမနဿတရား ဥပေက္ခာတရားတို့၌။ မောဒန္တု၊ မွေ့လျော်နိုင်ကြ ပါစေကုန်သတည်း။ ဥဘော၊ နှစ်ဦး နှစ်ဘက်ဖြစ်ကြကုန်သော။ တေ၊ ထိုသောမနဿကြိုက်,ဥပေက္ခာကြိုက်၊ စရိုက်ဖြူစင်၊ လူရှင် အပေါင်းတို့သည်။ ဧကော၊ ရွေနှစ်ပြားကို၊ အခြားမလပ်၊ ဂဟေစပ်သို့၊ ကြေနပ်ရုံးစည်း၊ တလုံးထည်း ညီညွတ်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

နိဂုံး……ဤတွင်ရွှေကား ပျဉ်းမနားမြို့နေ မိတ်ဆွေ ကလျာဏ ဖြစ်ကြသူ လူသမာဓိ အသင်းတို့နှင့်ပျဉ်းမနားမြို့အုပ် မောင်ဘိုးမြ ကြောင့်ကြစိုက်ထုတ် ဆောက်လုပ် တင်လှူအပ်သော အင်ကြင်းမြိုင်စန်းဝါဓိုစကြာကျောင်း၌ သီတင်းဝါကပ်ဆိုနေထိုင်စဉ် ရွှေတောင်မြို့ တိုက်သူကြီးမောင်အောင်လှ, ဆရာ မောင်သာမောင်, ရင်းမြို့နေ ကိုစံမြ, ဆရာမောင်မှတ်ကြီး, ဆရာမောင်ညို, မောင်နု ဆိုသူတို့ တောင်းပန်လျှောက်ထားချက်အရနှင့် မုံရွာမြို့ လယ်တီတောရကျောင်းဆရာ ငါတို့ဖြေဆိုအပ်သော သောမနဿုပေက္ခာကထာသည်မြန်မာသက္ကရာဇ် ၁၂၆၄-ခု ဝါခေါင်လဆန်း ၈—ရက်နေ့တွင်အောင်မြင်ပြီးစီးသတည်း။

www.dhammaransi.com

# သီလနိဒ္ဒေသ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## နိစ္စသီလ

(နိစ္စသီလ, အနိစ္စသီလနှစ်ပါးတို့၏ အထူးအပြားကို
ဖြေဆိုဆုံးဖြတ်ချက်။)

ဂဟဋ္ဌသီလံနာမ ဥပါသကဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ သတိဝါ ဥဿာဟေ ဒသ ဥပေါသထင်္ဂဝသေန အဋ္ဌ၊ ဣဒံဂဟဋ္ဌသီလံနာမ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ။ ။

ဤပါဠိ၌နိစ္စသီလဝသေနပုဒ်ကို ဒသ၌လိုက်စေ။ ။ဥပေါသထင်္ဂ ဝသေနပုဒ်ကား နိစ္စသီလဝသေနပုဒ်ကို နှစ်စေ၏။ ။သိက္ခာပဒါနိပုဒ်ကို ဒသပုဒ် အဋ္ဌပုဒ်တို့၌လိုက်စေ။ ။

ဂဟဋ္ဌသီလံနာမ၊ဂဟဋ္ဌသီလမည်သည်ကား။ ဥပါသက ဥပါသိကာနံ၊ဥပါသကာဥပါသိကာတို့၏။ နိစ္စသီလဝသေန၊နိစ္စသီလ၏ အစွမ်းဖြင့်။ ပဉ္စဝါသိက္ခာပဒါနိ၊ ငါးပါးသော သိက္ခာပုဒ်တို့သည် ၎င်း။ ဥဿာဟေ၊စွမ်းနိုင်သည်။သတိ၊ရှိသော်။ နိစ္စသီလဝသေန၊ နိစ္စသီလ၏အစွမ်းဖြင့်။ဒသဝါသိက္ခာပဒါနိ၊ဆယ်ပါးသော သိက္ခာပုဒ်တို့သည်၎င်း။ ဥပေါသထင်္ဂဝသေန၊ဥပုသ်အင်္ဂါ၏ အစွမ်းဖြင့်။ အဋ္ဌ၊ ရှစ်ပါးသော သိက္ခာပုဒ်တို့ သည်၎င်း။ ဣဒံ၊ဤသုံးမျိုးသည်။ ဂဟဋ္ဌသီလံနာမ၊ ဂဟဋ္ဌသီလမည်၏။ ။ဤသို့အပြည့် အစုံ အနက်ပေး။

www.dhammaransi.com



**နိစ္စသီလ ၂-မျိုး**·····နိစ္စသီလသည် ငါးပါးတရပ်, ဆယ်ပါးတရပ်, ဤသို့နှစ်ရပ် ထွက်သောကြောင့် ဂဟဋ္ဌဖြစ်သူ လူပုဂ္ဂိုလ်သည်လည်း ငါးပါးနိစ္စနှင့် ထိုက်တန်သော ဂဟဋ္ဌလူတမျိုး,ဆယ်ပါးနိစ္စနှင့် ထိုက်တန်သော ဂဟဋ္ဌလူတမျိုး ဟူ၍ ဂဟဋ္ဌဖြစ်သူ လူနှစ်မျိုးကိုလည်း သိအပ်၏။ ။ငါးပါးနိစ္စနှင့် ထိုက်တန်သူ လူတမျိုးဆိုသည်ကား အဝတ်ဖြူ, အဝတ်ကြောင် အစရှိသော ပကတိ လူဝတ်ကိုဝတ်သော လူမျိုးတည်း။ ။ဆယ်ပါး နိစ္စနှင့် ထိုက်တန်သူလူတမျိုးဆိုသည်ကား ပကတိလူဝတ်မျိုးကို ပယ်စွန့်၍ ညောင်ခေါက် အစရှိသော ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်သော ပဗ္ဗဇိတ အသွင်တစိပ်၌ တည်သော လူမျိုးတည်း။

**ဥပုသ်သီလ**······ဥပေါသထင်္ဂဝသေနပုဒ်ဖြင့် နိစ္စသီလဝသေန ပုဒ်ကို နှစ်စေသောကြောင့် ရှစ်ပါး မှုကား အနိစ္စဟု သိအပ်၏၊ ငါးပါးဆယ်ပါးတို့ကား နိစ္စ,ရှစ်ပါးကားအနိစ္စ၊ ဤသို့ နိစ္စ,အနိစ္စနှစ်မျိုးဖြစ်၏။ ။ဂဟဋ္ဌဖြစ်သူ လူနှစ်မျိုးတို့တွင် ပကတိ လူဝတ်နှင့်နေကြသော လူသာမညတို့၌ ငါးပါးသည် နိစ္စ ဖြစ်၏၊ရှစ်ပါးသည်အနိစ္စဖြစ်၏၊ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ် သော လူဝိသေသတို့၌မူကား ဆယ်ပါးသည် နိစ္စဖြစ်၏၊ ရှစ်ပါး သည် နိစ္စဆယ်ပါး၌ အတွင်းဝင်လေ၏။ ။ရှစ်ပါးဆယ်ပါး ဆို ရာတို့၌လည်း နိစ္စငါးပါးသည် အတွင်းဝင်လျက် ရှိလေသော ကြောင့် နိစ္စငါးပါးမှ ကြွင်းကုန်သော အင်္ဂါတို့ အတွက်နှင့်သာ ရှစ်ပါးဆယ်ပါးကို အသီးဆိုရလေသည်၊ ကာမေသု မိစ္ဆာစာရ အင်္ဂါနှင့် ပြည့်စုံသော ဗြဟ္မစရိယမှုသည် နိစ္စငါးပါး၌ အတွင်းဝင် ပြီး ဖြစ်၏၊ထို့ကြောင့် ရှစ်ပါးဆယ်ပါးတို့၏ သဘောကို ပြဆိုရာ အချက်တို့၌ ကာမေသု မိစ္ဆာစာရအင်္ဂါမှ လွတ်သော အဗြဟ္မ စရိယမှုကို သိလေ။

**ငါးပါးသီလ** ··· ငါးပါးသည် သဘာဝ အားဖြင့် နိစ္စမျိုးသာ ဖြစ်၏၊ပုဂ္ဂလဇ္ဈာသယအားဖြင့် မူကား အနိစ္စ

www.dhammaransi.com



လည်း ဖြစ်၏၊ သဘာဝအားဖြင့် အဘယ်သို့ နိစ္စမျိုးသာဖြစ်သနည်း ဟူမူကား သူ့အသက်ကိုသတ်ခြင်းအစရှိသော ငါးပါးသောအမှုသည် ဘယ်အခါမှာမှ ပြုထိုက်သော အမှုမျိုးမဟုတ်လေရကား ထိုငါးပါးတို့မှကြဉ်ရှောင်ခြင်းအမှုသည် သဘာဝအားဖြင့်ခပ်သိမ်းသော သတ္တဝါတို့အား ခပ်သိမ်းသောအခါ၌ အစဉ်ထာဝရ မြဲထိုက်သော သဘောရှိ၏၊ ဤကား ငါးပါးသည် သဘာဝအားဖြင့် နိစ္စမျိုးဖြစ်ပုံတည်း။ ။ထိုငါးပါးသည် အဘယ်သို့ပုဂ္ဂလဇ္ဈာသယအားဖြင့် အနိစ္စ ဖြစ်သနည်း ဟူမူကား ထိုငါးပါးကို အမြဲမစောင့်ထိန်းနိုင်သောသူသည် ရံခါရံဘန် ခံယူ၍ စောင့်ထိန်း လိုလျှင် စောင့်ထိန်းရ၏၊ ဤကား ထိုငါးပါးသည် ပုဂ္ဂလဇ္ဈာသယအားဖြင့်အနိစ္စဖြစ်ပုံတည်း၊ ထိုနှစ်ပါးတွင် ပုဂ္ဂလဇ္ဈာသယသည်ကား ပဓာနမဟုတ်၊ သဘာဝသည်သာ ပဓာန ဖြစ်လေသောကြောင့် အဋ္ဌကထာတို့၌ သဘာဝကိုသာ ပဓာန ပြုသောအားဖြင့် ငါးပါးသီလကို နိစ္စအတို့၌သာ ပြဆိုကြပေကုန်သည်။

(ငါးပါး၏ နိစ္စအနိစ္စစိစစ်တမ်းပြီး၏။)

**ဆယ်ပါးသီလ**·····ဆယ်ပါး သည်လည်း သဘာဝ အားဖြင့် နိစ္စမျိုးသာဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယအားဖြင့်မူကား အနိစ္စလည်း ဖြစ်၏၊ နိစ္စလည်း ဖြစ်၏။ ။ဆယ်ပါးသည် သဘာဝအားဖြင့် အဘယ်သို့နိစ္စမျိုးသာ ဖြစ်သနည်း ဟူမူကား ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်သော ဂဟဋ္ဌဖြစ်သူ လူဝိသေသတို့အား ဓာတရူပရဇတပဋိဂ္ဂဟာ တိုင်အောင်သော ဆယ်ပါးသော အမှုတို့သည် ဘယ်အခါမှာမှ ပြုခြင်းငှါ မထိုက်သောအမှုတို့ ပေတည်း၊ ပြုခဲ့လျှင် အဝတ်အသွင်နှင့် မတန်သောကြောင့် ပညာရှိသူ နတ်လူအပေါင်းတို့ ကဲ့ရဲ့ဘွယ်သော ညှိုးနွမ်းခြင်း ညစ်နွမ်းခြင်းအပြစ်သို့ ရောက်လေကုန်၏၊ ထို့ကြောင့် ထိုဆယ်ပါးသည် ထိုသူတို့အား ထိုအဝတ်အသွင်နှင့် တည်နေသမျှ ကာလ

www.dhammaransi.com



ပတ်လုံး အစဉ်ထာဝရမြဲထိုက်သော သဘောရှိ၏၊ ဤကားဆယ်ပါး၏ သဘာဝအားဖြင့် နိစ္စမျိုးသာဖြစ်ပုံတည်း။

**ပုဂ္ဂလဇ္ဈာသယ**……ပုဂ္ဂလဇ္ဈာသယ အားဖြင့် အဘယ်သို့လျှင် နိစ္စ အနိစ္စ ဖြစ်သင့်လေသနည်းဟူမူကား ပကတိလူသာမန်တို့အား ထိုဆယ်ပါးသည် သဘာဝနိစ္စ ဖြစ်ခြင်း ၄ါ မထိုက်၊ အဘယ့်ကြောင့်နည်းဟူမူ အဖြဟ္မစရိယမှု,ဝိကာလဘောဇနအစ ဓာတရူပရဇတပဋိဂ္ဂဟ အဆုံးရှိသော အမှုတို့သည် ပကတိလူသာမန်တို့မှာ အဝတ်အသွင်နှင့် မထိုက်တန်သော အမှုမျိုး မဟုတ်ကုန်၊ ထိုက်တန်သော အမှုမျိုးတို့သာ ဖြစ်ကုန်၏၊ လူ့ချမ်းသာ,နတ်ချမ်းသာ, လူ့စည်းစိမ်,နတ်စည်းစိမ် အရိုးအစဉ်တို့သာ ဖြစ်ကုန်၏၊ ထိုအမှုတို့မှ မကြဉ်ရှောင်သည့် အတွက်နှင့် လူသာမန်တို့အလယ်၌ ဂုဏ်ကြက်သရေ ညှိုးနွမ်းဘွယ် မရှိလေသောကြောင့် လူသာမန်တို့မှာ ပြုခဲ့လျှင် အပြစ်ရှိသည် ဟူသော သာဝဇ္ဇဓမ္မမျိုးမဟုတ်လေရကား ထိုဆယ်ပါးသည် အစဉ်ထာဝရ အမြဲ စောင့်ထိန်းရမည် ဟူသော နိစ္စသဘောမျိုး မဟုတ်လေသတည်း။

ပုဂ္ဂလဇ္ဈာသယအားဖြင့်မူကား ထိုလူသာမန်တို့သည်ဆယ်ပါး သီလကို နေ့ရက် အပိုင်းအခြားနှင့် အနိစ္စ အနေအားဖြင့် ခံယူစောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏၊ အဋ္ဌတင်္ဂေပါဏုပေတံ နိစ္စအနေ အားဖြင့် ခံယူ၍စောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏၊ကုသိုလ်တရား ပွါးများ၏၊ ဤကား ဆယ်ပါးသီလသည် ပုဂ္ဂလဇ္ဈာသယ အားဖြင့် နိစ္စအနိစ္စဖြစ်ပုံတည်း။ ။ထိုနှစ်ပါးတွင် ပုဂ္ဂလဇ္ဈာသယသည် ပဓာနမဟုတ်၊ သဘာဝသည်သာ ပဓာန ဖြစ်လေသောကြောင့် အဋ္ဌကထာတို့၌ သဘာဝကိုသာ ပဓာနပြုသောအားဖြင့် ဆယ်ပါးသီလကို နိစ္စအတို့၌သာပြဆိုတော်မူကြကုန်ပေသည်။

(ဆယ်ပါး၏နိစ္စအနိစ္စစစ်တမ်းပြီး၏။)

www.dhammaransi.com



**သဘာဝနှင့်ပုဂ္ဂလဇ္ဈာသယ**… ရှစ်ပါးသည် သဘာဝအားဖြင့် အနိဋ္ဌမျိုးသာဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယ အားဖြင့်မူကား နိဋ္ဌအနိဋ္ဌ နှစ်ပါးပင်ဖြစ်သင့်၏။ ။ဤရှစ်ပါးသည် လူဝိသေသတို့မှာ နိဋ္ဌဆယ်ပါး၌ အတွင်းဝင်ပြီး ဖြစ်လေသောကြောင့် လူဝိသေသတို့အတွက် အသီးဆိုခွင့်မရှိပြီ၊လူသာမန်တို့မှာ သဘာဝနိဋ္ဌမျိုး မဟုတ်ကြောင်းကို ဆယ်ပါး၌ ပြဆိုခဲ့ပြီးသော အတိုင်းမှတ်လေ။

ထိုသို့ ရှစ်ပါးသည်လည်း လူသာမန်တို့မှာ လွန်ကျူးခဲ့လျှင် အပြစ်ရှိသည်ဟူသော သာဝဇ္ဇဓမ္မမျိုး မဟုတ်လေသောကြောင့် အစဉ်ထာဝရ စောင့်ထိန်းရမည်ဟူသော နိဋ္ဌသဘောမျိုး မဟုတ်လေရကား တတ်စွမ်းနိုင်သမျှ တလလျှင် လေးသီတင်းရှစ်သီတင်း အစရှိသည်ဖြင့် စောင့်ထိန်းအပ်သော အနိဋ္ဌသဘောမျိုးသာ ဖြစ်သည်ဟု သိအပ်၏၊ မစောင့်မထိန်းသောနေ့ရက် နာရီအတွက်နှင့် လူသာမန်အဖြစ်မှာ ညစ်နွမ်းမှုမရှိသောကြောင့် အနိဋ္ဌသီလမျိုးဆိုရသည်ဟူလို၊ ထိုစကားမှန်၏၊ လူသာမန်တို့မှာ ဥပုသ်ရက် မဟုတ်သောနေ့၌ နေလွဲညစာ စားသောက်သည့်အတွက်ကြောင့် ထိုသူကို လူညစ်ဟူ၍မဆိုအပ်ပေ၊ ထို့အတူမိမိပိုင် ဝတ္ထု၌ အပြဟ္မစရိယမှုကိုပြုခြင်း, နစ္စ ဂီတစသည့်ကို သာယာခြင်း, မြင့်သောနေရာ မြတ်သောနေရာ၌နေခြင်း, ရွှေငွေကို သာယာခြင်းတို့ကြောင့် ထိုသူကို လူညစ်ဟူ၍မဆိုအပ်ပေ။

ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်သော လူဝိသေသသည် ထို ဝိကာလဘောဇနစသောအမှုကိုပြုခဲ့မူကား ထိုသူကို လူသူတော် ညစ်ဟူ၍ဆိုအပ်၏၊ ဤသို့သောယုတ္တိကြောင့် ထိုရှစ်ပါးသည် လူသာမန်တို့မှာ သဘာဝအားဖြင့် အနိဋ္ဌမျိုးသာ ဖြစ်လေသည်ဟု သိအပ်လေသတည်း၊ ဤကား လူသာမန်တို့မှာ ထိုရှစ်ပါးသည် သဘာဝအားဖြင့် အနိဋ္ဌမျိုးသာဖြစ်ပုံတည်း။ ။ထိုရှစ်ပါးသည် လူသာမန်တို့မှာ ပုဂ္ဂလဇ္ဈာသယအားဖြင့် အဘယ်သို့ နိဋ္ဌ အနိဋ္ဌ

www.dhammaransi.com



နှစ်ပါးဖြစ်သင့်လေသနည်းဟူသော အမေးမှာလည်း ထိုလူသာမန်တို့မှာ ဆယ်ပါးသီလ၏ နိစ္စ အနိစ္စ နှစ်ပါးဖြစ်သင့်ပုံ၌ပြဆိုခဲ့ပြီးသော အတိုင်း ပြဆိုလေ။ ။ဤကား ၅စ်ပါးသည် လူသာမန်တို့မှာ ပုဂ္ဂလဇ္ဈာသယအားဖြင့် နိစ္စ အနိစ္စ နှစ်ပါးဖြစ်သင့်ပုံတည်း။ ။ ထိုနှစ်ပါးတွင် ပုဂ္ဂလဇ္ဈာသယကား ပဓာနမဟုတ်၊ သဘာဝသည်သာ ပဓာနဖြစ်လေသောကြောင့် အဋ္ဌကထာတို့၌ သဘာဝကိုသာ ပဓာနပြုသောအားဖြင့် ၅စ်ပါးသီလကို အနိစ္စအတို့၌ ပြဆိုတော်မူကြပေကုန်သည်။

( ၅စ်ပါး၏နိစ္စအနိစ္စစိစစ်တမ်းပြီး၏။ )

**အသွင်နှင့်သီလ**……သဘာဝနိစ္စမျိုး၌ကား သိက္ခာပုဒ်ကို ခံယူဆောက်တည်ခြင်းမရှိဘဲနှင့်ပင်လွန်ကျူးခဲ့လျှင် ညစ်နွမ်းသော အတို၌တည်၏။ ။သဘာဝ အနိစ္စ မျိုး၌ကား သိက္ခာပုဒ်ကို မခံယူခဲ့သည်ရှိသော် ပြုကျင့် သော်လည်း ညစ်နွမ်းသည်မဆိုရ၊ သိက္ခာပုဒ်ကို ခံယူလျက်နှင့် ပြုကျင့်မှသာ ညစ်နွမ်းသည်ဆိုရ၏။ ။အဝတ်ဖြူသည် လူသာမန်တို့၏ အဝတ် မျိုးစင်စစ်ဖြစ်ခဲ့၍ သဘာဝနိစ္စဆယ်ပါးနှင့် မထိုက်တန်ကြောင်း, တမင်ခံယူ၍ စောင့်ထိန်းသော ပုဂ္ဂလဇ္ဈာသယ ဆယ်ပါး နှင့်သာ ထိုက်တန်ကြောင်း, ဖန်ရည် ဆိုးသော အဝတ်သည်သာလျှင် မြင့်မြတ်သောအရာမျိုးဖြစ်၍ သဘာဝနိစ္စဆယ်ပါးနှင့် ထိုက်တန် ကြောင်း, ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်လျက်နှင့် ဆယ်ပါးကို လုံခြုံစွာ မထိန်းခဲ့လျှင် အသွင်နှင့် မတန်သည့်အတွက် ကဲ့ရဲ့ဘွယ် သောသာဝဇ္ဇအဖြစ်၌ တည်ကြောင်းကိုပြဆိုဦးအံ့။ ။

အဝတ်ဖြူသည် ကာမဂုဏ်ကိုခံစားသူလူတို့၏ အသုံးအဆောင်ဖြစ်ကြောင်းသည် ဝိနည်းတော်တလျှောက်မှာ ထင်ရှားပါ၏၊ မျက်မြင်အားဖြင့်လည်း အနောက်နိုင်ငံသား ဟိန္ဒူ လူမျိုးများမှာ ထင်ရှား၏။ ။နောင်သာသနာ၌ ဖြစ်ပေါ်လာလတ္တံ့သော ပါပ

www.dhammaransi.com



ဘိက္ခုတို့၏ အခြင်းအရာကိုဟောတော်မူရာ ဖုဿထေရ ဂါထာ ပါဠိတော်၌ဤသို့လာ၏။

၁။ အနေဇကွံ့ဝိမုတ္တေဟိ၊သုရတ္တံအရဟာဒ္ဓဇံ။
ဇိဂုစ္ဆိဿန္တိ ကာသာဝံ၊ဩဒါတေသုသမုစ္ဆိတာ။ ။

ဩဒါတေသု၊အဝတ်ဖြူတို့၌။ သမုစ္ဆိတာ၊ မက်မောကြကုန်သော ပါပရဟန်းတို့သည်။ ဝိမုတ္တေဟိ၊ ကိလေသာဝဋ်မှ ကျွတ်လွတ် ကြကုန်ပြီးသော သူတော်ကောင်းတို့သည်။ အနေဇကွံ့၊ မစက်ဆုပ်အပ်သော။ သုရတ္တံ၊ ကောင်းစွာ နီမြန်းသော။ အရဟာဒ္ဓဇံ၊ရဟန္တာတို့၏ တန်ခွန်ဖြစ်သော။ ကာသာဝံ၊ ဖန်ရည်ဆိုး သင်္ကန်းမျိုးကို။ဇိဂုစ္ဆိဿန္တိ၊စက်ဆုပ်ကြကုန်လတ္တံ့။

နောင်အခါ၌အဝတ်ဖြူတို့၌ မက်မောကြကုန်သော ပါပရဟန်း တို့သည် ကိလေသာဝဋ်မှ ကျွတ်လွတ်ပြီးသော အရိယာ သူတော် ကောင်းတို့မစက်ဆုပ်အပ်သော ကောင်းစွာနီမြန်းသော ရဟန္တာ တို့၏တန်ခွန်ဖြစ်သော ဖန်ရည်ဆိုး သင်္ကန်းမျိုးကို စက်ဆုပ်ကြ ကုန်လတ္တံ့။ပါဌ်ပျောက်အဓိပ္ပါယ်။

၂။ မိလက္ခုရဇနံရတ္တံ၊ဂရဟန္တာ သကံဓဇံ။
တိတ္ထိယာနံဓဇံကေစိ၊ဓာရေဿန္တျဝဒါတကံ။ ။

မိလက္ခုရဇနံရတ္တံ၊ညောင်ခေါက်ဆိုးရည်ဖြင့် တပ်အပ် ဆိုး အပ်သော။သကံဓဇံ၊ မိမိတို့အနွယ်၏ဆိုင်ရာ တန်ခွန်ဖြစ်သော သင်္ကန်းကို။ဂရဟန္တာ၊ကဲ့ရဲ့ကြကုန်လျက်။ကေစိ၊ အချို့ကုန်သော ပါပ-ရဟန်းတို့သည်။ တိတ္ထိယာနံ၊ တိတ္ထိတို့၏။ ဓဇံ၊ တန်ခွန်ဖြစ် သော။အဝဒါတကံ၊အဝတ်ဖြူကို။ဓာရေဿန္တိ၊ဆောင်ကြကုန်လတ္တံ့။

နောင်သောအခါ၌ ညောင်ချပ်ခေါက်ဖြင့်ဆိုးအပ်သော မိမိတို့ အနွယ်၏ ဆိုင်ရာတန်ခွန်ဖြစ်သောသင်္ကန်းကို ကဲ့ရဲ့ကြကုန်လျက်၊ တိတ္ထိတို့၏ တန်ခွန်ဖြစ်သော အဝတ်ဖြူကို အချို့ ဆောင်ကြ ကုန် လတ္တံ့။ ပါဌ်ပျောက်။ (ဤဒေသနာဂါထာ၌ ညောင်ခေါက်ဆိုး

www.dhammaransi.com



သက်န်းသည် ရဟန္တာတို့၏ တန်ခွန်၊ အဝတ်ဖြူသည် တိတ္ထိတို့၏ တန်ခွန်ဟုလာ၏။ )

၃။ အနိက္ကသာဝေါကာသာဝံ၊ယောဝတ္ထံပရိဒဟိဿတိ။
အပေတောဒမသစ္စေန၊နသောကာသာဝမရဟာတိ။ ။

ယော၊အကြင်သူသည်။ အနိက္ကသာဝေါ၊ ကိလေသာတည်းဟူသော ဖန်ရည်အပြည့်ရှိလျက်။ ဒမသစ္စေန၊ ဣန္ဒြေခြောက်ပါးကို ဆုံးမခြင်းဒမ, မှန်သောစကားကိုသာ ပြောဆိုခြင်းသစ္စာတရားမှ။ အပေတော၊ ကင်းသည်ဖြစ်လျက်။ကာသာဝံဝတ္ထံ၊ ညောင်ခေါက်စသည်၊ ဖန်ရည်တပ်စွန်း၊လွှန်နီမြန်းသောသက်န်းကို။ပရိဒဟိဿတိ၊ ဝတ်ရုံခြုံးအံ့။ သော၊ ထိုသူသည်။ကာသာဝံ၊ သက်န်းကို။ နအရဟာတိ၊မထိုက်မတန်လေ။

အကြင် သူသည် ကိုယ်တွင်း၌ ကိလေသာ တည်းဟူသော ဖန်ရည်အပြည့်ရှိလျက် ဣန္ဒြေခြောက်ပါးကိုဆုံးမခြင်း, မှန်သော စကားကိုသာ ပြောဆိုခြင်း တည်းဟူသော ရဟန်းတရားတို့မှ ကင်းသည်ဖြစ်လျက် ညောင်ခေါက်စသည့် ဖန်ရည်တပ်စွန်း လွှန်နီမြန်းသော သက်န်းကို ဝတ်ရုံခြုံးအံ့၊ထိုသူသည် ထိုသက်န်းကို ဝတ်ခြင်းငှါ မထိုက်။ ပါဠိချော်။

( ဤဒေသနာဂါထာဖြင့်အဖြဟ္မစရိယမှ,ဝိကာလဘော ဇနမှုအစရှိသော ရုန့်ရင်းသော ကိလေသာ ဖန်ရည်ရှိနေ သောသူသည် ညောင်ခေါက်ဆိုး အဝတ်ကို ဝတ်ခြင်းငှါ မထိုက်၊ညောင်ခေါက်ဆိုးကို ဝတ်သောသူသည် ထိုအမှု ကြမ်းတို့ကို ပြုခြင်းငှါမထိုက် ဟူသော အနက်ကို ပြဆို တော်မူသည်။)

၄။ ယောစဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော။
ဥပေတောဒမသစ္စေန၊သဝေကာသာဝမရဟာတိ။ ။

ယောစ၊ အကြင်သူသည်ကား။ ဝန္တကသာဝေါ၊ ထွေးအန်စွန့် ပယ်အပ်ပြီးသော ကိလေသာ တည်းဟူသော ဖန်ရည် ရှိသည်။

www.dhammaransi.com



အသော၊ ဖြစ်ရာ၏။ သီလေသု၊ စတုပါရိသုဒ္ဓိသီလတို့၌။ သုသမာ ဟိတော၊ကောင်းစွာ တည်ကြည် စောင့်ရှောက်၏။ ဒမသမ္ဘေန၊ ဆူဠဲခြောက်ပါးကို ဆုံးမခြင်းဒမ, မှန်သောစကားကိုသာ ပြော ဆိုခြင်းသစ္စာတရားနှင့်။ ဥပေတော၊ ပြည့်စုံ၏။ သဝေ၊ ထိုသူ သည်။ကာသာဝံ၊သင်္ကန်းကို။ဝေါဝစ်စစ်။အရဟာတိ၊ထိုက်တန်၏။

အကြင်သူသည်ကား ကိုယ်တွင်း၌ ထွေးအန်စွန့်ပယ်ပြီးသော အပြဟ္မစရိယဟူသော ကိလေသာ ဖန်ရည်ရှိ၏၊ ဆူဠဲယသံဝရ သီလ, ဝစီသစ္စာတရားနှင့် ပြည့်စုံ၏၊ ထိုသူသည်သာ ညှောင် ခေါက်ဆိုးကို ဝတ်ခြင်းငှါထိုက်၏။ ပါဠိလျှောက်။ (ဤဂါထာ၌ သီလေသု၌ ဆယ်ပါးသီလ အစရှိသော နိစ္စသီလကြီး တွေကို ယူလေ။)

ဖန်ရည်ခေါ်ရသော ကိလေသာမျိုးကား မေထုနသေဝန, ဝိကာလဘောဇနစသော ရုန့်ရင်းသော ကိလေသာ မျိုးတို့ကို ဖန်ရည်ဆိုသတည်း၊ ထို့ကြောင့် ငါးပါးနိစ္စတည်ရုံမျှသည် ညှောင် ခေါက်ဆိုးနှင့် မထိုက်တန်သေး။ ။ရှစ်ပါးနိစ္စ တည်ရုံမျှသည် လည်း ညှောင်ခေါက်ဆိုးနှင့် မထိုက်တန်သေး၊ ယုတ်စွအဆုံး သဘာဝနိစ္စ ဆယ်ပါးတည်မှသာ ညှောင်ခေါက်ဆိုးနှင့် ထိုက်တန် သည်ဟု သိအပ်၏။ ။ညှောင်ခေါက်ဆိုး အဝတ်နီကို ဝတ်သော သူသည် ဆယ်ပါးသောသီလကို ဘယ်အခါမှ လွှန်ကျူးခြင်းငှါ မထိုက်၊ဆယ်ပါးတွင် တပါးပါးကို လွန်ကျူးခဲ့သော် ဤဒေသနာ တော်အတိုင်း ကဲ့ရဲ့ဘွယ်သောအပြစ် စွန်းငြိ၍ သာဝဇ္ဇအဘို့၌ တည်၏ ဟူသော အနက်ကိုလည်း သိအပ်၏။

၅။ ဝိပန္နသီလောဒုမ္မေဓော၊ပါကဋောကာမကာရိယော။
ဝိဗ္ဘန္တစိတ္တော နိသုက္ကော၊နသော ကာသာဝမရဟာတိ။

ယော၊အကြင်သူသည်။ ဝိပန္နသီလော၊ ပျက်စီးသောနိစ္စသီလ ရှိ၏။ ဒုမ္မေဓော၊ပညာနည်းပါး၏။ ပါကဋော၊ ထင်ရှားပေါ်လွင် သော ဆူဠဲရှိ၏။ ကာမကာရိယော၊စိတ်အလိုရှိတိုင်း စိတ်နောက်

www.dhammaransi.com



ကိုယ်ပါပြုကျင့်တတ်၏။ ဝိဗ္ဘန္တစိတ္တော၊ မရပ်မတည်၊ လည်သော စိတ်နှလုံးရှိ၏။ နိဿုက္ကော၊ ဖြူစင်သော ဟိရိဩတ္တပ္ပတရားတို့မှ ကင်းလွတ် ဝေးကွာ၏။ သော၊ ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ နအရဟတိ၊ မထိုက်မတန်လေ။

အကြင်သူသည် ပျက်စီးသောနိစ္စသီလရှိ၏၊ ပညာမဲ့၏၊ ပေါ်လွင်သော ဇာနန္တရှိ၏၊ စိတ်အလိုရှိတိုင်း စိတ်နောက် ကိုယ်ပါ ပြုကျင့်တတ်၏၊ မရပ်မတည် လည်သောစိတ်ရှိ၏၊ ဖြူစင်သော ဟိရိဩတ္တပ္ပတရားတို့မှ ကင်းလွတ်၏၊ ထိုသူသည် ညောင်ခေါက်ဆိုးနှင့် မထိုက်။ ပါဌ်ချော်ကံ (လိုရင်းမှာ ဆယ်ပါးသီလ အမြဲတည်လျှင်ပင် ထိုအပြစ်တို့မှ ကင်းလွတ်၍ ညောင်ခေါက်ဆိုးနှင့် ထိုက်တန်ပြီမှတ်၊ ထို့ကြောင့် ဖန်ရည်ဆိုးအဝတ်ကို ဝတ်ရုံသော သာမဏေများမှာ ဆယ်ပါးသီလကို အရင်းခံ ထားရ လေသတည်း။ ။သင်္ကန်းဝတ်မိလျှင်ပင် ဆယ်ပါးသီလခံယူမှုကိစ္စပြီးပြီ၊ သာမဏေအစစ်ကြီး မဟုတ်သေး၍ သာမဏေ သီလဟု ဝိသေသ မဆိုရသေး၊ သရဏဂုံခံယူမှု ပြည့်စုံမှ သာမဏေအစစ်ကြီးဖြစ်၍ သာမဏေသီလ ဆိုရသည်၊ ထို့ကြောင့်ပင်လျှင် ဝိနည်းကျမ်းဂန်တို့၌ သာမဏေသီလသည် သရဏဂုံဖြင့် ပြီးစီးသည်ဟု ဆိုကြကုန်သည်။ )

၄။ ယော စ သီလေန သမ္ပန္နော၊ ဝီတရာဂေါ သမာဟိတော။
ဥဇုဂတ မနသက်ပ္ပေါ၊ သ ဝေ ကာသာဝ မရဟတိ။ ။

ယော စ၊ အကြင်သူသည်ကား။ သီလေန၊ နိစ္စသီလနှင့်။ သမ္ပန္နော၊ ပြည့်စုံ၏။ ဝီတရာဂေါ၊ ရုန့်ရင်းကြမ်းထမ်းသော ရာဂမှကင်း၏။ သမာဟိတော၊ တည်ကြည်သော စိတ်နှလုံးရှိ၏။ ဥဇုဂတမနသက်ပ္ပေါ၊ ဖြူစင်သော စိတ်အကြံရှိ၏၊ သ ဝေ သော၊ ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ ဝေ၊ စင်စစ်။ အရဟတိ။ ထိုက်တန်၏။ ။ အကြင်သူသည် နိစ္စသီလနှင့်ပြည့်စုံ၏၊ ရုန့်ရင်းသောရာဂမှကင်း၏၊ တည်ကြည်သောစိတ်ရှိ၏၊ ဖြူစင်သောစိတ်အကြံရှိ၏၊ ထိုသူသည်

www.dhammaransi.com



သာလျှင် ညှောင်ခေါက် ဆိုးကို ဝတ်ခြင်းငှါ ထိုက်၏။ ပါဠိ လျှောက်။ ။

(ယုတ်စွ အဆုံး ဆယ်ပါးသီလ နိစ္စတည်လျှင် ဤဂါထာ၌ လာသော ဂုဏ်နှင့် ယှဉ်ပေပြီဟုမှတ်။)

၇။ ဥဒ္ဓတော ဥန္နဠော ဗာလော၊ သီလံယဿ န ဝိဇ္ဇတိ။
သြဒါတကံအရဟတိ၊ ကာသာဝံ ကိံ ကရိဿတိ။ ။

ယော၊ အကြင်သူသည်။ ဥဒ္ဓတော၊ တုန်လှုပ်ပြန့်လွင့်သော စိတ်နှလုံးရှိ၏။ ဥန္နဠော၊ အထက်သို့ မြင့်တက်သော ကျူပင်ကျူရိုးကဲ့သို့ အနှစ်သာရမရှိဘဲ အချည်းနှီး မောက်မော်ဝါကြွားသော စိတ်နှလုံးရှိ၏။ ဗာလော၊ ရိုက်မဲ၏။ ယဿ၊ အကြင်သူအား။ သီလံ၊ ဆယ်ပါးသီလမျှ။ န ဝိဇ္ဇတိ၊ မရှိ။ သော၊ ထိုသူသည်။ သြဒါတကံ၊ အဝတ်ဖြူ, အဝတ်ကြောင်ကိုသာ။ အရဟတိ၊ ထိုက်တန်၏။ ကာသာဝံ၊ သင်္ကန်းကို။ ကိံ ကရိဿတိ၊ အဘယ်ပြုအံ့နည်း။

အကြင်သူအား ယုတ်စွအဆုံး ဆယ်ပါးသီလမျှ နိစ္စသီလဟူ၍ မရှိ၊ ပြန့်လွင့်သောစိတ်ရှိ၏၊ ကျူပင်ကျူရိုးကဲ့သို့ အနှစ်သာရ မရှိဘဲ အချည်းနှီး မောက်မော်သော စိတ်နှလုံးရှိ၏၊ ရိုက်မဲ၏၊ ထိုသူသည် အဝတ်ဖြူကိုသာ ဝတ်ခြင်းငှါ ထိုက်၏၊ ထိုသူအား ညှောင်ခေါက်ဆိုးဖြင့် အဘယ်ပြုလတ္တံ့နည်း။ ပါဠိလျှောက်။ ။

(ဤဂါထာဖြင့် အဝတ်ဖြူသည် အရောင်ယုတ်နိမ့်ကြောင်း, ညှောင်ခေါက်ဆိုး အဝတ်နီသည် အရောင်ကြီးမြတ်ကြောင်း ထင်ရှားလှ၏။ ။ညှောင်ခေါက်ဆိုး ကိုသာ ထုတ်ဘော်၍ ဆိုခဲ့သည်မှာ ဒုတိယဂါထာပါဠိတော်မှာ "ဓိလက္ခုရဇနံ ရတ္တံ"ဟူ၍ တိုက်ရိုက် လာရှိသောကြောင့် ဆိုပေသည်၊ ညှောင်ခေါက်ဆိုးမှတပါး ဖလံခေါက်ဆိုး,ပိန္နဲဆိုး စသည် တို့၌လည်း အတူတူ မှတ်လေ။ ။ဤဒေသနာတော်၌

www.dhammaransi.com



ကား-သာသနာထမ်း ရဟန်း သာမဏေတို့ကို ပြဆိုရင်းပေတည်း။)

**ညှောင်ခေါက်ဆိုးရေဝတ်**……ဓာတ်နိပါတ် ဓမ္မပဒစသည်တို့ ၌လည်း ဤနည်းတူ လာ၏၊ ထိုသို့လာသော အရာဌာနတို့၌မူကား ဆယ်ပါးသီလ နိစ္စတည်ရှိသော သူခပ်သိမ်းတို့နှင့်ပင် ဆက်ဆံ၏။ ။ဤအရာ၌ ဆိုလိုရင်းအဓိပ္ပါယ်မှာမူကား အဝတ်ဖြူသည် ယုတ်နိမ့်သောအရာ ဖြစ်၍ ပကတိလူဂဟဋ္ဌတို့၏ အသုံးအဆောင်သာဖြစ်၏၊ ထိုအဝတ်ဖြူကို ဝတ်သောသူတို့သည် သဘာဝနိစ္စ ငါးပါးမျှကိုသာ ရထိုက်ကုန်၏၊ သဘာဝနိစ္စ ဆယ်ပါးကိုမူကား မရထိုက်၊ ပုဂ္ဂလဇ္ဈာသယ ဆယ်ပါးကိုသာ ရထိုက်ကုန်၏။ ။ညှောင်ခေါက်ဆိုးသည် မြင့်မြတ်သောအရာဖြစ်၍ ပဗ္ဗဇိတအဘို့၌ တည်သော ပုဂ္ဂိုလ်သူမြတ်တို့နှင့်သာ ထိုက်တန်၏၊ထိုညှောင်ခေါက်ဆိုး အဝတ်နီမျိုးကို ဝတ်သောသူတို့သည်သာလျှင် သာမဏေတို့နှင့် အလားတူ သဘာဝနိစ္စဆယ်ပါးကို ရထိုက်ကုန်၏၊ ထိုအဝတ်မျိုးကို ဝတ်မှသာလျှင် ဆယ်ပါးသီလ ခံယူဆောက်တည်မှုကိစ္စ အလိုသို့ပြီးစီးလေ၏၊ တမင် ခံယူဆောက်တည်ဘွယ်ကိစ္စမရှိပြီ၊ သို့သော်လည်း ခံယူဆောက်တည်မှုသည် အလေးဂရု အထူးပြုမိခြင်းအကျိုး,သိက္ခာပုဒ် အစဉ်တို့၌ ကြေလယ်ခြင်းအကျိုး ရှိပါ၏၊ ယခုကာလ သာမဏေများ သီလခံကြသကဲ့သို့တည်း၊ဤသို့သော အဓိပ္ပါယ်ကို ပြဆိုဆုံးဖြတ်လိုရင်းတည်း။

ယခုအခါ အဝတ်ဖြူ, အဝတ်ကြောင် အစရှိသော ပကတိလူတို့၏ အဝတ်မျိုးကိုပယ်စွန့်၍ ဖန်ရည်သောက်သော ညှောင်ခေါက်ဆိုးအဝတ် စသောပဗ္ဗဇိတ အဝတ်မျိုးကို ဝတ်ကြကုန်သည် ဖြစ်၍ သမဏ,ဗြာဟ္မဏအဖြစ်၌ တည်ကြကုန်သော သူတို့အား အဝတ်အသွင်ကို ယူသည်နှင့်တပြိုင်နက် ခံယူမှုကိစ္စ ပြီးစီးလျက် အမြဲတည်ရှိသော ဆယ်ပါးသီလကို တပါးပါးကျူးလွန်ခဲ့သည်ရှိသော်

www.dhammaransi.com



ဇကောန်စင်စစ် ညစ်နွမ်းမှုအပြစ် သာဝဇ္ဇ သဘောသို့ ရောက်ကြောင်းကို ပြဆိုလတ္တံ့သော ပါဠိတော်ဖြင့် သိအပ်၏။

စတ္တာရောမေ ဘိက္ခဝေစန္ဒိမသူရိယာနံ ဥပက္ကိလေသာ၊ ယေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌာ စန္ဒိမသူရိယာ နတပန္တိ နဘာသန္တိ နဝိရောစန္တိ။

အစရှိသည်ဖြင့် ဥပမာနှင့်တကွ အကျယ်လာ၏။

**ညစ်နွမ်းကြောင်းများ**······လိုရင်း အဓိပ္ပါယ်မျှကို ပြဆိုအံ့။ ၁။ ဆိးနှင်း။ ၂။ မြူခိုး။ ၃။ မိုးယံ ဖိမ်။ ၄။ ရာဟု။ဤလေးခုတို့သည် လ,နေတို့ကို ညစ်နွမ်းစေတတ်ကုန်၏၊ ထို့အတူ, မေထုန်မှု, သေရည်မှု, ရွှေငွေခံမှု, မိစ္ဆာဇီဝမှု, ဤလေးခုတို့သည် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကြကုန်သဖြင့် သမဏ,ဗြာဟ္မဏ အဖြစ်၌ တည်သော ပုဂ္ဂိုလ် သူမြတ်တို့ကို ညစ်နွမ်းစေတတ်ကုန်၏ဟူ၍ ဟောတော်မူသည်။ ။ဤပါဠိတော်၌ သေရည်သောက်မှုဖြင့် နိစ္စငါးပါးကြီးကို သိမ်းကျုံး၍သိလေ၊ မေထုန်မှု, ရွှေငွေ ခံမှုဖြင့် ကြွင်းသော အဗြဟ္မစရိယ နှင့် တကွ ဝိကာလဘောဇန စသောအင်္ဂါရပ်ကို သိမ်းကျုံး၍ သိလေ။ ။ မိစ္ဆာဇီဝဖြင့်လူတို့အား ဆေးဝါးခတ်စာပေးခြင်း စသည်ကိုပြု၍ ရသော လာဘ်သပ်ပကာနှင့် အသက်မွေးမှုကို ယူလေ။ ။ဤပါဠိတော်ကြီးကို ထောက်၍လည်း ဖန်ရည်သောက်သော ညောင်ခေါက်ဆိုးကိုဝတ်ရုံ၍ သမဏ,ဗြာဟ္မဏအဖြစ် တစိပ်၌တည်ကုန်သော လူဂဟဋ္ဌတို့အား ရွှေငွေကိုခံမှု သာယာမှု စသည်တို့သည် ဧကန္တညစ်နွမ်းခြင်းကို ပြုတတ်ကုန်၏၊ သာဝဇ္ဇအဘို့သို့ရောက်စေတတ်ကုန်၏ဟု သိအပ်လေသတည်း။ ။ထိုညောင်ခေါက်ဆိုးကို ဝတ်သည်ဖြစ်၍ သမဏ, ဗြာဟ္မဏအဖြစ်၌ တည်သောသူကို မြင်လျှင် ဂဟဋ္ဌဟူ၍ဆိုရပြန်သည်မှာ ဘိက္ခု,ဘိက္ခုနီ,သိက္ခမာန်, သာမဏေရ,သာမဏေရီ ဟူသော သီတင်းသုံးဘော် ငါးဦးတို့၌ မပါသောကြောင့် ဂဟဋ္ဌဟူ၍ပင် ဆိုရလျက်ရှိပြန်သည်ဟုမှတ်။

www.dhammaransi.com



**ဆယ်ပါးသီလနှင့်အသွင်**……ထိုမှတပါး သံယုတ် ပါဠိတော်၌—

ယသ္မာ ခေါ ဂါမဏိ ဓာတရူပ ရဇတံ ကပ္ပတိ ပဉ္စပိတဿ ကာမဂုဏာ ကပ္ပန္တိ၊ ယဿ ပဉ္စကာမဂုဏာ ကပ္ပန္တိ၊ ဧကန္တေနေတံ ဂါမဏိ ဓာရေယျာသိ အဿမဏဓမ္မော အသကျပုတ္တိယဓမ္မော တိ။ ။ဟူ၍ ဟောတော်မူ၏။

ဂါမဏိ၊မဏိစူဠက အမည်ရှိသော ရွာသူကြီး။ ယဿ၊အကြင်သူအား။ ဓာတရူပရဇတံ၊ ရွှေငွေသည်။ ကပ္ပတိ၊ အပ်၏။ တဿ၊ ထိုသူအား။ ပဉ္စပိကာမဂုဏာ၊ ကာမဂုဏ်ငါးပါးတို့သည်လည်း။ ကပ္ပန္တိ၊ အပ်ကုန်၏။ ယဿ၊ အကြင်သူအား။ ပဉ္စကာမဂုဏာ၊ ကာမဂုဏ် ငါးပါးတို့သည်။ ကပ္ပန္တိ၊ အပ်ကုန်၏။ တဿ၊ ထိုသူ၏။ သော၊ ထိုအပ်မှုသည်။ အဿမဏဓမ္မော၊ ရဟန်းပုဏ္ဏားတို့၏ အကျင့်မျိုးမ ဟုတ်။ အသကျပုတ္တိယဓမ္မော၊ သာကီဝင် မင်းသား၊ ငါဘုရား တပည့်သားတို့၏အကျင့်မဟုတ်။ ဣတိ၊ ဤသို့။ ဂါမဏိ၊ မဏိစူဠက အမည်ရှိသော ရွာသူကြီး။ တွံ၊ သင်သည်။ ဧကန္တေန၊ စင်စစ် အားဖြင့်သာလျှင်။ ဓာရေယျာသိ၊ မှတ်လေလော့။

ဤပါဠိတော်ကို ထောက် သဖြင့်လည်း ညှောင်ခေါက်ဆိုး အဝတ်ကို ဝတ်၍ ပဗ္ဗဇိတသမဏအဖြစ်သို့ ကပ်ကုန်သော သူတို့အား ခံယူခြင်းကိုမပြုဘဲနှင့်ပင် ဆယ်ပါးသီလသည် သဘာဝနိစ္စ ရထိုက်ကြောင်းကိုသိအပ်၏။

ဤလောက၌ ဆယ်ပါးသီလကို ပြောဟော ဆုံးဖြတ် ကြကုန် သော ဆရာတို့သည်ကား ပြဆိုခဲ့ပြီးသော သဘာဝနိစ္စ အနိစ္စ တမျိုး,ပုဂ္ဂလဇ္ဈာသယ နိစ္စအနိစ္စတမျိုး,ဤနှစ်မျိုး ရှိသည်ကို သတိ မမူကြကုန်သောကြောင့် ထုတ်ပြ ခဲ့ပြီးသော ဝိသုဒ္ဓိမဂ် အဋ္ဌ ကထာ၏ သဘောကိုစင်ကြယ် ချောမောအောင် မပြောနိုင်ကြ ကုန်။ ။မိမိတို့ဉာဏ်တွင် ထင်မိထင်ရာကိုသာ သန်သန်ပြောဆို ရေးသားဆုံးဖြတ်ကြသဖြင့် ဝါဒဝိနိစ္ဆယချင်းချင်း ဆန့်ကျင်ဘက် ဖြစ်၍ နေကြလေကုန်သည်။

www.dhammaransi.com



**မေးမြန်းဘွယ်**......မေးရန် ရှိသည်ကား“နိစ္စသိလ ဝသေနပစ္စ
သိက္ခာပဒါနိ သတိဝါ ဥသာဟော ဒသ၊
ဥပေါသထင် ဝသေနအဋ္ဌ။”

ဟူသောအဋ္ဌကထာစကားသည် သဘာဝနိစ္စ အနိစ္စတမျိုးကိုသာပြဆိုသည် မဟုတ်လော၊ထိုစကားဖြင့် ပုဂ္ဂလဇ္ဈာသယနိစ္စ အနိစ္စ တမျိုးကို အဘယ်သို့သိနိုင်ပါသနည်းမေးရန်–

ဤအဋ္ဌကထာစကား၌ ငါးပါးကို နိစ္စသိလဟုဆို၏၊နိစ္စမတတ်နိုင်သောသူသည် ငါးပါးကို ရံဖန်ရံခါ စောင့်ထိန်း လိုသော် မစောင့်ရ မစောင့်အပ်ဆိုမည်လော၊မဆိုးတံငါပြုလုပ်၍နေသောသူသည် ရံဖန်ရံခါ ပါဏာတိပါတာ ဝေရမဏီ သီလကို ခံယူ၍ စောင့်ထိန်းလိုသော် မစောင့်ရ မစောင့်အပ် ဆိုမည်လော၊ စောင့်အပ်သည်သာကေန်ဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် အဋ္ဌကထာ၌ ငါးပါးကိုနိစ္စဟုဆို၏၊ ထို့ကြောင့် အဋ္ဌကထာဆိုသော နိစ္စကား သဘာဝနိစ္စတည်းဟုသိအပ်၏။ ။သဘာဝနိစ္စဆိုသဖြင့်သဘာဝ အနိစ္စကိုသာ ပယ်တော်မူလိုရင်းတည်း၊ပုဂ္ဂလဇ္ဈာသယအနိစ္စကို ပယ်တော်မူလိုရင်းမဟုတ်၊ ထိုပုဂ္ဂလဇ္ဈာသယ အနိစ္စကိုမူကား ခွင့်ပြုတော်မူသည်ဟုသိအပ်၏။ ။ဤနည်းအတူ ဆယ်ပါးကို နိစ္စဆိုရာ၌လည်း သဘာဝ နိစ္စကိုသာ ဆိုရင်းတည်း၊သဘာဝနိစ္စကိုဆိုသဖြင့် သဘာဝ အနိစ္စကိုသာ ပယ်တော်မူလိုရင်းတည်း၊ ပုဂ္ဂလဇ္ဈာသယနိစ္စ အနိစ္စကို ပယ်လိုရင်းမဟုတ်၊ ထိုပုဂ္ဂလဇ္ဈာသယ နိစ္စ အနိစ္စကိုမူကား ခွင့်ပြုတော်မူသည်ဟု သိအပ်၏။ ။အဋ္ဌကထာ၌ရှစ်ပါးကို အနိစ္စဟုဆို၏၊ ရှစ်ပါးကိုယခုနေ့မှစ၍ ပါဏုပေတံ ခံယူ၍စောင့်လိုလျှင် မစောင့်ရဆိုမည်လော၊စောင့်ရသည်သာ ကေန်ဖြစ်၏၊ထိုသို့ဖြစ်ပါလျက် အနိစ္စဟု ဆို၏၊ ထို့ကြောင့် အဋ္ဌကထာဆိုသော အနိစ္စကား သဘာဝအနိစ္စတည်းဟုသိအပ်၏၊ သဘာဝအနိစ္စကိုဆိုသဖြင့် သဘာဝနိစ္စကိုသာ ပယ်တော်မူလိုရင်းတည်း၊ ပုဂ္ဂလဇ္ဈာသယ နိစ္စအနိစ္စကို ပယ်လိုရင်းမဟုတ်၊ ထို

www.dhammaransi.com



ပုဂ္ဂလဇ္ဈာသယနိစ္စအနိစ္စကိုမူကား ခွင့်ပြုတော်မူသည် ဟုသိအပ်၏။(**ငါးပါးဆယ်ပါးတို့၌ သဘာဝအနိစ္စကို မရအပ်၊ ရှစ်ပါး၌ သဘာဝနိစ္စကို အသီးမရအပ်၊ငါးပါး၌ ပုဂ္ဂလဇ္ဈာသယနိစ္စကို အသီးမရအပ်။**)

**အချို့ဝါဒ**……အချို့ ဆရာတို့ကား ဤအဋ္ဌကထာ၌ ပယ်လိုရင်းအနက်,ပယ်လိုရင်းမှ အလွတ်ဖြစ်၍ ခွင့်ပြုသော အနက်ကို ဝေဘန်ခွဲခြမ်း၍ မယူကြကုန်မူ၍ ဆယ်ပါးကို နိစ္စဆိုသောကြောင့် နိစ္စစောင့်နိုင်သူမှ ဆယ်ပါးကို စောင့်အပ်သည်၊ သိတင်းနေ့တွင်ကွက်၍ ဆယ်ပါးကို မစောင့်အပ်ဟု သန်သန်ယူကြကုန်၏။

ထိုသို့ဖြစ်ခဲ့သော် ငါးပါးကိုလည်း နိစ္စ ဆိုသောကြောင့် တသက်လုံးအမြဲစောင့်နိုင်သူမှ ငါးပါးကိုစောင့်အပ်သည်၊ ရံဘန်ရံခါမျှစောင့်လိုသော် မစောင့်အပ်ဟု ယူရလိမ့်မည်။

အချို့သော ဆရာတို့သည် ဤအဋ္ဌကထာ၌ ရှစ်ပါးကို အနိစ္စ ဆိုသောကြောင့် ရှစ်ပါးကို ဥပုသ်နေ့၌သာလျှင် စောင့်အပ်သည်၊ ဥပုသ်နေ့မဟုတ်သောနေ့ရက်တို့၌ မစောင့်အပ်ဟု ယူကြကုန်၏။

(ထိုသို့ဖြစ်ခဲ့သော် ငါးပါးကို နိစ္စ ဆိုသောကြောင့် ငါးပါးကို နိစ္စစောင့်နိုင်သူမှ စောင့်ရလိမ့်မည်၊ တရက်တလ တနှစ်စသော အတိုအားဖြင့်သာ စောင့်လိုသော် မစောင့်ရဟု ယူရလိမ့်မည်၊ ထိုသို့ယူခြင်း၌ မသင့်လေ၊ ထိုသို့ မသင့်လေသောကြောင့် ထိုဆရာတို့အယူခံသည် အဋ္ဌကထာမှထွက်သော အနက်မှန်အဓိပ္ပါယ်မှန်မဟုတ်။)

**အဋ္ဌကထာ၌မူကား**……ပုဂ္ဂလဇ္ဈာသယ နိစ္စ အနိစ္စမှုတို့မှာ လောကအားဖြင့် ထင်ရှား လှလေပြီ ဖြစ်၍ ထုတ်ဘော်၍ မဆိုလေဘဲ ပုဂ္ဂိုလ်တို့၏သဘာဝနှင့် သီလတို့၏သဘာဝကိုပဓာန ပြုသောအားဖြင့် သဘာဝနိစ္စ အနိစ္စကိုသာ

www.dhammaransi.com



ပြဆိုတော်မူသတည်း။ ။"**သတိဝါဥဿာဟောဒသ**" ဟူသော အဋ္ဌကထာပါဌ်၌ဥဿာဟောဆိုသည်ကား ပကတိ လူဝတ်ကိုစွန့်၍ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍ သမဏ ပြာပဗ္ဗဇာဟု ဆိုအပ်သော ပဗ္ဗဇိတအဖြစ်သို့ကပ်သဖြင့် သဘာဝ နိစ္စဆယ်ပါးတည် လောက်အောင်စွမ်းနိုင်သည်ကို ဆိုလိုရင်းတည်း၊ အဝတ်ဖြူဝတ်ခြင်း,အဝတ်ကြောင် ဝတ်ခြင်းဟူသော ပကတိလူအသွင်၌ တည်ကြကုန်သော သူတို့အားမူကား ဆယ်ပါး သီလကို ခံယူပြီးသော အခါ၌ရွှေငွေရတနာ အနာမာသဝတ္ထုတို့ကို မိမိကိုယ်တိုင် ခံယူခြင်း,သူတပါးကိုခံစေယူစေခြင်း, ကိုယ်နှုတ်ဖြင့် ဆောင်ယူ ဘိတ်ကြားသည်ကို စိတ်ဖြင့်သာယာ သိမ်းပိုက်ခြင်း ဟူသော ခံမှုသုံးမျိုးတို့မှလွတ်ကင်းအောင် ရှောင်ကြဉ်ခြင်း၌စွမ်းနိုင်သည်ကို ဥဿာဟောဆိုသည်ဟုမှတ်။ ။ရှေးအတို့က မိမိပိုင်ဥစ္စာအဖြစ်ဖြင့် ရှိနေသော ရွှေငွေကို မိမိဥစ္စာအဖြစ်မှလွတ်အောင် အာလယပြတ်ကင်း နိုင်သည်ကို ဥဿာဟောဆိုလိုရင်းမဟုတ်။ ။သိက္ခာ ပုဒ်ရင်းမှာပင် ဇာတရူပ ရဇတပဋိဂ္ဂဟဏာဟု ခံမှုသုံးမျိုးကိုသာ ပယ်ရင်း ဖြစ်သတည်း။

**ရွှေငွေနှင့်စပ်မအာပ် ၅-ပါး**……ရွှေငွေရတနာနှင့်စပ်၍ ဝိနည်းတော်၌ ပယ်တော်မူသော အမှု ငါးပါးရှိ၏။ (၁) ဥဂ္ဂဟာတပါး။(၂) ဥဂ္ဂဟာပနတပါး။ (၃) ဥပနိက္ခိတ္တသာဒိယနတပါး။(၄) ဒုဗ္ဗိစာရဏာတပါး။ (၅) အာမသန တပါး။ ။

၁။ ထိုတွင် အရှင်မရှိသော ရွှေငွေရတနာကိုတွေ့မြင်၍ ကိုယ်တိုင်ကိုင်ယူခြင်းသည်၎င်း, လက်ရောက် ကပ်လှူသည်ကို ကိုယ်တိုင်ခံယူခြင်းသည်၎င်း ဥဂ္ဂဟမည်၏။

၂။ အရှင် မရှိသော ရွှေငွေ ရတနာကို တွေ့မြင်၍ မိမိတို့ရာ သူတပါးကို အယူခိုင်းခြင်းသည်၎င်း, မိမိတို့ရာ သူတပါးကို အလှူခံခိုင်းခြင်းသည်၎င်း ဥဂ္ဂဟာပနမည်၏။

www.dhammaransi.com



၃။ ဒါယကာသည် ရွှေငွေရတနာကို ဆောင်ယူခဲ့၍ ရဟန်း၏ရှေ့၌ချထားပြီးလျှင် ဤရွှေငွေကို အလိုရှိရာ သုံးတော် မူပါဟူ၍ ၎င်း,သင်္ကန်းဘိုးပါ,ဘိနပ်ဘိုးပါ,ရထားခပါ, သင်္ဘောခပါ ဟူ၍ ၎င်း ဆို၍ လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့်သာယာ ခံယူခြင်းသည် ၎င်း,ဒါယကာသည် မိမိအိမ်၌သော်၎င်း, တပါးသော နေရာဌာန၌သော်၎င်း ရှိ၍နေသော ရွှေငွေကို ကိုယ်တော် အလိုရှိလျှင် ထိုရွှေငွေကိုယူပါ,သုံးပါဟူ၍ လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့်သာယာခံယူခြင်းသည်၎င်း ဥပနိက္ခိတ္တသာဒိယန မည်၏။

၄။ ကပ္ပိယနည်းလမ်းနှင့် ရှိနေသော ရွှေငွေကို ဤရွှေငွေဖြင့် ဘယ်ဟာကို ဝယ်ချေလော့, ဘယ်မှုလောက် ပေးလိုက်လော့, သေတ္တာထဲမှာ ထားလိုက်လော့, ထုတ်လိုက်လော့, ယူလိုက်လော့,ပေးလိုက်လော့ အစရှိသည်ဖြင့် စီရင်ခြင်းသည်ဒုဗ္ဗိစာရဏာ မည်၏။

၅။ သူတပါး ဥစ္စာဖြစ်သော ရွှေငွေရတနာကိုပင် သာယာသောစိတ်နှင့်တကွ ကိုယ်အင်္ဂါဖြင့် ထိပါးသုံးသပ်ခြင်းသည် အာမသန မည်၏။ ။ရဟန်းသာမဏေတို့မှာ ရွှေငွေရတနာနှင့် စပ်၍ ဤငါးပါးသောအမှုတို့ကိုလွတ်ကင်းစေအပ်ကုန်၏။

**လူ့ဘဝကရွှေငွေ**······လူဖြစ်စဉ်အခါကရှိနေသောရွှေငွေ ရတနာ,ကပ္ပိယ နည်းလမ်းဖြင့် ရဟန်းဖြစ်မှ ရရှိ၍နေသော ရွှေငွေရတနာတို့ကိုမူကား ထိုငါးပါးသော အချက်မှ လွတ်ကင်းစေ၍ ကပ္ပိယ ဒါယကာနှင့် နေရာကျ ပြုပြီးလျှင် အသက်ထက်ဆုံး စိတ်ဖြင့်သာယာ၍ ထိုရွှေငွေမှဖြစ်သောကပ္ပိယ ဘဏ္ဍာကိုသုံးဆောင်၍နေငြားသော်လည်းဝိနည်းတော်နှင့် အပြစ် ဆိုခွင့်မရှိပြီ။ ။ဆယ်ပါး သီလကို စောင့်ထိန်းသူ လူတို့မှာလည်း ထိုငါးပါးသောအမှုတို့ကို လွတ်ကင်းစေလျှင်ပြီးတော့သည်။ ။ နဂိုကရှိ၍ နေသော ရွှေငွေ ရတနာကို စိတ်သက်သက်နှင့်အာရုံ ပြုကာ သာယာခြင်းရှိသော်လည်းအပြစ်မရှိ၊သိက္ခာပုဒ်မပျက်။ ။

www.dhammaransi.com



အချို့သူတို့ကား ဤသို့သော ဝိနည်းအစီအရင် ထင်ရှား ရှိနေသည်ကို နှလုံးမထားကြကုန်မူ၍။

နစေ္စ ဝါဟံ ဘိက္ခဝေ ကေနစိပရိယာယေန ဇာတရူပ ရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗန္တိ ဝဒါမိ။

ဟူသောသာမညပါဠိတော်နှင့်ပင် သိက္ခာပုဒ်တော်ကို အတင်း အကြပ် ဆုံးဖြတ်ကြကုန်၏။

ဘိက္ခဝေ၊ရဟန်းတို့။ အဟံ၊ငါဘုရားသည်။ ကေနစိပရိယာယေန၊ တစုံတခုသောပရိယာယ်ဖြင့်။ ဇာတရူပရဇတံ၊ရွှေငွေကို။ သာဒိတဗ္ဗန္တိ၊ သာယာအပ်သေး၏ဟူ၍။ ပရိယေသိတဗ္ဗန္တိ၊ ရှာမှီးအပ်သေး၏ဟူ၍။ နဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ ။

သာဒိတဗ္ဗဆိုသည်ကား ပြဆိုခဲ့ပြီးသော ဥဂ္ဂဟ,ဥဂ္ဂဟာပန, ဥပနိက္ခိတ္တသာဒိယနမှုတို့ကို ဆိုသတည်း၊ ကေနစိပရိယာယေန ဆိုသည်ကား အမိတို့ရာ ခံယူသည်,အဘတို့ရာခံယူသည်, ဆရာ သမားတို့ရာ ခံယူသည် အစရှိသောပရိယာယ်မျိုးတို့နှင့်ပင် ဥဂ္ဂဟ, ဥဂ္ဂဟာပန, ဥပနိက္ခိတ္တသာဒိယနမှုတို့ကို မပြုအပ်ဆိုလိုသည်၊ ဘုရားတည်ရန်တို့, ဘုရားပြင်ရန်တို့, ထီးတော် တင်ရန်တို့, ဆွမ်းတော်ကြီးတင်ရန်တို့ အစရှိသော ပရိယာယ်မျိုးတို့သည် လည်း မအပ်သော ပရိယာယ်မျိုးတို့ချည်းပင်တည်း။ ။ဥဂ္ဂဟ စသော အချက်ငါးပါးတို့မှ လွတ်ကင်း၍ ဖြစ်သော ပရိယာယ် မျိုးတို့ကိုမူကား အဋ္ဌကထာတို့၌ အပ်ကြောင်းကို အမျိုးမျိုး ပြဆို လျက် ရှိလေပြီ။

**နိစ္စနှင့်နိယမသီလ**····ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,ပဋ္ဌာန်း အဋ္ဌကထာ အစရှိသော အရှင်မဟာ ဗုဒ္ဓဃောသ

စီရင်သော အဋ္ဌကထာကျမ်းဂန်တို့၌ လူတို့၏ ဆယ်ပါးသီလသည် နိစ္စသီလအရာနှင့်ချည်းလာရှိ၏၊ အရှင်မဟာဓမ္မပါလ စီရင်သော ဇာတိပုတ်အဋ္ဌကထာ, သံယုတ်ဋီကာကျမ်းတို့၌မူကား ငါးပါးသီလ

www.dhammaransi.com



သည် နိစ္စသီလမည်၏၊ဆယ်ပါးသီလသည် နိယမသီလ မည်၏ဟု၊ လာရှိ၏။ ။နိစ္စသီလနှင့် နိယမသီလနှစ်ပါးတို့၏ အထူးကိုမူကား။ ။

ယံဒေဟာသာဓနာပေက္ခံ၊နိစ္စံကမ္မ မယံယမော။
အာဂန္တုသာဓနံကမ္မ၊မနိစ္စံ နိယမောဘဝေ။ ။

ဟု အဘိဓာန်၌ဆို၏။

ယံကမ္မံ၊ အကြင်ပြုဖွယ်စရိယာမှုသည်။ နိစ္စံ၊ အမြဲ။ဒေဟာသာဓနာပေက္ခံ၊ကိုယ်ခန္ဓာပြီးဆုံးခန်းတိုင်အောင် ငဲ့ခြင်းရှိ၏။အယံ၊ဤပြုဖွယ်စရိယာမှုသည်။ ယမော၊ယမမည်၏။ ယံကမ္မံ၊အကြင်ပြုဖွယ်စရိယာမှုသည်။အာဂန္တုသာဓနံ၊တပက္ခ တလ စသည် အခိုက်အတန့်အားဖြင့်ပြီးစေခြင်းရှိ၏။ အနိစ္စံ၊ အမြဲမဟုတ်။ အယံ၊ ဤပြုဖွယ်စရိယာမှုသည်။ နိယမော၊အလိုရှိရာ ပက္ခ,လ,နှစ်အတိုအားဖြင့် တတ်အားသမျှ ပိုင်းခြားသတ်မှတ်၍ ကျင့်အပ်သောနိယမမည်သည်။ဘဝေ၊ ဖြစ်၏။(နိစ္စ,အနိစ္စနှစ်မျိုး၊ယမ,နိယမနှစ်မျိုး။ ။နိစ္စနှင့် ယမတူ၏၊ အနိစ္စနှင့် နိယမတူ၏။)

**အရှင်ဓမ္မပါလအလို**……ဆယ်ပါး သီလကို နိယမ သီလဟု ပြဆိုသော အရှင်ဓမ္မပါလအလိုသော်

လူတို့ငါးပါးသီလသည်သာ နိစ္စသီလဖြစ်၏၊ ဆယ်ပါး သီလသည်ကား အနိစ္စ သီလမျိုးသာဖြစ်၏။ ။ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည်ဖြစ်၍ သမဏ,ပြာဗ္ဗဏာ အမှု၌ တည်ပြီးသောသူကိုပဗ္ဗဇိတ အရာ၌ထား၍ အဝတ်ဖြူ အဝတ်ကြောင် ဝတ်သူ လူဂဟဋ္ဌ သက်သက်တို့၏ ဆယ်ပါးကို ဆိုလိုသည့် အတွက်ကြောင့် ဆယ်ပါးသီလကိုအနိစ္စမျိုး နိယမမျိုးဟု ဘွင့်ဆိုတော် မူပေသည်။ ။ ထိုသို့ဘွင့်ဆိုတော်မူသော အရှင်ဓမ္မပါလ ကျမ်းဂန်စရာကိုထောက်၍ ပုဂ္ဂလဇ္ဈာသယအားဖြင့် ဆယ်ပါးသီလသည် လူသာမန်တို့၌ နိစ္စ အနိစ္စနှစ်ပါးရ၏ဟု ပြဆိုခဲ့ပြီးသော စကားသည် အလွန်သင့်မြတ်လှလေသတည်း။

ဤ၌လည်း အနိစ္စနိယမမှာ"အာဂန္တုသာဓနံ ကမ္မံအနိစ္စံ"ဟု ဆိုသောကြောင့် နိယမဖြစ်သော ဆယ်ပါးမှာ နိစ္စမရသင့်၊ ဆယ်ပါး

www.dhammaransi.com



ကို တခါထည်း ပါဏာပေတံ ခံယူ၍ မစောင့်သင့်ဟု မယူအပ်၊ ထိုသို့ယူခဲ့သော် ယမဖြစ်သော ငါးပါးမှာလည်း"ယံဒေဟာသာဓနာ ပေက္ခံနိစ္စံ"-ဟု ဆိုသောကြောင့် ရက်,လ ပိုင်းခြား၍ ထိန်းလိုသော် မထိန်းရဟု ဆိုရလိမ့်မည်။ ။လောကန္တ အာစာရကုလပုတ္တာဖြစ်ကြပေကုန်သော ဂဟာဋ္ဌဖြစ်သူ လူတို့၏ အရိုးအစဉ်ကို ပဓာန ပြုသောအားဖြင့် ငါးပါးသည် နိစ္စ,ယမ၊ ဆယ်ပါးသည် အနိစ္စ,နိယမဟု ပြဆိုပေ၏။ ။ရှေး၌ ပြဆိုခဲ့ပြီးသောအတိုင်း အနိစ္စဟု ပြဆိုခဲ့ပြီးသော ဥပေါသထသီလသည် နိစ္စလည်း ပုံသေရအပ်သကဲ့သို့ အာဂန္တုသာဓနဖြစ်သော အနိစ္စ,နိယမသည်လည်း စွမ်းနိုင်သည့်ရှိသော် နိစ္စ,ယမလည်း ပုံသေဖြစ်သင့်၏ဟု သိလေ။

**ဆယ်ပါးစောင့်သူလူများ**.....ဆယ်ပါးသီလကို စောင့်ထိန်းကြသူ လူဂဟာဋ္ဌ ဝတ္ထုသက်သေ အရပ်ရပ် လာရှိသည်တွင် ရှင်အာနန္ဒာအလောင်း သုမနမင်းသား ဝတ္ထု,သီဟိုဠ်ကျွန်း အနုဠာဒေဝီ မိဖုရားဝတ္ထုတို့မှာ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်မှုလာ၏၊ ဥရုဝေဠ ကဿပညီနောင်အလောင်းဝတ္ထု စသည်တို့၌ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်သည်ဟူ၍ မလာ၊လာသောအရာဝိသေသကို ထောက်၍ မလာသောအရာသာမညတို့၌လည်း နေယျတ္ထအားဖြင့် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကြသည်ချည်းဟုသိရမည်။ ။တနည်း၊မလာသော အရာတို့၌ ပကတိ လူဝတ်နှင့်ပင် ပုဂ္ဂလဇ္ဈာသယ အားဖြင့် ခံယူ၍ရသော ဆယ်ပါးကိုသိလေ။ ။လာသောအရာတို့၌လည်း **ဒသသီလာနိ သမာဒိယိတွာ**-ဟု ဆိုပြန်၏၊ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်မှ လျှင်ပင် ခံယူဆောက်တည်မှု ပြီးစီးပြီဖြစ်သော်လည်း ခံယူသည့်အတွက် အကျိုးများစွာရှိလျက် ဖြစ်ပြန်သောကြောင့် ခံယူကြသည်ဟု ယူလေ။

အိုးထိန်းသည် ဃဋိကာရ ဝတ္ထု၌လည်း ဖန်ရည် ဆိုးသောအဝတ်ကို ဝတ်သည်ဟူ၍မလာ၊ အမိအိုု,အဘအိုတို့ကို လုပ်ကျွေးမှု,မြတ်စွာဘုရားကို လုပ်ကျွေးမှုတို့အတွက် အိုးလုပ်၍ ပစ္စည်းဥစ္စာ

www.dhammaransi.com



ရှာသွေမှုဟူသော ဂိဟိကမ္မနှင့် မကင်းနိုင်သောကြောင့် ဖန်ရည်ဆိုးသော သင်္ကန်းအဝတ်မျိုးကို မဝတ်လေသည် ဖြစ်ရာ၏၊ ဆယ်ပါးသီလမြဲကြောင်းကိုမူကား ဤသို့လာ၏။

> ယဒိုကာရောခါ မဟာရာဇ ကုမ္ဘကာရော ဃဋိကာရော ကော ဖြဟ္မစာရီ သီလဝါ ကလျာဏဓမ္မော နိက္ခိတ္တမဏိသုဝဏ္ဏော အပေတ ဇာတရူပ ရဇတော။ ။ဃဋိကာရ သုတ်ပါဠိတော်။

မဟာရာဇ၊ ကိကီမင်းကြီး။ ဃဋိကာရော၊ ဃဋိကာရ အမည်ရှိသော။ ကုမ္ဘကာရော၊အိုးထိန်းသည်သည်။ ဃဋိကာရော၊နံနက်တနပ်၊တထပ်ထမင်းသာစားခြင်းအလေ့ရှိ၏။ ဖြဟ္မစာရီ၊ မေထုန်ဓမ္မ၊အဖြဟ္မစရိယမှ ကြဉ်ရှောင်လေ့ရှိ၏။ သီလဝါ၊သီလနှင့်ပြည့်စုံ၏၊ ကလျာဏဓမ္မော၊ ကောင်းသောအကျင့်ရှိ၏။ နိက္ခိတ္တမဏိသုဝဏ္ဏော၊ပယ်ပစ်အပ်ပြီးသော ပတ္တမြားရွှေငွေရှိ၏၊ အပေတဇာတရူပရဇတော၊ကင်းရှင်းသော ရွှေငွေရတနာရှိ၏။ ။အနက်။

ဤပါဠိတော်၌ "ဃဋိကာရော"ဟူသောပါဌ်ဖြင့် "ဝိကာလဘောဇနာ ဝေရမဏီ"သိက္ခာပုဒ် အမြဲတည်ကြောင်းကို ပြတော်မူသည်၊ "ဖြဟ္မစာရီ"ဟူသော ပါဌ်ဖြင့် "အဖြဟ္မစရိယာ ဝေရမဏီ"သိက္ခာပုဒ် အမြဲတည်ကြောင်းကို ပြတော်မူသည်၊ "သီလဝါ"ဟူသောပါဌ်ဖြင့် နိစ္စသီလငါးပါးနှင့်တကွ ကာယသုစရိုက် သုံးပါး,ဝစီသုစရိုက် လေးပါး, အာဇီဝဋ္ဌမကသီလရှစ်ပါး အမြဲတည်ကြောင်းကို ပြတော်မူသည်၊ "ကလျာဏဓမ္မော"ဟူသော ပါဌ်ဖြင့် မနောသုစရိုက် သုံးပါးနှင့်တကွ ဣန္ဒြိယသံဝရ ခြောက်ပါး, ဖြဟ္မဝိဟာရတရားလေးပါး စသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံကြောင်းကို ပြတော်မူသည်၊ "နိက္ခိတ္တမဏိသုဝဏ္ဏော အပေတ ဇာတရူပ ရဇတော"ဟူသော ပါဌ်တို့ဖြင့်ဇာတရူပ ရဇတ သိက္ခာပုဒ်တော် အမြဲတည်ကြောင်းကို ပြတော်မူသည်။

www.dhammaransi.com



အလုံးစုံသောပါဠိတို့ဖြင့် နိဗ္ဗာန သိက္ခာပုဒ်, မာလာဂန္ဓ သိက္ခာပုဒ်, ဥစ္စာသယန မဟာသယန သိက္ခာပုဒ်တို့လည်း အမြဲ တည်ကြောင်းကို ပြီးစေတော်မူသည်။ ။ဤသို့ ပြီးစေတော် မူသဖြင့် လူတို့၏ ဂဟဋ္ဌဒသ သီလဆိုသည်ကား သာမဏေတို့၏ ဒသသီလနှင့် တထပ်ထည်းပင် ဖြစ်သည်ဟူသော အနက်သည် ပြီး၏၊ ထို့ကြောင့်မဟာဋီကာ၌။

ဒသာတိ သာမဏေရေဟိ ရက္ခိတဗ္ဗသီလမာဟ စသဋီကာရာ ဖိနိဝိယ။ ။ဟု မိန့်ဆိုတော်မူပေသည်။ ။သာမဏေတို့၏ ဒသ သီလ သရုပ်သည်ကားဝိနည်းတော်၌လည်း တိုက်ရိုက် လာ၏၊ သာမဏေပြုလုပ်ဘူးကြသူ လူအပေါင်းတို့အားလည်း သိကြရင်း ဖြစ်သည်နှင့်အလွန်ထင်ရှား၏၊ ထို့ကြောင့် ဂဟဋ္ဌဒသသီလသရုပ် ကို အကျယ်ထုတ်ဘော်၍မပြဘဲ အကျဉ်းမျှနှင့် အကျယ်သရုပ်ကို သိလွယ်ရန် သာမဏေတို့၏ ဒသသီလနှင့်ကပ်၍ မဟာဋီကာ၌ပင် ပြတော်မူပေသည်။

**မနောသုစရိုက် သီလကုသိုလ်မဟုတ်**·····အချို့သော ဆရာတို့ ကား ဤမဟာဋီကာ ၌ပင် ဘွင့်ပြသော ဒသသီလကိုပယ်၍"သတိဝါ ဥဿာဟောဒသ"၌ သုစရိုက်ဆယ်ပါးကိုဂဟဋ္ဌနိစ္စဒသသီလဆိုသည်ဟုယူကြကုန်၏၊ မိမိသို့ဆည်းကပ်သူတပည့်တကာ တို့ကိုလည်း။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၅။ ပိသုဏာဝါစာယ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဖရုသဝါစာယ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၇။ သမ္ဖပ္ပလာပါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

www.dhammaransi.com



၈။ အဘိဇ္ဈာဝယ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၉။ ဗျာပါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၁၀။ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ဟုခံယူ ဆောက်တည် စေကြကုန်၏။ ။သုစရိုက်ဆယ်ပါး တွင်နောက်ဖြစ်သော မနောသုစရိုက်သုံးပါးသည် သီလ ကုသိုလ် မျိုးပင်မဟုတ်၊ ဝေရမဏိ တရားမျိုးပင် မဟုတ်၊ ဝိရတိ သီလ တရားမျိုးပင်မဟုတ်၊ အနဘိဇ္ဈာဆိုသည်ကား အလောဘ တရား တည်း၊ အဗျာပါဒ ဆိုသည်ကား အဒေါသ တရားတည်း၊ သမ္မာ ဒိဋ္ဌိ ဆိုသည်ကား အမောဟတရားတည်း၊ မိမိအဇ္ဈတ္တသန္တာန်၌ ပွါးများ စေတတ်သော မနောသံဝရ တရားမျိုးသာ ဖြစ်သည်၊ ဝေရမဏိဆို၍ ဆောက်တည်ရသော ကာယသံဝရ, ဝါစာသံဝရ တရားမျိုးမဟုတ်။

ဆောက်တည်ခဲ့သော် အပြစ်ရှိသလောဆိုမူ အကုသိုလ် အပြစ် ကားမရှိ၊ ကုသိုလ်ရသောအမှုပင်ဖြစ်၏၊ သို့သော်လည်း သာသနာ ၌ အစဉ်ထာဝရ လာခဲ့သောဂဟဋ္ဌသီလ တိမ်မြုပ်ရန်ရှိသော အပြစ်,ဝေရမဏိသီလမျိုးမဟုတ်သော မနောသုစရိုက် သုံးပါးကို သီလဆို၍ ဝေရမဏိသဒ္ဒါနှင့် ခံယူကြသည့် အတွက် ဓမ္မတန္တိ ဓမ္မပဝေဏီတို့၌ မကျွမ်းကျင် ရှာလေဟု ပညာရှိ ပုဂ္ဂိုလ်တို့ ပြောဆိုရန်အပြစ်ရှိသတည်း။

ထို့ကြောင့်ဤ "သတိပဋ္ဌာနဝိသဇ္ဇနာ"၌ ဇာဒိုကာရသုတ် ပါဠိတော်အရနှင့် ဘွင့်ပြတော်မူသော မဟာဋီကာအတိုင်းသာ အမှန်ဟူ၍မှတ်။

သာမဏေတို့ စောင့်ထိန်းရသော ဒသ သီလကို မဟာဋီကာ ဘွင့်ဆိုတိုင်း ယူခဲ့သော် ဆယ်ပါး သီလကို စောင့်ထိန်းကြသူ ဟူသမျှတို့သည် ဇာဒိုကာရ ကဲ့သို့ချည်းကျင့်ကြမှ နေရာကျမည် ဟု မရောက်လေဟူမူ သဘာဝနိစ္စ အနိစ္စ, ပုဂ္ဂလဇ္ဈာသယနိစ္စ

www.dhammaransi.com



အနိစ္စ, ဂဟဋ္ဌသာမန် ဂဟဋ္ဌဓိသေသတို့နှင့် ဝေဘန်၍ ပြဆို လေ။ ။ဃဋီကာရကို ထုတ်ပြတော် မူသည်မှာ ရှေ့၌ ပြဆို ခဲ့ပြီးသော အတိုင်း ပါဠိတော်ကြီးတိုက်ရိုက်နှင့် ဂဟဋ္ဌ သီလ ထင် ရှားလှ၍ပြတော်မူပေသည်။ ။ဃဋီကာရဆိုသည်မှာ အနာဂါမ် အရိယာကြီး ဖြစ်ပေ၍ဆယ်ပါး သီလတွင်မက မိမိ ကိုယ်တိုင် ရောင်းခြင်း,ဝယ်ခြင်း,စပါးစိမ်းကို ခံယူခြင်း အစရှိသော ရှုန့်ရင်း သော ဃရာဝါသကိစ္စ အမှုမျိုးတို့ကို အလုံးစုံ အကုန်ပယ်သော သူဖြစ်သည်။ ။ယင်း ဃဋီကာရနှင့် အလုံးစုံတူနိုင်မှ ဆယ်ပါး သီလကိုစောင့်ထိန်းရမည်ဟု ပြဆိုလိုရင်းမဟုတ်။ ။ထို့ကြောင့် ယင်းမဟာဋီကာရှင်သည်ပင်လျှင်မိမိစီရင်သော ဇာတိ ဝတ်အဋ္ဌ ကထာ,သံယုတ်ဋီကာတို့၌ ဆယ်ပါးသီလကို အနိစ္စသီလ, နိယမ သီလဟု ဘွင့်ပြတော်မူပေသတည်း။

**မဟာဋီကာအတိုင်းမှတ်ယူကြ**……ဒသ သီလကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ နိစ္စသီလ ဟု ပြဆိုသည်ကား သီလမခံဘဲနှင့်ပင် မစောင့်ချင်သော်လည်းမနေရ၊ မစောင့်ခဲ့လျှင် အသွင်အပြင်နှင့်မတန် ကျင့်ကြံ ဘိသည်ဟု ကဲ့ရဲ့မှု, ညစ်နွမ်းမှု အပြစ်ဒဏ် ကြောက္ကခံရသော သဘာဝနိစ္စကိုရည်၍ ပြဆိုလေသည်၊ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်သော သမဏ ပြာဟ္မဏ ပဗ္ဗဇိတဂိုဏ်းဝင် သူတော်စင်ဂဟဋ္ဌတို့၏ ဒသသီလ မျိုးပေတည်း။ ။ဇာတိဝတ်အဋ္ဌကထာ,သံယုတ်ဋီကာတို့၌ အနိစ္စ သီလ,နိယမသီလဟု ပြဆိုသည်မှာ သီလမခံဘဲ အဖြဟ္မစရိယမှု, ဝိကာလဘောဇန, နစ္စ ဂီတ, စသော အမှုတို့ကို ပြုကျင့် ခံစား သော်လည်း အသွင်အပြင်နှင့် မတန်ဟု ကဲ့ရဲ့ရန် အပြစ်မရှိသော ပကတိလူတို့၏ ပုဂ္ဂလဇ္ဈာသယ အနိစ္စကို ပြဆိုရင်းဖြစ်သည်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလည်း ဤပုဂ္ဂလဇ္ဈာသယ အနိစ္စကို ပယ် သည်မဟုတ်၊ ခွင့်ပြုရာပင်ကျ၏၊ ထို့ကြောင့် ကျမ်းဂန်ချင်းချင်း ဆန့်ကျင်ခြင်းမရှိကြ၊ လောကခ္ခလည်း ဒသသီလကို စောင့်ထိန်း

www.dhammaransi.com



ကြရန်အခွင့်အလမ်းအမျိုးမျိုးရှိသည်ကိုသိကြရ၏။ ။ထို့ကြောင့် နိစ္စဆိုသည့်အလို အစောင့်အထိန်း ခက်သည်ဟု အကြံပြုကာ မဟာဋီကာကြီးကို မပယ်သင့်ပေ။

သီလမယတ္ထိနိစ္စ သီလ ဥပေါသထနိယမာဒိဝသေနပဉ္စအဋ္ဌ ဒသဝိဓ သီလာနိ သမာဒိယတ္ဟသ။ ။**ဇာတိဝုတ် အဋ္ဌကထာ**။နိစ္စ ဝသေန ပဉ္စဟိ, နိယမဝသေနဒသဟိ, ပိသဒ္ဒေနကတိပယေဟိ, ဥပေါသထသီလဝသေန အဋ္ဌဟိပိတိဒသေဟိ။ ။**သဏ္ဍသံယုတ် ဋီကာ**။ ။လူတို့၌ငါးပါးသည် နိစ္စ၊ ဆယ်ပါးသည်နိယမဟု ဆိုသော ကျမ်းရ။ ။နိယမဟူသည် အနိစ္စတည်း။

အာဂန္တုသာဓနံကမ္မ၊ မနိစ္စံနိယမေဘာဝေ။ ။**အဘိဓာန်**။

အနိစ္စဆိုသော်လည်း ဥပေါသထသီလကဲ့သို့ တနေ့ တရက်မျှ အနိစ္စမျိုး မဟုတ်၊ တပက္ခ, တလ, တနှစ် စသည် ရက်ရှည် စောင့်ထိန်းသော အနိစ္စမျိုးပေတည်း။ ။ဥပေါသထ သီလနှင့် ကွဲစေခြင်းငှါသာ ဤသို့ဆိုမှုဖြစ်သည်၊ဆယ်ပါး သီလကို တနေ့ တရက်မျှစောင့်ထိန်း၍မရဟုမဆိုသာ၊ ရွှေငွေအနာမာသကိုဥဂ္ဂဟ စသော အကပ္ပိယမှ ငါးချက်တို့ဖြင့် ထိုနေ့ ထိုရက်တွင် ဆက်ဆံ ခြင်းမရှိလျှင်ပြီးတော့သည်။

ဝိသုဒ္ဓိမဂ်ပါဠိ၌ ဒသအရမှာ သုစရိုက်ဆယ်ပါးကို ယူခဲ့လျှင် သုစရိုက်ဆယ်ပါးမည်သည် ငါးပါးသီလနှင့်ထပ်တူ သဘာဝနိစ္စ မျိုးဧကန်စင်စစ်ဖြစ်လေသောကြောင့် ဒသသီလသည် အနိစ္စ,နိယ မ ဟုဘွင့်ကြသောကျမ်းဂန်ရှုနှင့်လည်းဆန့်ကျင်၏။

**အမည်သညာ မထင်ရှားသော အညတရဆရာ စီရင်သည့် ခုဒ္ဒက ပါဌ အဋ္ဌကထာဋီကား။**

ဒသမံသာမဏေရာနမေဝ ဝိသေသဘူတံ။ ။ဟုအဆိုရှိ၏။

ဒသမံ၊ဇာတရူပဒသမသိက္ခာပုဒ်သည်။ သာမဏေရာနမေဝ၊ သာမဏေတို့၏သာလျှင်။ ဝိသေသဘူတံ၊ ဝိသေသ ဖြစ်၍ ဖြစ်၏။

www.dhammaransi.com



ဓာတရူပသိက္ခာပုဒ်သည် ဂဟဋ္ဌ ဖြစ်သူလူတို့နှင့်မဆိုင်၊ သာမဏေတို့နှင့်သာ ဆိုင်၏ဟူလိုသည်။ ။လူတို့မည်သည် ငါးသိက္ခာပုဒ်ကို စောင့်နိုင်ခဲသောကြောင့် ဆိုသည်ဟု ထိုစကားကို ဥပါသကာလင်္ကာရကျမ်း၌ ဖြေ၏။ ။ဝိနည်းဋီကာ ဆရာကြီးတို့ကား ထိုစကားကို ပယ်ကြကုန်၏။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, မဟာဋီကာကြီးတို့ကိုအတည်ပြုကြလေကုန်၏။ ။ဃဋီကာရအိုးထိန်းသည် ဂဟဋ္ဌဖြစ်သူ လူ၏ ကျင့်စဉ်၌ "နိက္ခိတ္တဇာတရူပ ရဇတော"ဟုဇာတရူပသိက္ခာပုဒ်ကို ပါဠိတော်ကြီးမှာ တိုက်ရိုက် လာသောကြောင့် မဟာဋီကာကြီးဘွင့်တိုင်းကိုသာယုံကြည်အပ်၏။

(လယ်တီဆရာ ငါသည် ရေးသားစီရင်အပ်သော
သီလဝိနိစ္ဆယ ကျမ်းပြီး၏။)

www.dhammaransi.com

# အာဇီဝဋ္ဌမကသီလအဆုံးအဖြတ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အာဇီဝဋ္ဌမကသီလသည် ယခုကာလ စောင့်ထိန်းကြသည့် ရှစ်ပါးသီလ-ဆယ်ပါးသီလများနှင့် အဘယ်သို့ ထူးခြားကြောင်း၊ ၎င်းအာဇီဝဋ္ဌမကသီလကို ခံယူဆောက်တည်ပုံ၊ ၎င်းအာဇီဝဋ္ဌမကသီလ၏အင်္ဂါ အပြား, ပယောဂအပြားများကို သိလိုပါကြောင်းနှင့် ပုသိမ်မြို့ ရုံးအင်စပိတ်တော်မောင်ကျော်ဇံ တောင်းပန်လျှောက်ထားချက်မှာ။

## ပဌမပုစ္ဆာအဖြေ

အာဇီဝဋ္ဌမကသီလသည် ယခုကာလ စောင့်ထိန်းကြသည့် ရှစ်ပါးသီလ, ဆယ်ပါးသီလများနှင့် အဘယ်သို့ ထူးခြားကြောင်း ဟူသော ပဌမပုစ္ဆာ၌ အဖြေကား။ ။ရှစ်ပါးသီလမည်သည် ဃရာဝါသ သမ္ဗာဓ၌ တည်နေကြကုန်သော ပကတိလူတို့၏သီလတည်း။ ။ထိုပကတိလူတို့သည် အပြဟ္မစရိယ ဝိကာလ ဘောဇနစသော အမှုများကို နိစ္စထာဝရ ကြဉ်ရှောင်ခြင်းငှါ မတတ်နိုင်ကြကုန်ရကား တလလျှင် လေးသီတင်းရှစ်သီတင်း အမှတ် ပြု၍ စောင့်ထိန်းကြသော အနိစ္စ သီလမျိုးပေတည်း၊ နိစ္စပြု၍ စောင့်နိုင်လျှင်လည်း အလွန်ကောင်းမြတ်၏၊ဆယ်ပါး သီလသည် မူကား နိစ္စ, အနိစ္စနှစ်မျိုးရှိ၏၊ ဃရာဝါသ ကိစ္စကို စွန့်လွှတ်၍ အဝတ်ကြောင် အဝတ်ဖြူဟူသော ပကတိလူတို့ အဝတ်ကိုပယ်၍ အရဟဒ္ဓဇ အဝင် အပါ ဖြစ်သော ညောင်ခေါက်စသည် ဖန်ရည်ဆိုးအပ်သော အဝတ်ကို ဝတ်သော လူသူတော် များတို့အား ထိုဆယ်ပါးသောသီလသည်နိစ္စသီလမျိုးဖြစ်၏။

ထိုအဝတ်ကို ဝတ်မိသည်နှင့်တပြိုင်နက် ထိုသူတို့အားထိုသီလသည်တည်လေ၏၊ တည်၏ ဆိုသည်ကား ထိုအဝတ်ကို ဝတ်မိ

www.dhammaransi.com



သည်နှင့်တပြိုင်နက် ထိုသူတို့သည် အဖြဟ္မစရိယ ဝိကာလ ဘောဇနစသော အမှုများကို ပြုခြင်းငှါ မထိုက်ကုန်ပြီ၊ ပြုခဲ့လျှင်အရဟန္တဇ အဝတ်အသွင်နှင့် မထိုက်တန်သော အမှုဖြစ်၍ အလဇ္ဇီသဘောသို့ ရောက်ကုန်၏၊ ဤကဲ့သို့ပြုခြင်းငှါ မထိုက်တန်သောသဘောသို့ရောက်သည်ကို ထိုသီလ တည်သည်ဟု ဆိုသတည်း၊ နိစ္စသီလမျိုးဟူသမျှသည် ဤနည်းချည်းမှတ်လေ၊ ပကတိ လူတို့အား ထိုကဲ့သို့သော နိစ္စ သီလအနေနှင့်တည်မှုကိုမရအပ်၊ ရှစ်ပါးသီလကဲ့သို့ပင် ဆောက်တည်မှုရသော အနိစ္စ မျိုးသာဖြစ်၏၊ နိစ္စပြု၍ စောင့်ထိန်းလိုလျှင် နိစ္စအနေနှင့်ခံယူမှုရ၏၊ ဤကား အကျဉ်းတည်း။

(အကျယ်ဖြစ်သော ဝိနိစ္ဆယကို မူကား ငါတို့ စီရင်သည့် အာဟာရဒီပနီ စာအုပ်တွင် ပါရှိသော သီလဝိနိစ္ဆယမှာကြည့်၍သိလေ။ ။ရှစ်ပါး ဆယ်ပါး သီလအကျဉ်းမှတ်ပုံပြီး၏။)

**အာဇီဝဋ္ဌမကသီလ**·····ဆိုသည်ကား **သုစရိုက်ဆယ်ပါး**တွင် မနော သုစရိုက် သုံးပါးကို ချန်လှပ်သော် ကာယ သုစရိုက်သုံးပါး,ဝစီသုစရိုက်လေးပါး ဟူ၍ခုနစ်ပါး ရ၏။ ။၎င်းခုနစ်ပါးမှာ သမ္မာအာဇီဝ ဝိရတိကိုထည့်၍ အာဇီဝဋ္ဌမက သီလခေါ်၏။ ။**ကာယ သုစရိုက် သုံးပါးကား** သမ္မာကမ္မန္တဝိရတိတည်း။ ။**ဝစီသုစရိုက်လေးပါးကား** သမ္မာ ဝါစာဝိရတိတည်း၊သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ ဟူ၍ ဝိရတိ သုံးပါးဖြစ်၏၊ထိုသုံးပါးတို့တွင် သမ္မာဝါစာ ဝိရတိသည်။

၁။ မုသာဝါဒါဝေရမဏီ။
၂။ ပိသုဏာဝါစာယဝေရမဏီ။
၃။ ဖရုသဝါစာယ ဝေရမဏီ။
၄။ သမ္ဖပ္ပလာပါ ဝေရမဏီ။

ဟူ၍လေးပါးအပြားရှိ၏။

www.dhammaransi.com



သမ္မာကမ္မန္တဝိရတိသည်လည်း။
၁။ ပါဏာတိပါတာ ဝေရမဏီ။
၂။ အဒိန္နာဒါနာ ဝေရမဏီ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။
ဟူ၍ သုံးပါးအပြားရှိ၏။

**သမ္မာအာဇီဝ ဝိရတိမှုကား**……အသက်မွေးမှု၏ အစွမ်းဖြင့် ပြုရသော ပါဏာတိပါတ အစရှိသော ထိုဒုစရိုက် ခုနစ်ပါးကို မိစ္ဆာဇီဝဒုစရိုက်မျိုး ခေါ်ရပြန်၏၊ ထိုမိစ္ဆာဇီဝ ခေါ်ရသော ဒုစရိုက် ခုနစ်ပါးတို့မှ ရှောင်ကြဉ်မှု ဖြစ်သောကြောင့် ခုနစ်ပါး ဖြစ်၏၊ သမ္မာဝါစာဝိရတိ ၄၊ သမ္မာကမ္မန္တဝိရတိ ၃၊ သမ္မာအာဇီဝ ဝိရတိ ၇၊ဝိရတိ ၁၄၊ ဖြစ်၏၊ ၎င်း ၁၄ သည် သမာဒါနဝိရတိ ၁၄၊ သမ္ပတ္တဝိရတိ ၁၄၊ သမုစ္ဆေဒဝိရတိ ၁၄၊ ဟူ၍ ၄၂ ပါး ဖြစ်၏။

**သမာဒါနဝိရတိ**……ဆိုသည်ကား "ပါဏာတိ ပါတာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ" အစရှိသောပါဠိ၏အနက်အဓိပ္ပါယ်ကို သိ၍ သိတိုင်း အာရုံပြု၍ ခံယူသောသူတို့အား–မိ–အက္ခရာကို ရွတ်ဆိုသည်နှင့် တပြိုင်နက် ထိုထိုဝိရတိသည် ဖြစ်၏။ ။ဤလည်း သမာဒါန ဝိရတိ ၁၄ တမျိုး။ ။သူ့အသက် သူ့ဥစ္စာဏ်စသောဝတ္ထုကို တွေ့ကြုံသော အခါ ငါ့မှာခံယူ၍ ထားသော သီလ ရှိပေသည်၊ ငါလွန်ကျူး၍ မသင့်ပေဟု ရှောင်ကြဉ်၏၊ ရှောင်ကြဉ်သောစိတ် ဖြစ်သည်နှင့် တပြိုင်နက် ဝတ္ထုအားလျော်စွာ ထိုထို ဝိရတိသည် ဖြစ်၏၊ ဤလည်း သမာဒါနဝိရတိ ၁၄ တမျိုး။ ။ထို့နှစ်မျိုးကို ပေါင်းသည် ရှိသော် သမာဒါနဝိရတိ ၂၈ ဖြစ်ပြန်၏။

**သမ္ပတ္တဝိရတိ**……ဆိုသည်ကား ခံယူ ဆောက်တည်၍ ထားမှုကား မရှိ၊ ဝတ္ထုကို တွေ့ကြုံသော အခါ၌ မူကား လွတ်အောင် ရှောင်ကြဉ်ပေ၏၊ ဤသို့ ရှောင်ကြဉ်သော

www.dhammaransi.com



သူတို့အား ရှောင်ကြဉ်သော စိတ်ဖြစ်သည်နှင့်တပြိုင်နက် ထိုထို ဝတ္ထုအားလျော်စွာ ထိုထိုဝိရတီသည် ဖြစ်၏၊ ဤကား သမ္ပတ္တဝိရတီမျိုးတည်း။

**သမုစ္ဆေဒဝိရတိ**……ဆိုသည်ကား သောတာပတ္တိမဂ်ခဏ၌ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသည်နှင့် တပြိုင်နက် အပါယ်သို့ ချနိုင်သောဒုစရိုက် ဆယ်ပါးတို့သည် အပြီးတိုင် ချုပ်ငြိမ်းကုန်၏၊ ထိုထိုချုပ်ငြိမ်းရာ၌ သမ္မာဝါစာမဂ္ဂင်သည်ဝစီဒုစရိုက်လေးပါးကိုအပြီးတိုင် ချုပ်ငြိမ်းစေ၏၊ သမ္မာကမ္မန္တ မဂ္ဂင်သည် ကာယဒုစရိုက် သုံးပါးကို အပြီးတိုင် ချုပ်ငြိမ်းစေ၏၊ သမ္မာအာဇီဝ မဂ္ဂင်သည်အသက်မွေးမှု၏အစွမ်းဖြင့် ဖြစ်သော ထိုခုနစ်ပါးသော ဒုစရိုက်တို့ကိုအပြီးတိုင်ချုပ်ငြိမ်းစေ၏၊ ဤမဂ္ဂင်သုံးပါးကို သမုစ္ဆေဒဝိရတိဆိုသည်။

**အာဇီဝဋ္ဌမကအပြား**…… ပယ်အပ်သော ဒုစရိုက် အပြား ဆဲ့လေးပါးကို ထောက်၍ သမုစ္ဆေဒဝိရတိ ဆဲ့လေးပါး ဆိုသည်၊ မဂ်စိတ္တက္ခဏ မည်သည် တချက်မျှသာ ကျသည်ဖြစ်၍ မဂ်ဝိရတိမှာမူကား လောကီ ဝိရတိမှာကဲ့သို့ အာရုံအမျိုးမျိုး,ခဏအမျိုးမျိုးသို့ လိုက်၍ ဆဲ့လေးပါး ဖြစ်ပွါးသည်မဟုတ်။ ။သမာဒါနဝိရတိ(၂၈)၊သမ္ပတ္တဝိရတိ(၁၄)၊ သမုစ္ဆေဒဝိရတိ(၁၄)၊ဝိရတိပေါင်း(၅၆)ဖြစ်၏၊ ၎င်းကို ကာလ သုံးပါးနှင့် မြှောက်ပွါးသည်ရှိသော်(၁၆၈)ဖြစ်၏၊၎င်းကို သန္တာန် နှစ်ပါးနှင့် မြှောက်ပွါးသည် ရှိသော်(၃၃၆)ဖြစ်၏၊ ၎င်းကိုအရပ် မျက်နှာ ၁၀–ပါးနှင့် မြှောက်ပွါးသည် ရှိသော်(၃၃၆၀)ဖြစ်၏၊ ၎င်းကို ပုဂ္ဂိုလ်သန္တာန် အသီးအသီးနှင့် မြှောက်ပွါးသည်ရှိသော် ဝိရတိပေါင်း အသင်္ချေယျအနန္တ ဖြစ်၏။ ။ဤကားအာဇီဝဋ္ဌမကသီလအပြားကို ပြဆိုချက်တည်း။

**ကမ္မာစောင့်တရား**……ခပ်သိမ်းသော စကြဝဠာ အနန္တ, ကမ္ဘာအနန္တတို့၌ ပကတိသော သဗ္ဗ|

www.dhammaransi.com



ရှိသ အင်္ဂါလက္ခဏာနှင့် ပြည့်စုံကြကုန်သော လူအမျိုးကောင်း, လူသူတော်ကောင်းတို့၏ အမြဲအစွဲ အရိုးအစဉ် ဖြစ်သော ကမ္မဋ္ဌာနစောင့် တရားကား အာဇီဝဋ္ဌမက သီလတပါး, ဗြဟ္မစိုရ်တရားဘပါး,ဤနှစ်ပါးတည်း။ ။ကမ္မဋ္ဌာနစောင့်တရားဆိုသည်ကား နှစ်ပါးသော တရားတို့နှင့် အများညီညာ ပြည့်စုံကြသော အခါတို့၌ ဤလူ့ပြည်သည် နတ်ပြည်ဗြဟ္မာပြည်ကဲ့သို့ ကြည်လင်ခြင်း ခပ်သိမ်းနှင့် ပြည့်စုံ၏၊ အသက်ရှည်မှု အလှမ္မာမှုတို့၌ နတ်ပြည် ခြောက်ထပ်နတ်တို့သည်ပင် မတုနိုင်မပြိုင်နိုင် ရှိကုန်၏၊ထိုတရားနှစ်ပါးတို့ အစဉ်အတိုင်း ဆုတ်ယုတ်၍သွားသောအခါ လူ့ပြည်၌ ဆုတ်ကပ်ဟူ၍ ဖြစ်ရ၏၊လူ့ပြည်၌ ထိုတရားနှစ်ပါးတို့ လုံးလုံးကွယ်ပျောက်သောအခါ ဆယ်နှစ်တမ်း၌ ကပ်ကြီးသုံးပါး အကြီးအကျယ်ဖြစ်၏၊ ထိုတရားတို့ တိုးတက်ပြန်သောအခါ လူ့ပြည်မှာတက်ကပ်ဖြစ်ပြန်၏၊ ဤသို့သောအကြောင်းကြောင့် ကမ္မဋ္ဌာနစောင့်တရားနှစ်ပါးဆိုသတည်း။

ထိုတရား နှစ်ပါးနှင့် ကောင်းစွာ ပြည့်စုံကြကုန်သော လူအမျိုးကောင်းတို့အား သုစရိုက် ဆယ်ပါးတို့သည် အမြဲတည်ကုန်၏၊ ဒုစရိုက်ဆယ်ပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်၏၊အဘယ်သို့လျှင် သုစရိုက် ဆယ်ပါး တို့သည် အမြဲတည်ကုန်သနည်း၊ ဒုစရိုက် ဆယ်ပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်သနည်းဟူမူကား လောကီဖြစ်သောအာဇီဝဋ္ဌမကသီလခိုင်လုံသည့်အတွက် ကာယသုစရိုက် သုံးပါး, ဝစီသုစရိုက် လေးပါးတို့ အမြဲတည်ကုန်၏၊ ကာယဒုစရိုက်သုံးပါး,ဝစီဒုစရိုက် လေးပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်၏၊ ဗြဟ္မစိုရ်တရားလေးပါး ခိုင်လုံသည့်အတွက် မနောသုစရိုက် သုံးပါး အမြဲတည်ကုန်၏၊ မနောဒုစရိုက် သုံးပါးမှ အစဉ် ကင်းလွတ်ကြကုန်၏။ ။မုဒိတာဥပေက္ခာ ဗြဟ္မစိုရ်တရားနှစ်ပါး ခိုင်လုံသည့်အတွက် အနဘိဇ္ဈာ မနောသုစရိုက် အမြဲတည်၏၊ အဘိဇ္ဈာ မနောဒုစရိုက်မှ အစဉ်ကင်းလွတ်၏။ ။မေတ္တာ,ကရုဏာဗြဟ္မစိုရ်တရားနှစ်ပါး ခိုင်လုံသည့်အတွက် အဗျာပါဒ မနောသုစရိုက် အမြဲ

တည်၏၊ ဗျာပါဒ မနောဒုစရိုက်မှ အစဥ်ကင်းလွတ်၏၊ ထိုတရားနှစ်ပါးတို့၏ တည်မှုသည် ဒိဋ္ဌိဇုကမ္မ တရားလျှင် အရင်းရှိလေရကား သမ္မာဒိဋ္ဌိ မနောသုစရိုက် အမြဲတည်၏၊ မိစ္ဆာဒိဋ္ဌိ မနောဒုစရိုက်မှ အစဥ်ကင်းလွတ်၏၊ ဤအာဇီဝဋ္ဌမကသီလ ဗြဟ္မစိုရ်တို့သည်ကား အထူး ဆောက်တည်မှုမှာ အများ အားထုတ်မှုမရှိ၊ ပကတိ ပင်ကိုယ် ဖြစ်သော နိစ္စသီလ ပကတိ သဘာဝတို့တည်း။

**မြောက်ကျွန်းမှာသာ**……ယခုအခါ ဤတရားတို့သည် ဥတ္တရကုရု အမည်ရှိသော မြောက်ကျွန်း၌သာတည်ရှိကုန်တော့သည်၊ ထိုကမ္ဘာဦးအခါတို့၌ ထိုတရားနှစ်ပါးတို့နှင့် ပြည့်စုံကြကုန်သော သူအပေါင်းတို့တွင် အချို့သော သူတို့သည် ဘုန်းတန်ခိုး ကြီးမြတ်သော လူ့စည်းစိမ်,နတ်စည်းစိမ်တို့ကို နောင်ဘဝ အဆက်ဆက်ခံစားစံစားကြရန် တလ,တလလျှင် လေးကြိမ်ရင်း, ရှစ်ကြိမ်ရင်း, အထိမ်းအမှတ်ပြု၍ အဋ္ဌင်္ဂဥပေါသထသီလကိုကျင့်သုံးဆောက်တည်ကြကုန်၏။ ။အချို့သောသူတို့သည် ကမ္ဘာများစွာ အသက်ခန္ဓာဘုန်းတန်ခိုး ကြီးကျယ်စွာနှင့်စံစားကာနေရသော ဗြဟ္မာပြည်သို့ ရောက်ခြင်းငှါ ဃရာဝါသအမှုကို စွန့်ပစ်၍တောထွက်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံ၍ ရသေ့ရဟန်း ပြုလုပ်၍ ဆယ်ပါးသောသီလ၌ နိစ္စတည်၍ ပကတိပင်ကိုယ် ဗြဟ္မစိုရ်တရား လေးပါးတို့ကို ပရိကံဥပစာအပ္ပနာ အစဥ်အားဖြင့်ပွါးများအားထုတ်၍ ဈာန်သမာပတ် ချမ်းသာနှင့် နေကြကုန်၏၊ဤကား စကြဝဠာ အနန္တတို့၌ပင်လျှင် ကမ္ဘာဦးအခါမှစ၍ ကမ္ဘာမြေပေါ်မှာ အာဇီဝဋ္ဌမက သီလ,အဋ္ဌင်္ဂဥပေါသထ, ဒသင်္ဂသီလ,ဤသီလ သုံးပါးတို့ ဖြစ်ထွန်းတည်ရှိ၍ နေပုံတည်း၊ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌မူကား ထိုကမ္ဘာစောင့်တရားနှစ်ပါး ဥပေါသထသီလ ဒသင်္ဂသီလတရား နှစ်ပါးတို့သည် လောက၌ အလွန်နည်းပါးကုန်၏၊မိစ္ဆာဒိဋ္ဌိတရား ဒုစရိုက်တရားတို့သည် လောက၌အလွန်ထွန်းကားကုန်၏၊ထို့ကြောင့်မြတ်စွာဘုရား

www.dhammaransi.com



သည် လောကန္တ ထိုကမ္ဘာစောင့်တရားနှစ်ပါး,အဋ္ဌဂ်ဥပေါသထ သီလတရားများကိုပင် အားထုတ်ဘော်ပြ ထူထောင်တော် မူရ၏၊ သုစရိုက်ဆယ်ပါး,ဒုစရိုက်ဆယ်ပါး,ပြဟ္မစိုရ်တရားလေးပါးတို့ကို လူသတ္တဝါတို့အား အလွန်များစွာဟောရ၏၊ သုစရိုက် ဆယ်ပါး တို့တွင် ရှေ့ခုနစ်ပါးသည် အာဇီဝဋ္ဌမကသီလပင်တည်း။ ။ဆယ် ပါးသီလကိုမူကား ဃရာဝါသ၌ တည်ကုန်သောပကတိလူတို့အား ဘုရားဟောဘူးသော ဝတ္ထုဟူ၍ပါဠိတော်တို့၌ မလာ၊စောင့်ထိန်း ကြသော ဝတ္ထုတို့ကား အဋ္ဌကထာတို့၌ များစွာလာကုန်၏၊ အနာ ဂါမ်ဖြစ်သောသူတို့သည်ကား ဆယ်ပါးသီလ၌ တည်ကြကုန်၏။

**သာသနာသုံးရပ်**……မြတ်စွာဘုရား သာသနာတော်မြတ်သည် အဓိသီလသာသနာ, အဓိစိတ္တသာသနာ, အဓိပညာသာသနာဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် အာဇီဝဋ္ဌမကသီလသည် အဓိသီလ သာသနာမည်၏၊ထိုအာဇီဝဋ္ဌမက သီလသည် ရဟန်း သာမဏေတို့၏ အာဇီဝဋ္ဌမကသီလ, ပကတိလူတို့၏ အာဇီဝ ဋ္ဌမကသီလ, ဖန်ရည်ဆိုးအပ်သော အဝတ်ကို ဝတ်ရုံ၍ ပဗ္ဗ ဇိတအသွင်၌ တည်ကုန်သော ရသေ့သူတော် လူသူတော်တို့၏ အာဇီဝဋ္ဌမကသီလဟူ၍ သုံးပါးအပြားရှိ၏၊ အာဇီဝကိုအကြောင်း ပြု၍ ပညတ်တော်မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ်တို့နှင့် တကွ အလုံးစုံသော ရဟန်းတို့၏ ဝိနယသီလ,အလုံးစုံသော သာမ ဏေတို့၏ ဝိနယသီလသည် ရဟန်းသာမဏေတို့၏ အာဇီဝဋ္ဌမက သီလမည်၏၊ ထိုစကားမှန်၏၊အလုံးစုံသောဝိနည်း သိက္ခာပုဒ်တော် ဟူသမျှသည် ကာယဒွါရ,ဝစီဒွါရ နှစ်ပါး၌ ပညတ်တော်မူသည် ဖြစ် ၍ ကာယကံ,ဝစီကံနှစ်ပါး၌ အကုန်သက်ဝင်၏၊ ကာယသုစရိုက်, ဝစီသုစရိုက်နှစ်ပါး၌ အကုန်သက်ဝင်၏။

**ထို့ကြောင့်**…ထိုထိုဝိနည်း သိက္ခာပုဒ်အသုံးတို့၌ ကာယကမ္မံ, ဝစီကမ္မံ,ကာယဝစီကမ္မံဟူ၍ ဝိနည်းအဋ္ဌကထာ တို့၌ ဆိုရိုးရှိကြကုန်၏၊ ဝိနည်းပညတ်တော်မှတပါး သုတ္တန်ဒေသ

www.dhammaransi.com



နာတော်မူလာသော အသက်မွေးခြင်းလျှင် အကြောင်းရှိမရှိ အား ဖြင့် နှစ်မျိုး ပြားသောသုစရိုက် ခုနစ်ပါးသည် ပကတိ လူတို့၏ အာဇီဝဋ္ဌမကသီလမည်၏၊ ထိုပကတိလူတို့၏ နိစ္စသီလမှာ အပြဟ္မ စရိယ-ဝိကာလဘောဇနစသော ခြောက်ပါးသော သိက္ခာပုဒ်တို့ ကိုထည့်၍ ရသေ့သူတော် လူသူတော်တို့၏ အာဇီဝဋ္ဌမက သီလ ဖြစ်၏၊အဋ္ဌသာလိနီဋီကာ၌ စက္ခုသံဝရစသော ၅စ်ပါးသော သံဝရတရား,စက္ခုအသံဝရစသော ၅စ်ပါးသော အသံဝရတရား တို့ကို သုစရိုက်, ဒုစရိုက်တို့၌ အကုန်ထည့်သွင်းနည်း, ကာယကံ, ဝစီကံ, မနောကံတို့၌ အကုန်ထည့်သွင်းနည်းကို အကျယ် ပြဆို ချက်ရှိလေ၏၊ ဝိနည်းအဋ္ဌကထာ များနှင့်တကွ ထိုအဋ္ဌသာလိနီ အဋ္ဌကထာများကို ထောက်မြော်၍ ရဟန်းသာမဏေတို့ ကျင့်အပ် သော ဝိနည်းသိက္ခာပုဒ်,သုတ္တန် သိက္ခာပုဒ်ဟူသမျှ, လူတို့ ကျင့်အပ် သောသုတ္တန် သိက္ခာပုဒ် ဟူသမျှ-တို့သည် တစုံတခုမျှမကျန် ကာယကံ, ဝစီကံတို့၌ အကုန်သက်ဝင်ကြောင်း၊ကာယကံ, ဝစီကံ တို့၌ အကုန်သက်ဝင်သဖြင့်လည်း။

> ပုဗ္ဗေဝ ခေါပနဿ ကာယကမ္မံ ဝစီကမ္မံ ပရိသုဒ္ဓံ ဟောတိ အာဇီဝေါစ ပရိသုဒ္ဓေါ။

ဟူ၍ ဟောတော်မူသော အာဇီဝဋ္ဌမကသီလ အစီအရင်တွင် အကုန်သက်ဝင်ကြောင်း သိအပ်၏၊ နိစ္စသီလမျိုးတည်ရှိမှ သမာဓိ ဖြစ်ထွန်းနိုင်သည်၊ သီလ,သမာဓိ နှစ်ပါးရှိမှ ဝိပဿနာပညာ, မဂ် ပညာ,ဖိုလ်ပညာ ဖြစ်ထွန်းနိုင်သည်၊ထို့ကြောင့် ယခုဘဝ၌ပင်လျှင် ထိုသမာဓိပညာတို့ကို ရခြင်း၌ အခြေခံ အနေခံကိစ္စနှင့် ကျင့်သုံး အပ်သော သီလသည် လူတို့သီလပင် ဖြစ်သော်လည်း အဓိသီလ သာသနာမည်ပါ၏။

**သာ၁၀ ထိုပြည်၌**…ဂဟဋ္ဌဖြစ်သော လူပေါင်း အရေအတွက် ခုနစ်ကုဋေငါးသိန်းရှိ၏၊ ထိုတွင်တိတ္ထိတို့၏ တပည့်တို့သည် တကုဋေမျှရှိကုန်၏၊ မြတ်စွာဘုရား တပည့်သား

www.dhammaransi.com



ဖြစ်သူ လူတို့သည် ခြောက်ကုဋေ ငါးသိန်းမျှ ရှိကုန်၏၊ ထိုတွင် ပုထုဇဉ်တို့သည် တကုဋေမျှ ပါရှိကုန်၏၊ ကျန်ရှိသော ငါးကုဋေ ငါးသိန်းမျှသော ဂဟဋ္ဌဖြစ်သူ လူတို့သည် အရိယာချည်း ဖြစ်ကြကုန်၏-ဟုအဋ္ဌကထာတို့၌လာ၏၊ ထိုသူတို့သည် ရှေးအဘို့၌ရင်း, ကျွတ်လွတ်သောအခါ၌ရင်း,စိတ်သန္တာန်၌ တည်ရှိသော အခြေခံ အနေခံဖြစ်သော အာဇီဝဋ္ဌမက ဝိရတိသီလနှင့် ကင်း၍ မဂ်ဖိုလ်ကို ရသူရောက်သူဟူ၍ တစုံတယောက်မျှမရှိ၊ အာဇီဝဋ္ဌမက သီလ၏ အစွမ်းသည် သောတာပတ္တိမဂ်သို့ရောက်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသော အခါ သမုစ္ဆေဒ ဝိရတိ အဖြစ်သို့ ရောက်မှ ကိစ္စပြီးစီး၏၊ နိယတအဖြစ်သို့ ရောက်၏၊ ထိုအရိယာဖြစ်သူ လူတို့သည် ဘဝများစွာ ကမ္ဘာအဆက်ဆက် လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာကို အစဉ်ခံစားစံစား၍ သွားကြကုန်သော်လည်း အိပ်မက်တွင်မျှ အာဇီဝဋ္ဌမက သီလပျက်မှု မရှိကြကုန်ပြီ၊ ထိုသူတို့တွင် အနာဂါမ်အဖြစ်သို့ ရောက်ကြကုန်သော စိတ္တသူကြွယ် အစရှိကုန်သော အသိန်းမကသော သူတို့အား ကဿပဘုရား လက်ထက်တော်မှာ ဃဋီကာရအမည်ရှိသော အိုးထိန်းသည်ယောက်ျားကဲ့သို့ အနာဂါမိမဂ်၏ အစွမ်းဖြင့်ပြီးသော ဆယ်ပါးသီလသည် အမြဲတည်လေ၏၊ ဆောက်တည်ဘွယ်ကိစ္စမရှိပြီ။

**ဆယ်ပါးသီလ**......အမြဲတည်သော သူတို့မှာ အဋ္ဌင်္ဂုပေါသထ သီလသည် အတွင်းဝင်ဖြစ်၍ ပါလေ၏၊ ဆောက်တည်ဘွယ်ကိစ္စ မရှိပြီ။ ။သောတာပန်,သကဒါဂါမ် ဖြစ်ကြကုန်သော ကုဋေများစွာသော ဝိသာခါ အနာထပိဏ်ိကစသော သူတို့သည်မူကား တလတလလျှင် လေးကြိမ်ရင်း, ရှစ်ကြိမ်ရင်း အမှတ်ပြု၍ အဋ္ဌင်္ဂုပေါသထကို ဆောက်တည်ခံယူ၍ ကျင့်သုံးကြကုန်၏၊ပုထုဇဉ်ဖြစ်ကြကုန်သော တကုဋေမျှလောက် ကုန်သော သာဝတ္ထိ ပြည်သူတို့ သည်ကား အာဇီဝဋ္ဌမက သီလမှလည်း တတ်အားသမျှသော သိက္ခာပုဒ်ကို အမြဲနိစ္စ ထိန်းသိမ်းကြကုန်၏၊ အဋ္ဌင်္ဂုပေါသထ သီလကိုလည်း

www.dhammaransi.com



တတ်အားသမျှ ခံယူဆောက်တည်၍ ကျင့်သုံး ကြကုန်၏။ ။ ရာဇဂြိုဟ်ပြည်,ဝေသာလီပြည် အစရှိသော မဇ္ဈိမဒေသတိုင်းကြီး သောဌသတို့၌လည်း ထိုနည်းကိုမှီ၍ အရိယာ ဖြစ်သူ လူတို့၏ ကျင့်နည်းကျင့်လမ်း,ပုထုဇဉ်ဖြစ်သူ လူတို့၏ ကျင့်နည်းကျင့်လမ်း ကို သိကြလေ၊ သီဟိုဠ်ကျွန်းမှာ သာသနာတော် တည်ထွန်း၍ အရိယာပုဂ္ဂိုလ် ထင်ရှားရှိသေးသော အခါတိုင်အောင် ထိုနည်းတူ သိလေ။

**သာသနာအစဉ်**……အရိယာပုဂ္ဂိုလ်တို့ ထင်ရှား မရှိကြသော အခါမှ စ၍ သီဟိုဠ် သာသနာ, သထုံ သာသနာ, သရေခေတ္တရာ သာသနာ, ပေါက္ကံသာသနာ, မြင်စိုင်း သာသနာ, စစ်ကိုင်းသာသနာ, ရတနာပူရအဝသာသနာ,အမရပူရ သာသနာ, မန္တလေး သာသနာ အစဉ်တို့၌မူကား သာဝတ္ထိပြည် စသော မဇ္ဈိမသာသနာမှ အစဉ်အဆက် လာခဲ့သော ပုထုဇဉ် သာဝကတို့၏ နည်းလမ်းအတိုင်း ကျင့်ရိုး သုံးရိုး အစဉ် ထင်ရှား တည်ထွန်းကာ လာကြကုန်၏၊ ကျင့်ရိုး သုံးရိုးအစဉ် နှစ်မျိုးတွင် ကျင့်ရိုးအစဉ် ထင်ရှားတည်ထွန်းကာ လာကြပုံကား ထိုသာသနာ တော် တည်ထွန်းရာ ဖြစ်သော ပဋိရူပဒေသ အရပ်တို့၌ အမျိုး ကောင်း သူတော်ကောင်း ဖြစ်သော လူတို့သည် မိမိ မိမိတို့၏ သားသွီး မြေးမြစ် ဖြစ်သော သူတို့ကို ငယ်ရွယ်စဉ် အခါမှစ၍ အာဇီဝဋ္ဌမကသီလ၌ ဆုံးမသွန်သင်မြဲ ရှိကြကုန်၏၊ ရဟန်းသံဃာ ဆရာသမားတို့သည်လည်း ယပ်ထောင်တရား, ယပ်လှဲတရား, အနုသာသနီတရားတို့၌ ဒုစရိုက်၏အပြစ်,သုစရိုက်၏အကျိုးများကို ဟောပြော၍ တပည့်တကာအပေါင်းတို့အား အာဇီဝဋ္ဌမက သီလ ၌ ဆုံးမသွန်သင်ရိုး ရှိကြကုန်၏။

**ဆုံးမသွန်သင်ကြပုံကား**……ရှေးဦးစွာ ဩကာသ ပဏာမပြု နည်း,ထို့နောက် သရဏဂုံသုံးပါး နှင့် တကွ ငါးပါးသီလ တောင်းနည်း, ထို့နောက် သရဏဂုံသုံးပါး ဆောက်တည်နည်း,ထို့နောက် ပါဏာတိပါတာ ဝေရမဏီ အစ

www.dhammaransi.com



ရှိသော သီလခံယူနည်း, ဤနည်းလမ်းများကို သားငယ် သမီးငယ် တပည့်ငယ် တပန်းငယ်တို့အား စကားပြောသည်မှစ၍ အရိုးအစဉ် ကြိုးကျ၍ သွားလေအောင် သွန်သင်ကြရကုန်၏၊ သရဏဂုံသီလ ခံယူစေကြရကုန်၏၊ ဤငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ပဉ္စင်္ဂ သီလသည် အာဇီဝဋ္ဌမက သီလတွင် ပဓာန အင်္ဂါရပင်တည်း။ ။ ထို့နောက် အသက်အရွယ် ဆယ်နှစ်, ဆဲ့ငါးနှစ် စသည်ရှိသောအခါ မှ ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါး, သဗ္ဗေသတ္တာ သဗ္ဗေ ပါဏာပဟူသော ဗြဟ္မစိုရ်တရား, ဆံပင်မွေးညှင်း, ခြေသည်း လက်သည်း အစရှိသော အသုဘပဋိကူလတရားတို့ကို သင်ကြား ကြရကုန်၏။

**ထိုတရားတို့တွင်**……သုစရိုက် ဆယ်ပါးတို့၌ ကာယသုစရိုက် သုံးပါးကား ငါးပါးသီလ၌ပါဝင်ပြီး ဖြစ်၏၊ ဝစီသုစရိုက်လေးပါးတို့တွင် မုသာဝါဒါ ဝေရမဏီ တပါးသည် သာ ငါးပါးသီလမှာပါဝင်၏၊ ပိသုဏာဝါစာယဝေရမဏီ,ဖရုသဝါ စာယဝေရမဏီ,သမ္ဖပ္ပလာပါဝေရမဏီတို့ကိုမူကားနောက်မှဖြည့် စွက်ကြရကုန်၏၊ ထိုအခါမှ အင်္ဂါရှစ်ပါးလုံးလုံးပြည့်စုံ၏၊ ဒုစရိုက် ခုနစ်ပါး ကင်းလွတ်၏၊ သုစရိုက်ခုနစ်ပါး တည်ရှိ၏။ ။ဗြဟ္မစိုရ် တရား,အသုဘပဋိကူလ တရားတို့ကို နှုလုံးသွင်းနိုင်ကြသောအခါ မနောဒုစရိုက်တို့မှကင်းလွတ်ကုန်၏၊မနောသုစရိုက်တို့တည်ကုန်၏၊ သာသနာ့ပအခါ၌ကား ဗြဟ္မစိုရ်တရားသာ ထင်ရှားရှိ၏၊ အသုဘ ပဋိကူလ မနသိကာရတရားကား သာသနာတွင်းမှာကဲ့သို့ ပြည့်စုံ စွာ မရှိ။ ။ငယ်လှသေးသောအခါတို့၌ကား စိတ်စေတနာ နုနယ် သေးသည်ဖြစ်၍ နောက်ဝစီဒုစရိုက်မှသုံးခု, မနောဒုစရိုက်မှသုံးခု တို့၌ အကျုံးကြီးအလွန်ကြီးမဖြစ်နိုင်ကြကုန်သေး၍ တဖြည်းဖြည်း မှ ဖြည့်စွမ်းရိုး ပြုကြကုန်သည်။ ။မနောဒုစရိုက် သုံးပါး တို့တွင် မိစ္ဆာဒိဋ္ဌိကိုမူကား မွေးဘွားစ ကာလမှစ၍ အမျိုးအရိုးအလေ့နှင့် ပင် ကင်းရှင်းစေနိုင်၏။

(ဤကား ကျင့်ရိုးအစဉ် ထင်ရှားတည်ထွန်းကာ လာကြပုံတည်း။)

www.dhammaransi.com



ယခုအခါ သုံးမျိုးအစဉ် ထင်ရှားတည်ထွန်းကာ လာကြပုံကို ပြဆိုအံ့။ ။

၁။ ထိုအာဇီဝဋ္ဌမက သီလနှင့်ရင်း, သုစရိုက်ဆယ်ပါး ကိုယ်ကျင့် တရားနှင့်ရင်း ပြည့်စုံကြပေကုန်သော ဇာတိကုလပုတ္တ, အာစာရ ကုလပုတ္တ အမျိုးကောင်းသား အမျိုးကောင်းသွီး ဖြစ်သော သူတို့သည်ရင်း။

၂။ မနေ့သုစရိုက်ကိုကား မစွဲမြဲနိုင်၊ အာဇီဝဋ္ဌမက သီလမျှကိုသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည်ရင်း။

၃။ အာဇီဝဋ္ဌမကသီလကိုမျှ ပြည့်စုံစွာမစွဲမြဲနိုင်၊ ထိုအာဇီဝဋ္ဌမကသီလအထဲမှာ ငါးပါးသီလမျှကိုသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည်ရင်း။

၄။ ငါးပါးသီလကိုမျှ ပြည့်စုံစွာ မစွဲမြဲနိုင်၊အချို့အချို့မျှကိုသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည်ရင်း။

၅။ အချို့အချို့ကိုမျှ အမြဲအစွဲမတတ်နိုင်၊ ရံခါရံခါမျှသာ တတ်နိုင်ကြကုန်သော သူတို့သည်ရင်း။

နောက်နောက် ဘဝတို့၌ ကြီးမြတ်သော လောကီချမ်းသာ, လောကုတ္တရာချမ်းသာများကို ခံစားစံစား ရခြင်းငှါ ဝါတွင်းဝါပ တို့၌ တတ်အားသမျှ အဋ္ဌင်္ဂုပေါသထသီလ သီတင်းသုံးမှုကိုပြုကြကုန်၏။

**အချို့သော သူတို့သည်ကား**......အဝတ်ကြောင်ကို စွန့်၍ ဆံမုတ်ဆိတ်ကို ပယ်၍ အဝတ်ဖြူစင်ကြယ်ကိုဝတ်၍ သီလရှင်အဖြစ်,သီလရှင်မ အဖြစ်၌ တည်၍ ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ကို နိစ္စအဖြစ်ဖြင့် ကျင့်သုံးကြကုန်၏၊ ဤ၌အဝတ်ဖြူမည်သည် အရပဟဒ္ဓဇမျိုးမဟုတ်၊ လူဝတ်မျိုးသာ ဖြစ်ခဲ့၍ ဇာတိနိစ္စ အနေနှင့်မရအပ်၊ ခံယူဆောက်တည်မှ ရသော နိစ္စမျိုးသာတည်း၊ အချို့သောသူတို့ကား ဆံမုတ်ဆိတ်ကို ပယ်၍ညောင်ခေါက်ဆိုး အစရှိသော အရပဟဒ္ဓဇ အဝတ်မျိုးကို

www.dhammaransi.com



ဝတ်ရုံ၍ ရသေ့သူတော်အဖြစ်၌တည်၍ ဆယ်ပါးသီလကို နိစ္စကျင့်သုံးကြကုန်၏၊ ဤနိစ္စကား အရဟာဒ္ဓဇ အဝတ်အသွင်ကိုယူသည်နှင့် တပြိုင်နက် အမြဲတည်သော ဇာတိနိစ္စမျိုးတည်း၊ ခံယူဆောက်တည်မှုရသော နိစ္စမျိုးမဟုတ်။ ။သို့သော်လည်း ခံယူဆောက်တည်မှုသည် သိက္ခာပုဒ်အစဉ်၌ နှုတ်တက်ရွရွ ကျေလည်ရခြင်းအကျိုး, ခိုင်မြဲစေရခြင်းအကျိုး ရှိသည်သာ ဖြစ်၏၊ သာမဏေများကဲ့သို့တည်း။

(ဤတွင် နိစ္စဖြစ်သော ရှစ်ပါး ဆယ်ပါးတို့၌မူကား ကျင့်မှု,သုံးမှုနှစ်ပါးနှင့် ဆက်ဆံ၏၊ ဤ၌အဝတ်ဖြူသည် မဇ္ဈိမတိုင်းသားတို့၌သာ ပကတိလူဝတ်ဆိုထိုက်သည်၊ အဝတ်ကြောင်ကိုဝတ်ရိုးရှိသော ငါတို့မြန်မာလူမျိုးတို့၌ကား အရဟာဒ္ဓဇအဝတ်မျိုး၌ပင် သက်ဝင်သင့်ပါသည်ဟုဆိုရန်ရှိ၏၊ ကျမ်းဂန်များနှင့်ထောက်ထားဆင်ခြင်ကြလေ၊ သုံးရိုးအစဉ်ထင်ရှားတည်ထွန်းကာ လာပုံကို ပြဆိုချက်ပြီး၏။)

**အာဇီဝဋ္ဌမက**……နိစ္စသီလတည်ရှိသော သူတို့၌ ဉပေါသထသီလ,ဒသသီလဆိုသော်လည်း အမြဲဟုဆိုရယနှင့် ဝိကာလဘောဇနစသော သိက္ခာပုဒ်တို့သည် ထိုနိစ္စသီလအပေါ်တွင် အမွှန်းတင်သက်သက်ဖြစ်၏၊ ပါဏာတိပါတစသည်တို့မှာ ထိုနိစ္စသီလတွင်ပါဝင်ပြီးဖြစ်ကုန်၏၊ ထို့ကြောင့် ထိုသူတို့၌ နိစ္စသီလမှအဌ္ဌ ဂိုပေါသထ သီလ,ဒသင်္ဂသီလ တို့ကို အထူးထုတ်ဘော်၍ ဆိုရာ၌ အမွှန်းတင်ဖြစ်သော သိက္ခာပုဒ်တို့ အတွက်သာဆိုသည်ဟုမှတ်၊ ဤသို့လျှင် ကမ္ဘာဦးမှစ၍ရင်း,မြတ်စွာဘုရား လက်ထက်တော်မှစ၍ရင်း ယခုနေ့တိုင် အာဇီဝဋ္ဌမကသီလ မည်သည် ဇာတိအာစာရကုလပုတ္တ မှန်သူ လူအမျိုးကောင်းတို့အား ရရှိသော မိမိတို့၏ ဘဝအဖြူထည်ချော အဖြူထည်ကောင်း ဖြစ်စေခြင်းငှာ မွေးဘွားသည်မှစ၍ ပါဏာပေတ ကာလပတ်လုံး အစဉ်ထာဝရ စွဲမြဲကြရသော ကမ္ဘာ့ဓမ္မတာသီလပေတည်း။

မိမိအလိုအလျောက်သော်ရင်း,ဆရာ သမား သူတော်သူမြတ်အထံ၌ရင်း, ပါဏာပေတံ ခံယူ ဆောက်တည် စွဲမြဲ လျှင်လည်း

www.dhammaransi.com



ကောင်း၏၊တကြိမ်တခါ ခံယူပြီးနောက် မပျက်သမျှ ကာလပတ်လုံး ခံယူဘွယ်ကိစ္စမရှိ၊အခါခါ ခံယူသော်လည်း အခါခါကုသိုလ်ပွါးများ၏။ ။ခံယူခြင်းကိုတရံတခါမျှမပြုမူ၍ မိမိစိတ်၌သာသိ၍ ဤရှစ်ပါးသော သီလကိုအသက်ထက်ဆုံးကျင့်မည်၊ ဤသီလ ပျက်ကွက်ရန်အမှုကို အသက်ထက်ဆုံး ငါရှောင်ကြဉ်မည်ဟု စိတ်မှာဆောက်တည်၍ ကျင့်လျှင်လည်း ကောင်း၏၊ သမ္ပတ္တဝိရတိအနေနှင့် တွေ့တိုင်း တွေ့တိုင်း ရှောင်ကြဉ်၍ နေပေလျှင်လည်းကောင်း၏။ ။ဤအာဇီဝဋ္ဌမကသီလ၌ ကောင်းစွာ တည်သောသူသည် လူသီလဝန္တ စင်စစ်ဖြစ်၏၊ဤလူသီလဝန္တ အဖြစ်၌တည်၍ ပြုအပ်သော ဒါနမှု, ဥပေါသထ မှုတို့သည် အလွန် ကြီးကျယ်သော အကျိုးတို့ကို ပေးနိုင်၏၊ ရှေး၌ ပြဆိုခဲ့ပြီးသော ငါးကုဋေငါးသိန်းမျှလောက်သော သာဝတ္ထိပြည်သူ လူအရိယာ တို့မှ စ၍ မဏ္ဍိမဒေသ သာသနာ, သီဟိုဠ်သာသနာတို့၌ အရိယာ အဖြစ်သို့ရောက်ကြကုန်သော လူအရိယာ အနန္တတို့သည် ဤအာဇီဝဋ္ဌမကသီလ၌တည်၍ ရောက်ကြ လေကုန်၏၊ အာဇီဝ ဋ္ဌမကသီလ၌ မတည်သော သူတို့သည် ဒါနမှု ဥပေါသထ မှုတို့ကို ပြုကြကုန်သော်လည်းတည်သော သူတို့ကိုအကျိုးအားဖြင့် မမီနိုင်ကုန်၊ မတုနိုင်ကုန်၊ယခုဘဝ၌ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို ပွါးများခြင်းငှါ ထိုက်သော အခြေအနေမျိုး မဟုတ်ကုန်။ ။အာဇီဝဋ္ဌမကသီလသည် ကျောင်းအိမ် ဆောက်လုပ် ကြရာ၌ အမြုတည်ချော အမြုတည်ကောင်းနှင့်တူ၏၊ ဥပေါသထသီလသည် ထိုကျောင်း အိမ်တို့၌ အမွန်း တန်ဆာ တင်ဆင်သော အပြောက်ကောင်းနှင့်တူ၏၊ ကျောင်းအိမ်တို့၌ အပြောက်မတင်ရသော်လည်း အမြုတည်ခိုင်ခံ့ ချောမောလျှင် သုံးဆောင်မှု ခပ်သိမ်း ပြီးစီးတော့သည်။ ။တနည်း၊ အာဇီဝ ဋ္ဌမက သီလသည် ပကတိသော အသက် သခင် အစာထမင်းနှင့်တူ၏၊ ဥပေါသထသီလသည် ဝက်သား ကြက်သား ငါး အမဲ စသော ဟင်းလျာ ကောင်းနှင့်တူ၏။ ။အာဇီဝဋ္ဌမက သီလ၌ကောင်းစွာ တာရှည် တည်ပြီးသော

www.dhammaransi.com



သူတို့အား မနောသုစရိုက် သုံးပါးတို့တွင် သမ္မာဒိဋ္ဌိသုစရိုက်သည် ထိုသီလနှင့် အတူ တည်ပြီးဖြစ်၏၊ ဗြဟ္မစရိယတရား,ကျန်ရှိသော မနောသုစရိုက် တရားတို့သည် အလိုလိုတည်လာကုန်လတ္တံ့။

(ဤတွင်ရွေ့ကား အာဇီဝ ဋ္ဌမက သီလသည် ဥပေါသထ သီလ,ဒသင်္ဂ သီလတို့နှင့် အဘယ်သို့ ထူးခြား ကြကြောင်းကို သိလိုပါသည် ဟူသော ပဌမပုစ္ဆာ၏အဖြေပြီး၏။)

---

## ဒုတိယပုစ္ဆာအဖြေ

**ဝိရတိသုံးပါး**……ဇင်းအာဇီဝ ဋ္ဌမက သီလ ခံယူဆောက် တည်ပုံကို သိလိုပါသည်ဟူသောဒုတိယ ပုစ္ဆာ၌။ ။ခံယူဆောက်တည်၍ ကျင့်သော သူတို့အား **သမာ ဒါနဝိရတိ**ကိုရ၏၊ခံယူဆောက်တည်မှုမရှိမူ၍ အတွေ့ကို လွတ် ကင်းအောင်ကြည့်ရှောင်ထိန်းသိမ်း၍ သွားသောသူတို့အား **သမ္ပတ္တ ဝိရတိသီလ**ကိုရ၏။ ။ထိုနှစ်ပါးစုံသည် နိုင်လုံသည်သာ ပမာဏ တည်း။ ။သမာဒါနဝိရတိသီလသည်လည်း စင်ကြယ် နိုင်လုံလို့ ရှိခဲ့လျှင် ယခုဘဝ၌ပင် **သမုစ္ဆေဒဝိရတိ** သို့ပေါက်ရောက်နိုင်ခြင်း ၄ါအခြေခံအနေခံကိစ္စနှင့် ပြည့်စုံပေ၏။ ။သမ္ပတ္တ ဝိရတိ သီလ သည်လည်း စင်ကြယ်နိုင်လုံလို့ရှိခဲ့လျှင် ယခုဘဝ၌ပင် သမုစ္ဆေဒ ဝိရတိသို့ပေါက်ရောက်နိုင်ခြင်း၄ါအခြေခံ အနေခံ ကိစ္စ ပြည့်စုံ လေ၏။

(ဤမှကြွင်းသော ဇာနွိယ သံဝရသီလ, ပစ္စယသန္နိဿိတသီလ, ဓုတင် သီလတို့သည်ကား ဤအာဇီဝဋ္ဌမကသီလ၏ အမွှန်းတင် အပြောက်တင် တန်ဆာဆင်သီလတို့သာတည်း။)

**အာဒိဗြဟ္မစရိယက**……ဤအာဇီဝဋ္ဌမက သီလသည်မြတ်စွာ ဘုရား သာသနာ၌ အခြေခံ အနေခံ အထည်ခံ အမာခံ ဖြစ်တော်တည်သော တရားဖြစ်ပေ၍ အာဒိဗြဟ္မစရိယက သီလမည်၏၊နေထွက်လိုသည်ရှိသော် ရှေးဦးစွာ ဖြစ်ပေါ်၍ လာ

www.dhammaransi.com



သော နေအရုဏ်နှင့်တူသည်ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ နေဝန်းသည် သောတာပတ္တိမဂ်၌ ပါရှိသော သမုစ္ဆေဒအာဇီဝ ဋ္ဌမက ဝိရတိသီလ၏ ဥပမာတည်း။ ။နေအရုဏ်သည် ဤသမာဒါန-သမ္ပတ္တ-အာဇီဝဋ္ဌမက သီလ နှစ်ပါး၏ ဥပမာတည်း။ ။ ဤအာဇီဝဋ္ဌမကသီလနှင့် ပြည့်စုံသောသူသည် သမ္မပ္ပဓာန်တရား လေးပါးကို ပြည့်စုံစွာ အားထုတ် သည်ဖြစ်အံ့၊ ယခုဘဝ၌ပင် သမုစ္ဆေဒ အာဇီဝဋ္ဌမကသီလသို့ရောက်နိုင်၏၊ သမ္မပ္ပဓာန်တရား ကို ပြည့်စုံစွာ အားထုတ်ခြင်း မရှိသည့်အတွက် ယခုဘဝ မဂ် ဖိုလ်ကို မရဘဲရှိနေခဲ့လျှင် သီလအတွက် မဟုတ်ပေ၊ ထိုသူ့ညံ့ဖျင်း သည့်အတွက် သက်သက်သာတည်း။

**ဆောက်တည်ပုံ**……ခံယူဆောက်တည်ပုံမှာမူကား

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။
၄။ မုသာဝါဒါဝေရမဏီသိက္ခာပဒံသမာဒိယာမိ။
၅။ ပိသုဏာဝါစာယ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။
၆။ ဖရုသဝါစာယ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။
၇။ သမ္ဖပ္ပလာပါဝေရမဏီသိက္ခာပဒံသမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။

**ဤကား ခုဒ္ဒကပါဌပါဠိတော်နည်းတည်း။**

**အဋ္ဌကထာနည်းကား**……

၁။ ပါဏာတိပါတာ ဝိရမာမိ။
၂။ အဒိန္နာဒါနာ ဝိရမာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝိရမာမိ။
၄။ မုသာဝါဒါ ဝိရမာမိ။
၅။ ပိသုဏာ ဝါစာယ ဝိရမာမိ။

www.dhammaransi.com



၆။ ဖရုသဝါစာယ ဝိရမာမိ။
၇။ သမ္ဖပ္ပလာပါ ဝိရမာမိ။
၈။ မိစ္ဆာဇီဝါ ဝိရမာမိ–ဟုဆိုလေ။

ပါဏာတိပါတာ၊သူ့အသက်ကို သတ်ခြင်းမှ။ ဝိရမာမိ၊ကြဉ်ရှောင်ပါ၏။စသည် အနက်ဆိုလေ။ ။အဋ္ဌကထာ နည်းသည် အနက်သွား အလွန်သန့်ရှင်း၏၊ဘုရားရှုပ်ပွါးရှေ့မှာ ခံယူလျှင်သီလ တောင်းဘွယ်ကိစ္စမရှိ။ ။"အဟံဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ပါဏာတိပါတာဝိရမာမိ" စသည်ဆိုလေ၊ အာမဘန္တေ စသည် ဆိုဘွယ် ကိစ္စမရှိ။ ။မိမိနေရာမှာ မိမိအလို အလျောက်လည်း ဆောက်တည်ရပါ၏၊ထိုသို့နှုတ်ဖြက်၍ မဆောက်တည် ဘဲလည်း စိတ်ထဲ၌သာ ဤရှစ်ပါးကို အသက်ထက်ဆုံး လုံခြုံစွာ ငါစောင့် ထိန်းမည်ဟု အဓိဋ္ဌာန်ပြု၍ စောင့်ထိန်းရပါ၏၊ လုံခြုံစွာစောင့်ထိန်း နိုင်သည်သာ ပဓာနတည်း။

(ဤတွင်ရွေ့ကား အာဇီဝဋ္ဌမကသီလ ခံယူဆောက်တည်ပုံကို ဖြေဆို ချက်ပြီး၏။)

---

## တတိယပုစ္ဆာအဖြေ

**မိစ္ဆာဇီဝ**……ရင်းအာဇီဝဋ္ဌမကသီလ၏အင်္ဂါ ပယောဂအပြား များကို သိလို ပါသည် ဟူသော တတိယ လျှောက်ချက်မှာ ဘုန်းကြီးလည်းတောမှာနေခိုက်ဖြစ်၍ အကျယ် ရေးခွင့်မသာရှိသည်တကြောင်း, အာဇီဝ ဋ္ဌမက သီလ၏ သီလ ပျက်ရသော အင်္ဂါပယောဂအပြားဟူသည်အခြားတပါးမဟုတ်၊ ပါဏာတိပါတ စသောဒုစရိုက်တို့၏ အင်္ဂါ ပယောဂ အပြားရပင် ဖြစ်သည်၊ ထိုအင်္ဂါအပြားရသည်လည်းထိုထိုဒုစရိုက်ဝိနိစ္ဆယစာ ချုပ်များမှာ ပါရှိပြီ ဖြစ်သည် တကြောင်း, ထိုအကြောင်း များ ကြောင့် အင်္ဂါအပြား,ပယောဂအပြားများကို မပြဆိုလိုက်ပြီ။ ။ မိစ္ဆာဇီဝ ဆိုသည်မှာလည်း အသက်မွေးမှုအတွက်နှင့် ပြုကြ

www.dhammaransi.com



သော ပါဏာတိပါတ စသည် ကိုပင် ဆိုသတည်း။ ။ထိုပါ ဏာတိပါတစသော ဒုစရိုက်မှုတို့နှင့် အသက် မွေးမှုကို ငါမပြု ပါပြီဆိုလိုသည်။ ။ရှေးရှေးအခါ၌ ဒုစရိုက်မှုမျိုးနှင့်ရရှိနေသော ပစ္စည်းဝတ္ထုများကို အသုံးအဆောင် မပြုဘဲနေနိုင်လျှင် သာ၍ ကောင်းမြတ်၏။ ။ထိုကဲ့သို့ မတတ်သာ ရှိခဲ့လျှင် ဆောက်တည် သောနေ့မှစ၍ အသက်မွေးမှုအတွက်နှင့် ဒုစရိုက်အဖြစ်မခံ လွတ် ကင်းအောင် ကြဉ်ရှောင်ပေလျှင်လည်း ထိုသီလ မတည်ဟု မဆို သာပေ။ ။ဤအာဇီဝဋ္ဌမက သီလဟူသောဝေါဟာရသည် အခေါ် အပြော အစဉ်အဆက် နည်းပါးကြ၏၊ ထို့ကြောင့် သီလအမည် ထူး အမျိုးထူး ကဲ့သို့ ထင်မှတ်ကြ၏။ ။ရှစ်ပါးသီလ, ဆယ်ပါး သီလတို့နှင့် ဘယ်လိုထူးကြသည်၊ဘယ်သီလက အကျိုးကြီးသည် အစရှိသည်ဖြင့် မေးကြ လျှောက်ကြ၏။ ။

**အချို့ဆရာတို့သည်**……တနေ့တရက်တွင်ရွှေ စောင့်ထိန်းမှု ကိုမြော်မြင်၍ ဥပေါသထသီလက မြတ် သည်,အာဇီဝဋ္ဌမကသီလက ယုတ်နိမ့်သည်ဟု ဆုံးဖြတ်ကြကုန်၏၊ အမှုသွားမှာမှုကား လောက၌ သူတော်ကောင်း သူမြတ်လောင်းပြီ ကြပေကုန်သော အမျိုးကောင်း အနွယ်ကောင်းဖြစ်ကြသူ လူ့ခပ် သိမ်းတို့အား ကမ္ဘာဦးမှစ၍ရင်း,ဘုရားပွင့်တော်မူသည်မှစ၍ရင်း, သူ့အသက်ကို မသတ်အပ်၊ သူ့ဥစ္စာကိုမယူအပ်၊ သူ့အိမ်ယာကို မပြစ်မှားအပ်၊ မုသားမဆိုအပ်၊ ချောပစ်ကုန်းတိုက်မှုကိုမပြုအပ်၊ ဓာတ်စသည်ကို ထိပါး၍မဆဲရေးအပ်၊ ပစ္စုပ္ပန် အကျိုးစီးပွါး၌ လိမ္မာရသော အချက်လည်းမဟုတ်, သံသရာ အကျိုး စီးပွါး၌ လိမ္မာရသော အချက်လည်း မဟုတ်, အကျိုး မရှိသက်သက် သာဖြစ်သော ယာမ, အိနှောင်, ငွေတောင် ဘာရတ အစရှိသော နိရတ္ထက ဒဏ္ဍာရီဇာတ်ဝတ္ထုများကို လေ့ကျက် ပြောဟောမှုများ ကိုမပြုအပ်၊ မတရားသော အသက်မွေးမှုကို မပြုအပ်ဟု မိရိုး ဖလာ ဆရာစဉ် သမားစဉ်ပြောရိုး ဟောရိုးထင်ရှားရှိလျက်ပင် ဖြစ်၏။

www.dhammaransi.com



**သလေးထမင်းနှင့်ဝက်သားဟင်း**…. ယခုကာလ၌မူကား ထို အာဇီဝဋ္ဌမက သီလ၏ အစိတ်အင်္ဂါပဓာန အမျိုးဖြစ်သော ငါးပါးသီလကိုပင်ပြည့်စုံလုံခြုံစွာ စောင့်ထိန်းသူပါးရှားလျက်ရှိကြသည်နှင့် အာဇီဝဋ္ဌမကသီလကိုစောင့်ကြလော့,ထိန်းကြလော့ဟု တိုက်တွန်းမှုအသစ်ဖြစ်နေကြရ၏၊အာဇီဝဋ္ဌမက သီလသည် နိစ္စသီလအမျိုး အရိုးဖြစ်၏၊အဋ္ဌင်္ဂဥပေါသထသီလသည်ပကတိလူတို့၌အနိစ္စသီလမျိုးဖြစ်၏၊ တနေ့တရက်တွင်၌ စောင့်ထိန်းကြမှုကိုမြော်၍ သီလနှစ်ပါး၏အယုတ်အမြတ်ကို ဆုံးဖြတ်ခြင်းငှာ မသင့်၊သူ့အခွင့် သူ့သဘောနှင့် သူ့လမ်း သူ့စခန်းကို အကုန်အစင်မြော်မြင်ထောက်ထား၍သာ ပြောဆိုရာ၏၊ ပကတိအသက်သခင်ဖြစ်သော သလေး ထမင်းနှင့် ဝက်သား ကြက်သား ငါး အမဲ ဟင်းလျာများကို ဘယ်ဟာကကောင်းမြတ်သလဲဟု ဆိုခဲ့လျှင် အတိုက်ကိုသာမြော်မိသော သူငယ်တို့ကား ဟင်းလျာများက ကောင်းမြတ်သည်ဟု ပြောကြပေလတ္တံ့။ ။ အရှည်ကို မြော်နိုင်သောလူကြီးတို့သည်ကား သလေးထမင်းက အသက်သခင် ကျေးဇူးရှင်ဖြစ်ပေ၍ ကောင်းမြတ်သည်ဟု ပြောကြကုန်လတ္တံ့၊ ဤဥပမာကဲ့သို့ ဖြစ်လေရာ၏၊ထို့ကြောင့် အာဇီဝဋ္ဌမကသီလ၏ နေရာ၌ အာဇီဝဋ္ဌမကသီလသည် ကောင်းမြတ်၏၊ ဥပေါသထသီလ၏နေရာ၌ ဥပေါသထ သီလသည် ကောင်းမြတ်၏၊နှစ်ပါးစုံကိုပင် ပြည့်စုံအောင်အားထုတ်ကြကုန်ရာသတည်း။

အာဇီဝဋ္ဌမကသီလအဆုံးအဖြတ်ပြီး၏။

www.dhammaransi.com

# ဝိကာလဘောဇနသိက္ခာပုဒ်အဆုံးအဖြတ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အင်္ဂလိပ်ပုသ်ကို ဆောက်တည်ပြီးသောသူသည် နေလွဲသောအခါ အနာရောဂါ ဟူသော ဂေလည အကြောင်းမရှိပါဘဲလျက် ကွမ်းစားမှု, ဆေးသောက်မှု, များကို ပြုခဲ့သည်ရှိသော် ဆောက်တည်၍ ထားသော ဝိကာလ ဘောဇနသိက္ခာပုဒ်သည် ပျက်မည်,မပျက်မည်,ညှိုးမည်,မညှိုးမည် များကို ခြားနားစွာသိလိုပါကြောင်းနှင့် ၁၂၆၀-ပြည့် တော်သလင်း လဆန်း ၈-ရက်နေ့တွင် ဥပုသ်သည်တို့က လျှောက်ထားကြသည်ကို ဖြေဆို ချက်။

## ပဌမပုစ္ဆာဖြေဆိုချက်

**ပျက်မပျက်** …ပျက်မည် မပျက်မည် ဟူသော စကား၌။ ။ ရဟန်းတို့သည် ကျင့်အပ်သော ၂၂၀-သော ဝိနည်းသိက္ခာပုဒ်တို့မှာအင်္ဂါအသီးအသီး ရှိကြပေသည်၊ထို့ကြောင့် ၂၂၀–သောသိက္ခာပုဒ်စုတွင် တခုခုကို လွန်ကျူး ရိပ်ရှိခဲ့၍ပျက် သည် မပျက်သည်ကို ဆုံးဖြတ် လိုလျှင် သူ့သိက္ခာပုဒ်တွင် အဋ္ဌ ကထာ အရှင်တို့ပြဆို၍ ထားသော အင်္ဂါကိုပဓာနပြု၍ဆုံးဖြတ် ကြရသည်။ ။အင်္ဂါငါးပါး ထုံးမိတ်၍ထားသော သိက္ခာပုဒ် ဖြစ်ခဲ့လျှင် အင်္ဂါငါးပါး ညီညွတ်မှ အပျက် ဆိုရသည်၊အင်္ဂါငါးပါး တွင် တပါးပါး ချို့ခဲ့လျှင်ပျက်သည်ဟူ၍ မဆိုရ၊ ဤနှင့်ထပ်တူ လူတို့သည်ကျင့်အပ်သော ငါးပါး,ရှစ်ပါး, ဆယ်ပါးသောသုတ္တန် သိက္ခာပုဒ်စုမှာလည်း အင်္ဂါ အသီးအသီး ရှိကြ ပေသည်။ ။ ထို့ကြောင့် ထိုသုတ္တန် သိက္ခာပုဒ်စုတွင် တခုခုကို လွန်ကျူးခြင်း မြောက်သည်မမြောက်သည်, သိက္ခာပုဒ်ပျက်သည် မပျက်သည် ကို ဆုံးဖြတ်လိုလျှင် ထိုထိုသိက္ခာပုဒ်တွင် အဋ္ဌကထာ အရှင်တို့ ပြဆို၍ထားသော အင်္ဂါကို ပဓာနပြု၍ဆုံးဖြတ်ရပေမည်။ ။

www.dhammaransi.com

## ၁၃၂ ဝိကာလဘောဇန သိက္ခာပုဒ်အဆုံးအဖြတ်

**အင်္ဂါများ**······လူတို့နှင့်စပ်ဆိုင်သော ဆယ်ပါးသော သိက္ခာပုဒ်တို့၏အင်္ဂါကို ပရမတ္ထဇောတိက မည်သော ခုဒ္ဒကပါဠအဋ္ဌကထာတွင် အစဉ် အတိုင်း ပြဆိုပေသည်ကား ပါဏာတိပါတမှာ အင်္ဂါငါးပါး၊ အဒိန္နာဒါန်မှာ အင်္ဂါငါးပါး၊ အဗြဟ္မစရိယမှာ အင်္ဂါလေးပါး၊ မုသာဝါဒမှာ အင်္ဂါလေးပါး၊ သုရာပါနမှာ အင်္ဂါလေးပါး၊ ဝိကာလဘောဇန အစရှိသော နောက် သိက္ခာပုဒ်ငါးပါးတို့မှာလည်းအင်္ဂါ လေးပါး လေးပါးစီပြဆို၍ ထားပေသည်။ ။ထိုသို့ရဟန်းတို့၏ ဆိုင်ရာ ၂၂၀–သောဝိနည်းသိက္ခာပုဒ်, လူတို့၏ ဆိုင်ရာ ငါးပါး, ရှစ်ပါး, ဆယ်ပါးသောသုတ္တန် သိက္ခာပုဒ်တို့၌ အင်္ဂါကို အသီးအသီးထားရသည်မှာလည်း တခြား တပါးသော အခွင့်နှင့် ထားရသည်မဟုတ်၊ ပျက်သည်မပျက်သည်ကို အတတ်အမှန်ဆိုရန်တို့ အခွင့်နှင့်ထားရသည်။

ထို့ကြောင့် ပျက်မပျက်အရာ၌ အဋ္ဌကထာ အရှင်တို့ အစဉ်အဆက် အချက်မှုသေ ဥပဒေမှုအတည်ပြု၍ လာခဲ့သောအင်္ဂါအချုပ်ကိုလက်လွှတ်၍ ဟုတ်စလိလိ ယုတ္တိပြင်ပ အဆ သဘောများနှင့် ပြောဆိုဆုံးဖြတ်ခြင်းငှါ အရာမဟုတ်ပေ။ ။ထိုသို့ပျက်မပျက်ကို ဆုံးဖြတ်ရန် အချုပ်အချာ အင်္ဂါအသီးအသီးနှင့် လာရှိသော သိက္ခာပုဒ်အပေါင်းတို့တွင် ယခုသိလိုကြသော ဝိကာလဘောဇနသိက္ခာပုဒ်၏ အချုပ်အင်္ဂါကို ၎င်းအဋ္ဌကထာ၌–

"ဝိကာလဘောဇနဿ စတ္တာရိအင်္ဂါနိ၊ ဝိကာလော၊ ယာဝကာလိကံ၊အဇ္ဈောဟရဏံ၊အနုမ္မတ္တကတာတိ။"
ဟူ၍လာပေသည်။

ဝိကာလော၊နေလွဲသည်လည်းဖြစ်စေ။ယာဝကာလိကံ၊ခဲဘွယ်ဘောဇဉ် အဝင်အပါ ယာဝကာလိက ဝတ္ထုမျိုးလည်း ဖြစ်စေ။ အဇ္ဈောဟရဏံ၊လည်ချောင်းတွင်းသို့ မျိုမိသည်လည်း ဖြစ်စေ။ အနုမ္မတ္တကတာ၊အရူးအသွပ် မဟုတ်သည်လည်း ဖြစ်စေ။ ဣတိ၊

www.dhammaransi.com



ဤသည်တို့ကား၊ဝိကာလဘောဇနသာ၊ ဝိကာလဘောဇနသိက္ခာပုဒ်၏၊စတ္တာရိ အင်္ဂါနိ၊အင်္ဂါလေးပါးတို့တည်း။

ဤအဋ္ဌကထာ အင်္ဂါအချုပ်၌ "ယာဝကာလိကံ" ဟူသော ပါဠ်ဖြင့် ခဲဘွယ်ဘောဇဉ် အဝင်အပါယာဝကာလိက ဝတ္ထုမျိုးကိုနေလွဲသောအခါ မျိုမှသာလျှင် ဝိကာလဘောဇန သိက္ခာပုဒ်ပျက်ထိုက်ကြောင်း,အဖျော်ရှစ်ပါးစသော ယာမကာလိကအရည်မျိုး–ထောပတ်, ဆီဦး,သကြား,သကာ စသော သတ္တာဟ ကာလိကဝတ္ထုမျိုး–ဇီးဖြူ,သျှိသျှား,ဖန်ခါး,ဆေး,ကွမ်းစသော ယာဝဇီဝိက မျိုးကို မျိုသော်လည်း ဝိကာလဘောဇနသိက္ခာပုဒ် မပျက်ထိုက်ကြောင်းကို ခြားနား၍ ပြတော်မူပေသည်။

ထိုမှတပါးလည်း ကင်္ခါဝိတရဏီအဋ္ဌကထာ၌။ ။

"ဝိကာလတာ၊ ယာဝကာလိကတာ၊ အဇ္ဈောဟရဏန္တိ ဣမာနေတ္ထတီဏိအင်္ဂါနိ" ဟူ၍လာသည်။

ဝိကာလတာ၊နေလွဲသည်လည်းဖြစ်စေ။ ယာဝကာလိကတာ၊ ခဲဘွယ်ဘောဇဉ် အဝင်အပါ ယာဝကာလိက ဝတ္ထု မျိုးလည်း ဖြစ်စေ။ အဇ္ဈောဟရဏံ၊ မျိုသည်လည်းဖြစ်စေ။ ဣတိဣမာနိ၊ ဤသည်တို့ကား၊ဧတ္ထ၊ ဤဝိကာလဘောဇနသိက္ခာပုဒ်၌၊ တီဏိ အင်္ဂါနိ၊ အင်္ဂါသုံးပါးတို့တည်း။

ဤအဋ္ဌကထာပါဠ်၌လည်း "ယာဝကာလိကတာ" ဟူသော ပါဠ်ဖြင့် ယာဝကာလိက ဝတ္ထုမျိုးသည်သာ သိက္ခာပုဒ် ပျက်ရာအင်္ဂါဖြစ်ထိုက်ကြောင်း, ယာမ-သတ္တာဟ–ယာဝဇီဝိက-ဝတ္ထုမျိုးတို့သည်ကား သိက္ခာပုဒ်ပျက်ရာ အင်္ဂါ မဟုတ်ကြောင်းကို ပြတော်မူပေသည်။

ထိုမှတပါးလည်း မနောရထပူရဏီ အမည်ရှိသော တိက အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ –

"အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝကာလိကဿ အဇ္ဈောဟရဏံ ဝိကာလ ဘောဇနံနာမ" ဟူ၍လာပေသည်။

www.dhammaransi.com



မဇ္ဈန္တိကေ၊ မွန်းတည့်သောအခါသည်။ အတိက္ကန္တေ၊ လွန်ပြီးသည်ရှိသော်။ ယာဝကာလိကဿ၊ ယာဝကာလိကကို။ အဇ္ဈောဟာရေ၊ မျိုခြင်းသည်။ ဝိကာလဘောဇနံနာမ၊ဝိကာလဘောဇနမည်၏။ ။

**ဤအဋ္ဌကထာပါဠိ၌လည်း**....“ယာဝကာလိကဿ”ဟူသော ပါဠ်ဖြင့် သိက္ခာပုဒ် ပျက်ထိုက်သော အင်္ဂါ၌ယာဝကာလိက ဝတ္ထုမျိုးသည်သာ အပါအဝင်ဖြစ်ကြောင်း, ယာမ-သတ္တာဟ,ယာဝဇီဝိက-ဝတ္ထုမျိုးတို့သည် အပါအဝင် အင်္ဂါ မထိုက်ကြောင်းကို ပြတော်မူပေသည်၊ ထိုမှတပါးလည်း ဋီကာအဋ္ဌကထာ၌ပင်လျှင်။

“ဘုဉ္ဇိတဗ္ဗဋ္ဌေန သဗ္ဗံ ယာဝကာလိကံ ဘောဇနန္တိ ဝုစ္စတိ” ဟူ၍ လာပေသည်။

ဘုဉ္ဇိတဗ္ဗဋ္ဌေန၊မျိုအပ်သောအနက်ကြောင့်။သဗ္ဗံ၊အလုံးစုံသော။ ယာဝကာလိကံ၊ ယာဝကာလိကဝတ္ထုမျိုးကို။ ဘောဇနန္တိ၊ ဘောဇနဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဤအဋ္ဌကထာပါဠ်ဖြင့်လည်း ယာဝကာလိက ဝတ္ထုမျိုးသည်သာ သိက္ခာပုဒ်ပျက်ရာ အင်္ဂါဖြစ်ထိုက်ကြောင်း, ကြွင်းသော ကာလိက သုံးမျိုးသည်သိက္ခာပုဒ်ပျက်ရာ အင်္ဂါ မဖြစ်ထိုက်ကြောင်း ကိုခြားနား၍ ပြတော်မူပေသည်။ ။ထိုမှ တပါးလည်း ဋီကာအဋ္ဌကထာ၌ပင်လျှင်။ ။

“ဝိကာလေ ယာဝကာလိကဿ ဘောဇနံ အဇ္ဈောဟာရော ဝိကာလ ဘောဇနံ”ဟူ၍လာသည်။

ဝိကာလေ၊နေလွဲသောအခါ၌။ယာဝကာလိကဿ၊ ယာဝကာလိကဝတ္ထုမျိုးကို။ဘောဇနံ အဇ္ဈောဟာရော၊ မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ဝိကာလဘောဇနမည်၏။ ။ဤအဋ္ဌကထာပါဠ်ဖြင့်လည်း ဝိကာလဘောဇန သိက္ခာပုဒ်ပျက်ရာ၌ နောက်ကာလိကသုံးမျိုး သည်အဝင်အပါ အင်္ဂါမဟုတ်ကြောင်းကို ပြတော်မူပေသည်။ ။

www.dhammaransi.com



အင်္ဂုတ္တိုရ်ဋီကာကြီး၌ အထူးဘွင့်ဆိုချက်မရှိပေ။ ။ထို့မှတပါး လည်း သာရတ္ထ ဒီပနီဋီကာ မဟာဝါအဘွင့်၌—

ဘုဉ္ဇိတဗ္ဗဉ္စေနဘောဇနံ၊ ယာဂုဘတ္တာဒိကံ သဗ္ဗံယာဝကာလိ ကဝတ္ထု၊ဝိကာလေဘောဇနံ ဝိကာလဘောဇနံ။

ဘုဉ္ဇိတဗ္ဗဉ္စေန၊ မျိုအပ်သော အနက်ကြောင့်။ ဘောဇနံ၊ ဘောဇဉ်မည်၏။ ယာဂုဘတ္တာဒိကံ၊ ယာဂုထမင်း စသော။ သဗ္ဗံ၊ အလုံးစုံသော။ ယာဝကာလိကဝတ္ထု၊ ယာဝကာလိက ဝတ္ထုမျိုး ပေတည်း။ဝိကာလေ၊နေလွဲသောအခါ၌။ ဘောဇနံ၊ယာဂု ထမင်း စသောအလုံးစုံသော ယာဝကာလိက ဝတ္ထုမျိုးကို မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇန မည်၏။

ဤဋီကာပါဌ်ဖြင့်လည်းယာဝကာလိက ဝတ္ထုသည်သာ သိက္ခာ ပုဒ်ပျက်ရာ အင်္ဂါဖြစ်ကြောင်း,ကြွင်းသော ကာလိကသုံးမျိုးသည် သိက္ခာပုဒ်ပျက်ရာ အင်္ဂါအချုပ်တွင်အဝင်အပါ မဟုတ်ကြောင်း ကို ဋီကာအရှင် ပြတော်မူပေသည်။ ။ထို့မှတပါးလည်း ၎င်း ဋီကာ၌ပင်။

"ဝိကာလေ ယာဝကာလိက ဝတ္ထုဿ အဇ္ဈော ဟရဏာတိ အတ္ထော"။ ။ဟူ၍ဘွင့်ပြတော်မူပေသည်။

ဝိကာလေ၊ နေလွဲသော အခါ၌။ ယာဝကာလိက ဝတ္ထုဿ၊ ယာဝကာလိက ဝတ္ထုကို။ အဇ္ဈောဟရဏာ၊ မျိုသောအခါမှ။ ဣတိ၊ဤသည်လျှင်။ အတ္ထော၊အနက်တည်း။ ဤဋီကာပါဌ်ဖြင့်လည်း ယာဝကာလိက ဝတ္ထုမျိုးသည်သာ ဝိကာလဘောဇန သိက္ခာပုဒ် အရာ ဖြစ်ကြောင်း,ကြွင်းသော ကာလိက သုံးမျိုးသည် ဝိကာလ ဘောဇနသိက္ခာပုဒ်အရာမဟုတ်ကြောင်းကို ပြတော်မူပေသည်။ ။ ထို့မှတပါးလည်း ၎င်းဋီကာ၌ပင်လျှင် –

"ဝိကာလေဘောဇနံ အဇ္ဈောဟရဏံ ဝိကာလ ဘောဇနံ၊ ကဿ ပန အဇ္ဈောဟရဏန္တိ၊ ယာမကာလိကာဒီနံ အနုညာ တတ္တာ ဝိကာလဘောဇနဿ သဒ္ဒဿ ယာဝကာလိက အဇ္ဈော

www.dhammaransi.com



ဟာရဏောနိရုဋ္ဌတ္တာ ယာဝကာလိကဿာတိ ဝိညာယတိ"။ ။ဟူ၍ လာပေသည်။

ဝိကာလေ၊ နေလွဲသောအခါ၌။ ဘောဇနံအဇ္ဈောဟရဏံ၊ မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇန မည်၏။ကဿ ပန၊အဘယ် ကာလိကဝတ္ထုကို၊ အဇ္ဈောဟရဏံ၊မျိုခြင်းပေနည်း။ ဣတိ၊ ဤကား အမေးပုစ္ဆာတည်း။ ယာမကာလိကာဒီနံ၊ ယာမကာလိက အစရှိသော နောက်ကာလိက သုံးမျိုးတို့ကို၊ အနုညာတတ္တာ၊နေလွဲသောအခါ စားသောက် ခြင်းငှာ ခွင့်ပြုတော် မူပေသောကြောင့်။ဝိကာလ ဘောဇနသဒ္ဒဿ၊ဝိကာလ ဘောဇန သဒ္ဒါ၏။ယာဝကာလိက အဇ္ဈောဟရဏေ၊ယာဝကာလိက ဝတ္ထုကို မျိုခြင်းအနက်၌။နိရုဋ္ဌတ္တာ၊ထင်သည်၏ အဖြစ်ကြောင့်။ ယာဝ ကာလိကဿ၊ယာဝကာလိက ဝတ္ထုကို။အဇ္ဈော ဟရဏံ၊ မျိုခြင်း ပေတည်း။ဣတိ၊ဤသို့။ ဝိညာယတိ၊သိအပ်၏။ ။

(အမေးအဖြေ အကြောင်းယုတ္တိနှင့်တကွ အသေအချာလာသော ဤ ဋီကာပါဠ်ဖြင့်လည်း ဝိကာလဘောဇနသိက္ခာပုဒ်ပျက်ရာ ယာမကာလိက စသောနောက်ကာလိက သုံးမျိုးတို့ မဆိုင်ကြောင်းကို သိသာလှပေသည်။)

ထိုမှတပါးလည်း ဝင်းဋီကာ၌ပင်လျှင်။

"အတ္ထတောပန ကာယဒွါရပဝတ္တာဝိကာလေယာဝ ကာလိက အဇ္ဈောဟရဏစေတနာ ဝိကာလဘောဇနန္တိ ဝေဒိတဗ္ဗာ"။ ။ ဟူ၍ လာပေသည်။

အတ္ထတောပန၊ လိုရင်း အနက်အားဖြင့်ကား။ ကာယဒွါရ ပဝတ္တာ၊ ကာယဒွါရ၌ဖြစ်သော။ ဝိကာလေ၊နေလွဲသောအခါ၌။ ယာဝကာလိကအဇ္ဈောဟရဏစေတနာ၊ ယာဝကာလိက ဝတ္ထု မျိုးကို မျိုသော စေတနာသည်။ ဝိကာလဘောဇနံ၊ ဝိကာလ ဘောဇန မည်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗာ။ သိအပ်၏။

ဤဋီကာပါဠ်ဖြင့်လည်း ယာဝကာလိက ဝတ္ထုမျိုးသည်သာ သိက္ခာပုဒ်ပျက်ရာ အင်္ဂါ အစစ် ဖြစ်ကြောင်းကို သိအပ် လှပေ

www.dhammaransi.com



သည်။ ။ထိုမှတပါးလည်း ဝိမတိဝိနောဒနီ အမည်ရှိသောဋီကာ မဟာဝါခန္ဓကအဘွင့်၌။

ဘုဉ္ဇိတဗ္ဗဉ္စေန ဘောဇနန္တိ ဣဒံသဗ္ဗံ ယာဝကာလိကံ ဝုတ္တံ၊ ဝိကာလေဘောဇနစ္စောဟာရတော ဝိကာလဘောဇနံ။ ။ဟူ၍ ဆိုပေသည်။

ဘောဇနန္တိ ဣဒံ။ ဘောဇနံဟူသော ဤစကားကို။ ဘုဉ္ဇိတဗ္ဗဉ္စေန၊ မျိုအပ်သော အနက်ကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။ ယာဝကာလိကံ၊ ယာဝကာလိက ဝတ္ထုမျိုးကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဝိကာလေ၊ နေလွဲသောအခါ၌။ ဘောဇနစ္စောဟာရတော၊ ယာဝကာလိက ဝတ္ထုဟု ဆိုအပ်သော ဘောဇဉ်ကို မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇနမည်၏။ ။ဤဋီကာ ပါဌ်ဖြင့်လည်း ယာဝကာလိကသည်သာ သိက္ခာပုဒ် ပျက်ရာ အင်္ဂါ ဖြစ်ကြောင်းထင်လင်းပေသည်၊ ထိုမှတပါးလည်း ဂဏ္ဌိဋီကာ၌ပင်လျှင်။

ဝိကာလေ ယာဝကာလိကဿ ဘောဇနံ အဇ္ဈော ဟာရဏံဝါ ဝိကာလဘောဇနံ။ ။ဟူ၍ဆိုပေသည်။ ။

ဝါ၊တနည်းကား။ ဝိကာလေ၊နေလွဲသောအခါ၌။ ယာဝကာလိကဿ၊ယာဝကာလိကကို။ ဘောဇနံအဇ္ဈောဟာရဏံ၊ မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇနမည်၏။

နှစ်နည်းစီ၊နှစ်နည်းစီ ဘွင့်ကြပေသည်မှာ ဘောဇန သဒ္ဒါကို ဘောဇဉ်ဝတ္ထုဟောတချက် ယူကြသည်၊ မျိုခြင်းကြိယာ ဟော တချက် ယူကြသည်။ ။လူတို့မည်သည် ကျမ်းဂန် စကားမျိုးကို မကျွမ်းကျင်ကြကုန်၊ထို့ကြောင့် တကျမ်းထည်း၌ပင် ယာဝကာလိကသဒ္ဒါနှင့်လာလာသမျှတို့ကို အတိုအတို လိုရင်းလိုရင်းတွင် ကွက်၍ အနက်အဓိပ္ပါယ်ဘော်လိုက်သည်။ ။ထုတ်ပြခဲ့ပြီးသော အဋ္ဌကထာဋီကာ ကြီးမှတပါး တခြားသောအဋ္ဌကထာကြီးဋီကာကြီးတို့၌မူကား ဝိကာလဘောဇန သိက္ခာပုဒ်၏အနက်ကို သာမည သာ ဘွင့်ကြကုန်သည်။ ။ဤမျှသော စကားရပ်တို့ဖြင့် အဋ္ဌဂ် ဥပုသ်သည်သည် ရောဂါဟူသော ဂေလညအကြောင်း မရှိပါဘဲ

www.dhammaransi.com



လျက် နေလွဲပြီးနောက်ဆေးသောက် ကွမ်းစားမှုကို ပြုခဲ့သည် ရှိသော် ဝိကာလဘောဇန သိက္ခာပုဒ် ပျက်မည်မပျက်မည်ဟူသော အမေးပုစ္ဆာ၌ ဆေး,ကွမ်း ဟူသော ယာဝဇီဝိကဝတ္ထုသည် သိက္ခာပုဒ်ပျက်ရန်အင်္ဂါတွင် အပါအဝင်မဟုတ်ကြောင်းကို ဖြေဆိုလိုက်သည်။ ။တရပ်။

**အချို့အယူ**·····အချို့သော ဝိနည်းဓိုရ် စာပေဟောင်းများ၌ကား အကြောင်း မရှိဘဲလျက် နေလွဲသော အခါ နောက်ကာလိကသုံးပါးကို စားသောက်ခဲ့သည် ရှိသော် ဝိကာလဘောဇန သိက္ခာပုဒ် ပျက်ကြောင်းကို အဆိုပါရှိကြသည်။ ။ ဝိနည်းဓိုရ် စာပေဟောင်းတို့၌ ပါရှိသည့် အတိုင်း ယခုကာလ၌လည်း အချို့သောဆရာတို့အယူရှိကြသည်။ ။ယူကြပုံကား ဤဝိကာလဘောဇန သိက္ခာပုဒ်အရာ၌ ရဟန်းနှင့်လူ အဆုံးအဖြတ် ထူးခြားကွဲလွဲခြင်းမရှိသင့်၊ ရဟန်းမှာ အာပတ်သင့်လျှင် လူမှာ သိက္ခာပုဒ် အပျက် ဆိုရမည်။

ဝိကာလဘောဇန သိက္ခာပုဒ်၏ ဝိဘင်းပါဠိတော် အာပတ္တိဝါရ၌။ "ယာမကာလိကံ, သတ္တာဟကာလိကံ, ယာဝဇီဝိကံ, အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိဒုက္ကဋဿ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိဒုက္ကဋဿ"ဟူ၍ ဟောတော်မူသည်။

၎င်းပါဠိတော် အနာပတ္တိဝါရမှာလည်း—

အနာပတ္တိယာမကာလိကံ, သတ္တာဟကာလိကံ, ယာဝဇီဝိကံ, သတိပစ္စယေ ပရိဘုဉ္ဇတိ။ ။ဟူ၍ ဟောတော်မူပေသည်။

**အဓိပ္ပါယ်**·····အထက်ပါ ပါဠိတော်၌ အဓိပ္ပါယ်ကား ရဟန်းတို့အား နေလွဲသောအခါ နောက်ကာလိက သုံးပါးကို အာဟာရအကျိုးငှါ အကပ်ခံခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်၏၊ မျိုခဲ့လျှင် မျိုတိုင်း,မျိုတိုင်း ဒုက္ကဋ်အာပတ်သင့်၏ ဆိုလိုသည်၊ နောက်ပါဠိတော်၏ အဓိပ္ပါယ်ကား အဖျော်ရည်မျိုးဟူသော ယာမကာလိကကို မွတ်သိပ်ခြင်း အကြောင်းနှင့် သောက်ခဲ့သော်

www.dhammaransi.com



အာပတ်မသင့်၊ ထောပတ်, တင်လဲစသော သတ္တာဟ ကာလိကကို ၎င်း, ဖီးပြု,သျှိသျှား အစရှိသော ယာဝဇီဝိကကို၎င်း,အနာရောဂါ ဟူသော ဂေလည အကြောင်းနှင့် သုံးဆောင်ခဲ့သော် အာပတ်မသင့် ဆိုလိုသည်။ ။ထိုကာလိကသုံးမျိုးကို ၎င်းအကြောင်းမရှိဘဲ နေလွဲ သောအခါ သုံးဆောင်ခဲ့လျှင် သင့်သော ဒုက္ကဋ်အာပတ်သည် အခြားက လာ၍ သင့်သော အာပတ်မဟုတ်၊ ဝိကာလ ဘောဇန သိက္ခာပုဒ်၏ ဝိဘင်းက ထွက်သော အာပတ်ပင် ဖြစ်ပေသော ကြောင့် ဝိကာလဘောဇန အာပတ်ပင် ဖြစ်သတည်း၊ ထို့ကြောင့် အဋ္ဌကထာတို့၌ သန္နိဓိစသော သိက္ခာပုဒ်များသို့ရောက်သောအခါ ထိုအာပတ်ကို ဝိကာလဘောဇန သိက္ခာပုဒ် ဖြစ်သင့်သည်ဟု အဆို ပါသတည်း။ ။ထိုဒုက္ကဋ် အာပတ်သည် ရဟန်းတို့အား ဝိကာလဘောဇန သိက္ခာပုဒ်နှင့် သင့်သောအာပတ် ဖြစ်ခဲ့လျှင် လည်း ထိုအာပတ် အရာ လူတို့မှာလည်း ဝိကာလဘောဇန သိက္ခာ ပုဒ်အပျက်မဟုတ်လော။

**အလုပ်သမားဥပုသ်သည်**……ရဟန်းတို့၏ ဝိကာလ ဘောဇန သိက္ခာပုဒ် အပျက် အင်္ဂါတွင် နောက်ကာလိကသုံးပါး ပါသင့်သကဲ့သို့ လူတို့၏ဝိကာလဘောဇန သိက္ခာပုဒ် အပျက်အင်္ဂါတွင် နောက်ကာလိက သုံးပါး ပါသင့် ကြောင်းကိုလည်း အနာထပိဏ်သဌေးကြီး၏ လုပ်သား ဥပုသ် သည် ဝတ္ထုသည် သက်သေပင်တည်း။ ။ထိုဥပုသ်သည်အား ညဉ့်အခါ၌ လေနာရောဂါ အပြင်းအထန်ဖြစ်လေ၏၊ သဌေးကြီး သိ၍ စတုမဓုကို သောက်ပါဟုပေးလေသော် အရှင်တို့ သောက် ကြပါကုန်၏လောဟု မေးပေ၏၊ ငါတို့မှာ အနာရောဂါ မရှိ၍ မသောက်ကြသည်ဟု ဆိုပေသော် တနေ့လုံးလုံး ဥပုသ်ရသော အရှင်တို့မှ မသောက်ကြသည်ကို နေ့ထက်ဝက်မျှ ဥပုသ်ရသော အကျွန်ုပ်မသောက်ပါပြီဟု ပယ်လေ၏၊ ထိုညဉ့်၌ပင် ထိုရောဂါ ဖြင့် သေဆုံး၍ ရုက္ခဇိုဝ်းနတ်ဖြစ်လေ၏။ ။**ဤကားသဌေးကြီး၏ လုပ်သား ဥပုသ်သည်၏ဝတ္ထုတည်း။**

www.dhammaransi.com



ဤဝတ္ထု၌ ငါတို့မှာ အနာရောဂါမရှိ၍ မသောက်ကြသည် ဟူသော သဒ္ဓေးကြီး စကားကို ထောက်၍ လူတို့၏ ဝိကာလဘောဇန သိက္ခာပုဒ်အပျက်အင်္ဂါတွင် နောက်ကာလိက သုံးပါး ပါသင့်ကြောင်းကို သိသာလှသည် မဟုတ်လော။ ။အထက်က ထုတ်ပြခဲ့သော အဋ္ဌကထာဋီကာတို့၌ ယာဝကာလိကကိုသာ ဆိုကြသည်မှာလည်း ယာဝကာလိကဝတ္ထုကို နေလွဲသောအခါ မျိုခဲ့လျှင် အကြောင်းရှိမရှိ မရွေးရ,ဧကန္တသိက္ခာပုဒ် ပျက်တော့သည်၊ နောက်ကာလိက သုံးပါးကို မျိုရာ၌ကား အကြောင်းမရှိဘဲ မျိုမှ ပျက်ပေသည်၊အကြောင်းရှိ၍ မျိုပေလျှင် မပျက်ပေ၊ ဤသို့ ဧကန်ပျက် မဟုတ်, အနေကန်ပျက်ဖြစ်ပေ၍ အပျက်အင်္ဂါတွင် နောက်ကာလိကသုံးပါးကို မျိုရာ၌ မဆိုကြပေသည်ဟု ယူပေမှ ထိုအဋ္ဌကထာ ဋီကာနှင့် အနာထပိဏ်ဝတ္ထု ညီညွတ်ကြမည် မဟုတ်လော။ ။ထို့ကြောင့် အကြောင်းမရှိဘဲ နေလွဲပြီးနောက် ဆေးသောက်,ကွမ်းစားမှုသည် ဝိကာလဘောဇန သိက္ခာပုဒ် အပျက်အင်္ဂါ အပါအဝင် စင်စစ်ဧကန် ဖြစ်သတည်း။ ။ဤကား ဥပုသ်သည်တို့အား ဂေလည အကြောင်းမရှိဘဲ နေလွဲပြီးနောက် ဆေးသောက်မှု, ကွမ်းစားမှုကို သိက္ခာပုဒ် အပျက်အင်္ဂါပြု၍ ပြောဟောကြကုန်သော ဆရာတို့၏ အလိုပေတည်း။

**အဖြေကိုဆိုပေအံ့**······ဝိကာလဘောဇန သိက္ခာပုဒ်သည် အလွန် ပေါ့သော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်ဖြစ်သည်၊ သုရာပါန သိက္ခာပုဒ်သည် အလွန်လေးသော လောကဝဇ္ဇ သိက္ခာပုဒ်ကြီးဖြစ်သည်။ ။ထိုသုရာပါနလောကဝဇ္ဇ သိက္ခာပုဒ်ကြီးများ၌ပင် ရဟန်းတို့မှာ အာပတ်သင့်တိုင်း လူတို့မှာ သိက္ခာပုဒ် ပျက်သည်မဟုတ်။ ။ထို့ကြောင့် ပဉ္စခန္ဓက အဋ္ဌကထာ၌—

မဇ္ဇပါနေ ပန ဘိက္ခုနော အဇာနိတွာပိ ဗီဇတော ပဋ္ဌာယ မဇ္ဇံ ပိဝန္တဿ ပါစိတ္တိယံ၊သာမဏေရော ဇာနိတွာဝ ပိဝန္တော သီလ

www.dhammaransi.com



ဘေဒံ အာပဇ္ဇတိ၊ နအဓာနိတ္တာ၊သာမဏေ ာရာနံ မဇ္ဈေပါနံ သစိတ္တ ကံ ပါရာဇိကဝတ္ထု၊ အယံဝိသေသော။ ။ဟူ၍မိန့်သည်။

မဇ္ဈေပါနေပန၊သေရည်သေရက်သောက်မှု၌ကား။ ဘိက္ခုနော၊ ရဟန်းအား။ အဇာနိတ္တာပိ၊ သေရည်မှန်း, သေရက်မှန်းမသိမူ၍ လည်း။ ဗီဇတော၊သေမျိုးစေ့မှ။ ပဋ္ဌာယ၊စ၍။ မဇ္ဇံ၊ သေရည်သေ ရက်ကို။ ပိဝန္တဿ၊ သောက်မိသည်ရှိသော်။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သင့်၏။သာမဏေရော၊သာမဏေသည်။ဇာနိတ္တာဝ၊ သေ ရည်မှန်း, သေရက်မှန်းသိ၍သာလျှင်။ ပိဝန္တော၊ သောက်သည်ရှိ သော်။သီလဘေဒံ၊ သီလပျက်ခြင်းသို့၊ ဝါ၊သိက္ခာပုဒ်ပျက်ခြင်းသို့။ အာပဇ္ဇတိ၊ရောက်၏။အဇာနိတ္တာ၊သေရည်မှန်း,သေရက်မှန်းမသိ မူ၍။ပိဝန္တော၊သောက်မိသည်ရှိသော်။သီလဘေဒံ၊သီလပျက်ခြင်း သို့။ဝါ၊သိက္ခာပုဒ်ပျက်ခြင်းသို့။နအာပဇ္ဇတိ၊မရောက်။ သာမဏေရာ နံ၊သာမဏေတို့၏။ မဇ္ဈေပါနံ၊ သေရည်သေရက်သောက်မှုသည်။ သစိတ္တကံ၊သစိတ္တကဖြစ်သော။ ပါရာဇိကဝတ္ထု၊ ပါရာဇိကမှုပေ တည်း။ အယံ၊ဤသည်ကား။ ဝိသေသော၊ရဟန်းသာမဏေအထူး ပေတည်း။ ။အနက်။ ။ဤအဋ္ဌကထာ၌သာမဏေကို ဆိုသဖြင့် လူတို့မှာလည်း သေရည်မှန်း သေရက်မှန်းသိ၍ သောက်မှသာ ဆောက်တည်သော သိက္ခာပုဒ်ပျက်သည်ဟူသော အနက်သည် အလွန် ထင်ရှားလေသည်။ ။**တရုပ်။**

ထပေတွာ တုလိကံ သဗ္ဗာနေဝ ဂေါနကာဒီနိ ရတနပရိသိဗ္ဗိ တာနိပိ ဝဋ္ဋန္တိ။ ။သီလက္ခန်အဋ္ဌကထာ။

တုလိကံ၊ လဲသွတ်သော အခင်းကို။ ထပေတွာ၊ချန်ထား၍။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဂေါနကာဒီနိ၊ ဂေါနကအစရှိကုန်သော မဟာသယနအခင်းတို့သည်။ ရတနပရိ သိဗ္ဗိတာနိပိ၊ ရတနာတို့နှင့် ချုပ်အပ်ကုန်သော်လည်း။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ ။အနက်။ ။

www.dhammaransi.com

## ၁၄၂ ဝိကာလဘောဇနသိက္ခာပုဒ်အဆုံးအဖြတ်

သုတ္တန္တိကဒေသနာယပန ဂဟဋ္ဌာနံပိ ဝသေန ဝုတ္တတ္တာ တေသံ သင်္ဂဟဏတ္ထံ "ထပေတွာ တုလိကံ သဗ္ဗာနေဝ ဂေါနကာဒီနိ ရတနပရိသိဗ္ဗိတာနိပိ ဝဋ္ဋန္တိ"တိ ဝုတ္တန္တိ အပရေ။ ။သီလက္ခန် ဋီကာသစ်။ ။သာရတ္ထဒီပနီ။

သုတ္တန္တိကဒေသနာယပန၊ သုတ္တန် ဒေသနာတော်ကိုကား။ ဂဟဋ္ဌာနံပိ၊ လူဥပုသ်သည်တို့၏လည်း။ ဝသေန၊ အစွမ်းဖြင့်။ ဝုတ္တတ္တာ၊ ဟောတော်မူလေသောကြောင့်။ တေသံ၊ ထိုလူဥပုသ်သည်တို့ကို။ သင်္ဂဟဏတ္ထံ၊ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်၌ သင်္ဂြိုဟ်ရေတွက်ခြင်းငှါ။ ထပေတွာ တုလိကံ သဗ္ဗာနေဝ ဂေါန ကာဒီနိ ရတနပရိသိဗ္ဗိတာနိပိ ဝဋ္ဋန္တိတိ၊ ထပေတွာ တုလိကံ သဗ္ဗာနေဝ ဂေါနကာဒီနိ ရတနပရိသိဗ္ဗိတာနိပိ ဝဋ္ဋန္တိဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာမိန့်၏။ ဣတိ၊ ဤသို့။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ ။အနက်။

ဝိနည်းအဋ္ဌကထာ၌ ရတနာဖြင့် ချုပ်အပ်ကုန်သော ဂေါနက စသောအခင်းတို့သည် ရဟန်းတို့အား မအပ်ကုန်ဟု ဆို၏။ ။

ထို့ကြောင့် သုတ္တန်အဋ္ဌကထာ၌ရတနာဖြင့်ချုပ်အပ်ကုန်သော်လည်း အပ်ပါကုန်၏ဟု ဆိုသည်မှာ လူဥပုသ်သည်တို့ကို ရည်၍ ဆိုသည်ဟူလိုသည်။ ။ဤဋီကာတို့ကို ထောက်သော် ဥစ္စာသယန သိက္ခာပုဒ်မှာလည်း ရဟန်းတို့ အာပတ် သင့်တိုင်း လူတို့မှာ သိက္ခာပုဒ်မပျက်ဟု သိအပ်သည်။ ။ဤသို့သော အဋ္ဌကထာ ဋီကာများကို ထောက်၍ လူရဟန်းနှစ်ဦး ဆိုင်ကြသော သိက္ခာပုဒ် ရပ်၌ ရဟန်းတို့မှာ အာပတ်သင့်သော အမှုတိုင်း လူတို့မှာ သိက္ခာ ပုဒ် အပျက်မယူသာ၊ရဟန်းတို့အာပတ်မှာ ဝိနည်းတော်အရာဖြစ် သည်၊ လူတို့သိက္ခာပုဒ်အပျက်မှာ သုတ္တန်အရာဖြစ်သည်၊ သုတ္တန် အဋ္ဌကထာတို့၌ ပြဆိုသော အင်္ဂါညီညွတ်မှ အပျက် ဆိုရမည်ဟု သိသာ လှပေသတည်း။ ။ဤမျှသော စကားတို့ဖြင့် ဝိကာလ ဘောဇန သိက္ခာပုဒ်အရာမှာ ရဟန်းနှင့်လူ အဆုံးအဖြတ် ထူးခြား

www.dhammaransi.com



ကွဲလွဲခြင်းမရှိသင့်၊ ရဟန်းတို့မှာ အာပတ် သင့်လျှင် လူတို့မှာ သိက္ခာပုဒ် အပျက်ဆိုရမည်ဟူသော ဆရာတို့အယူကို ဖြေလိုက်သည်။ ။တရုပ်။

ဝိကာလဘောဇနသိက္ခာပုဒ်ရင်း၌ နေလွဲသောအခါ ယာဝကာလိက ဝတ္ထုကိုမျိုခဲ့လျှင် ပါစိတ်အာပတ်သင့်သည်။ ။အကြောင်းမရှိဘဲ နောက်ကာလိက သုံးပါးကို မျိုခဲ့လျှင် ၎င်းသိက္ခာပုဒ်၏ အန္တရာပတ္တိဝါရ၌ ဒုက္ကဋ်သင့်ကြောင်းလာသည်။ ။အန္တရာပတ္တိဝါရမည်သည် သိက္ခာပုဒ် အသီးအခြားလာရှိသည်၊ အန္တရာပတ္တိဝါရ၌လာသော ဒုက္ကဋ်အာပတ် သင့်လျှင်ပင် ဝိကာလ ဘောဇနမူလသိက္ခာပုဒ်ရင်း ပျက်ပြီဟူ၍ ရဟန်းတို့မှာပင် မဆိုသာ။ ။အန္တရာပတ္တိဝါရမည်သည် ပါရာဇိက သိက္ခာပုဒ်ကြီးလေးပါးတို့မှလည်း လာသည်ပင်ဖြစ်သည်။ ။ပဌမပါရာဇိက သိက္ခာပုဒ်ကြီး၏ အန္တရာပတ္တိဝါရ၌လာသော ဒုက္ကဋ်အာပတ်ငယ် သင့်ရုံမျှနှင့် ပဌမပါရာဇိက သိက္ခာပုဒ်ကြီးပျက်ပြီ, ပါရာဇိက ကျပြီမဆိုသာပေ။

**ထို့အတူ**·····ဒုတိယ, တတိယ, စတုတ္ထပါရာဇိကသိက္ခာပုဒ်ကြီးတို့၌ လာသော ဒုက္ကဋ်ထုလ္လစ္စည်း အာပတ်ငယ် သင့်ရုံမျှနှင့် ပါရာဇိက သိက္ခာပုဒ်ကြီး ပျက်ပြီ, ပါရာဇိက ကျပြီ, လူဖြစ်ပြီမဆိုသာပေ။ ။သံဃာဒိသိသ် သိက္ခာပုဒ်ကြီး ၁၃–ပါးတို့၌လည်း အန္တရာအာပတ်ငယ် အသီးအသီး လာသည်ပင် ဖြစ်သည်၊ ထိုအန္တရာ အာပတ်ငယ် သင့်ရုံမျှနှင့် မူလသိက္ခာပုဒ်ကြီး ပျက်ပြီ၊ သီလဝိပတ္တိဆိုက်ပြီ၊ ဝုဋ္ဌာနကံထိုက်ပြီ၊ ပရိဝါသ်မာနတ်ထိုက်ပြီမဆိုသာပေ။ ။ထို့အတူ အကြောင်းမရှိဘဲ နေလွဲသောအခါ နောက်ကာလိကသုံးပါးကိုမျိုမိ၍ ရဟန်းတို့မှာ အန္တရာပတ္တိဒုက္ကဋ်သင့်ရုံမျှနှင့် ဝိကာလဘောဇန မူလသိက္ခာပုဒ်ကြီး ပျက်ပြီဟူ၍ မဆိုသာပေ။ ။မူလသိက္ခာပုဒ်ကြီး၏ အပျက် အင်္ဂါတွင် ယာဝကာလိကဝတ္ထုကိုသာ ပြဆိုကြသော အဋ္ဌကထာ ဋီကာတို့နှင့်အညီ နေလွဲသောအခါ ယာဝကာလိက ဝတ္ထုကို မျိုမှသာ

www.dhammaransi.com



ဝိကာလဘောဇနသိက္ခာပုဒ် ပျက်သည်ဟု ဆိုထိုက်ပေသည်။ ။ သုတ္တန်လာ ဝိကာလဘောဇန သိက္ခာပုဒ်ကို ဆောက်တည်သော လူတို့မှာမူကား ထိုအန္တရာယ်ပတ္တိဝါရ၌လာသော နောက်ကာလိက သုံးပါးအတွက် အပျက်အင်္ဂါမဆိုင်ပေ။ ။ဤကား ရဟန်းတို့မှာ အကြောင်းမရှိဘဲ နေလွဲသောအခါ နောက်ကာလိက သုံးပါးကို မျိုမိ၍ အန္တရာယ်ပတ္တိဝါရမှာ လာသော ဒုက္ကဋ်အာပတ် သင့်ခဲ့လျှင်, လူတို့မှာလည်း ထိုကာလိကသုံးပါးကို ထို့နည်းအတူ မျိုမိခဲ့လျှင်, ဝိကာလဘောဇန သိက္ခာပုဒ်ပျက်ရမည်ဆိုသော အယူကို ဖြေဆိုချက်တည်း။ ။**တရပ်။**

**အနာထပိဏ်သဌေး……** ဝဋ္ဋုန္ဓ စတုမဓုမည်သည် နောက်ကာလိက သုံးပါးတွင် သတ္တာဟကာလိက ဝဋ္ဋုပေတည်း။ ။ထိုဝဋ္ဋုကို သဌေးမင်းကြီးတို့ သုံးဆောင်ကြပါ၏ လောဟု မေးလေရာ ငါတို့မှာ အနာရောဂါ မရှိ၍ မသုံးဆောင် ကြသည်ဟု ဆိုသော **သဌေးကြီးစကားတချက်**။ ။တရက်လုံးလုံး ဥပုသ်ရသော သဌေးကြီး တို့မှ မသုံးဆောင်ကြလျှင် နေ့ထက်ဝက်မျှဥပုသ်ရသော အကျွန်ုပ်လည်း မသုံးဆောင်ပါပြီဟု **လုလင်က ဆိုသော စကားတချက်**။ ။ထို နှစ်ချက်တွင် သဌေးကြီးစကားကို ထောက်၍ နောက်ကာလိက သုံးပါးကို အကြောင်းမရှိဘဲ နေလွဲသောအခါ သုံးဆောင်လျှင် ဝိကာလဘောဇန သိက္ခာပုဒ် ပျက်သည်ဟု ယူခဲ့ချေသော် လုလင် စကားကို ထောက်ထား၍ ထိုလုလင်သည် ဂေလည အကြောင်း ထင်ရှားရှိလျက် စတုမဓုကို မသုံးဆောင်ဘဲ အသက်ကို အသေခံလေရကား အကြောင်းရှိသော်လည်း မသုံးဆောင်ရ၊ သုံးဆောင်ခဲ့လျှင် သိက္ခာပုဒ်ပျက်သည်ဟု ယူပါတော့လော ဆိုရန်။

ဂေလညအကြောင်းရှိလျက်နှင့် မသုံးဆောင်ဘဲအသေခံသော ထိုလုလင်အမှုမှာ သိက္ခာပုဒ် ပျက်မှုကြောင့် မသုံးဆောင်သည့်

www.dhammaransi.com



မဟုတ်၊ သိက္ခာပုဒ် လျော့ပါးမှုကြောင့် မသုံးဆောင်သည်၊ သိက္ခာပုဒ်ကို အသက်မျှမက ရိုသေလေးစားသော သဒ္ဓါတရားအတွက် သက်သက်သာ ဖြစ်ပေသည်ဟု ဖြေပေ လိမ့်မည်။ ။ထိုအခါ ဟုတ်လှပြီ၊ သိက္ခာပုဒ်ပင်မပျက်သော်လည်း လျော့ပါးရန် အချက် ထင်၍ ထိုလုလင်သည် မသုံးဆောင်သကဲ့သို့ သင်္ဃဒေးကြီးများ လည်း လျော့ပါးရန်အတွက်ကြောင့်ပင် မသုံးဆောင်ကြပေသည်၊ ပျက်ရန် အတွက်ကြောင့် မသုံးဆောင်ကြသည် မဟုတ်ဟု ဆိုခဲ့ သည်ရှိသော် အပျက်အင်္ဂါတွင် ယာဝကာလိက ဝတ္ထုကိုသာ ပြဆိုကြသော အဋ္ဌကထာ ဋီကာများနှင့်လည်း တပြေးထည်း ညီညွတ်ကြသည် မဟုတ်လော၊ ပျက်ရန် အတွက်ကြောင့် မသုံး ဆောင်ကြ ဆိုသည်ဟု ယူခဲ့သော် ယာဝကာလိက ဝတ္ထုကိုသာ အင်္ဂါအချုပ်လုပ်၍ ထားကြသော အဋ္ဌကထာ ဋီကာတို့နှင့် ဆန့် ကျင်ရာသည် မဟုတ်လော။

(ထို့ကြောင့်ဝတ္ထုသက်သေဆိုသည်မှာ သဒ္ဓါတရားသို့လိုက်၍ ဖြစ်ကြ သည်၊ သိက္ခာပုဒ်၏အချုပ်အင်္ဂါသည်သာ ပမာဏ ဖြစ်ပေသည်။ ။ဤကား အနာထပိဏ်ဝတ္ထုကို ဖြေဆိုချက်တည်း။)

**ယာဝကာလိက ဝတ္ထုမှာ**……နေလွဲသော အခါ ဂေလည အကြောင်း ရှိသည် ဖြစ်စေ, မရှိသည်ဖြစ်စေ, မျိုမိလျှင် အာပတ် ဧကန်သင့်တော့သည် ဖြစ်၍ အပျက်အင်္ဂါတွင်ပါပေသည်၊ နောက်ကာလိက သုံးမျိုးမှာမူကား ဂေလည, ပိပါသ အကြောင်းမရှိဘဲမျိုမှ အာပတ် သင့်သည်၊ အကြောင်းရှိ၍မျိုလျှင် အာပတ်မသင့်၊ ဤသို့အာပတ်သင့်မှု ဧကန် မဟုတ်, အနေကန် ဖြစ်သောကြောင့် အပျက်အင်္ဂါတွင် မပါပေ သည် ဟူသော စကားမှာလည်း သိက္ခာပုဒ်တို့၏ အချုပ်အင်္ဂါ မည်သည် ပျက်ရန်ရှိသမျှကို ချန်ရသည်မဟုတ်၊ ယာဝကာလိက ဝတ္ထုနှင့် တပေါင်းထည်း မချုပ်သာလျှင် ဝတ္ထုအားလျော်စွာ ခွဲ၍သော်လည်း ချုပ်ရသည်၊ ယာဝကာလိကဝတ္ထုလည်း မှန်စေ, နေလည်းလွဲစေ, အကြောင်းလည်း ကင်းစေ, မျိုစေ, လေးပါး

www.dhammaransi.com



တရပ်။ ။ကြွင်းသော ကာလိကသုံးပါးတွင် တပါးပါးလည်း ဖြစ်စေ, နေလည်းလွဲစေ, အကြောင်းလည်းကင်းစေ, မျိုစေ, လေးပါး တရပ်။ ။ဤသို့ခွဲ၍သော်လည်း ချုပ်ရသည်၊ ပျက်ရန်ရှိသမျှကို ချန်ရသည်မဟုတ်၊ ထိုသို့လည်းအချုပ်မရှိခဲ့၊ ထို့ကြောင့် အာပတ်သင့်မှု, သိက္ခာပုဒ်ပျက်မှု အနေကန် ဖြစ်သောကြောင့် မပါသည် မဟုတ်၊ သိက္ခာပုဒ် ပျက်မှုပင် မဟုတ်သောကြောင့် မပါလေသတည်း။

(ဤတွင်ရွေ့ကား ဥပုသ်သည်တို့၏ အကြောင်းမရှိဘဲ နေလွဲကွမ်းစားဆေးဝါး,ဆေးသောက်မှုများသည် ဝိကာလဘောဇန သိက္ခာပုဒ် အပျက်အင်္ဂါတွင် အပါအဝင်မဟုတ်ကြောင်းကို ဖြေဆိုလိုက်သောအခန်း ပြီး၏။)

---

## ဒုတိယပုစ္ဆာဖြေဆိုချက်

**မေထုန်ငယ်ခုနစ်ပါး**…အညှိုးအင်္ဂါတွင်ပါမည်မပါမည်မေးရာ၌။ ။ယခုကာလ ရှိရှိသမျှသော ပုထုဇဉ်လူရှင်ရဟန်းတို့၏သီလစုသည် အညှိုးအင်္ဂါမှ လွတ်ခဲလေစွ။ ။အညှိုးအင်္ဂါစုကို ဝိသုဒ္ဓိမဂ်မှာ လာသည့်အတိုင်း ဆိုလိုက်အံ့။ ။မေထုန်ငယ်ခုနစ်ပါးမှ မလွတ်မကင်းသော သီလသည် ညှိုးသော သီလမည်၏။ ။မေထုန်ငယ်ခုနစ်ပါးဆိုသည်ကား-

၁။ မာတုဂါမ၏အနှင်းအနှိပ် အဆုပ်အနယ်ကို သာယာခြင်း တပါး။

၂။ မာတုဂါမနှင့်တကွ ရယ်ဘွယ်, ရွှင်ဘွယ်, ကျီစယ်, ကျီစား ပြောဆိုသာယာခြင်းတပါး။

၃။ မာတုဂါမနှင့် အချင်းချင်း စိန်းစိန်းစိုက်စိုက် ကြည့်ရှုသာယာမှု တပါး။

၄။ မာတုဂါမ၏ အသံကို အနီးအဝေးကကြား၍ သာယာမှု တပါး။

၅။ ရှေးရှေးသောအခါက မာတုဂါမနှင့် ပျော်ပါးဘူးသည်ကို အမှတ်ရ၍ တအောက်မေ့မေ့ သာယာခြင်းတပါး။

www.dhammaransi.com



၆။ တပါးသောသူတို့ မာတုဂါမနှင့် ပျော်ပါး၍ နေသည်ကို မြင်၍,ကြား၍ သာယာခြင်းတပါး။

၇။ ယခုစောင့်ထိန်းသောဥပုသ်သီလ၏အကျိုးကို နောင်နတ်ဘွဲ့ နတ်သား ဖြစ်၍ ခံစားစံစားလိုသော စိတ်ညွှတ်ခြင်းတပါး။

ဤခုနစ်ပါးသည် မေထုန်ယှဉ် ခုနစ်ပါးမည်၏။ ။ထိုခုနစ်ပါးတွင် တပါးပါးနှင့် စွန်းငြိသောသီလသည် သီလညှိုး, သီလကျိုး, သီလပျက်,မည်၏။

ဖြာပဟ္မဏာ၊ပုဏ္ဏား။ ဇာနုဿောဏိ၊ဤခုနစ်ပါးတွင်တပါးပါးနှင့်ယှဉ်သောအမှုသည်လည်း။ ဗြဟ္မစရိယဿ၊ ဥပုသ်သီလဟု ဆိုအပ်သော မြတ်သော အကျင့်၏။ ခဏ္ဍမ္ပိ၊ ကျိုးသည်လည်း မည်၏။ ဆိဒ္ဒမ္ပိ။ ပေါက်သည်လည်း မည်၏။ သဗလမ္ပိ၊ ကြောင်သည် ကျားသည်လည်း မည်၏။ကမ္မာသမ္ပိ၊ ပြောက်သည် ကျားသည်လည်း မည်၏။ ။သတ္တကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။

ဤသို့လာသော ပါဠိတော်မြတ်ကိုနှလုံးထား၍ တနေ့တရက်မျှ စောင့်ထိန်းရသော သီလကို ထိုခုနစ်ပါးသောညှိုးနွမ်းခြင်းမှကင်းလွတ် စင်ကြယ်စေခြင်းငှာ ဥပုသ်နေ့၌ တထပ်စာ ထမင်းကို စောစောစား၍ ဥပုသ်ခံယူပြီးနောက် တနေ့ပတ်လုံး မာတုဂါမတို့နှင့် မတွေ့ရမမြင်ရ,အသံစကားကိုမျှ မကြားရသော နေရာ၌ နေခြင်းငှာ သင့်မြတ်လှလေသတည်း။ ။ထိုမှ တပါးလည်း။

အပရာယစ ကောဓော, ဥပနာဟော, မက္ခော, ပဠာသော, ဣဿာ, မစ္ဆရိယံ, မာယာ,သာဌေယျံ, ထမ္ဘော,မာနော,အတိမာနော,မဒေါ,ပမာဒေါတိအာဒီနံ ပါပဓမ္မာနံ အနုပ္ပတ္တိယာ။

ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီကောဓ,ဥပနာဟ,အစရှိသော ပါပဓမ္မတို့နှင့်လွတ်ကင်းမှ အကျိုး အပေါက် အပြောက်အကျား လွတ်သည်ဟု ဆိုပြန်သောကြောင့်။

**ညှိုးနွမ်းကြောင်းများ**……ကောဓ၊အမျက်ထွက်၍ ဥပုသ်ကျိုးခြင်းတပါး။ ဥပနာဟ၊ ရန်ငြိုးဖွဲ့၍ ဥပုသ်ကျိုးခြင်းတပါး။မက္ခ၊သူ့ကျေးဇူးကိုချေ၍ ဥပုသ်ကျိုးခြင်း

www.dhammaransi.com



တပါး။ပဠာသ၊သူတပါးအညံ့ အဖျင်းဖြစ်အောင်ပြု၍ ဥပုသ်ကျိုးခြင်းတပါး။ ဇ္ဈာသာ၊သူတပါးကို ငြူစူ၍ ဥပုသ်ကျိုးခြင်း တပါး။ မစ္ဆရိယ၊ဝန်တို၍ ဥပုသ်ကျိုးခြင်းတပါး။ မာယာ၊ မိမိ၌ရှိသော အပြစ်ကို ဖုံးလွှမ်းမှုကြောင့် ဥပုသ်ကျိုးခြင်းတပါး။ သာဌေယျ၊ မိမိ၌ မရှိသော ဂုဏ်ကို အရှိပြု၍ ပြခြင်းကြောင့် ဥပုသ်ကျိုးခြင်း တပါး။ ထမ္ဘ၊ ကိုင်းညွတ်ထိုက်သောသူကို မကိုင်းမညွတ်ပြုခြင်း ကြောင့် ဥပုသ်ကျိုးခြင်းတပါး။ မာန၊ နှလုံးနေ မြင့်ခြင်းကြောင့် ဥပုသ်ကျိုးခြင်း တပါး။ အတိမာန၊ နှလုံးနေ အလွန်မြင့်ခြင်း ကြောင့် ဥပုသ်ကျိုးခြင်းတပါး။မဒ၊ မာန်ယစ်ခြင်းကြောင့် ဥပုသ် ကျိုးခြင်းတပါး။ပမာဒ၊မေ့လျော့ကြောင်းဖြစ်သော အဖျင်းအချော် အသော့ အသွမ်းတို့ကို ပြုခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး။ အဏ္ဍုကံ့သန၊ မိမိဘက်ကို အမြတ်အသာ ပြုခြင်းကြောင့် ဥပုသ် ကျိုးခြင်း တပါး။ပရဝမ္ဘန၊ သူတပါးဘက်ကို အယုတ်အညံ့ပြုခြင်း ကြောင့် ဥပုသ်ကျိုးခြင်းတပါး။ နိန္ဒာ၊ သူတပါးကို မျက်မှောက်၌ ကဲ့ရဲ့ခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး။ ဂရဟာ၊ သူတပါးကို မျက်ကွယ်၌ကဲ့ရဲ့ခြင်းကြောင့် ဥပုသ် ကျိုးခြင်းတပါး။

ဤသို့အစရှိသည်ဖြင့် ဥပုသ်ကျိုးရန်, ညှိုးနွမ်းရန် ပါပ ဓမ္မတို့ သည် အလွန်များပြားကုန်သည်၊ ထို့ကြောင့် ယခုကာလ မြင်မြင် သမျှသောလူလူရှင်ရှင် ပုထုဇဉ်တို့၏ သီလသည် အညှိုး အဂ်ါမှ လွတ်ခဲစွဟု ဆိုပေသည်။

**ဥပုသ်ကျိုးမှု၂–မျိုး**……ဥပုသ် ကျိုးခြင်းသည် နှစ်ပါးရှိ၏။ ခံယူဆောက်တည်မှုပျက်အောင်ကျိုး ခြင်းတပါး, အကျိုး အာနိသင်သိမ်ဖျင်းရုံမျှကျိုးခြင်းတပါး။ ။ထို နှစ်ပါးတို့တွင် ထိုထို သိက္ခာပုဒ်တို့၌ ပြအပ်သော အပျက်အင်္ဂါ ပြည့်စုံအောင် လွန်ကျူးမှုသည် ခံယူဆောက်တည်မှုပျက်အောင် ကျိုးခြင်းမည်၏။ ။ပြဆိုခဲ့ပြီးသော မေထုန်ငယ်ခုနစ်ပါးတွင် တပါး ပါးနှင့် ငြိစွန်းမှု,ပြဆိုခဲ့ပြီးသော ပါပ ဓမ္မတို့တွင် တပါးပါးနှင့်ငြိစွန်း မှုသည် အကျိုးအာနိသင် သိမ်ဖျင်းရုံမျှသောကျိုးခြင်းမည်၏။ ။

www.dhammaransi.com



ဂေလည အကြောင်းမရှိဘဲ နေလွဲ ကွမ်းစား,ဆေးဝါး,ဆေး သောက်မှုသည် ထိုအမှုကို သာယာသော ကိလေသာ မှုပင်ဖြစ် ချေသည်၊ထို့ကြောင့် အညှိုးမှုရတွင် ပါဝင်ရာသောအခွင့် ရှိသည် ဖြစ်၍ အနာရောဂါဟူသော ဂေလညအကြောင်း မရှိဘဲ နေလွဲကွမ်း စား,ဆေးဝါးဆေးသောက်မှုကို ပြုခဲ့သည်ရှိသော် ဝိကာလ ဘော ဇန သီလဥပုသ်ညှိုးသည်, အကျိုးအာနိသင်ညံ့သည်ဟူ၍ဆိုရပေ မည်။

ထိုမှတပါးလည်း။

အပ္ပိစ္ဆတာ, သန္တုဋ္ဌိတာ, သလ္လေခတာဒိနံစ ဂုဏာနံ ဥပ္ပတ္တိ ယာ သင်ဟိတော။ ။ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ။

အလိုနည်းခြင်း,ရောင့်ရဲခြင်း, ခေါင်းပါးခြင်း စသော ဂုဏ်တို့ နှင့် ယှဉ်သော သီလမှ အကျိုး အပေါက်လွှတ်သည်၊ ထိုဂုဏ်နှင့် မယှဉ်မူ၍ မဟိစ္ဆတာ,အသန္တုဋ္ဌိတာ,အသလ္လေခတာ အစရှိသော အပြစ်တို့နှင့် ယှဉ်ခဲ့ပြန်မူ အကျိုး အပေါက်မလွှတ်သည်သာဖြစ်၏။

မဟိစ္ဆတာ၊မိမိအကျင့်ကိုသူတပါးတို့ သိကြားစေလို,ထင်ရှား စေလိုသောကြောင့် ဥပုသ်ကျိုးခြင်းတပါး။အသန္တုဋ္ဌိတာ၊ ယုတ် ညံ့သော အဝတ်, ယုတ်ညံ့သောအစား,ယုတ်ညံ့သောမြက်အခင်း, သစ်ရွက် အခင်း, စသည်တို့၌ ရောင့်ရဲခြင်းကို မပြုမူ၍ အဝတ် ကောင်း,အစားကောင်း,ညောင်စောင်းမွေ့ရာ,ကမ္ဗလာ ကော်ဇော စသော အိပ်ရာ နေရာကောင်းတို့ကို သာယာ၍ ဥပုသ်ကျိုးခြင်း။ အသလ္လေခတာ၊သိက္ခာပုဒ်အပျက်အင်္ဂါလွတ်ရုံမျှအားရ၍ ထို့ထက် အလွန်မြိုးခြိမ့်မှု မရှိ၍ ဥပုသ်ကျိုးခြင်း။သင်္ဂဏိကာရာမတာ၊အပေါင်း အဘော်၌ မွေ့လျော်သည့်အတွက် ဥပုသ်ကျိုးခြင်း။ ဘဿာရာ မတာ၊ သူတော်ကောင်းတရားမှ အလွတ်ဖြစ်သော စကား၌ မွေ့လျော်သည့်အတွက် ဥပုသ်ကျိုးခြင်း။ ဤသို့ အစရှိသည်ဖြင့် သီလညှိုးမှု,ဥပုသ်ညှိုးမှုသည်အလွန်ပင် ပေါများလှလေသတည်း။

**ဤစကားရပ်တို့ဖြင့်**·····ဥပုသ်ခံယူ ပြီးသော နောက်၌ သစ် ခေါက်ဆိုး,သစ်ရွက်ဆိုး, ဖန်ရည်စွန်း

www.dhammaransi.com



သော အဝတ်မျိုး မှတပါး ပိတ်ဖြူ,ပိုးဖဲစသော အဝတ်ကောင်း အထည်ကောင်းမျိုး,သားငွမ်းထမင်း,သားငွမ်းဟင်းစသောအစားကောင်းမျိုး,သင်ဖြူးကော်ဇောစသောအိပ်ရာ နေရာကောင်းမျိုး, နေမလွဲမီပင် ဆေးကောင်း,ကွမ်းကောင်း, လဘက်ကောင်းမျိုး, နေလွဲသော အခါ ဆေးကွမ်းမျိုးအလုံးစုံတို့၌ သန္တုဋ္ဌိ, သလ္လေခကင်းကွာ၍ သာယာစွာ သုံးဆောင် သမျှသည် ဥပုသ်ကျိုးမှုချည်းဖြစ်သတည်း။ ။အဋ္ဌကထာ၌ ခဏ္ဍသဒ္ဒါနှင့် လာသော ကြောင့် အကျိုးဟူ၍ ဆိုပေသည်၊ အကျိုး ဆိုသော်လည်း အပျက်ကျိုးမဟုတ်၊ အညှိုး ကျိုးရသာတည်း။ ။ပြဆိုခဲ့ပြီးသော အညှိုး ရသည် လူတို့၏ဥပုသ် သီလ၌သာမဟုတ်၊ ရဟန်းတို့၏ သီလ မှာလည်း နည်းတူပင်တည်း။ ။ရဟန်းတို့၏ သီလ၌ ဝိနည်းနှင့်တိုင်းတာ၍ အာပတ်လွတ်ရုံမျှ စောင့်ထိန်းလျှင်အပျက်လွတ်၏၊ အညှိုး အကျိုးမလွတ်၊ ဆိုခဲ့ပြီးသော ပါပဓမ္မတို့မှ လွတ်ကင်းစင်ကြယ်သောသီလသည်သာ လူ့သီလဖြစ်စေ,ရဟန်းသီလဖြစ်စေ,အနွမ်း အညှိုး အကျိုး အပေါက် အပြောက် အကျားကင်းရှင်း လေသတည်း။ ။ခပ်သိမ်းသော ပုထုဇဉ်သတ္တဝါတို့သည် နှလုံးစဉ်အခါ၌ ဤကဲ့သို့သော အကျိုး အပေါက်အပြောက်အကျားကိုပင် အဖြူအစင်အကောင်းအမြတ်ပြုလုပ်၍ တဘဝထက် တဘဝ ရင့်သန်ကြအောင် ကျင့်ဆောင်အားထုတ်ကြရကုန်သည်၊ရင့်မာသော ဘဝသို့ရောက်ကြမှ အထွတ် အထိပ် ဖြစ်သော သီလသို့ ရောက်နိုင်ကြကုန်သည်။

(အယံ၊ဤဥပုသ်သည်တို့၏ နေလွဲကွမ်းစား,ဆေးဝါး, ဆေးသောက် အဆုံးအဖြတ်သည်။ သဋ္ဌိမေဝသော၊ ၁၂၆၀-ပြည့်နှစ်၌။ ဘဒ္ဒပဒေ၊ တော်သလင်းလ၌။နိဋ္ဌိတော၊အပြီး သို့ရောက်၏။)

ဝိကာလဘောဇန သိက္ခာပုဒ်အဆုံး
အဖြတ်ပြီး၏။

www.dhammaransi.com

# ပဓာနသုတ်ပါဠိ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ တံမံပဓာနပဟိတတ္တံ၊ နဒိံ နေရဉ္ဇရံပတိ။
ဝိပရက္ကမ္မဈာယန္တံ၊ ယောဂက္ခေမဿပတ္တိယာ။

၂။ နမုစိ ကရုဏံဝါစံ၊ ဘာသမာနော ဥပါဂမိ။
ကိသော တွမသိ ဒုဗ္ဗဏ္ဏော၊ သန္တိကေ မရဏံတဝ။

၃။ သဟဿဘာဂေါ မရဏဿ၊ ဧကံသော တဝဇီဝိတံ။
ဇီဝ ဘော ဇီဝိတံသေယျော၊ ဇီဝံပုညာနိကာဟသိ။

၄။ စရတောဗြဟ္မစရိယံ၊ အဂ္ဂိဟုတ္တဉ္စဇူဟတော။
ပဟုတံဝတ တေပုညံ၊ ကိံ ပဓာနေန ကာဟသိ။

၅။ ဒုဂ္ဂေါမဂ္ဂေါပဓာနာယ၊ ဒုက္ကရော ဒုရဘိသမ္ဘဝေါ။
ဣမာဂါထာ ဘဏံ မာရော၊ အဋ္ဌာ ဗုဒ္ဓဿ သန္တိကေ။

၆။ တံတထာဝါဒိနံမာရံ၊ ဘဂဝါဧတဒဗြဝိ။
ပမတ္တဗန္ဓုပါပိမ၊ ယေနတ္ထေန ဣဓာဂတော။

၇။ အဏုမတ္တောပိပုညေန၊ အတ္ထောမယှံနဝိဇ္ဇတိ။
ယေသဉ္စ အတ္ထောပုညေန၊ တေမာရောဝတ္တုမရဟတိ။

၈။ အတ္ထိသဒ္ဓါ တတော ဝီရိယံ၊ ပညာစမမဝိဇ္ဇတိ။
ဧဝံမံပဟိတတ္တံပိ၊ ကိံဇီဝမနုပုစ္ဆသိ။

၉။ နဒီနမပိ သောတာနိ၊ အယံဝါတော ဝိသောသယေ။
ကိဉ္စ မေ ပဟိတတ္တဿ၊ လောဟိတံ နုပသုဿယေ။

၁၀။ လောဟိတေသုဿမာနမှိ၊ ပိတ္တံသေမှဉ္စ သုဿတိ။
မံသေသု ခီယမာနေသု၊ဘိယျောစိတ္တံပသီဒတိ။
ဘိယျော သတိစ ပညာစ၊ သမာဓိ မမတိဋ္ဌတိ။

၁၁။ တဿမေဝံဝိဟရတော၊ ပတ္တဿ ဥတ္တမ ဝေဒနံ။
ကာမေသု နာပေက္ခတေ စိတ္တံ၊ပဿ သတ္တဿ သုဒ္ဓတံ။

၁၂။ ကာမာတေပဌမာသေနာ၊ ဒုတိယာအရတိဝုစ္စတိ။
တတိယာခုပ္ပိပါသာတေ၊စတုတ္ထီတဏှာဝုစ္စတိ။

၁၃။ ပဉ္စမံထိနမိဒ္ဓံတေ၊ဆဋ္ဌာ ဘီရူ ပဝုစ္စတိ။
သတ္တမီဝိစိကိစ္ဆာတေ၊မက္ခောထမ္ဘောတေအဋ္ဌမော။

၁၄။ လာဘောသိလောကောသက္ကာရော၊ မိစ္ဆာလဒ္ဓေါစ
ယောယသော။
ယောစတ္တာနံ သမုက္ကံသေ၊ ပရေစ အဝဇာနာတိ။

၁၅။ ဧသာနမုစိတေသေနာ၊ ကဏှဿာဘိပ္ပဟာရိနီ။
နနံအသူရောဇိနာတိ၊ဇေတွာစ လဘတေ သုခံ။

၁၆။ ဧသ မုဉ္ဇံ ပရိဟရေ၊ ဓိရတ္ထု ဣဓ ဇီဝိတံ။
သင်္ဂါမေ မေမတံသေယျော၊ယဉ္စေ ဇီဝေ ပရာဇိတော။

၁၇။ ပဂါဠှေတ္ထ နဒိဿန္တိ၊ ဧကေ သမဏ ဗြာဟ္မဏာ။
တဉ္စမဂ္ဂံ နဇာနန္တိ၊ယေန ဂစ္ဆန္တိ သုဗ္ဗတာ။

၁၈။ သမန္တာ ဓဇိနိံ ဒိသွာ၊ ယုတ္တံ မာရံ သဝါဟနံ။
ယုဒ္ဓါယ ပစ္စုဂ္ဂစ္ဆာမိ၊မာမံဌာနာအစာဝယိ။

၁၉။ ယံတေတံနပ္ပသဟတေသေနံ၊ သဗ္ဗောလောကောသ
ဒေဝကော။ တံ တေ ပညာယ ဘဇ္ဇာမိ၊ အာမံပတ္တံဝ
အသ္မနာ။

၂၀။ ဝသီကရိတွာန သင်္ကပ္ပံ၊သတိဉ္စ သုပ္ပတိဋ္ဌိတံ။
ရဋ္ဌာရဋ္ဌံ ဝိစရိဿံ၊ သာဝကေဝိနယံပုထူ။

www.dhammaransi.com



၂၀။ တေအပ္ပမတ္တာပဟိတတ္တာ၊ မမသာသနကာရကာ။
အကာမာတေဂမိဿန္တိ၊ ယတ္ထဂန္တွာနသောစရေ။

၂၁။ သတ္တဝဿာနိဘဂဝန္တံ၊ အနုဗန္ဓိံပဒါပဒံ။
ဩတာရံနာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿသတိမတော။

၂၂။ မေဒဝဏ္ဏံဝပါသာဏံ၊ ဝါယသောအနုပရိယဂါ။
အပေတ္ထမုဒုံဝိန္ဒေမ၊ အပိအဿာဒနာသိယာ။

၂၄။ အလဒ္ဓါတတ္ထအဿာဒံ၊ ဝါယသေတ္တော အပက္ကမိ။
ကာကောဝ သေလမာသဇ္ဇ၊ နိဗ္ဗိဇ္ဇာပေမ ဂေါတမ။

၂၅။ တဿသောကပရေတဿ၊ ဝီဏာ ကစ္ဆာ အဘဿထ။
တတောသောဒုမ္မနောယက္ခော၊ တတ္ထေ ဝန္တရဓာယထ။

သုတ္တနိပါတ်ပါဠိတော် ပဓာနသုတ်ပါဠိပြီး၏။

---

www.dhammaransi.com

# ပဓာနသုတ်နိဿယ

နမောတဿဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဓာနံပူဇယိဿာမိ၊ ဝဏ္ဏယံအတ္တနိဿယံ။
ပဓာနာဘိရတာဟောန္တု၊ အာမိသေသုအကိဉ္စနာ။

အဟံ၊ မုံရွာမြို့ လယ်တီတောကျောင်းဆရာ ငါသည်။ အတ္တနိဿယံ၊ အနက်မြန်မာ၊ မှီရာအတ္တ၊ နိဿယကို။ ဝဏ္ဏယံ—ဝဏ္ဏယန္တော၊ ဘွင့်လှစ်ဘော်ပြလျက်။ ပဓာနံ၊ သုတ္တနိပါတ် ပါဠိတော်လာ ပဓာနသုတ်ပါဠိတော်မြတ်ကို။ ပူဇယိဿာမိ၊ ပူဇော်ပေအံ့။ ဘိက္ခူ၊ ယခုကာလ၌ရှိသမျှသော ရဟန်းတော်တို့သည်။ အာမိသေသု၊ကိလေသမာရ်,မစ္စုမာရ် ၂-ပါးတို့၏ စားဘတ်, ဝါးဘတ်၊ သုံးသပ်နှင်းနယ်ရာ ဖြစ်သော ပစ္စည်းပရိက္ခရာ ခန္ဓာအသက်တို့၌။ အကိဉ္စနာ၊မှုမှုရရ၊အားစိုက်ကြသော၊ကိဉ္စနအမှုပုပ်တို့ကို၊အယုတ်မခံ၊ ပယ်လှန်ဖြတ်တောက်ကြကုန်၍။ ပဓာနာဘိရတာ၊ ရဟန်းကိစ္စ၊ ပဓာန၌သာ၊ နေ့ညမခြား၊ အားကျပါးကျ၊မွေ့လျော်ကြကုန်သည်။ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

( ကျမ်းဦးဂါထာ အာသီသပါဌ်အနက်ပြီး၏။ )

၁။ တံမံပဓာနပဟိတတ္တံ၊နဒိံ နေရဉ္ဇရံပတိ။
ဝိပရက္ကမ္မဈာယန္တံ၊ယောဂက္ခေမဿပတ္တိယာ။

၂။ နမုစိကာရုဏံဝါစံ၊ဘာသမာနော ဥပါဂမိ။
ကိသောတွမသိဒုဗ္ဗဏ္ဏော၊ သန္တိကေမရဏံတဝ။

၁။ နေရဉ္ဇရံ၊နေရဉ္ဇရာအမည်ရှိသော။ နဒိံ၊မြစ်၏။ ပတိ၊ရှေ့ရှုနီးစပ်၊ကမ်းအရပ်၌။ ယောဂက္ခေမဿ၊ယှဉ်စပ်ဘက်တွဲ၊အတင်း

ဆွဲ၍၊ ငရဲရုပ်ရုပ်၊ စင်းစင်း မြင်အောင်၊ ဒုက္ခ ဘောင်သို့၊ ဆောင်ပို့သမား၊ လွန်ကျော်ငြားသည့်၊ လေးပါးဥပမိ၊ ဘေးမရှိရာ၊ နိဗ္ဗုတာသို့။ ပတ္တိယာ၊ ရောက်ပါရခြင်းအကျိုးငှါ။ ဝိပရက္ကမ္မ၊ အထူးအချွန်၊ အလွန်အားသစ်၍။ ဗျာယန္တံ၊ ထွက်ဝင်နှစ်ထွေ၊ အသက်လေကို၊ ချုပ်စေသမှု၊ အတင်းရှုလျက်။ ပဓာနပဟိတတ္တံ၊ လုံ့လအတွက်၊ ကိုယ်အသက်ဟု၊ ငဲ့ကွက်မညှာ၊ စွန့်စားကာ နေသော။ တံမံ၊ ထိုငါ့ကို။

၂။ နမုစိ၊ မာရ်နတ်သည်။ ကာရုဏ္ဏံဝါစံ၊ သနား ယောင်မှုသော စကားကို။ ဘာသမာနော၊ ပြောဆိုလျက်။ ဥပါဂမိ၊ ကပ်လာ၏။ မာရိသ၊ ငါ၏အချင်း အလောင်းမင်း။ တွံ၊ သင်အလောင်းမင်းသည်။ ကိသော၊ အသွေးအသား၊ ခေါင်းပါး လျော့တုန်၊ ကိုယ်လုံးကြုံသည်။ အသိ၊ ဖြစ်ခဲ့ပြီ။ ဒုဗ္ဗဏ္ဏော၊ အသွေးအရည်၊ မကြည်ညိုလျောင်း၊ ရှုမကောင်းသောအဆင်းရှိသည်။ အသိ၊ ဖြစ်ခဲ့ပြီ။ တဝ၊ သင်အလောင်းမင်း၏။ မရဏံ၊ သေအံ့သောအခွင့်သည်။ သန္တိကေ၊ နီးခဲ့ပြီ။

၃။ သဟဿဘာဂေါမရဏဿ၊ ဧကံသောတဝဇီဝိတံ။
ဇီဝဘောဇီဝိတံသေယျော၊ ဇီဝံ ပုညာနိ ကာဟိသိ။

၃။ မရဏဿ၊ သေခြင်းအမှု၏။ ပစ္စယော၊ အကြောင်းရသည်။ သဟဿဘာဂေါ၊ အထောင်မက၊ များပြားလှသော အဘို့ရှိ၏။ တေသု၊ ထိုအထောင် မက များပြားလှသောအဘို့တို့တွင်။ တဝ၊ သင်အလောင်းမင်း၏။ ဇီဝိတံ၊ ရေစာမလှမ်း၊ လွန်ညှိုး နွမ်းသော အသက်သည်။ ဧကံသော၊ တဘို့တပါး အဝင် ဖြစ်ချေ၏။ ဘော၊ ငါ၏အချင်း အလောင်းမင်း။ ဇီဝ၊ အသက်ရာကျော်၊ ရှည်တော်မူမှု၊ သတိပြုပါလော့။ ဇီဝိတံ၊ အသက်ရာကျော်၊ ရှည်တော်မူကာ၊ နေရပါခြင်းသည်။ သေယျော၊ အမြတ်ဆုံးသာတည်း။ ဇီဝံ ဇီဝန္တော၊ အသက်ရာကျော်၊ ရှည်တော်မူကာ၊ နေရပါမှသာလျှင်။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့ကို။ ကာဟိသိ၊ ပြုတော်မူရလတ္တံ့။

www.dhammaransi.com



၄။ စရတော ဗြဟ္မစရိယံ၊ အဂ္ဂိဟုတဉ္စ ဇုဟတော။
ပဟုတံ ဝတ တေ ပုညံ၊ ကိံ ပဓာနေန ကာဟိသိ။

၄။ ဗြဟ္မစရိယံ၊ ဥပုသ်သီတင်း၊ စောင့်သုံးခြင်းဟူသော မြတ်သောအကျင့်ကို။ စရတော—စရန္တဿ၊ ကျင့်ရသည်ရှိသော်၎င်း။ အဂ္ဂိဟုတဉ္စ၊ မီးပူဇော်မှုကိုလည်း။ ဇုဟတော-ဇုဟန္တဿ၊ ပူဇော်ရသည်ရှိသော်၎င်း။ တေ၊ သင်အလောင်းမင်းအား။ ပုညံ၊ ကောင်းမှုတရား၊ ပွါးများရန်အခွင့်တွေ့သည်။ ပဟုတံဝတ၊ များပြားလှပါ၏တကား။ ပဓာနေန၊ တော၌နေကာ၊ သေရှင်မသိ၊ ဆင်းရဲဘိ၍၊ ချည့်ချည့်နွမ်းနွမ်း၊ လွန်ကြိုးပမ်းသော အဖြစ်ဖြင့်။ ကိံ ကာဟိသိ၊ ဘာဇာပြုရအံ့နည်း။

၅၊ ဒုဂ္ဂေါမဂ္ဂေါပဓာနာယ၊ ဒုက္ကရောဒုရဘိသမ္ဘဝေါ။
ဣမာဂါထာဘဏံမာရော၊ အဋ္ဌာ ဗုဒ္ဓဿ သန္တိကေ။

၅။ မာရိသ၊ ငါ၏အချင်း အလောင်းမင်း။ ပဓာနာယ၊ အသက်ခန္ဓာ၊ မညှာစတမ်း၊ ကြိုးပမ်း အားသစ်ခြင်းငှါ။ မဂ္ဂေါ၊ အစီအစဉ်၊ ကျင့်အင်လမ်းဟောင်း၊ ခရီးကြောင်းသည်၊ ဒုဂ္ဂေါ၊ အသွားအသက်၊ အလွန်ခက်လှ၏။ ဒုက္ကရော၊ အတည်အထွင်၊ ပြုပြင်ဆင်းရဲ၊ ပြုနိုင်ခဲလှ၏။ ဒုရဘိသမ္ဘဝေါ၊ သက်ဝင်ချင်းနင်း၊ လိုက်စားခြင်းငှါ၊ ခဲယဉ်းလှပါ၏။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ ဘဏံ ဘဏန္တော၊ ပြောဆိုဖြောင်းဖြ၊ နားပါးချလျက်။ မာရော၊ မာရ်နတ်သည်။ ဗုဒ္ဓဿ၊ ဘုရားအလျာ၊ အလောင်းငါ၏။ သန္တိကေ၊ အထံ၌။ အဋ္ဌာ၊ ရပ်လာ၏။

တောထွက်တော်မူ၍ ရှေးဦးစွာအာဠာရ ဥဒကရသေ့တို့နှင့်တွေ့တော်မူ၏၊ သမာပတ်ရှစ်ပါးတို့ကို ရပြီးနောက် ထိုသမာပတ်ရှစ်ပါးတို့ကိုစွန့်လွှတ်ပြန်၍ ဥရုဝေဠတော၌ ခြောက်နှစ်ပတ်လုံး ပါသဏ္ဍာအကျင့်တို့ကို စုံစမ်းတော်မူစဉ်အခါ အစာ အာဟာရကိုဖြတ်ခြင်း, ထွက်သက် ဝင်သက်ကို ချုပ်စေခြင်းတည်းဟူသော ပါသဏ္ဍာအကျင့်တို့ကိုစုံစမ်းတော်မူ၏၊ ထိုအခါ မာရ်နတ်လာ၍ဤဂါထာစုကိုဆိုသတည်း။

www.dhammaransi.com



၆။ တံတထာဝါဒိနံမာရံ၊ ဘဂဝါဧတဒဗြဝိ။
ပမတ္တဗန္ဓုပါပိမ၊ ယေနတ္ထေနဣဓာဂတော။

၆။ တထာဝါဒိနံ-ထိုသနားဖွယ်ဟန်၊ အကောက်ဉာဏ်နှင့်၊ ဘန်ဘန်ခါခါ၊ပြောဆိုလာသော။တံမာရံ၊ ထိုမာရ်နတ်ကို။ဘဂဝါ၊ မြတ်စွာဘုရားသည်။ဧတံ၊ ဤသို့သောစကားကို။ အဗြဝိ၊ မိန့်ဆိုတော်မူ၏။ပမတ္တဗန္ဓု၊မေ့လျော့နေသူ၊ နတ်လူပြဟ္မာ၊သတ္တဝါကို၊ သံသရာဝဋ်၊ မကျွတ်ရအောင်၊ တုတ်နှောင် ဘွဲ့ချည်၍ ထားတတ်သော။ ပါပိမ၊ဟယ်မာရ်ယုတ်။အဟံ၊ငါသည်။ယေနတ္ထေန၊ အကြင်အကျိုးဖြင့်။ဣဓ၊ ဤလူ့ရှင်မန္ဓာ၊ ဆိတ်ငြိမ်သော တောအရပ်သို့။ အာဂတော၊ထွက်လာခဲ့၏။တဒတ္ထံ၊ထိုအကျိုးကို။ သာဓယိဿာမိ၊ ပြီးစီးစေအံ့သတည်း။

၇။ အဏုမတ္တောပိပုညေန၊ အတ္ထောမယှံနဝိဇ္ဇတိ။
ယေသဉ္စအတ္ထောပုညေန၊ တေမာရောဝတ္တုမရဟတိ။

မယှံ၊ငါ့အား။ပုညေန၊ ကုသိုလ်ကောင်းမှုဖြင့်။ အဏုမတ္တောပိ၊ အဏုမြူမျှလည်း။အတ္ထော၊အလိုဆန္ဒသည်။နဝိဇ္ဇတိ၊ မရှိ။ယေသဉ္စ၊ အကြင်ပညာသေးငယ်၊လူမမယ်တို့အားကား။ ပုညေန၊ ကုသိုလ်ကောင်းမှုဖြင့်။အတ္ထော၊အလိုဆန္ဒသည်။အတ္ထိ၊ရှိ၏။တေ၊ ထိုပညာနု၍၊ကောင်းမှုကုသိုလ်၊အလိုဆန္ဒ၊ရှိရှာကြကုန်သောဗာလပုထုဇ္ဇန်၊ လူသာမန်တို့ကိုသာ။ မာရော၊ မာရ်နတ်သည်။ ဝတ္တုံ၊ ကောင်းမှု မကောင်းမှုဟူသော စကားကိုပြောဆိုခြင်းငှာ။ အရဟတိ၊ ထိုက် တန်လေသတည်း။

**မာရ်နတ်သည်ကား**……ဘုရား အလောင်း တော်ကြီးသည် ကောင်းမှုကုသိုလ်ကိုအလိုရှိ၍ မဟာ ပဓာနအကျင့်ကိုကျင့်တော်မူသည်ဟုမှတ်ထင်၍ ရှေ့ဂါထာ၌"စရံ ပုညာနိ ကာဟိသိ"ဟူသော စကားကိုဆို၏၊ထို့ကြောင့် ဤဂါ ထာဖြင့်ကုသိုလ်ကောင်းမှုကို အဏုမြူမျှအလိုဆန္ဒ မရှိကြောင်းကို မာရ်နတ်အားဟောကြားတော်မူပေသည်။ ။ကုသိုလ် ကောင်း

www.dhammaransi.com



မှုကို အလိုဆန္ဒမရှိခဲ့သော်အဘယ့်ကြောင့် တောထွက်တော်မူသနည်း၊ရဟန်းပြုတော်မူသနည်း၊ ဆင်းရဲ ငြိုငြင်သော အကျင့်ကို ကျင့်တော်မူသနည်းဟူမူ ဆေး ဥပမာ, မီးဥပမာဖြင့် ဖြေဆိုရမည်။ ။ဆေးဥပမာ၌ အနာဆိုး, ရောဂါဆိုးကြီးစွဲကပ်၍ ရပ်တည်မရ ရှိနေသူတယောက်။ ။ထိုအနာကို ပျောက်ငြိမ်းစေနိုင်သော အလွန်ခါးလှသော ဆေးကြီး တပါး။ ။ထိုဆေးဖြင့် အနာကို ကုစဉ်အခါ ဝေးစွာ ရှောင်ရသော အသွေ့ာ် အသင်း အစား အသောက်မှု။ ။ကိလေသာသည် အနာဆိုး, ရောဂါဆိုးကြီးနှင့် တူသည်၊ကိလေသာရှိသောသူသည် အနာဆိုး, ရောဂါဆိုး စွဲကပ်၍ ရပ်တည်မရ ပင်ပန်း၍ နေသော သူနာနှင့်တူသည်၊ တောဘူမကကုသိုလ်တရားစုသည် ဆေးခါးကြီး မျိုးနှင့် တူသည်။ ။တောဘူမက လောကီချမ်းသာစုသည် အသွေ့ာ်ဆိုး အစာအာဟာရ ဆိုး တွေနှင့်တူသည်။

**အဘယ့်ကြောင့်**… ကာမကုသိုလ်,ရူပကုသိုလ်,အရူပကုသိုလ် တို့ကိုဆေးခါးကြီးမျိုးနှင့် တူသည်ဟု ဆိုပါသနည်းဟူမူ။ ။ထိုကုသိုလ်စုမှာ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, သံသါရဒုက္ခ, ဝိပရိဏာမဒုက္ခဟူသော အလွန်ခါးလှစွာသော ဒုက္ခရသသည်ရှိ၏၊ ထို့ကြောင့် ထိုကုသိုလ်စုကို ဆေးခါးကြီးနှင့်တူသည်ဟုဆိုသည်။ ။ဇာတိဒုက္ခဆိုသည်ကား ထိုကာမကုသိုလ်,ရူပကုသိုလ်, အရူပကုသိုလ်တရားစု ဖြစ်ပေါ်၍လာလျှင်ပင် ထိုတရားစုကို ထိန်းသိမ်းမှု, စောင့်ရှောက်မှု, ကြောင့်ကြစိုက်မှု,ကျဉ်းကျပ်မှု, ကျပ်တည်းမှု တို့သည် အသင်္ချေမိုင်း၍လာကုန်၏။ ။မိန်းမတို့၌ မိမိသန္တာန်မှာသားငယ် ပဋိသန္ဓေ ဇာတိရှိ၍လာလျှင် ထိုပဋိသန္ဓေ ဇာတိအတွက် ကျဉ်းကျပ်မှု, ကျပ်တည်းမှု အသင်္ချေမိုင်း၍ လာကုန်သကဲ့သို့တည်း။

ပုညကြိယာဆယ်ပါးတို့တွင် ဒါနကုသိုလ်ကိုဖျက်ဆီးနိုင်သော အန္တရာယ်တို့သည် အဇ္ဈတ္တသန္တာန်မှာပင် တထောင့်ငါးရာကိလေ

www.dhammaransi.com



သာစု,၉၆-ပါးသော အနာ ရောဂါစုစသည်ဖြင့် အလွန်များပြားလှ၏၊ ဗဟိဒ္ဓသန္တာန်ကမူကား အသချေ် အနန္တ များပြားလှ၏၊ ထို့ကြောင့် မိမိသန္တာန်မှာ ဒါနကုသိုလ်ဖြစ်မှုဟူသော ဇာတိ တခုကို ဖြစ်ပေါ်စေလိုသော သူသည် ရှေးအတ္တိုဠ်၌ ပစ္စည်း ဘဏ္ဍာတို့ကို ရှာမှီးစုဆောင်း, ထိန်းကျောင်း စောင့်ရှောက် ကြောင့်ကြစိုက်ရသည့်အတွက် ကျဉ်းကျပ်မှု,ကျပ်တည်းမှု, ဒုက္ခတို့ကို ခံရ၏၊ ရှေးအတ္တိုဠ်၌ မဆွေ့ရမလ စသော အဏ္ဏတ္တဘေားရန်စုကို ထိန်းကျောင်းစောင့်ရှောက်မှုအတွက် ကျဉ်းကျပ်မှု, ကျပ်တည်းမှု,ဒုက္ခ တို့ကို ခံရ၏။ ။ပေးလှူသောခဏ မုဉ္စစေတနာအခိုက်မှာလည်း ထိုအခိုက် အားလျော်စွာ များစွာသော ဆောင်ရွက်မှု, စောင့်ရှောက်ထိန်းကျောင်းမှုဒုက္ခတို့ကိုခံရ၏။ ။ပေးလှူ၍ ထို ဒါနဇာတိဖြစ်ပေါ်ရရှိပြီးနောက်၌လည်း တစုံတခုသော အဏ္ဏတ္တအတွက်, ဗဟိဒ္ဓအတွက် ပရစေတနာပျက်ပြန်လျှင် ထိုဖြစ်ပေါ်ရရှိပြီးသော ဒါနဇာတိသည် မျက်တောင်တခတ် အတွင်းမှာပင် ပြယ်ပျောက်ကွယ်ဆုံးမှု ရှိပြန်သည့် အတွက်ကြောင့် ပရစေတနာ မပျက်ရအောင် အသက်ထက်ဆုံး စောင့်ရှောက် ကျဉ်းကျပ်မှု ဟူသော ဒုက္ခကို ခံရ၏။ ။ဤသို့လျှင် ဒါနကုသိုလ်ဖြစ်မှု ဟူသော ဇာတိ တခုသည် ထိုဇာတိကိုအသိုရှိသောသူကို ရှေးအတ္တိ,နောက်အတ္တိ, အလယ်အတ္တိ ကာလသုံးပါး၌ များစွာသောဒုက္ခမှုတို့ဖြင့် နှိပ်စက်၏။ ။သီလ ဘာဝနာတို့၌ကား ဘယ်သိက္ခာပုဒ်ကို အသက်ထက်ဆုံး ထိန်းပါမည်၊ ဘယ်ဘာဝနာမှုကို အမြဲအစွဲ ပွါးများပါမည်ဟု ဝန်ခံရမည်ကို အလွန်ကြောက်ကြ၏။

**အဘယ့်ကြောင့်**·····အလွန် ကြောက်ကြသနည်းဟူမူ ဝန်ခံ၍သော်ရင်း, သစ္စာအဓိဋ္ဌာန်ပြု၍သော်ရင်း, ထိုသိက္ခာပုဒ်ကို ဆောက်တည်သောအခါ သီလ ကုသိုလ်ဇာတိ ဖြစ်ပေါ်လာ၏၊ ထိုဇာတိဖြစ်ပေါ်သည်နှင့် တပြိုင်နက် များစွာသော ကျဉ်းကျပ်မှု,ကျပ်တည်းမှု ဒုက္ခတို့သည် ဝိုင်းကုန်၏၊ ထိုဇာတိကို မလွတ်သမျှကာလပတ်လုံး ထိုဒုက္ခမှုတို့ကိုခံရ၏၊ မခံနိုင်

www.dhammaransi.com



ပြန်လျှင် မျက်တောင်တခတ် အတွင်းမှာပင် ထိုဓာတ် ပျက်ဆုံး ပြန်၏။ ။ဘာဝနာကုသိုလ်၏ ဓာတ်တို့၌ကား သီလကုသိုလ်၏ ဓာတ်ထက်ပင် ကျဉ်းကျပ်၏, ကျပ်တည်း၏၊ အဘယ့်ကြောင့် ကျဉ်းကျပ်သနည်း၊ ကျပ်တည်းသနည်း။ ။ဖျက်ဆီး နိုင်သော အဇ္ဈတ္တဘေးအန္တရာယ်, ဗဟိဒ္ဓဘေးအန္တရာယ် အလွန်များလှသောကြောင့်တည်း။

**လောကုတ္တရာဓာတ်** .... လောကုတ္တရာကုသိုလ်တို့၏ ဓာတ်မှာမူကား ထိုဓာတ်ကို အလို ရှိသော သူသည် ပါရမီကို ဖြည့်ဆည်းပူးခြင်း စသည်ဖြင့် ရှေးဘဝတို့၌ သာ ဒုက္ခခံရသည်။ ။ထိုဓာတ် ဖြစ်ပေါ်ပြီးသော အခါ၌ကား ထိုဓာတ်အတွက်နှင့် ကျဉ်းကျပ်မှု, ကျပ်တည်းမှုဟူ၍ အလျှမြူမျှ မရှိပေ။ ။မရှိရုံမျှမက နောက်နောက်၌ ကျဉ်းကျပ်ရန် အန္တ– ကျပ်တည်းရန် အန္တတွေကိုပါ အကုန်ကင်းငြိမ်းအောင်ပြု၍ ဖြစ် ပေါ်ပေသည်။ ။ပါရမီကိုဖြည့်ဆည်းပူးမှု-ဟူသော ရှေးအတို့၌ ကျဉ်းကျပ်မှု, ကျပ်တည်းမှု အနည်းငယ်ရှိသည့်အတွက်မျှနှင့် ထို လောကုတ္တရာ ဓာတ်ကို ပိဋ္ဌနဿ ဒုက္ခလက္ခဏာရှိသည် မဆိုသာ ပေ။

**လောကီဓာတ်**.....လောကီ ကုသိုလ်တို့၏ ဓာတ်မှာမူကား အသက်ထက်ဆုံး တနေ့တနေ့လျှင်အကြိမ် တရာ တွန့်တွန့်လူး, ဖြတ်ဖြတ်လူး, ဝက်ရူးနာ, ကြက်ရူးနာ, နူနာ, ပန်းနာ, အပြီးပါ၍လာသောသားကို ပဋိသန္ဓေ ကိုယ်ဝန်ဆောင်မိ သော ကုလမိန်းမ ဒုက္ခိတကဲ့သို့ ထိုဓာတ်တို့ကို တွယ်တာသော သူတို့မှာ ထိုဓာတ်တို့ ဖြစ်ပေါ်သည်နှင့်တပြိုင်နက် ကျဉ်းကျပ်မှု အန္တ–ကျပ်တည်းမှု အန္တတို့သည် တကွထက်ကြပ် ပါရှိ၍ နေကုန်၏။ ။ထို့ကြောင့် "ဓာတ်ပိဒုက္ခာ"ဟူ၍ မြတ်စွာဘုရား ဟောတော် မူပေသည်။ ။ထင်နိုင် မြင်နိုင်ခဲစွ။ ။တော၌မက ကုသိုလ်တရားတို့၌ ဓာတ်ဟူသော ခါးစပ်မှုကြီး အပြီးပါရှိသည်ကို

www.dhammaransi.com



ပြဆိုချက်ပြီး၏။ ။ထိုတောဘုမကကုသိုလ်တရားတို့၌ ဇရာဒုက္ခ, မရဏဒုက္ခ, သန္တိရဒုက္ခ, ဝိပရိဏာမ ဒုက္ခဟူသော ခါးစပ်မှုကြီး တို့ အပြီးပါရှိ၍နေပုံကို ထင်ပြင်အောင် ကြီလေ။ ။ဤသို့သော အကြောင်းတို့ကြောင့် အထက်ဥပမာ၌ တောဘုမက ကုသိုလ်တို့ ကို အလွန်ခါးသော ဆေးခါးကြီး ဥပမာနှင့် ဆိုပေသည်။

ထိုဆေးခါးကြီးသည် အနာမရှိသောသူ ဖြစ်ခဲ့လျှင် မျိုနိုင်မည် ဝေးစွ၊ ကြည့်မိရုံမျှနှင့်ပင် ပွက်ပွက်ဆူ ပျို့ဘွယ်, အန်ဘွယ်သော ဖြစ်၏။ ။ထိုအနာကြီး ရောဂါကြီး မှာလည်း ထိုဆေးမှ တပါး ပျောက်ငြိမ်း ရာသော ဆေးမရှိ။ ။ထိုဆေးခါး သည်ကား ပျောက်ငြိမ်း လောက်အောင် မှီဝဲပါလျှင် ထိုရောဂါကို ဧကန် ပျောက်ငြိမ်းစေတတ်၏။ ။ရောဂါသည်ကြီးသည်ကား ထိုဆေး ကို သတင်းကြားနှင့် ဝမ်းမြောက်ခြင်းဖြစ်၏၊ ဆေးနည်း အရယူ၍ ဆေးဘက်တို့ကို အရရှာ၍ သုံးဆောင် ရလေ၏။ ။ခါးမှုဒုက္ခ, နံမှုဒုက္ခ,အန်မှုဒုက္ခ,ပျို့မှုဒုက္ခတို့ကိုခံရလေ၏။

တွင်တွင် စားနိုင်မှ အနာမြန်မြန် ပျောက်ငြိမ်းမည်, အနာ ပျောက်ငြိမ်းမှ ဤဆေးကို စွန့်ပစ်သာမည်ဟု ဆင်ခြင်၍ ထိုဆေး၏ ခါးမှု,နံမှုတို့ကို စက်ဆုပ်လေလေ, ထိုဆေးကို တွင်တွင်များများ စားလေလေ စားရလေ၏။ ။ဆေးကို ခါးသည်,နံသည်ဟု မစား ဘဲနေလျှင် ထိုရောဂါဒုက္ခကို အသက်ထက်ဆုံး ခံရလတ္တံ့။ ။ ဆေးကို ခါးသည်,နံသည်ဟု ရဲရဲလွှတ်၍ မစားဘဲ အနည်းငယ်မျှ စားပြန်လျှင် ရောဂါမပျောက်သည်နှင့် ထိုဆေးကိုလည်း မလွှတ် ရ မူ၍ ရောဂါဒုက္ခ, ထိုဆေးဒုက္ခ,ဤဒုက္ခနှစ်ပါးတို့ကို ထိုသူသည် တသက်လုံးခံရလတ္တံ့။

ဤဥပမာ၌ ထိုဆေးကို တွင်တွင်စားသောသူသည် ထိုဆေးကို အလိုရှိ၍ စားရင်းမဟုတ်၊ ရောဂါကိုလည်း စက်ဆုပ်, ထိုဆေးကို လည်း စက်ဆုပ်လှသည့် အတွက်ကြောင့် တွင်တွင် စားခြင်းသာ ဖြစ်သတည်း။ ။ကိလေသာရှိနေသော အလောင်းတော်ကြီးသည် ရောဂါသည်ကြီးနှင့်တူ၏။

www.dhammaransi.com



ထိုးနှန်း စည်းစိမ်သည် အနာကို ထစေနိုင်သော ဗြောဲဆိုး, အစာအာဟာရဆိုးနှင့်တူ၏။ ။တောထွက်သည့်မှစ၍ ကိုယ်တော် သန္တာန်၌ဖြစ်သော ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ် ရသည် ဆေးခါးကြီးရနှင့်တူ၏။ ။ထိုကုသိုလ်ရသည် အနမတဂ္ဂ သံသရာ၌လည်း အလောင်းတော်ကို ကျင့်မှု, စောင့်ရှောက်မှုနှင့် နှိပ်စက် ညှဉ်းပန်းလှလေပြီ၊ ယခုလည်း မဟာပဓာန ကိစ္စနှင့် ချုံးချုံးကျအောင် နှိပ်စက်လေ၏။ ။ထို့ကြောင့် ကိလေသာနှင့် တကွ ထိုကုသိုလ်တို့ကို စက်ဆုပ်လှ၍ မြိန်မြိန်စွန့်တည့်ရအောင် ထွင်ထွင် ကျင့်တော်မူမှုသာ ဖြစ်သတည်း။ ။ထိုကုသိုလ်တို့ကို အလိုရှိ၍ ကျင့်ရင်းမဟုတ်။ ။ထို့ကြောင့်……

အဏုမတ္တောပိပုညေန၊ အတ္ထောမယှံနဝိဇ္ဇတိ၊
ဟု မာရ်နတ်ကိုဆိုတော်မူသည်။

**ဥပမာ**……အလွန်ပူပြင်းလှသော နွေလအခါ၌ ကျောင်း၏အနီး, အိမ်၏အနီးတွင် အဆိပ်ထန်သော မြွေကင်းသန်းတို့ ဖြင့်ပြည့်သော ခြောက်သွေ့ခြောက်သွေ့သော ကြီးစွာသော ဆူးမှိုက်ပုံကြီးသည်ရှိ၏။ ။ထိုဆူးမှိုက်ပုံကြီး၌ မြွေမှု, ကင်းမှု, မီးရေး, ထင်းရေး အလွန်ကြောက်ကြရ၏။ ။မီးမှသာလျှင် ထိုအမှိုက်ပုံကို အကုန်ကွယ်ပျောက်အောင် တတ်နိုင်၏။ ။ပူလှတုန်းအခါ ဖြစ်၍ မီးကိုအလိုမရှိသောအခါလည်းဖြစ်ခဲ့၏။ ။ထိုသို့ဖြစ်လျှက် မီးကို ပင် အရှာ၍ ထိုအမှိုက်ပုံကိုတိုက်ရ၏၊ အမှိုက်ပုံလည်းကုန်လေ ၏၊ထိုမီးသည်ငြိမ်းလေ၏၊နောင်လည်း မီးရေး,ထင်းရေး,မြွေရေး, ကင်းရေး အကုန် ငြိမ်းလေ၏။ ။ဤဥပမာကား လောကုတ္တရာ ကုသိုလ်နှင့်လည်း သင့်လျော်ပါ၏။ ။ဤဥပမာ၌ မီးကိုအလိုမရှိ, မီးကို စက်ဆုပ်ပါလျှက် မီးကိုပင် အရှာရသည်။ ။ကြီးစွာ တောက်၍ ထအောင်မွေးမြူ ချီးပင့်ရသည်။ ။**သိသာပြီ**။

သာဝကတို့၌လည်း ကုသိုလ်ကိုအလိုရှိ၍ ကုသိုလ်ရအောင် ကုသိုလ်ဖြစ်အောင်ဟု နှလုံးပြု၍ ဒါနမှု,သီလမှု,ပရိယတ်မှု,ပဋိပတ်

www.dhammaransi.com



မှုတို့ကိုပြုသော ရဟန်းတို့သည်၎င်း,ဝါသနာဖြစ်တို့,ပါရမီဖြစ်တို့ ဟု နှလုံးပြု၍ ပရိယတ်မှု, ပဋိပတ်မှု, ဘာဝနာမှုတို့ကိုပြုရသော ရဟန်းသည်၎င်း,ယခုဘဝတွင်မိမိပြုသောကုသိုလ်အတွက်နောက် နောင်တို့ ဆုတောင်းအမျိုးမျိုး ပတ္ထနာအမျိုးမျိုးကို ပြုကြသော ရဟန်းစုသည်၎င်း, ကုသိုလ်ကို အလိုရှိ၍ ပြုကြသူတို့ပေတည်း၊ အလိုရှိ၍ ပြုသောကုသိုလ်ဟူသမျှသည် တဏှာမာန သက္ကာယဒိဋ္ဌိ တို့နှင့်ယှဉ်သည်ဖြစ်၍ ယခုဘဝ မဂ်ဖိုလ်မှ ဘီလာကွဲသို့ဖြစ်၏။

**ကုသိုလ်မှုမည်သည်**......မိမိသန္တာန်မှာရှိနေသော ကိလေသာ ကို သတ်မှုပေတည်း၊ ထို့ကြောင့် ထိုထိုကုသိုလ်မှုကို အားထုတ်ကြရာ မိမိသန္တာန်မှာ လောဘ, ဒေါသ, မောဟဟူသော မီးကြီးသုံးပါး, ကုန်,မကုန်, ချုပ်,မချုပ်, ငြိမ်း, မငြိမ်းကိုသာကြည့်ရာ၏၊ ကုသိုလ်ဖြစ်မှု ကုသိုလ်ရမှုကို အရေအတွက်ပြု၍မနေရာ။ ။နေရာအိမ်ကိုမီးလောင်၍ ရေတွင်း ရေကန်မှ ရေကို ဆောင်ယူ၍ မီးသတ်သောယောက်ျားသည် မီးငြိမ်း,မငြိမ်းကိုသာ ကြည့်ရာ၏၊ အမှုစိုက်ရာ၏၊ ငါ့အိမ်တွင်းသို့ ရေအိုးလုံးရေ မည်မျှရောက်သည်ဟု အမှုမစိုက်ရာ။

**ဥပမာ**......ဦးခေါင်းကို မီးလောင်၍ ရေဖြင့်လောင်း၍ မီးကို သတ်ရာ၌ မီးငြိမ်းမငြိမ်းကိုသာ အမှုစိုက်ရာ၏၊ ဦးခေါင်းမှာ ရေအချင့်ပေါင်း, အချိန်ပေါင်း မည်မျှရောက်သည် ဟူ၍၎င်း၊ ချိုသည်ငန်သည် ဟူ၍၎င်း, ကြည်သည် နောက်သည် ဟူ၍၎င်း၊ ရေကို အမှုမစိုက်ရာ၊ ထို့အတူ အဆိပ်ထန်သောမြွေ ကိုက်၍ ဆေးကုရာ၌ မြွေဆိပ် ငြိမ်းမငြိမ်းကိုသာ အမှုစိုက်ရာ၏၊ ဆေးအချင့် ဆေးအချိန်ကို၎င်း, မြေပေါက်ဆေး-ရေပေါက် ဆေးစသည်ကို၎င်း အမှု မစိုက်ရာ။ ။ဤအတူ သာသနာထမ်း ရဟန်းတို့မှာလည်း ဘယ်လို ကျင့်လျှင် မီးသုံးပါး ငြိမ်းသည်ဟု ဟောတော်မူသည်ကို နေရာကျသိသည်ရှိသော် အလျင် အမြန် မီးသုံးပါး ငြိမ်းမှုကိုသာ အမှုကြီးပြု၍ ထိုထိုအကျင့်တို့ကိုကျင့်ရ

www.dhammaransi.com



မည်၊ ရေတော်လှ၍ ရေတွင်းကိုတူးသောသူသည် တူးမှုမှ ထွက်၍ လာသောမြေစာတို့ကို အမှုတခု မဟိုက်သကဲ့သို့ ထိုကျင့်မှု အား ထုတ် မှုတို့မှ ဖြစ်၍ လာသော သီလ ကုသိုလ်,သမာဓိ ကုသိုလ်, ပညာကုသိုလ်တို့ကို တဏှာဖြင့် သာယာ၍ ကုသိုလ် ရပေသည်, ကုသိုလ်ဖြစ်ပေသည့်, ကောင်းလေစွ ကောင်းလေစွဟု အမှုတခု မစိုက်ရာ၊ မိမိကိုယ်တွင်း၌လည်း အားရ ဝမ်းသာခြင်း, တက်ကြွ ခြင်းမဖြစ်ရာ၊ သူတပါးသိစေလိုသောစိတ်လည်း ဘိတ်မရှိရာ ဟူ လိုသည်။ ။

ဤကား "အထာမတ္တောပိပုညေန၊အတ္ထောမယှံနဝိဇ္ဇတိ" ဟူ သော ပါဌ်၏ အဓိပ္ပါယ်ပြီး၏။

ဂ။ အတ္ထိသဒ္ဓါတပေါ ဝီရိယံ၊ ပညာစ မမ ဝိဇ္ဇတိ။
ဧဝံမံပဟိတတ္တမ္ပိ၊ ကိံ ဇီဝံအနုပုစ္ဆသိ။

ဂ။ ပါဠိမ၊ ပာယ်မာရ်ယုတ်။ မမ၊ ငါအား။ သဒ္ဓါစ၊ အကယ်၍ ငါ၊ အားထုတ်ပါမူ၊ ခန္ဓာကင်းပျောက်၊ နိဗ္ဗာန်မှောက်သို့၊ ရောက်၏ မချွတ်၊ ဤဘဝဟု၊ နှစ်ခွမသုန်၊ အပြီးယုံသော သဒ္ဓါ တရားသည် လည်း။ အတ္ထိ၊ ရှိ၏။ တပေါဝီရိယံစ၊ ကိလေသာသိုက်၊ မြက်အမှိုက် ကို၊ ဘုတ်မြိုက် လောင်ခြစ်၊ ပြာမှုန့်ဖြစ်အောင်၊ ပြီးဖြစ်နိုင်လောက်၊ ရဲရဲတောက်သော ဝီရိယသည်လည်း။ အတ္ထိ၊ ရှိ၏။ ပညာစ၊ အဝိဇ္ဇာ မှောင်၊ မြေမှုန့်တောင်ကို၊ အခေါင်ဖြိုခွဲ၊ တပြန့်ကြဲအောင်၊ ရဲရဲ ချွန် ချွန်။ အဝှန်ချွေမှုန်း၊ သိကြား ဘုန်းနှင့် တူသော ပညာ သည်လည်း။ အတ္ထိ၊ ရှိ၏။ ဧဝံ၊ ဤသို့မချို့အင်္ဂါ၊ စုံလင်စွာဖြင့်။ ပဟိတတ္တံ၊ ခန္ဓာ အ သက်၊ မငဲ့ကွက်ဘဲ၊ ရက်ရက် စွန့်စားကာနေသော။ မံပိ၊ ငါ့များ ကိုပင်။ ကိံ၊ အဘယ့်ကြောင့်။ ဇီဝံ၊ အသက်ရှည်ရေး၊ နည်းပေး လမ်းပြ၊ ဆုံးမလေဟန်၊ အသံစကားနှင့်။ အနုပုစ္ဆသိ၊ စပ်ခွယ်မေး မြန်း၊ စုံစမ်းပြောဆိုဘိသနည်း။

**ယခုကာလ**..... ရဟန်းတို့ကား ထိုကဲ့သို့သောသဒ္ဓါမရှိ၍ မိမိ ကိုယ်ကို တိဟိတ်သား ဟုတ်မည် မဟုတ်မည်,

www.dhammaransi.com



ပါရမီ ဖြည့်ပြီးဟုတ်မည် မဟုတ်မည်, မင်္ဂဖိုလ် ရထိုက်သော ခေတ်ရှိသေးမည် မရှိမည်ဟု စိတ်နှလုံး နောက်ကျူလျက် မိမိတို့ ကိုယ်ကို မိမိတို့ ဖျက်ကြ၏။ ။ထိုကဲ့သို့သော သဒ္ဓါရှိသော သူမှာမူကား ဘုရားတရားတော်ကို ကောင်းကောင်း ကြားနာ ရသော အခါမှစ၍ ယခုဘဝ ထမြောက်အောင် အားထုတ်မည် ဟူသော စိတ်တခုသာရှိ၏၊ တိဟိတ်သားဟုတ်မည် မဟုတ်မည်, ပါရမီဖြည့်ပြီးဟုတ်မည် မဟုတ်မည်,ခေတ်သမယဟုတ်မည် မဟုတ်မည်ဟူသော နှလုံးနောက်ကျူမှုမရှိပေ။ ။ကုသိုလ်ကိုလိုချင်မှု,ဤကဲ့သို့ နှလုံးနောက်မှုသည် မင်္ဂဖိုလ်၏ ဘိလာသာတည်း။

၉။ နဒီနမပိသောတာနိ၊အယံဝါတော ဝိသောသယေ။
ကိဉ္စမေ ပဟိတတ္တဿ၊လောဟိတံ နုပသုဿယေ။

၁၀။ လောဟိတေ သုဿမာနမှိ၊ ပိတ္တံသေမှဉ္စသုဿတိ။
မံသေသု ခီယမာနေသု၊ဘိယျောစိတ္တံ ပသီဒတိ။
ဘိယျောသတိစ ပညာစ၊သမာဓိမမ တိဋ္ဌတိ။

၉။ အယံဝါတော၊ ဤလေမည်သည်။ နဒီနံ၊ မြစ်တို့၏။ သောတာနိအပိ၊ ရေအယဉ်တို့ကိုပင် သော်လည်း။ ဝိသောသယေ၊ ခြောက်သွေ့စေခြင်းငှါ စွမ်းနိုင်ရာသေး၏။ ပဟိတတ္တဿ၊ စွန့်လွှတ်အပ်သောအတ္တဘောရှိသော။မေ၊ငါ၏။လောဟိတံ၊ သွေးကို။ ကိဉ္စ နုပသုဿယေ၊ မခန်းခြောက်စေနိုင်ဘဲ ရှိအံ့နည်း။

၁၀။ လောဟိတေ၊လေးကွမ်းစားမျှလောက်သောသွေးသည်။ သုဿမာနမှိ၊ခြောက်ခန်းခဲ့သည်ရှိသော်။ပိတ္တဉ္စ၊ သည်းခြေသည်၎င်း။ သေမှဉ္စ၊ တကွမ်းစားမျှလောက်သော သလိပ်သည်၎င်း။ သုဿတိ၊ ခန်းခြောက်လေ၏။ မံသေသု၊ ကိုးရာသော အသားစိုင် တို့သည်။ ခီယမာနေသု၊ ကုန်ခန်း ကုန်သည်ရှိသော်။ ဘိယျော၊ အတိုင်းထက် အလွန်။စိတ္တံ၊စိတ်သည်။ ပသီဒတိ၊ ကြည်၏။ ။ဘိယျော၊အတိုင်းထက်အလွန်။သတိစ၊စကြာ

www.dhammaransi.com



မင်းတို့၏ ဘဏ္ဍာစိုးနှင့်တူသော သတိသည်၎င်း။ ပညာ၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်နှင့် တူသော ပညာသည်၎င်း။ သမာဓိ၊ မြင်းမိုရ်တောင်နှင့်တူသော သမာဓိသည်၎င်း။ အဓိတိဌတိ၊ မတုန်လှုပ်ဘဲ၊ တိုးတက်ကဲ၍၊ အမြဲတည်နေ၏။

**ပဟိတတ္တ**……"ပဟိတတ္တော"စွန့်လွှတ်သော ကိုယ်ရှိသည် ဆိုသည်ကား ကမ္မဋ္ဌာန်းကို မအိပ်မနေအားထုတ်ရာ အသွေး အသား ကုန်ခန်း၍ အရေ အကြော အရိုးမျှပင် ကျန်သော်လည်း အတ္တဘောကို အမှုမစိုက်၊ ဩဒါတလိုသော စိတ်မဖြစ်, အားထုတ်မှုကိုလျှော့လိုသောစိတ်မဖြစ်၊ တစုံတခုရောဂါဥပဒ်ကြီးစွာဖြစ်၍ မဟုတ်ဘဲ အားထုတ်မှု သက်သက်ကြောင့် အသွေး အသား ကုန်ခန်း၍သွားလျှင် ကုန်လေစေ ခန်းလေစေ, အာရုံပင် မပြု, အမှုပင် မစိုက်သည်ကို ပဟိတတ္တဆိုသည်။ ။မဂ်ဖိုလ်ကို ရကြသည်မှာ အလွယ်တကူနှင့် ရကြသည်လည်းရှိ၏။ ။

**မြတ်စွာဘုရားနှင့်တွေ့၍**……တရား ဟောရာ တရား နာရုံနှင့် ရသောသူများသည် အလွယ် တကူနှင့် ရသောသူမည်၏။ ။အချို့ သူတို့ကား ပဓာန အလုပ်ကို လုပ်နိုင်မှရကြ၏၊မလုပ်နိုင်လျှင်မရကုန်၊ ၁–နှစ် လုပ်မှ ရမည့်သူ, ၂–နှစ်လုပ်မှရမည့်သူ, ၃-နှစ်လုပ်မှ, ၄-နှစ်လုပ်မှ, ၅-နှစ်လုပ်မှ ရမည့်သူ,၁၀-နှစ်လုပ်မှ,အနှစ် ၂၀–လုပ်မှ,အနှစ် ၃၀–၄၀–၅၀–လုပ်မှရမည့် သူဟူ၍ အမျိုးမျိုးရှိပြန်၏။ ။တနှစ်လုပ်မှ ရမည့်သူသည် တနှစ်ပြည့်အောင် ကိုယ်ခန္ဓာအတ္တဘောကို စွန့်၍ လုပ်နိုင်မှ ရသည်၊တနှစ်ပြည့်အောင် မစွန့်နိုင်လျှင် သည်ဘုရား သာသနာမှာ မရပြီ၊ အနှစ်ငါးဆယ် လုပ်မှရမည့်သူသည် အနှစ် ငါးဆယ် ပြည့်အောင် ကိုယ်ခန္ဓာ အတ္တဘောကို စွန့်၍ လုပ်နိုင်မှ ရသည်၊ တနှစ်လို၍နေလျှင် သည်ဘုရားသာသနာမှာမရပြီ။ ။ဘုရားနှင့် ကိုယ်တိုင်မတွေ့ရသော သူတို့မှာ ပဓာန အလုပ်ကို လုပ်နိုင်မှ

www.dhammaransi.com



ရတော့သည်၊မလုပ်နိုင်လျှင်သည်ဘုရားသာသနာမှာမရပြီ၊နောက်ဘုရား သာသနာမှာလည်း သာသနာနှင့် အခန့်သင့် ကြုံကြိုက်မှရသည်၊ အပါယ်ဘဝဆီမှာ ထောင့်၍ နေပြန်လျှင် နောက်ဘုရားသာသနာ မှာလည်း ရမည်မဟုတ်။ ။ကျွတ်ထိုက်သော ပါရမီရှိလျက် ပဓာန အလုပ်ကိုမလုပ်၍မရသော သူအများရှိသည်။

၁၁။ တဿမေဝံဝိဟရတော၊ ပဿဥတ္တမဝေဒနံ။
ကာမေသု နာပေက္ခတေ စိတ္တံ၊ ပဿ သတ္တဿ သုဒ္ဓတံ။

၁၁။ ဧဝံ၊ဤသို့ကိုယ်သွေးကိုယ်သား၊ကုန်ခန်းငြားလည်း၊စိတ်ထားမွန်ရည်၊တိုး၍ကြည်လျက်။ဝိဟရတော-ဝိဟရန္တဿ၊နေထသော။မေ၊ငါ၏။ ဥတ္တမဝေဒနံ၊ မဟာပုရိသ၊ယောက်ျား တန်ခွန်၊အလောင်းမွန်တို့၊အဖွန်သည်းစွာ၊ခံကြရာသား၊ဝေဒနာမြတ်၊အတုလွတ်ကို။တွံ၊သင်မာရ်နတ်သည်။ပဿ၊ရှုစမ်းလော့။ဧဝံပိ၊ သို့စဉ်ကလောက်၊ ကိုယ်လုံး ခြောက်၍၊ မိးတောက်ကမန်း၊အလွန်ပန်းသော်လည်း။စိတ္တံ၊ငါ၏ စိတ်သည်။ကာမေသု၊ တိုင်းတော် ပြည်တော်၊ယသော်ရာဟု၊ နန်းသူ့အပေါင်း၊ လေးသောင်းရံသန်း၊ ရွှေနန်းသုံးဆူစသော ဝတ္ထုကာမတို့၌။ နာပေက္ခတေ၊ပြန်၍ တပ်မက်၊မငဲ့ကွက်မိ။ ပါပိမ၊ဟယ်မာရ်ယုတ်။သတ္တဿ၊ ပါရမီထူး၊ ဖြည့်ခဲ့ဘူးသား၊တဦးသတ္တဝါ၊ယောက်ျားငါ၏။ သုဒ္ဓတံ၊ နှလုံးအမှု၊ဖြူစင်ဖြောင့်မတ်ပုံကို။ပဿ၊ကြည့်စမ်းလော့။

၁၂။ ကာမာတေပဌမာသေနာ၊ ဒုတိယာအရတိဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊စတုတ္ထီတဏှာဝုစ္စတိ။
၁၃။ ပဥ္စမံထိနမိဒ္ဓံတေ၊ဆဋ္ဌာဘီရု ပဝုစ္စတိ။
သတ္တမီဝိစိကိစ္ဆာတေ၊ မက္ခောထမ္ဘောတေအဋ္ဌမော။
၁၄။ လာဘော သိလောကော သက္ကာရော၊ မိစ္ဆာလဒ္ဓေါစ
ယောယသော။
ယောစတ္တာနံ သမုက္ကံသေ၊ပရေစ အဝဇာနာတိ။ ။
(မာရ်စစ်သည် ၁၀-ပါး။)

www.dhammaransi.com



၁၂။ (၁) ပါပိမ၊ဟယ်မာရ်ယုတ်။ကာမာ၊လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ၊ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် ဟူသော ဝတ္ထုကာမ, ထိုဘဝ ထိုစည်းစိမ်တို့၌ ပျော်မိုက်သော တဏှာ သုံးပါးတည်းဟူသောကိလေသာကာမ, ဤကာမနှစ်ပါး အယုတ် တရားတို့သည်၊ တော၊ သင်မာရ်နတ်၏။ ပဌမသေနာ၊ပဌမ တပ်တော်ကြီးပေတည်း။(၂)အရတိ၊ရဟန်းအဖြစ်၌ မမွေ့လျော်ခြင်း, ပရိယတ်မှု ပဋိပတ်မှုတို့၌ မမွေ့လျော်ခြင်း, ဆိပ်ငြိမ်သောတော ကျောင်း,တောင်ကျောင်းတို့၌မမွေ့လျော်ခြင်း,သမထ ဘာဝနာမှု, ဝိပဿနာဘာဝနာမှုတို့၌ မမွေ့ လျော်ခြင်းဟူသော အရတိတရား ဥက္ကဏ္ဌိတတရားစုကို။ဒုတိယာသေနာ၊ဒုတိယာတပ်တော်ကြီးဟူ၍။ ပဝုစ္စတိ၊ဆိုအပ်၏။(၃)ခုပ္ပိပါသာ၊ရတင်ပဋိပတ်၊လွန်ကျဉ်းကျပ်၍၊ နွားငတ်ရေချ၊မစားရဘဲ၊မိဿကဘတ်၊ ရတတ်ရာရာ၊ မှုတခါ၌၊ ဆာလောင်နွမ်းချည့်၊ဖြစ်တုံဘိသော်၊ ဆားထိတိရူး၊ တွန့်တွန့်လူး သို့၊ အထူးစိတ်စက်၊ အကုန်ပျက်၍၊ဝိပါက်ဗလပူ၊ ရမက်ထူခြင်း တည်းဟူသော ခုပ္ပိပါသတရားစုသည်၊ တော၊ သင်မာရ်နတ်၏။ တတိယာသေနာ၊ တတိယတပ်တော်ကြီးတည်း။ (၄)တဏှာ၊ ဝမ်းကဟာ၍၊ ဆာလောင်ချည့်နွဲ့၊ ရှိလာခဲ့သော်၊ စိတ်ချို့ကိုယ်ချို့၊ အားနွဲ့အင်ယုတ်၊အကြံဆုတ်လျက်၊လုပ်ရန်အခင်းမှုတင်းလင်းကို၊ မချဉ်းလိုက်ချင်၊ ပျင်းစိတ်ဝင်၍၊ မရွှင်မလန်း၊ စိတ်ကုန်ခန်းခြင်း တည်းဟူသော တဏှာတရားစုကို။တော၊ သင်မာရ်နတ်၏။ စတုတ္ထီ သေနာ၊စတုတ္ထတပ်တော်ကြီးဟူ၍။ပဝုစ္စတိ၊ဆိုအပ်၏။

၁၃။ (၅)ထိနမိဒ္ဓံ၊အလုပ်မတွင်၊အပျင်းဝင်၍၊မရွှင်ညှိုးနွမ်း၊ စိတ်ကုန်ခန်းသော်၊တသမ်းဝေဝေ၊မှိုင်တွေငေးမွဲ၊ ဖြစ်သနေ့မှ၊ စ၍ရင်း၊ သစ်မင်းကျောင်းဝယ်၊ဘယ်ပြောင်းညာပြန်၊မှောက်လှန် လူးလဲ၊တနွဲ့နွဲ့အိပ်ခြင်းတည်းဟူသော ထိနမိဒ္ဓတရားသည်။ တော၊ သင်မာရ်နတ်၏။ပဉ္စမံ၊ပဉ္စမတပ်တော်ကြီးတည်း။(၆)ဘီရု၊အပျင်း စိတ်နှင့်၊အအိပ်များ၍၊တရားမသက်၊စိတ်မထက်ဘဲ၊ ရမက်နွယ် နွယ်၊စိတ်သိမ်ငယ်သော်၊ ဘယ်ဘယ်ညာညာ၊ တွေလာရတ်နှပ်၊

www.dhammaransi.com



အကြီရှုပ်၍၊သစ်ငုတ်ကိုပင်၊ ဆင်ဘဲကျားဘဲ၊ဘီလူးဘဲဟု၊ အသဲတုန်ဆတ်၊ တဖြတ်ဖြတ်လန့်ခြင်းတည်းဟူသော ဘီရုတရားကို။ တော၊ သင်မာရ်နတ်၏။ ဆဋ္ဌသေနာ၊ ဆဋ္ဌတပ်တော်ကြီးဟူ၍။ ပဝတ္တတိ၊ ဆိုအပ်၏။(၇)ဝိစိကိစ္ဆာ၊အကျင့်ပြု၍၊ ကြောက်မှုကင်းကွာ၊ရဲပြန်ပါ၍၊ဘာဝနာအလုပ်၊အားထုတ်ပြန်လည်း၊ ဈာန်လမ်းမဂ်လမ်း၊ စခန်းတိမ်မြုတ်၊ ငုပ်ကြီးငုပ်၍၊ အလုပ်အကြီ၊ အမှန်မှချ၊ လမ်းရိုးကျမည်၊မကျမည်ဟု၊နှစ်လီရှုပ်ယှက်၊အရေးပျက်အောင်၊ တန့်ကွက်ဆီးတားတတ်သော ဝိစိကိစ္ဆာတရားသည်။ တော၊ သင်မာရ်နတ်၏။ သတ္တမိသေနာ၊ သတ္တမ တပ်တော်ကြီးတည်း။ (၈) မက္ခောထမ္ဘော၊ ယုံမှားခွိဟ၊ ကင်းစင်ပ၍၊ နေ့ညအားထုတ်၊ တွင်တွင်လုပ်ရာ၊ ဘာဝနာနိမိတ်၊ အရိပ်အဆင်၊ အထူးမြင်၍၊ အထင်ကိုပွါး၊ ရှိပြန် ငြားသော်၊ တပါး သူကို၊ လူရာ မသွင်း၊ ဂုဏ်သတင်းကို၊နင်းနယ်ချေဖျက်၊မိမိထက်လျှင်၊အသက်သိက္ခာ၊ ထေရ်ဝါကြီးမား၊ သူတို့အားကို၊ ညွှတ်တွားမပြု၊ မောက်မာမှုဟူသော မက္ခထမ္ဘတရားစုသည်။တော၊သင်မာရ်နတ်၏။အဋ္ဌမော၊ ရှစ်ခုမြောက်သော အဋ္ဌမတပ်တော်ကြီးတည်း။

၁၄။ (၉)တဒါ၊ ထိုအထူးဝိသေသ ဖြစ်ပေါ်သဖြင့် မော်လောက် မောက်လောက်၊ ခရီးရောက်သောအခါ၌။ လာဘောစ၊ လာဘ်သပ္ပကာ များသည်၌ သာယာ တက်ကြွသော တဏှာမာနသည်၎င်း။ သိလောကောစ၊ အရပ်လေးမျက်နှာ၊ ကြော်ငြာနှံ့ပြားသည်၌ သာယာ တက်ကြွသော တဏှာမာနသည်၎င်း။ သက္ကာရောစ၊ တပါးသူတို့ မရစဘူး ထူးမြတ်သော လာဘ်ကို ရရာ၌ သာယာ တက်ကြွသော တဏှာ မာနသည်၎င်း။ မိစ္ဆာလဒ္ဓေါ၊ လာဘ်များသည်ထက် များအောင် တရားတု တရားယောင်တို့ကို ပြ၍ ပါပိစ္ဆ တဏှာနှင့် ယှဉ်လျက် စင်စစ် အမှောက်အမှားပြု၍ ရအပ်သော။ ယသောစ၊ အကြင် အခြံအရံ အကျော်အစော၌ သာယာတက်ကြွသော တဏှာမာနသည်၎င်း။ တော၊သင်မာရ်နတ်၏၊ နဝမော၊ကိုးခုမြောက်သော နဝမတပ်တော်ကြီးတည်း။ (၁၀)

www.dhammaransi.com



အတ္တာနံ၊မိမိကိုယ်ကို။ ယောသမုက္ကံသေ၊ အကြင် ချီးပင့်မြှောက် စားမှုသည်ရှိသော်။ ပရေ၊သူတပါးတို့ကို။ယောအဝဇာနာတိ၊ အကြင် မထိမဲ့မြင် မထီလေးစား ပြုမှုသည်ရှိ၏။ တော၊ သင်မာရ်နတ်၏။ ဒသမော၊ဆယ်ချမြောက်သော ဒသမတပ်တော်ကြီးတည်း။

ပုဂ္ဂလမိဋ္ဌာန်ဒေသနာကို ဓမ္မမိဋ္ဌာန်ပြု၍ ထင်ရှားအောင် အနက် ဆိုလိုက်သည်။ ။ရဟန်းတို့၌ တဏှာဖြင့် သာယာလောက်သော သက်နိုး သပိတ်ပရိက္ခရာ တိုက်တာကျောင်းကန် အရာမ်ဥယျာဉ် ခဝုင်ညောင်စောင်း အခင်းအရံ အလုံးစုံသည်လည်း ရဟန်းတို့ ၏ ကာမဂုဏ် ဝ...ုစုပင်တည်း။

(၁) ဗုဒ္ဓပ္ပါဒဒုလ္လဘ, ပဗ္ဗဇိတဒုလ္လဘကို သိကြလျက် ဂိဟိ ဘောဂကို မစွန့်နိုင်၍ ဂိဟိဘောဂ အလယ်၌ ပုထုဇဉ် အနေနှင့် သေဆုံးကြသောလူရှ။

(၂) ရုက္ခမူလကျောင်း, ပံသုကူသက်နိုး, ပိဏ္ဍိယာလောပ ဆွမ်း, ပူတိမုတ္တဆေးတို့ကို ရဟန်းခံစဉ်အခါ ကြားဘူးကြပါ လျက် ဂဟာပတိတို့ လှူဒါန်းသော ကျောင်း,သက်နိုး,ဆွမ်း,ဆေး တို့ကို မစွန့်နိုင်၍ ပဗ္ဗဇိတ ကာမဂုဏ်အလယ်၌ ပုထုဇဉ်အနေနှင့် သေဆုံးကြသော ရဟန်းရှ။

ဤလူရှင် ရဟန်းတို့သည် မာရ်မင်း၏ ကာမဟူသော ပဌမ တပ်တော်ကြီးနှင့်ဆိုင်မိ၍ မလှတမ သေဆုံးကြသော သူတို့ပေ တည်း။

အချို့သော ရဟန်းတို့သည် ပဌမတပ်ကြီးမှ အလွတ်ထွက်ခဲ့ ၍ တောအရပ်တွင် ဓုတင်ပဋိပတ်နှင့် နေကြရာ (၁)အရတိ။ (၂)ခုပ္ပိပါသာ။ (၃)တဏှ္ဟာ။ (၄)ထိနမိဒ္ဓ။ (၅)ဘီရူ။ ဤတပ်ကြီး ငါးတန် ဝိုင်းမိပြန်၍ လွတ်အောင်မထွက်နိုင်ကြကုန်ဘဲ ထိုတပ်ထဲ မှာပင် ပုထုဇဉ်ဘဝနှင့် မလှတမ သေဆုံးကြကုန်၏။ ။ယခု ကာလ၌ ဂါမဝါသီ ရဟန်းတို့သည် ပဌမတပ်တွင်းမှာပင် မြုပ်ဆုံး ကြကုန်၏၊ အရညဝါသီ ရဟန်းတို့သည် နောက်တပ် ငါးတပ်

www.dhammaransi.com



အတွင်းမှာ မြုပ်ဆုံး ကြကုန်၍၊ သတ္တမတပ်သို့ ရောက်အောင် လာနိုင်သောသူပင် မရှိကြပြီ။

၁၅။ ဩသာ နမုစိ တေသေနာ၊ ကဏှဿာဘိပ္ပဟာရိနီ။
နနံ အသူရော ဇိနာတိ၊ ဇေတွာစ လဘတေ သုခံ။

၁၅။ နမုစိ၊ လူနတ်ဖြဟ္မာ၊သတ္တဝါကို၊သံသရာညွတ်၊ဒုက္ခဝဋ်မှ၊မလွတ်စေမှု၊အတင်းပြုသည့်၊ဗိုလ်ထုကြီးလတ် ဟာယ်မာရ်နတ်။ ဩသာ၊ဤကာမအရတိ အစရှိသော တရားစုသည်။ တေ၊သင်မာရ်နတ်၏။ သေနာ၊ စစ်သည်ဗိုလ်ထု၊ ရဲမက်စုသည်။ ဟောတိ၊ဖြစ်၏။ ကဏှဿ၊ နှလုံးအမှု၊ အဖြူမဘက်၊ ထည်လုံးနက်သား၊ ရမက်ကြီးလတ်၊သင်မာရ်နတ်၏။ အဘိပ္ပဟာရိနီ၊ရဟန်းရသေ့၊ဟူသမွေ့ကို၊ တွေ့တိုင်းပစ်ခတ်၊ အသေသတ်သော၊ သေနတ် မီးပေါက်၊ အမြောက် စိန်ပုံးတွေလည်းမည်၏။ အသူရော၊သဒ္ဓါဆန္ဒ၊ဝီရိယ ဉာဏ်၊မစွမ်းသန်သော၊ပုထုဇ္ဇန်မွဲ၊သူမရဲများသည်။ နံ၊ထိုတပ်ကြီး ဆယ်တန်၊သင်၏ရန်ကို။ နဇိနာတိ၊ တွန်းလှန်တိုက်ဖျက်၊ အလွတ် ထွက်ခြင်းငှါ မစွမ်းနိုင်ကြလေ။သူရောဝေ၊သဒ္ဓါဆန္ဒ၊ဝီရိယဉာဏ်၊ ထက်သန်ကြီးမား၊ လွန်စွန့်စားသော၊ ယောကျ်ား အာဇာနည်များ သည်သာလျှင်။ ဇိနာတိ၊ မြက်နွယ်တပင်၊ ထိမထင်ဘဲ၊ အလျှင် အမြန်၊ တွန်းလှန်တိုက်ဖျက်၊ အလွတ်ထွက်ခြင်းငှါ စွမ်းနိုင်ကြ၏။ ဇေတွာစ၊ တွန်းလှန်တိုက်ဖျက်၊အလွတ်ထွက်နိုင်မှသာလျှင်။ သုခံ၊ ဗိုလ်ထုအများ၊ဆယ်တပ်သားတို့၏၊ထားဘေး,လှံဘေး၊လက်နက် ဘေးမှ၊ ကင်းဝေးလှစွာ၊ မြတ်ချမ်းသာကို။ လဘတေ၊ ရနိုင်လေ သတည်း။

၁၆။ ဧသ မုဉ္ဇံ ပရိဟရေ၊ ဓိရတ္ထု ဇီဝိတံ။
သင်္ဂါမေ မေ မတံ သေယျော၊ ယဉ္စေ ဇီဝေ ပရာဇိတော။

၁၆။ ဧသ ဧသော၊ဤသိဒ္ဓတ်မင်းသည်။ မုဉ္ဇံ၊စစ်မြေရောက်က၊ နောက်သို့တလှမ်း၊ မဆုတ်တမ်းဟု၊ ရဲစွမ်းအောင်လံ၊ တန်ခွန်မှန် သား၊ ပြုခံမြက်တိတ်၊ ပန်းနိမိတ်ကို။ ပရိဟရေဇ္ဇတိ၊ ခေါင်းဝယ်

www.dhammaransi.com



စိုက်ထောင်၊ ရဲပန်းဆောင်သည့်၊ ကြွက်တောင်ဖိုလ်ကြီးဟူ၍။ မံ၊ ငါ့ကို။ ခါရေယာ၊ သင်မှတ်လော့။ မမ၊ စစ်မြေပွဲဝယ်၊ အကဲမလှ၊ ဆုတ်ပြီးမှလျှင်၊ သင်၏လက်အောက်၊ ရောက်ပြန်ရသောငါ၏။ ဣဓ၊ ဤလောက၌။ ဇီဝိတံ၊ အသက်ရှည်ကာနေရခြင်းသည်။ ဓိရတ္ထု၊ အရှက်ကြီးကွဲ၊ အကျိုးနဲ၍၊ အကဲရုပ်နှုပ်၊ သတင်းပုပ်လျက်၊ စက်ဆုပ်ဘွယ်ကြီး ဖြစ်ဖွတကား။ သင်္ဂါမေ၊ စစ်မြေစစ်ပွဲ၌။ မတံ၊ ကျ၍သေရခြင်းသည်သာလျှင်။ မေ၊ ငါ့အား။ သေယျော၊ ကောင်းစွာသေး၏။ အဟံ၊ ငါသည်။ ပရာဇိတော၊ မလှစစ်ရေး၊ အရှုံးပေးလျက်။ ဇီဝေ၊ အသက်ရှည်ရငြားအံ့။ ဧတံ၊ ဤသို့အရှုံးပေး၍၊ အရေးမလှ၊ အရှက်ရလျက်၊ အသက်ရှည်ရခြင်းသည်။ ယဉ္စေ၊ မမြတ်သည်သာလျှင်တည်း။ ။

ဤဂါထာဖြင့်လည်း ပဟိတတ္တ ဖြစ်ကြောင်းပင် ပြတော်မူသည်။ ။အထက်က ပြခဲ့သော ပဟိတတ္တမှာ အသွေးအသား ကုန်ခန်း၍ ကုန်သည့်တိုင်အောင်ပင် ကိုယ်ခန္ဓာကို ညှာတာစိတ် မရှိသည့်ကား ပဟိတတ္တမှုတည်း။ ။ဤဂါထာ၌ပြသော ပဟိတတ္တမှာ ယခုအားထုတ်သော ပဓာနအလုပ်သည် ထမြောက်လျှင်လည်း ကောင်း၏၊ မထမြောက်လျှင်လည်း အလုပ်လက်ရှိနှင့်သေရလျှင် ကောင်းသေးသည်သာ ဖြစ်၏ဟု ဤအလုပ်နှင့် ကိုယ်ခန္ဓာ အပြီး စွန့်လိုက်သော ပဟိတတ္တပေတည်း။ ။ဤသို့သော ပဟိတတ္တနှင့် ပြည့်စုံသော သူအား ယခုဘဝ ထမြောက်လျှင်လည်း ကောင်းပါ၏၊ မထမြောက်ဘဲနေခဲ့သော်, မပေါက်ဘဲ နေခဲ့သော်, မရောက်ဘဲနေခဲ့သော်, မရဘဲနေခဲ့သော်ဟု စိတ်နှစ်ခွမရှိပြီ၊ ဈာန်မဂ်ဖိုလ်အလုပ်ကို အားထုတ်သောသူမည်သည် ဤကဲ့သို့စိတ်နှစ်ခွ မရှိဘဲ-ဤဘဝနှင့် ဤအလုပ်ဟု အပြီးစွန့်သော ပဟိတတ္တ စိတ်နှင့် လုပ်မှ ရနိုင် ရောက်နိုင် ထမြောက်နိုင်သည်။ ။**ပြီး၏။**

၁၇။ ပဂါဠှေတ္ထန ဒိဿန္တိ၊ ဧကေသမဏဗြာဟ္မဏာ။
တဉ္စမဂ္ဂံနဇာနန္တိ၊ ယေန ဂစ္ဆန္တိ သုဗ္ဗတာ။

www.dhammaransi.com



၁၇။ ငှေကော၊အချို့အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ သန္ဒိဋ္ဌိကိရိယာ၊ ဗလစွမ်းရေ၊မရှိလေဘဲ၊ စစ်မြေဦးဝယ်၊ စစ်မှူးကိရိယာ၊ သက်နိုးဝါနှင့်၊ပရိက္ခရာအစုံ၊ ဝတ်ရုံဘွဲ့ယှက်၊ ယောင်ထွက် ထွက်ကြ ကုန်သော ရဟန်းပုဏ္ဏားတို့သည်။ ဧတ္ထ၊ ဤတပ်ကြီးဆယ်ချ၊ ဗိုလ်ထုများအင်၊စစ်မြေပြင်၌။ ပဂါဠ္ဟ၊စကားပြန်မျှ၊ မကျန်ရပ်ရပ်၊ အကုန်မြုပ်ကြကုန်၍။ နဒိဿန္တိ၊ ဤသူတယောက်၊ လွတ်မြောက်ခြင်း၊ မသေကျန်ဟု၊ ရှာကြံမရ၊ မမြင်ရကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ သုဗ္ဗတာ၊ကောင်းသော အကျင့်ရှိကြကုန်သော အရိယာသူတော်ကောင်းတို့သည်။ ယေနမဂ္ဂေန၊အကြင် ဗောဓိချွင်ခုနစ်ပါး၊တရားစကြာ၊ရတနာလမ်းခရီးဖြင့်။ သုဂတိံ၊ကောင်းသော သူတို့၏လားရာ၊ခေမာနဂရ၊ ရွှေပြည်မသို့။ ဂစ္ဆန္တိ၊ ဆိုက်ရောက်ကြကုန်၏။ တဥ္စမဂ္ဂံ၊ထိုဗောဓိချွင်ခုနစ်ပါး၊တရားစကြာလမ်းခရီးကို။ နဇာနန္တိ၊ကိုယ်တွေ့မျက်မှောက်၊ အသိမြောက်အောင်၊ မပေါက်နိုင်ကြကုန်။

ဤတွင်ရွေ့ကား မဟာပဓာန အကျင့်ကို ကျင့်တော်မူစဉ်အခါ၌ မာရ်နတ်ကို ဟောတော်မူသောဂါထာစုပြီး၏။

နောက်လေးဂါထာ ပလ္လင်ပေါ်သို့ ရောက်၍ မာရ်နတ် စစ်တက်၍ လာရာတွင်ဖြွက်ဆိုတော်မူသောဂါထာပေတည်း။

၁၈။ သမန္တာ ဓဇိနိံ ဒိသွာ၊ယုတ္တံမာရံသဝါဟနံ၊
ယုဒ္ဓါယ ပစ္စုဂ္ဂစ္ဆာမိ၊မာမံဌာနာအစာဝယိ။

၁၉။ ယံတေတံ နပ္ပသဟာတေ သေနံ၊
သဗ္ဗော လောကော သဒေဝကော။
တံတေပညာယ ဘစ္ဆာမိ၊အာမံပတ္တံဝအသ္မနာ။

၁၈။ ဓဇိနိံ၊ သိန်းသန်း ကုဋေ၊မိစ်ျဆံလုံး ဝေလျှက်၊ အတွေ့တွေ့သော အဆင်းရှိသော အောင်လံတန်ခွန်တို့နှင့် ပြည့်စုံသောစစ်သည်ဗိုလ်ထု၊ ရဲမက် စုကိုဇင်း၊ သဝါဟနံ၊ ဂိရိမေခလာဆင်နှင့် တကွသော။ မာရံ၊မာရ်နတ်ကိုဇင်း၊ သမန္တာ၊ မြေမိုဃ်းမှမ်းဖြင်၊

www.dhammaransi.com



ထက်ဝန်းကျင်မှ။ ယုတ္တံ၊ တညီတညာ၊ ထွေလာ ချောက်ချိန်း၊ တပ်ကြီးဟိန်းလျက်၊ ထိန်းထိန်းကြော်ကြော၊ ချီတက်လာသည်ကို။ ဒိသွာ၊ ပလ္လင်ပေါ်မှ မြင်တော်မူသတ်သော်။ ဟာရေမာရ၊ အယုတ်တမာ၊ဆိုးညစ်စွာသည့်၊ မိစ္ဆာသူသတ် ဟာယ်မာရ်နတ်။ ဥပဂန္တွာ၊ ရဲလျှင်အတင်း၊ ငါ့ထံရင်းသို့ ချဉ်းခဲ့လော့။ အဇ္ဇ၊ ယနေ့။ တယာ၊ နင်နှင့်။ ယုဒ္ဓါယ၊ ဘုန်းစွမ်းလူစ-အလင်းပြ၍၊ ပွဲရှုံးနိုင်၊ စစ်ရေးပြိုင်ခြင်းငှါ။ ပစ္စုဂ္ဂစ္ဆာမိ၊ နေရဉ္ဇရာ၊ မြစ်ကခွါ၍၊ ရတနာဗောဓိ၊ သိရိရွှန်းဝေ၊ ပလ္လင်ဘွေထက်၊ အောင်မြေနင်းကာ၊ မြော်တင်းအသင့်၊ ငါနေလင့်၍။ မံ၊ ငါ့ကို။ ဌာနာ၊ ထက်ဝယ်ဘွဲ့ရာ၊ အပရာဇိတ၊ ဌာနပလ္လင်၊ သမိုက်ပြင်မှ၊ မာအစာဝယိ၊ ပြောင်းရွှေ့ စေလျက်၊ အနေပျက်အောင်၊ နှောင့်ယှက်ခြင်းငှါသင်မတတ်နိုင်။

၁၉။ ဟာရေမာရ။ အယုတ်တမာ၊ ဆိုးညစ် စွာသည့်၊ မိစ္ဆာသူသတ် ဟာယ်မာရ်နတ်။ သဒေဝကော၊ နတ်ပြဟ္မာနှင့် တကွသော။ သဗ္ဗောလောကော၊ လူအားလုံးသည်။ တေ၊ သင် မာရ်နတ်၏။ ယံတံသေနံ၊ အကြင်ကာမစသော စစ်သည်ဆယ်ပါး,ယခု ချီတက်၍လာသော မာရ်စစ်သည်စုကို။ နပ္ပသဟတေ၊ တန့်စားကြံ့ခိုင်၊ မခံနိုင်၍၊ မပြိုင်စစ်ရေး၊ အရှုံးပေးကာ နေကြ၏။ အဟံပန၊ ငါတမူကား။ ဗလဝါ၊ ကိုယ်အား စိတ်အား၊ လွန်ကြီးမားသော။ ပုရိသော၊ ယောကျာ်းသည်။ အသ္မနာ၊ ကြီးစွာသော ကျောက်လုံးဖြင့်။ အာမံ၊ မကျက်သေးသော အိုးစုကိုရင်း။ ပက္ကံ၊ ကျက်ပြီးသော အိုးစုကိုရင်း။ ဘိန္ဒတိဣဝ၊ ဒေါသအမျက်၊ စိတ်မာန်ထွက်၍၊ ညက်ညက်ကြေထွား၊ ထုသောလားသို့။ တေ၊ သင်မာရ်နတ်၏။ တံသေနံ၊ ထိုစစ်သည်နှစ်ရပ်ကို။ ပညာယ၊ ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်ဟူသော ဝရဇိန်ကျောက်လုံး၊ ပညာဘုန်းဖြင့်။ ဘဉ္ဇာမိ၊ ဖရိုဖရဲ၊ တပြန့်ကြဲလျှင်၊ ပစ်ခွဲထုချေ၊ လွင့်ပစေအံ့သတည်း။

၂၀။ ဝသီကရိတွာနသင်္ကပ္ပံ၊ သတိဉ္စသုပ္ပတိဋ္ဌိတံ။
ရဋ္ဌာရဋ္ဌံ ဝိစရိဿံ၊ သာဝကေ ဝိနယံပုထုံ။

www.dhammaransi.com



၂၁။ တေအပ္ပမတ္တာ ပဟိတတ္တာ၊ မမသာသနကာရကာ။
အကာမာတေ ဂမိဿန္တိ၊ ယတ္ထဂန္တွာ နသောစရေ။

၂၀။ ဟာရေမာရ၊ ဟာယ်မာရ်နတ်။ အဘံ၊ငါသည်။ သက်ပွဲ၊ ဘုရားဖြစ်၍၊ခေတ်ဇာတိရပ်၊ လောကဓာတ်ဝယ်၊ လူနတ်အများ၊ သောင်းတိုက်သားကို၊ တရားမဂ္ဂင်၊ ဘောင်ရှေ့ယဉ်ဖြင့်၊ တင်အံ့ ရည်သန်၊ ငါ့အကြံကို။ဝသိကရိတ္ဝာန၊ လေ့လာနှိပ်နင်း၊ပြီးစီးခြင်းကို ပြု၍။သတိဥ္စ၊ဗုဒ္ဓိကိစ္စ၊ဟူသမျှကို၊ တစမကြွင်း၊ အောက်မေ့ခြင်း ၅၊ စွမ်းနိုင်သော သတိတရားကိုလည်း။ သုပ္ပတိဋ္ဌိတံ၊ ကောင်းစွာ တည်သည်ကို။ကရိတ္ဝာန၊ပြု၍။ပုထု၊ ၂၄–သချီ၊ကုဋေ ခြောက် ဆယ်၊စွန်းကယ်တသိန်း၊တွက်ကိန်းသချာ၊ များလှစွာ ကုန်သော သာဝကတပည့် တပန်း၊ ရဟန်းလူနတ်၊ ပရိသတ်တို့ကို။ ဝိနယံ– ဝိနယန္တော၊အကျွတ်ရအောင် ဆုံးမပြောဟောလျက်။ ရဋ္ဌာ၊ တိုင်း ပြည်ခရိုင်နိုင်ငံတပါးမှ။ရဋ္ဌံ၊တိုင်းပြည်ခရိုင် နိုင်ငံတပါးသို့။ ဝိစရိ ဿံ၊ဒေသစာရီ၊ လှည့်လည်ဖြန့်မြန်းပေအံ့။

၂၁။ အပ္ပမတ္တာ၊ မမေ့မလျော့၊ မပေါ့မစားကြကုန်မူ၍။ပဟိ တတ္တာ၊ကိုယ်အသက်ကိုငဲ့ကွက်ဘွာတာခြင်း မရှိကြပေကုန်မူ၍။ မမ။ငါဘုရား၏။ သာသနကာရကာ၊ အဆုံးအမ၊ဩဝါဒကို လိုက် နာအားကျ၊လုပ်ကြံကြကုန်သော။ တေ၊ထိုတပည့် တပန်း၊ရဟန်း လူနတ်၊ပရိသတ်တို့သည်။အကာမာ၊ တေဘူမကာ၊ ဘဝ သုံးတန်၊ သင့်နိုင်ငံကို၊ပြန်၍စည့်စည့်၊မကြည့်လိုကြကုန်မူ၍။ ယတ္ထ၊အကြင် နိဗ္ဗာန်သို့။ ဂန္တွာ၊ ရောက်ကြကုန်သည်ရှိသော်။ နသောစရေ၊ စိုးရိမ် ကြောင့်ကြ၊မရှိကြကုန်။ တတ္ထ၊ထိုနိဗ္ဗာန်သို့။ ဂမိဿန္တိ၊ သွားကြ ရောက်ကြကုန်လတ္တံ့။ ။
ပလ္လင်တော်ပေါ်၌နေစဉ် မာရ်နတ်ကို ပြောင်ပြောင်တင်းတင်း ပြော တော်မူသောလေးဂါထာအနက်ပြီး၏။

ဤ၌လည်း ပဟိတတ္တဆိုသည်ကား ရခဲ့သော် ရခဲ့သော်ဟု စိတ်နှစ်ခွမဖြစ်မူ၍ ဤဘဝ၌ပင် ဤအလုပ်ဟု အဆုံးတိုင် ရှုယ်သော

www.dhammaransi.com



စိတ်တခုကိုသာ ထားသည်ကိုဆိုသည်။ ။ထိုကဲ့သို့ ထားသော သူတို့သည်သာ ယခုဘဝ ရနိုင် ရောက်နိုင်ကြကုန်သည်ဟုပြတော်မူသည်၊ ယခုကာလ၌ကား ရဟန်းပြုရုံမျှ၌ပင် ပဟိတတ္တ မဖြစ်နိုင်ကြ၍မပြုဖြစ်သောသူများပင်ရှိသေးသည်၊ သက်နှင့်အမျိုးထုတ်နိုင်လျှင် တော်၏၊မထုတ်နိုင်ခဲ့လျှင် ရဟန်းလူထွက် လူဟန်ပျက်ဖြစ်၍ နေမည်ဟု စိတ်နှစ်ခွဖြစ်၍ ရဟန်း မပြုဖြစ်ရှိကြ ကုန်သေး၏။ ။အသက်သိက္ခာငယ်ရွယ်စဉ်က ဘာဝနာကို လုပ်ရမည်ဆိုလျှင် ထိုဘာဝနာမှုနှင့်ချည်း အသက် ထက်ဆုံး နေနိုင်မည် မဟုတ်၊မနေနိုင်လျှင်မည်ကဲ့သို့ဟုစိတ်နှစ်ခွဖြစ်၍ ဘာဝနာ အလုပ်ကို မလုပ်ကြကုန်။ ။ဘာဝနာ အလုပ်ကို လုပ်သည်ဟု ဆိုသော ရဟန်းတို့လည်း ဤဘဝ ဤခန္ဓာ, ဤအသက်နှင့်, ဤအလုပ်ဟု မစွန့်ကြကုန်မူ၍ စိတ်အသွားအလာများကြကုန်၏၊ ပဟိတတ္တ မဖြစ်ကြကုန်၊ "တေအပ္ပမတ္တာ ပဟိတတ္တာ" ဟူသောပါဠ်ဖြင့် ပဟိတတ္တ မဖြစ်ကြသူတို့ မရထိုက်မရောက်ထိုက်ဟူသော အနက်ကိုပြတော်မူသည်။ ပြီး၏။

ဤမှနောက် ဂါထာစုကား ဘုရားအဖြစ်သို့ ရောက်ပြီး၍ တနှစ် တဝါ ရပြီးမှမာရ်နတ်လာ၍ ဝန်ချသောဂါထာစုပေတည်း။

၂၂။ သတ္တဝဿာနိဘဂဝန္တံ၊ အနုဗန္ဓိံပဒါပဒံ။
ဩတာရံနာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿသတိမတော။

၂၃။ မေဒဝဏ္ဏံဝပါသာဏံ၊ ဝါယသောအနုပရိယဂါ။
အပေတ္ထမုဒုံ ဝိန္ဒေမ၊ အပိအဿာဒနာသိယာ။

၂၄၊ အလဒ္ဓါ တတ္ထအဿာဒံ၊ ဝါယသေတ္တောအပက္ကမိ။
ကာကောဝသေလမာသဇ္ဇ၊ နိဗ္ဗိဇ္ဇာပေမဂေါတမ။

၂၂။ ဂေါတမ၊ ဂေါတမအမည်ရှိသော မဟာသမ္မတ မင်း၏ အနွယ်ဖြစ်တော်မူပေသော အရှင်ဘုရား။ ဘဂဝန္တံ၊ အရှင်ဘုရား

www.dhammaransi.com



ကို။ဩတာရာပေက္ခော၊ မှုပေါက်ရှာကြံခြင်း ကိစ္စကိုငဲ့၍။သတ္တဝဿာနိ၊တောထွက်သည်မှ၊စ၍ ထွက်စစ်၊ခုနစ်နှစ်တို့ပတ်လုံး။ ပဒါပဒံ၊အဆက်ဆက်။အနုဗန္ဓိ၊မှုပေါက်ရှာကြံ၊ ဖျက်ဆီး ညှဉ်ဖြင့်၊ နောက်ရံတွယ်တာ၊ လိုက်မိပါ၏။ သတိမတော၊ လွန်ကဲသော သတိနှင့် ပြည့်စုံတော်မူသော။ သမ္ဗုဒ္ဓဿ၊မြတ်စွာဘုရားအား။ဩတာရံ၊ အပြစ်ယူဘို့၊ အမှုယှဉ်းဘောက်၊ ရန်ပြုပေါက်ကို။ နာဓိဂစ္ဆိဿံ၊အဏုမြူမျှ၊ရှာမရပေ။

၂၃။ ယထာ၊ဥပမာဆိုသည်ရှိသော်ကား။မေဒဝဏ္ဏံ၊ ဆီအိအိရွှဲရွှဲ၊ သားဆီခဲကြီး၌။ မုဒုံ၊မွမွရွရွ၊ နူးညံ့လှသော၊ မံသဆိမ့်အီ၊ အသားဆီကို။အပိဝိန္ဒေမ၊ရငြားအံ့လည်းမသိ၊ ဝါ၊ ရမည် စင်စစ်တည်း။ အဿာဒနာ၊ကြောခြင်စိမ့်စိမ့်၊ကိုယ်လုံးအိမ့်မျှ၊ ချိုဆိမ့်လှစွာ၊ အရသာဖြင့်၊သာယာမူးမေ့၊ လျှာအတွေ့သည်။ အပိသိယာ၊ ဖြစ်ငြားအံ့လည်း မသိ၊ဝါ၊ဖြစ်မည်စင်စစ်တည်း။ ဣတိ၊ ဤသို့အကြံ၊ ဥပါဒါန်ဖြင့်။ဝါယသော၊ကျီးမိုက်သည်။ မေဒဝဏ္ဏံဝ၊ အဆီခဲ အသွေးအဆင်းရှိသည်သာလျှင်ဖြစ်သော။ပါသာဏံ၊ကျောက်လုံးကြီးကို။ အနုပရိယာဂါ၊ အဋ္ဌဒိသာ၊ရှစ်မျက်နှာ၌၊ချာချာလည်ပတ်၊ ဝန်းရိုင်းလတ်၍၊အငတ်အားကြီး၊နှုတ်သီးအားကိုး၊ဆိတ်ဆွတိုး လေ၏။

၂၄။ သောဝါယသော၊ထိုကျီးမိုက်သည်။တတ္ထ၊ထိုကျောက်လုံးကြီး၌။ အဿာဒံ၊ သာယာ ကောင်းမြွ၊ လျှာအတွေ့ကို။ အလဒ္ဓါ၊မရသည်ဖြစ်၍။ဧတ္တော၊ထိုကျောက်လုံးကြီးမှ။ အပက္ကမိ၊ ရှောင်ခွါဆုတ်ရှဲ၊ဖယ်လွှဲရလေ၏။ ။သောဝါယသော၊ထိုကျီးမိုက်သည်။ တံသေလံ၊ အဆီခဲသို့၊ ရွှန်းရွှန်းစိုသော ထိုကျောက်လုံးကြီးကို။ အာသဇ္ဇ၊ထိုးဆိတ်ထိပါး၍၊ နိဗ္ဗိဇ္ဇတိဣဝ၊ရသာအငွေ၊မြူတစေ့မျှမတွေ့လေဘဲ၊ အပန်းသဲ၍ ဖယ်လွှဲရလေဘိ၏သို့။မယံပိ၊ အကျွန်ုပ်တို့သည်လည်း။ဘဝန္တံ၊အရှင်ဘုရားကို။ အာသဇ္ဇ၊ နှောင့်ရှက်ထိပါး၊ စောင့်စားချုပ်ချယ်၍။ နိဗ္ဗိဇ္ဇာပေမ၊ အလိုပါမှု၊မပြုနိုင်

ဘဲ၊ နှလုံးကွဲမျှ၊အသဲနာကျင်၊ ပူပင်ညှိုးချုံး၊ စိတ်ကုန်ဆုံး၍၊ ဒုန်းဒုန်းချပါကုန်တော့၏။

(ဘုရားမဖြစ်မီ ၆-နှစ်၊ဘုရားဖြစ်ပြီးနောက်တနှစ်၊၇-နှစ် ပတ်လုံးတင်းပုတ်လက်စွဲလျက်အကြင်နေရာ၌ ကိလေသာဥပါဒ်၏၊ ထိုနေရာမှာ အသေရိုက်နှက်မည်ဟုလိုက်၍နေပြီးမှအခွင့်မရ၍ ဝန်ချသောသုံးဂါထာပြီး၏။)

နောက်ဂါထာကား ဘုရားဟောဂါထာတည်း။

၂၅။ တဿလောကပရေတဿ၊ဝိဏာ ကစ္ဆာ အဘဿထ။
တတောသောဒုမ္မနောယက္ခော၊တတ္ထေ ဝန္တရဓာယထ။

၂၅။ တဒါ၊ ထိုဝန်ချပြီးသော အခါ၌။ သောကပရေတဿ၊ ဘုရား မဖြစ်ရအောင်လည်း မတတ်အား၊တရား မဟောရအောင်လည်း အခွင့်မရ၊ယမ်းပုံမီးကျ၊တောက်လောင်လှသော၊ သောကမီးခတ်၊နှိပ်စက်အပ်သည်ဖြစ်၍။တဿ၊ ထိုမာရ်နတ်၏။ ကစ္ဆာ၊ ခါးပိုက်မှ။ဝိဏာ၊ လွယ်၍ထားသော၊ဗေလုဝဏ္ဏု၊ နတ်စောင်းကြီးသည်။အဘဿထ၊ မြေသို့လျှောကျလေ၏။ တတော၊ ထိုအခါမှ။ သောယက္ခော၊ထိုမာရ်နတ်သည်။ဒုမ္မနော၊ပူလောင်ညှိုးချုံး၊ ကြွမ်မီးအုံးသို့၊ နှလုံးမကောင်းလှသည်ဖြစ်၍။ တတ္ထေဝ၊ ထိုနေရာ၌သာလျှင်။အန္တရဓာယထ၊ ပျောက်ကွယ်ချတ်ခြင်း၊နေရင်းနတ်ရွာသို့ပြန်လေ၏။ ။ပြီး၏။

**ပဓာန**……ဤသုတ်၌ပဓာနဆိုသည်ကား ကိစ္စ လေးပါးကိုပြီးစေနိုင်သော သမ္မပ္ပဓာန ဝိရိယကို ဆိုသတည်း။ ။

ကိစ္စလေးပါးဆိုသည်ကား။ ။အကုသိုလ်ဘက်၌ကိစ္စနှစ်ပါး။ . ။ ကုသိုလ်ဘက်၌ ကိစ္စနှစ်ပါ။ ။အကုသိုလ်ဘက်၌ ကိစ္စ နှစ်ပါး ဆိုသည်ကား ရှေးရှေးသောဘဝ ကမ္ဘာ သံသရာ အဆက်ဆက်တို့၌ငါပြုခဲ့သည်ဖြစ်၍ငါ့ကိုအပါယ်သို့ချရန် ငါ့သန္တာန်မှာ ထက်ကြပ်ပါ၍ နေကုန်သောအကုသိုလ် ကံဟောင်းတို့သည် အကုဋ္ဌေမကာ ငါ့နှလုံးထဲမှာ အမြဲပါ၍နေကုန်သည်၊ ငါ့နှလုံးထဲမှာ ငရဲကြီးရှစ်ထပ်၊ဥဿဒငရဲပေါင်း တရာ့နှစ်ဆယ့်ရှစ်ထပ်၊ အရပ်ရပ်သော

www.dhammaransi.com



ပြိတ္တာသုံ,အသုရကာယ်သုံ, တိရစ္ဆာန်ဘုံတို့သည် အပြီး ပါ၍နေကုန်၏။

**ကြွက်ကို ကြောင်ဝိုင်းသည့် ပမာ**·····ထိုအကုသိုလ် ကြွေးဟောင်း မြီဟောင်းတွေ ငါနှလုံးထဲမှာ အမြဲ ပါရှိ၍ နေသည်ကို ယခုဘဝတွင်မှ မပယ် မရှင်းလိုက်ဘဲ ကြွေးခိုင်ဖြစ်သူ သက္ကာယဒိဋ္ဌိကြီး ဝုတ်တုတ်နှင့် ယနေ့ညဉ့်သေ၍ နက်ဖြန်ခါ သာသနာပသို့ ရောက်၍ သွားခဲ့လျှင် ထိုအကုသိုလ် ကြွေးဟောင်း မြီဟောင်းတို့သည် ကြွက်ငယ်လောင်း တကောင်ကို-ကြောင်တထောင် ဝိုင်းကြသကဲ့သို့ အပါယ်ဒုက္ခမှ ဘဝထောင်သောင်း ခေါင်း မပြူရအောင် ငါ့ကို ချကြကုန်လတ္တံ့.ဟု ဥပ္ပန္နခေါ်သော အတိတ် အကုသိုလ်တို့၏ အမှုသွားကို မြော်၍ ဦးခေါင်းပေါ်၌ လောင်မီး ကျသော ယောကျ်ားကဲ့သို့ စားမှု အိပ်မှုကို အမှတ်မရအားဘဲ ဘာဝနာ တရားကိုသာ မနေမနားအားထုတ်၍ သက္ကာယဒိဋ္ဌိ ကြွေးခိုင်ကြီးကို အပြီးကွယ်ဆုံးအောင် လုံးပမ်းမှုတပါး။

ငါသည် သက္ကာယဒိဋ္ဌိကြီး တန်းလန်းနှင့် ယနေ့ညဉ့် သေ၍ နက်ဖြန်ခါ သာသနာအပသို့ရောက်ရချေလျှင် မာတုဃာတကအမှုကိုလည်း ငါပြုလတ္တံ့၊ ပိတုဃာတက အမှုကိုလည်း ငါပြုလတ္တံ့၊ ခပ်သိမ်းသော ဒုစရိုက်မှု ဒုရာဇီဝမှုတို့ကိုပင် ငါပြုလတ္တံ့။ ။ ငါ့နှလုံးထဲ၌ အနမတဂ္ဂသံသရာ၌ ထက်ကြပ်ပါ၍နေသော ဒုစရိုက်မျိုး, အမိုက်မျိုး, အမှောက်အမှားမျိုး, အညစ်အညမ်းမျိုးတို့သည် ယခုလည်း ငါ့နှလုံးထဲမှာ အသိုက်မပျက် အအုံမပျက် အခြေမပျက် အနေမပျက်ပါလျက်ပင် ရှိကြကုန်သည်။ ။တရားတော်နှင့် တွေ့ရသော ယခုဘဝမှ ထိုအမိုက်မျိုးတို့ကို မပယ်မဖြတ်လိုက်လျှင် ဘဝ အဆက်ဆက် အမိုက်တောကြီး စည်ကား၍ အပါယ်လေးပါး အစာဖြစ်မြဲဖြစ်,နစ်မြဲ နစ်လတ္တံ့.ဟု အနုပ္ပန္နခေါ်သော အနာဂတ် အကုသိုလ်တို့၏ အမှုသွားကိုမြော်၍ ဦးခေါင်းပေါ်၌ လောင်မီးကျသော ယောကျ်ားကဲ့သို့ စားမှု အိပ်မှုတို့ကို

www.dhammaransi.com



အမှုမစိုက်အားတဲ့ ဘာဝနာတရားကိုသာ မနေမနား အားထုတ်၍ သဏ္ဍာယဓိဋ္ဌ ဟူသော ဒုစရိုက်ခေါင်းကြီး ပြတ်ပြီး ဖြစ်ရအောင် လုံးပမ်းမှုတပါး။

ဤကား ဉပ္ပန္နအကုသိုလ်, အနုပ္ပန္နအကုသိုလ် နှစ်မျိုးအတွက် ကြောင့်ကြစိုက်ရန် အကုသိုလ်၌ ကိစ္စနှစ်ပါးတည်း။ ။မိမိသန္တာန်၌ ယခုဘဝဖြစ်ခဲ့ဘူးသော အကုသိုလ်မှုစု, ယခု နေ့နေ့ ညဉ့်ညဉ့် ဖြစ်၍နေသော အကုသိုလ်မှုစုကိုလည်း ဉပ္ပန္နဆိုသည်။ ။ရဟန်း ဖြစ်၍နေသည့်အတွက်, ရပ်ကြီးရွာကြီး၌ လူကောင်း သူကောင်း ဖြစ်၍နေသည့်အတွက်, ယခုဘဝ မိမိသန္တာန်မှာ မဖြစ်စဘူးမူ၍ လောက၌ သူတပါးတို့ သန္တာန်မှာဖြစ်၍နေသည်ကို မြင်ရကြားရ သော အကုသိုလ်မှုစု, သူတပါးတို့ ပြုကြသည်ကို မြင်ရကြားရ သော အကုသိုလ်မှုစု, ရာဇဝင်နိပါတ်ဇာတ် ကျမ်းဂန် ဝတ္ထုတို့မှာ တွေ့မြင် ကြားသိရသော အကုသိုလ်မှုစု, ခွေး,ဝက်,ကြက်,ငှက် စသော တိရစ္ဆာန်တို့ ပြုကြသည်ကို သိမြင်ရသောအကုသိုလ်မှုစု, ဤအလုံးစုံသည် အနုပ္ပန္နချည်းတည်း။ ။ထို့ကြောင့် အပါယ်ဘုံ သားတို့ကိုရင်း, ဆင်းရဲဒုက္ခရောက်၍နေသော လူစသော သုဂတိ ဘုံသားတို့ကိုရင်း, တွေ့မြင်ရ ကြားသိရလျှင် ငါ့နှလုံးထဲမှာလည်း ဤကဲ့သို့, ဤသတ္တဝါ ကဲ့သို့ ငါဖြစ်ရန် အမှုဟောင်း တန်းလန်း အကုဋ္ဌေမက ဧတ်တုတ်ပါလျက် ရှိချေသည်ဟု ဉပ္ပန္န အကုသိုလ် တို့ကိုအမှတ်ရ၍ မိမိအတွက်သာ အပူကြီးပူခွင့်ရှိသည်၊ထိုသတ္တဝါ ကို မထိလေးစား ပြုခွင့်မရှိ။

**ခွေးရူးကိုက်သည့် ပမာ** … ဤလောက၌ရင်း, အတိတ် ဖြစ်သော ရာဇဝင်နိပါတ်ဇာတ်ဝတ္ထု ကျမ်းဂန်တို့၌ရင်း,ထိုထိုအကုသိုလ်တရားကိုလိုက်စားမှု,ပြုကျင့်မှု, မှောက်မှားမှု,သတင်းပျက်မှု,အရှက်ကွဲမှု,မင်းပြစ်မင်းဒဏ်သင့်မှု တို့ကို မြင်ရ,ကြားရ,တွေ့ရ,ကြုံရသောအခါ၌အယုတ်သဖြင့် ခွေး, ဝက်,ကြက်,ငှက်,သန်း,ကြမ်းပိုးပင် ဖြစ်သော်လည်း ထိုသူတို့ကို

www.dhammaransi.com



ကဲ့ရဲ့ဘွယ်မရှိ၊ မိမိကိုယ်ကိုသာ ငါ့မှာလည်း သည်ကဲ့သို့မလိမ္မာမျိုး,ရိုက်မျိုး,မဲမျိုး,မှောက်မှားမျိုး ငါ့နှလုံးနှင့် အပြည့်အဖြိုးပါရှိ၍ နေချေသည်ဟု မိမိ၌ရှိနေသော အနုပ္ပနုအကုသိုလ်တို့ကို အမှတ်ရ၍ မိမိအတွက်သာ အပူကြီးပူခွင့်,မိမိကိုယ်ကိုသာထိုအကုသိုလ်မျိုး ရှိနေသည့်အတွက် ကဲ့ရဲ့ခွင့်ရှိချေသည်၊ ဥပမာကား အလွန်အဆိပ်ထန်လှသော ခွေးနက်ရူး တကောင်သည် လူတထောင်,နွားတထောင်ကိုကိုက်ရာ၏၊ ဆေးဝါးမရှိသော အရပ်လည်း ဖြစ်ရာ၏၊ ခွေးရူးဆိပ် ထရန် အာရုံဝတ္ထုအမှုအမျိုးမျိုး အလွန်များပြားသော အရပ်လည်းဖြစ်ရာ၏။

ခွေးရူးပြန်ရန် အာရုံဝတ္ထုအမှုမျိုးနှင့် တွေ့ကြုံကြ၍အချို့လည်း ခွေးရူးပြန်၍ ရပ်တည်မရ ရွာကျော်ရပ်ကျော်ဖြစ်၍ နေကြရာ၏၊ အချို့လည်း ပြန်၍သေဆုံးသူ အများလည်း ရှိရာ၏။ အချို့လည်း မသင့်သောအမှုနှင့်တွေ့၍ ပြန်တော့မည် ယားယံ၍ နေသူအများလည်း ရှိရာ၏၊ အချို့ကား အစားအစာ မသင့်ရာ အခွင့်နှင့် မတွေ့သေးသည့် အတွက် ခွေးရူးဆိပ် မထသေး၍ မိမွေးတိုင်း ဘမွေးတိုင်းပင် ရှိကြသေး၏။

ထိုသို့ရှိကြသေးသော သူတို့သည် ယားယံ လှုပ်ရှားသူ, ရပ်တည်မရ ရူးသူ,သေဆုံးသူတို့ကို တွေ့မြင်ကြားသိခဲ့လျှင် တွေ့မြင်ကြားသိတိုင်း မိမိကိုယ်ကို အမှတ်ရ၍ မိမိကိုယ် အတွက်သာ ပူပန်ဘွယ် ရှိသည်၊ ခွေးရူးဆိပ်အတွက် ကဲ့ရဲ့ဘွယ် ရှိလျှင် မိမိကိုယ်ကိုသာကဲ့ရဲ့ရမည်၊ ထိုသူတို့ကို ကဲ့ရဲ့ဘွယ်, မထိလေးစားပြုဘွယ် အခွင့်မဟုတ်၊ အဘယ့်ကြောင့်နည်းဟူမူ မိမိ၌လည်း ထိုခွေးရူးဆိပ် ဝတ်တုတ်ရှိ၏၊ မိမိ၌လည်း ထိုခွေးရူးနာ ထင်ရှားရှိ၏၊ မိမိလည်းယနေ့လား, နက်ဖြန်လား,နောက်လသား, နောက်နှစ်လား,ယားခွင့်, ယံခွင့်,ပြန်ခွင့်, သေဆုံးခွင့်တန်းလန်းရှိနေ၏၊ ထို့ကြောင့် ထိုသူတို့ ယားကြ,ယံကြ, ပြန်ကြ,ရူးကြ, သေဆုံးကြသည်ကို တွေ့မြင်ကြားသိရသောအခါ မိမိကိုယ်သန္တာန်၌ ရှိသော ခွေးရူးဆိပ်,ခွေးရူးနာအတွက် လွန်ပူ ထိတ်လန့်ခြင်းဖြစ်၍ ထိုသူ

www.dhammaransi.com



တို့ကို တွေ့မြင်ကြားသိရလေလေ ဆေးသမားရှိရာသို့ အမြန်ပြေး၍ ဆေးကိုအတွင်မှီဝဲလေလေသာ ဖြစ်ရာသည်။

ခပ်သိမ်းသော ပုထုဇဉ် သတ္တဝါတို့၌ ရှိကြသော ငါ့ကိုယ်, ငါ့ကိုယ်ဟု စွဲလမ်းသော သက္ကာယ ဒိဋ္ဌိသည် ထိုခွေးနက်ရူး၏ အဆိပ်နှင့်တူ၏၊ ထိုအဆိပ် လှုပ်ရှားသည့် အတွက် အထူးထူး အထွေထွေ ဖြစ်၍နေကြသော ခွေးရူးနာမှုရှုနှင့် သက္ကာယဒိဋ္ဌိရှိကြသည့်အတွက် ဖြစ်၍နေကြသော ဒုစရိုက်မှုစုတူ၏။ ။ဝိပဿနာဘာဝနာမှုစုသည် ခွေးရူးဆိပ်ကို ပျောက်ငြိမ်းစေနိုင်သော ဆေးကောင်း ဝါးကောင်းစုနှင့်တူ၏။

(ဤကား အကုသိုလ်၌ ကိစ္စနှစ်ပါးကို ပြဆိုချက်တည်း။)

**ကုသိုလ်၌ကိစ္စနှစ်ပါး**……ဆိုသည်ကား။ ။သီလကုသိုလ်မှာ သောတာပတ္တိ မဂ်သို့ ဆိုက်မှ ငါ့ သီလဟို ပြောသာသည်၊ ငါ့သီလရှိသောသူဟု အောက်မေ့ သာသည်၊ သောတာပတ္တိမဂ်သို့မရောက်သမျှမှာ တဒင်္ဂ သီလမျှသာ ဖြစ်၍ ငါ့သီလဟုပြောခွင့်မရှိသေး၊ ငါ့သီလရှိသည်ဟု အောက်မေ့ခွင့် မရှိသေး၊ အားကြီးသော အကြောင်းနှင့် ကြုံတွေ့လျှင် ယနေ့ သီလဝတ္တ, နက်ဖြန်ဒုဿီလဖြစ်ဦးမည်၊ နောက်လ, နောက်နှစ်, နောက်ဘဝတို့မှာ ဆိုဘွယ်ပင်မရှိ။ ။

**ထိုစကားမှန်၏**……အနမတဂ္ဂသံသရာ၌ သီလဝတ္တ လုပ်ခဲ့လှလေပြီ၊ လုပ်ခဲ့သမျှသည်လည်း တဒင်္ဂသီလမျှသာဖြစ်ခဲ့၍ တဒင်္ဂလျှပ်ရောင်သည် မိုဃ်းမှောင်၏ လက်မှာ ပျက်ဆုံး ရသကဲ့သို့ ထိုအနမတဂ္ဂ သံသရာကာလ၌ ကျင့်ခဲ့သမျှသော လောကီသီလစုသည် ဒုဿီလ မှောင်၏ လက်မှာ ပျက်ဆုံး ကွယ်ပျောက်ရလေသည်၊ ထို့ကြောင့် ယခုဘဝ ငါ၏လက်ရှိ ဖြစ်သော ကာမာဝစရ ကုသလသီလသည် ဧင်းတဒင်္ဂ သီလမျှသာဖြစ်ချေသည်၊ သောတာပတ္တိ အဖြစ်သို့ မရောက်ခဲ့လျှင် ယနေ့လား, နက်ဖြန်လား, နောက်လသား, နောက်နှစ်လား, နောက်

www.dhammaransi.com



ဘဝလား,နောက်နောက်ဘဝလား, အလဇ္ဇီမှောင်,ဒုဿီလမှောင် လာလျှင် လျှပ်ရောင်ကဲ့သို့ ကွယ်ဆုံး လတ္တံ့ဟူ၍ ယခုမိမိသန္တာန် မှာ ရှိသော ဥပ္ပန္န သီလကုသိုလ် တပိုင်းကြောင့် အတွက်ကြောင့် လည်း အရေးကြီးစွာ လုံးပမ်းရာသည်။ ။လောကီသီလ တဒင် သီလရမှာ မိမိသန္တာန်၌ ဖြစ်ဘူးလှလေပြီ။

လောကုတ္တရာသီလမှာ အနမတဂ္ဂ သံသရာဘဝတွင် အိပ်မက် တွင်မှ မမြင်ဘူးရ၊ ယခုဘဝ ရခွင့်ရလမ်း ဆိုက်တိုက်၍ နေခဲ့ပြီ၊ လောကုတ္တရာ သီလကိုရပါလျှင် နောက်နောင်ကို အလဇ္ဇီမှောင်, ဒုဿီလ မှောင်တွင်းသို့ဆင်းခွင့် ဝင်ခွင့်လွတ်ချေမည်၊ မဆိုးလုပ် ငြိမ်းချေမည်၊ တံငါလုပ် ငြိမ်းချေမည်၊ အမိသတ် ငြိမ်းချေမည်၊ အဘသတ်ငြိမ်းချေမည်၊ ခိုးသူလုပ်, ထားပြလုပ် ငြိမ်းချေမည်ဟု အနုပ္ပန္နသီလ ကုသိုလ် အတွက်ကြောင့်လည်း အရေးကြီးစွာ လုံးပမ်းရာသည်။ ။

(သီလ၌ ဥပ္ပန္န,အနုပ္ပန္န နှစ်ပါးပြီး၏။)

သမာဓိကုသိုလ်, ပညာကုသိုလ် နှစ်ပါးတို့၌လည်း လောကီ လောကုတ္တရာနှစ်ပါးစီခွဲ၍ ဥပ္ပန္န, အနုပ္ပန္နနှစ်ပါးစီ သီလအတိုင်း ဆို လေ။ ။အနမတဂ္ဂသံသရာ၌ဖြစ်ခဲ့သမျှ ပွါးခဲ့သမျှသော လောကီ သမာဓိရသည် ကာမစ္ဆန္ဒ စသောနီဝရဏမှောင်၏လက်မှာ ပျက် ဆုံးခဲ့လှပြီ၊ ယခုဘဝ စောင့်ထိန်းသမျှသော ဈာန် သမာဓိရသည် လည်း အနာဂါမိမဂ်သို့ မရောက်သမျှ ယနေ့လား, နက်ဖြန်လား, နောက်လလား, နောက်နှစ်လား, နောက်ဘဝလား, နီဝရဏမှောင် ၏ လက်မှာ ပျက်ဆုံး ကွယ်ပျောက်လတ္တံ့၊ လူမိန်းမ, နတ်မိန်းမ, တိရစ္ဆာန်မိန်းမတို့၏အထဲ၌ ကွယ်ဆုံးလတ္တံ့ဟု ဆိုလေ။

**ပညာ၌လည်း**......အနမတဂ္ဂ သံသရာ၌ ပွါးများအားထုတ်ခဲ့ သမျှသော လောကီပညာရသည် အဝိဇ္ဇာ မှောင်၏ လက်မှာချည်း ပျက်ဆုံးရခဲ့သည်၊ယခု ဘဝ တတ်သိ လိမ္မာ၍နေသော ပရိယတ်ပညာ,ပဋိပတ်ပညာ ရသည်လည်း အရ

www.dhammaransi.com



ဟတ္ထမဂ်သို့မရောက်လျှင် ယနေ့လား,နောက်လလား, နောက်ဘဝလား,အဝိဇ္ဇာမှောင်၏လက်မှာကွယ်ဆုံးလတ္တံ့၊ မိစ္ဆာဒိဋ္ဌိ မှောင်မှာကွယ်ဆုံးလတ္တံ့၊ အဝိဇ္ဇာတုံးကြီး, မိစ္ဆာတုံးကြီး ဖြစ်ရလတ္တံ့,ဟု ဆိုလေ။ ။ဤကားကုသိုလ်၌ဥပနိဿယ အနုပ္ပန္နနှစ်ပါးအတွက် အရေးကြီးစွာ လုံးပမ်း ရာသော ကိစ္စနှစ်ပါး ပေတည်း။ ။ဤသို့လျှင် အကုသိုလ်အတွက် ကိစ္စနှစ်ပါး,ကုသိုလ်အတွက် ကိစ္စနှစ်ပါး, ဤလေးပါးသော ကိစ္စတို့ကို ပြီးစေနိုင်သော သမ္မပ္ပဓာနဝီရိယကိုပဌာန ခေါ်ပေသည်။

၁။ ပဌာနံပူဇယိတွာန၊ ယံလဒ္ဓိ ကုသလံမယာ။
တသတေဇေနတံစည်၊ ဇဟေယျံဉာဏစက္ခုတိယံ။

၂။ သဒ္ဓမ္မသရီရာဟော္တ၊ဘိက္ခူသဒ္ဓမ္မဂဇိဝိနော။
ဘဝဘောဂေသုသဗ္ဗေသု၊နိဗ္ဗိန္နဟာဒယာသဒါ။

၃။ ဒေဝေါဝဿတုကာလေန၊ ရာဇာရက္ခတုမေဒနိံ။
သဗ္ဗေအနာမယာသတ္တာ၊မောဒန္တုအကုတောဘယာ။

(ဆုတောင်းသုံးဂါထာ)

၁။ မယာ၊မုံရွာမြို့ လယ်တီတောကျောင်းဆရာ ငါသည်။ပဌာနံ၊သုတ္တနိပါတ်ပါဠိတော်လာ ပဌာနသုတ် ပါဠိတော်မြတ်ကို။ပူဇယိတွာန၊ ပူဇော်ပြီး၍။ယံကုသလံ၊အကြင် ကုသိုလ်ကို။ လဒ္ဓံ၊ရအပ်ပြီ။ တဿ၊ထိုကုသိုလ်၏။တေဇေန၊ တန်ခိုးကြောင့်။တဥ္စ၊ ထိုကုသိုလ်ကိုရင်း။အညဥ္စ၊သည်မှတပါးသော ကုသိုလ်စုကိုရင်း။ဉာဏစက္ခုတိယံ၊ ဤယခုဘဝ၌။ဇဟေယျံ၊စွန့်နိုင်ရလိုသော —

၂။ ဘိက္ခူ၊ယခုနောင်လာ၊သာသနာထမ်း၊ ရဟန်းတို့သည်။ သဗ္ဗေသု၊အလုံးစုံကုန်သော။ ဘဝဘောဂေသု၊ ဘဝစည်းစိမ်တို့၌။ နိဗ္ဗိန္နဟာဒယာ၊လူပုပ်,ခွေးပုပ်၊မစင်ပုပ်သို့၊စက်ဆုပ်ငြီးငွေ့သောစိတ်နှလုံးရှိကြကုန်သည်ဖြစ်၍။ သဒ္ဓမ္မသရီရာ၊အဓိသီလ၊ အဓိစိတ္တ၊အဓိပညာ၊သာသနာသုံးပါးကို အားပြု၍ နေကြကုန်သည်။ ဟော္တ၊

www.dhammaransi.com



ဖြစ်ပါစေကုန်သတည်း။သဒ္ဓမ္မဇီဝိနော၊အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊သာသနာ သုံးပါးကိုသာ အသက်ပြု၍ နေကြ ကုန်သည်၊ ဟောန္တု၊ဖြစ်ပါစေကုန်သတည်း။

၃။ ဒေဝေါ၊မိုးစသည်။ ကာလေန၊ရွာချိန့်သင့်သော အခါ၌။ ဝဿတု၊ အရည်ထန်စွာ၊ ရွာပါစေသတည်း။ ရာဇာ၊ တိုင်းရှင်ပြည့်ရှင်၊ဘုရင်ထီးဆောင်း၊မင်းအပေါင်းသည်။ မေဒနိံ၊တိုင်းသူပြည်သူ၊ရှင်လူသိမ်းကျုံး၊ မြေအလုံးကို။ရက္ခတု၊ ရင်ဝယ်သားသို့၊ တရားသဖြင့်၊ အသင့် စောင့်ရှောက် ပါစေသတည်း။ သဗ္ဗေ၊တယောက်မကြွင်း၊ခပင်းဥဿုံ၊အလုံးစုံကုန်သော။သတ္တာ၊ သတ္တဝါတို့သည်။အနာမယာ၊ကိုယ်တွင်းရောဂါ၊အနာမျိုးကိုးဆဲ့ခြောက်ဝ၊ ကင်းရှင်းကြကုန်သည်ဖြစ်၍ရင်း။ အကုတောဘယာ၊ ရာဇစောရ၊ အဂ္ဂိစသား၊ အပသန္တာန်၊ ဘေးရန်တစိ၊ ဘယ်မရှိကြကုန်သည်ဖြစ်၍ရင်း။ မောဒန္တု၊ တက်သစ်လဝန်း၊ ပွင့်သစ်ပန်းသို့၊ လန်းလန်းရွှင်ရွှင်၊ ကြည်လင်ဝမ်းမြောက်ကြပါစေကုန်သတည်း။

(သုတ္တ နိပါတ်ပါဠိတော်လာ ပဓာနသုတ်၏ အနက်ကို သက္ကရာဇ် ၁၂၅၃-ခုနှစ် ဝါဆိုလပြည့်တွင် စီရင်ရေးသား၍ပြီးသည်။ ။ယခုဤစာအုပ်မှာမူကား ထိုနိဿယမှလိုရင်းမျှကိုထုတ်နုတ်ရေးသားလိုက်သည်။)

ပဓာနသုတ်နိဿယပြီး၏။